သေယျထာပိ- ကား၊ ပုရိသဿ-၏၊ [အဿာသပဿာသာ၌စပ်။] ဝါ- သည်၊ [ဌိတဿ ၌စပ်။] ဓာဝိတွာ- ပြေးပြီး၍ သော်၎င်း၊ ပဗ္ဗတာ- မှ၊ ဩရောဟိတွာ-ဆင်းပြီး၍သော်၎င်း၊ မဟာဘာရံ - ကြီးစွာသော ဝန်ထုပ်ကို၊ သီသတော-မှ၊ ဩရောပေတွာဝါ - ချပြီး၍သော်၎င်း၊ ဌိတဿ - တည်နေစဉ်၊ ဝါ- သော၊ (ပုရိသဿ- ၏၊) ဩဠာရိကာ - ကြမ်းကုန်သော၊ အဿာသ ပဿာသာ, ဟောန္တိ - နှ်၏၊ နာသိကာ နပ္ပဟောတိ၊ မုခေန အဿသန္တောပိ ပဿသန္တောပိ တိဋ္ဌတိ၊ ပန- အန္ဓယကား၊ ယဒါ, သေ (သော)-ဤယောကျ်ားသည်၊ တံပရိဿမံ - ထို ပင်ပန်းခြင်းကို၊ ဝိနောဒေတွာ - ပယ်ဖျောက်ပြီး၍၊ နှတွာစ- ရေချိုးပြီး၍၎င်း၊ ပိဝိတွာစ- ရေသောက်ပြီး၍၎င်း၊ အလ္လသာဋကံ- စိုစွပ်သော အဝတ်ကို၊ ဟဒယေ- ရင်ပတ်ပေါ်၌၊ ကတွာ- ပြု၍၊ ဝါ-ထား၍၊ သီတာယ—မြေသော၊ ဆာယာယ—၌၊ နိပန္နော— လျောင်းနေသည်၊ဟောတိ၊ အထ- ၌၊ အဿ- ထို ယောကျ်ား၏၊ တေ အဿာသပဿာသာ - နဂိုရ်က ကြမ်းသော ထို ထွက်သက်ဝင်သက်တို့သည်၊ သုခုမာ – သိမ်မွေ့ကုန်သည်၊ ဟောန္တိ၊အတ္ထိနုခေါ-ရှိကုန်လေသလော၊ နတ္ထိ နုခေါ-မရှိကုန်လေသလော၊ ဣတိ ဝိစေတဗ္ဗာကာရပ္ပတ္တာ, ဟောန္တိ (သေယျထာပိ)၊ ဧဝမေဝ ဣမဿ ဘိက္ခုနော ပုဗ္ဗေ ၊ပေ၊ ဝိစေတဗ္ဗာကာရပ္ပတ္တာ ဟောန္တိ၊ တံ-ထိုသို့ ဖြစ်ရခြင်းသည်၊ ကိဿဟေတု - အဘယ့်ကြောင့်နည်း၊ ဟိ (ယသ္မာ)၊ အဿ (ဘိက္ခုနော) ပုဗ္ဗေ အပရိဂ္ဂဟိတကာလေ (အဟံ) ဩဠာရိကေ ဩဠာရိကေ -

သန္တာ ဟောန္တိ။ ။စိတ်သည် ကမ္မဋ္ဌာန်းအာရုံကို သိမ်းဆည်းထားသောကြောင့် အပြင်အာရုံသို့ မပြန့်လွင့်ရကား ငြိမ်သက်နေ၏၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များသည် ကာယလဟုတာ မုဒုတာ ကမ္မညတာအဖြစ်သို့ ရောက်သဖြင့် ငြိမ်သက်ကြ၏၊ စိတ္တဇရုပ် ငြိမ်သက်သည်နှင့်လျော်အောင် ကြွင်းသော တိဇရုပ်များလည်း ငြိမ်သက်ရကား ခန္ဓာကိုယ်တခုလုံးပင် ငြိမ်သက်၍နေလေသည်၊ ထိုကာယ၌မှီရသော အဿာသပဿာသတို့လည်း ငြိမ်သက်ကုန်ရကား အစဉ်အတိုင်းသိမ်မွေ့ အလွန်သိမ်မွေ့ အလွန့်အလွန်သိမ်မွေ့ကြလေသည်။

www.dhammaransi.com

ကြွမ်းကုန်ကြွမ်းကုန်သော၊ ကာယသံခါရေ-တို့ကို၊ ပဿမ္ဘေဿာမိ-ငြိမ်းစေအံ့၊ ဣတိ, အာဘောဂသမန္နာဟာရမနသိကာရ ပစ္စဝေက္ခဏာ - အစစွာ နှလုံးသွင်းခြင်း, ကောင်းစွာအထပ်ထပ် နှလုံးသွင်းခြင်း , စိတ်၌ထားခြင်း, ဉာဏ်ဖြင့် ဆင်ခြင်ခြင်းတို့သည်၊ နတ္ထိ-မရှိကုန်၊ ပန - အန္တယကား၊ ပရိဂ္ဂဟိတ ကာလေ (အာဘောဂသမန္နာဟာရမနသိကာရပစ္စဝေက္ခဏာ) အတ္ထိ-နိ၏၊ တထာ (တဿာ)-ကြောင့်၊ (ဣမဿ ဘိက္ခုနော၊ပေ၊ဝိစေတဗ္ဗာကာရပ္ပတ္တာ ဟောန္တိ၊)

[နိဂုံးကို ပြလို၍ " တေနဿ ". စသည်မိန့်၊] တေန - ကြောင့်၊ အဿ (ဘိက္ခုနော)-၏၊ အပရိဂ္ဂဟိတကာလတော- ထက်၊ ပရိဂ္ဂဟိတကာလေ-၌၊ ကာယသံခါရော - သည်၊ သုခုမော - သိမ်မွေ့သည် ၊ဟောတိ၊ [သာဓကကို ပြလို၍"တေနာဟု" စသည်မိန့်။] တေန ပေါရာဏာ,သာရဒ္ဓေ၊ပေ၊သမ္ပဝတ္တ တီတိ - ဟူ၍၊ အာဟု - နိပြီ၊ [ကာယေ - ကရဇကာယသည်၎င်း၊ စိတ္တေစ - စိတ်သည်၎င်း၊ သာရဒ္ဓေ- ကိလေသာအပူနှင့်တကွ ဖြစ်သည်၊ (သတိ)၊ အဓိ မတ္တံ(အဓိမတ္တော)-လွန်ကဲသော၊(ကာယသံခါရော-သည်၊)ပဝတ္တတိ-ဖြစ်၏၊ (တနည်း) (ကာယသံခါရော - သည်၊) အဓိမတ္တံ - လွန်လွန်ကဲကဲ၊ ပဝတ္တတိ၊ ကာယမှိ-သည်၎င်း၊ (စိတ္တေစ- သည်၎င်း၊) အသာရဒ္ဓမှိ- ကိလေသာအပူနှင့် တကွ မဖြစ်လသော်၊ သုခုမံ (သုခုမော)-သိမ်မွေ့သော၊ (ကာယသံခါရော- သည်၊) သမ္ပဝတ္တတိ- ကောင်းစွာ အပြားအားဖြင့် ဖြစ်၏၊ (တနည်း) ကာယ သံခါရော, သုခုမံ-သိမ်မွေ့စွာ၊ သမ္ပဝတ္တတိ။]

အာဘောဂ၊ပေ၊ပစ္စဝေက္ခဏာ။ ။ ကာယသံခါရကို ငြိမ်းစေမည် — ဟု ပဌမ ဆင်ခြင်မှုသည် အာဘောဂ၊ ကောင်းစွာ အဘန်ဘန် စိတ်ကိုဆောင်မှု (အထပ်ထပ် ဆင်ခြင်မှု) သည် သမန္နာဟာရ၊ ထိုကဲ့သို့ ငြိမ်းစေမည်ဟူသော သဘောကိုပင် စိတ်၌ ထားမှု (နှလုံးသွင်းမှု)သည် မနသိကာရ၊ ငြိမ်းစေအံ့ ဟု ဉာဏ်ဖြင့် ဆင်ခြင်မှုသည် ပစ္စဝေက္ခဏာမည်၏—ဟု ဋီကာဖွင့်သည်။

သာရဒ္ဓေ။ ။သံ+အာ ပုဗ္ဗ ရဘဓာတ်သည် ဟိံသာ (ညှဉ်းဆဲခြင်း) အနက်ကို ဟော၏၊ မိမိကိန်းရာသတ္တာကို ညှဉ်းဆဲတတ်သောကြောင့် ပူလောင်ခြင်းကို "အာရ ဒ္ဓ"ဟု ခေါ်၏၊ ထို့ကြောင့် "သာရဒ္ဓေတိ— သဒရထေ, သပရိဠာဟေ"ဟု ဖွင့်သည်။ [“အသာရဒ္ဓမှိ ကာယမှိ”၌လည်း စိတ္တေပုဒ်ကို ဆောင်ယူ၍ အနက်ပေးပါ။]

အဓိမတ္တံ။ ။ဗလဝံ ဩဠာရိကံ၊ ကာယသံခါရောကို ငဲ့၍“အဓိမတ္တော”ဟု ဆိုသင့် သော်လည်း လိင်္ဂဝိပလ္လာသနည်းအားဖြင့်“အဓိမတ္တံ”ဟု နပုလ္လိန်ဆိုသည်၊ တနည်း— အဓိမတ္တံကို ပဝတ္တတိ၏ ကြိယာဝိသေသန ဟု ကြံ။ [ကြိယာဝိသေသနမှန်လျှင် နပုလ္လိန် ဒုတိယန္တသာ များ၏။] သုခုမံ၌လည်း ဤသို့ ၂ နည်း ရနိုင်သည်။

www.dhammaransi.com

ပရိဂ္ဂဟေပိ–ကာယစိတ္တတို့ကို သိမ်းဆည်းအပ်ရာ အခါ၌လည်း၊ (ကာယသံခါရော) ဩဠာရိကော– ကြမ်းသေး၏၊ ["ကာယသံခါရော"ကို နေ့ံနေ့ံဝါကျများ ၌လည်း ထည့်၍ပေးပါ။] ပဌမဇ္ဈာနူပစာရေ – ပဌမ ဈာန်၏ဥပစာရခဏ၌၊ သုခုမော – သိမ်မွေ့၏၊ တသ္မိမ္ပိ – ထို ပဌမဈာန်၏ ဥပစာရခဏ၌လည်း၊ ဩဠာရိကော– ၏၊ ပဌမဇ္ဈာနေ – ပဌမဈာန်၌၊ သုခုမော– ၏၊ ပဌမဇ္ဈာနေစ – ၌ငှင်း၊ ဒုတိယဇ္ဈာနူပစာရေစ - ၌ငှင်း၊ ဩဠာရိကော - ၏၊ ဒုတိယဇ္ဈာနေ-၌၊ သုခုမော– ၏၊ ဒုတိယဇ္ဈာနေ– ၌ငှင်း၊ တတိယဇ္ဈာနူပစာရေစ–၌ငှင်း၊ ဩဠာရိကော၊ တတိယဇ္ဈာနေ-၌၊ သုခုမော၊ တတိယဇ္ဈာနေစ-၌ငှင်း၊ စတုတ္ထဇ္ဈာနူပစာရေစ-၌ငှင်း၊ ဩဠာရိကော၊ စတုတ္ထဇ္ဈာနေ-၌၊ အတိသုခုမော – အလွန်သိမ်မွေ့၏၊ ဝါ - သိမ်မွေ့သည်၏ အဖြစ်ကို လွန်သွား၏၊ အပ္ပဝတ္တိမေဝ - မဖြစ်ခြင်းသို့သာ၊ ပါပုဏာတိ - ရောက်တော့၏၊ ဣဒံ - ဤ

ပရိဂ္ဂဟေပိ ဩဠာရိကော ။ ။ ရှေ့၌ "အပရိဂ္ဂဟိတကာလဝယ် ရှိုက်သက်ရှူသက်တို့ ဩဠာရိကဖြစ်၍, ပရိဂ္ဂဟိတကာလဝယ် သုခုမဖြစ်ကြ၏"ဟု ဆိုခဲ့၏၊ ဤ၌ "ပရိဂ္ဂဟေပိ ဩဠာရိကော"ဟု ဆိုပြန်သောကြောင့် "ဩဠာရိက–သုခုမ"အမည်သည် အချင်းချင်း ထောက်ဆ၍ ရအပ်သော အမည်ဖြစ်ကြောင်း ထင်ရှား၏၊ ထို့ကြောင့် "ဩဠာရိက"ဟု ဆိုရာ၌ "အထူးကြမ်းတန်းသည်"ဟု မမှတ်ရ၊ နေ့ံနောက် ကမ္မဋ္ဌာန်းအားထုတ်ရာအခါကို ထောက်ဆ၍ ရှေးရှေး အားမထုတ်မီငှင်း, အားထုတ်စ၌ငှင်း, "ဩဠာရိကဟု ဆိုသည်"ဟု မှတ်ရမည်၊ ထို့ကြောင့်ပင် ကမ္မဋ္ဌာန်းအားထုတ်စ၌ အရှူအရှိုက်ကို နဂိုရ်ရှူမြဲ ရှိုက်မြဲအတိုင်းသာ ဖြစ်စေရမည်၊ "တမင်လာ ကြမ်းတန်းလာအောင် ပြုပြင်၍မရှူ မရှိုက်ရ" ဟု မှတ်ပါ။

မှတ်ချက်။ ။ရှေးပါဠိတော်နိဿယတို့၌ "ဩဠာရိကံ–အရှူအရှိုက် ပြင်းသဖြင့် ရုံ့ရင်းသော"ဟု အနက်ပေးကြ၏၊ ထို အနက်ပေးပုံသည် သန္နောစေဝ အဖွင့်၌ "အားထုတ်စအခါမှ စ၍ သိမ်မွေ့၏"ဟူသောစကားနှင့် ဆန့်ကျင်၏၊ ထို့ကြောင့် "ကမ္မဋ္ဌာန်းအားထုတ်စ၌ တမင်လာပြင်းအောင် ရှူရှိုက်ရမည်"ဟု မမှတ်ရ။

ပဌမ၊ပေ၊ပစာရေစ။ ။ပဌမဈာန်အခိုက်၌ ဈာန်နှင့်ယှဉ်သော သမာဓိစိတ်ထက် ဒုတိယဈာနဝီထိသို့ မရောက်မီ ရှေ့ဥပစာရခဏ၌ ကာမာဝစရသမာဓိ စိတ်သည် ပို၍မထက်သေး၊ ကိလေသာနီဝရဏတို့မှ ဝေးကွာပုံချင်း တူနေသေး၏၊ သို့အတွက် ထိုစိတ် ၂ မျိုးကြောင့်ဖြစ်သော ထွက်သက်ဝင်သက်ကို ဩဠာရိကချင်း ထပ်တူဆိုထားသည်၊ နောက်ဈာန်နှင့် ဥပစာရတို့၌လည်း နည်းတူ။

အတိသုခုမော ။ ။ အညတ္ထ လဗ္ဘမာနော ကာယသံခါရော – ရှေ့ဈာန်၌ငှင်း, ရှေ့ဈာန်၏ဥပစာတို့၌ငှင်း ရအပ်သော ကာယသံခါရသည်၊ စတုတ္ထဇ္ဈာနေ-၌၊ အတိက္ကန္တ သုခုမော–သုခုမအဖြစ်ကိုပင် လွန်သွား၏။ [အတိကို "အတိက္ကန္တ"ဟု ဖွင့်၏၊ သုခုမအဖြစ်ပင် မရှိတော့–ဟူလို၊ ထို့ကြောင့် "အပ္ပဝတ္တိမေဝ ပါပုဏာတိ" ဟု မိန့်သည်။]

www.dhammaransi.com

ဆိုအပ်ပြီးကား၊ တာဝ - မဇ္ဈိမဘာဏကထေရ် တို့၏ ဝါဒမှ ရှေးဦးစွာ၊ ဒီဃ ဘာဏက သံယုတ္တဘာဏကာနံ - ဒီဃနိကာယ်ကို ရွတ်အံကုန်သော ထေရ်, သံယုတ္တနိကာယ်ကို ရွတ်အံကုန်သော ထေရ်တို့၏၊ မတံ- အလိုတည်း၊ ပန- ဝါဒနှင့်ရကား၊ မဇ္ဈိမဘာဏကာ - မဇ္ဈိမနိကာယ်ကို ရွတ်အံကုန်သော ထေရ်တို့သည်၊ ဝါ – မဇ္ဈိမနိကာယ်ဆောင် ထေရ်တို့သည်၊ ပဌမဇ္ဈာနေ- ၌၊ သြဠာရိကော၊ ဒုတိယဇ္ဈာနူပစာရေ-၌၊ သုခုမော- ၏၊ ဣတိဝေံ- ဤသို့ အစ ရှိသည်ဖြင့်၊ ဟေဋ္ဌိမဟေဋ္ဌိမဇ္ဈာနတော- အောက်အောက်ဈာန်ထက်၊ ဥပရူပရိ ဇ္ဈာနူပစာရေပိ - အထက်အထက်ဈာန်၏ ဥပစာရခဏ၌လည်း၊ သုခုမတရံ- သာ၍သိမ်မွေ့သည်၏ အဖြစ်ကို၊ (ဘာဝပ္ပဓာန)၊ ဣစ္ဆန္တိ၊ ပန – ဆက်၊ သဗ္ဗေသံယေဝ–အလုံးစုံသော ထေရ် တို့၏ပင်၊ (ဒီဃ, သံယုတ္တ, မဇ္ဈိမဘာဏက ထေရ်တို့၏ပင်၊) မတေန - အလိုအားဖြင့်၊ အပရိဂ္ဂဟိတကာလေ– ၌၊ ပဝတ္တကာယသင်္ခါရော- ဖြစ်သော ကာယသင်္ခါရသည်၊ ပရိဂ္ဂဟိတကာလေ– ၌၊ ပဋိပ္ပဿမ္ဘတိ - ငြိမ်း၏၊ ပရိဂ္ဂဟိတကာလေ - ၌၊ ပဝတ္တကာယသင်္ခါရော-

မဇ္ဈိမ၊ပေ၊ဣစ္ဆန္တိ။ ။မဇ္ဈိမနိကာယ်ဆောင် ထေရ်တို့သည် “ပဌမဈာန်အခိုက်၌ အဿာသ ပဿာသတို့ သြဠာရိကဖြစ်၍ ဒုတိယဈာန်၏ ဥပစာအခိုက်၌ သုခုမဖြစ်၏” ဟု ဆိုရာ၌ သမာပတ်ရှစ်ပါးလုံး ရပြီးသောပုဂ္ဂိုလ်၏ တပါးပြီးတပါး ဆက်၍ဆက်၍ ဝင်စားရာကာလကိုရင်း, တထိုင်တည်းဖြင့် သမာပတ်ရှစ်ပါးကို ဆက်၍ရသော ပုဂ္ဂိုလ် ကိုရင်း ရည်ရွယ်၍ဆိုကြသည်၊ ထိုသို့ ဝင်စားရာဝယ် တဆင့်ထက် တဆင့် သိမ်မွေ့ သွားရကား ရှေ့ဈာန်ခဏထက် နောက်ဈာန်၏ ဥပစာခဏ၌ သာ၍ သိမ်မွေ့၏။

တနည်း။ ။“ဒုတိယဈာနူပစာရေ” ဟူရာ၌ ဒုတိယဈာန်ဇောနှင့် တဆက်ထည်း နေသောပရိကမ်, ဥပစာ, အနုလုံဇောတို့ကို ရည်ရွယ်၍ဆိုကြသည်၊ ထို ဥပစာအခိုက် ၌ကား ဒုတိဈာန်အခိုက်နှင့် သဘောတူပင်ဖြစ်၍ ပဌမဈာန်အခိုက်ထက်ပို၍ သိမ်မွေ့စရာ ရှိပေသည်၊ ဤနည်းအတိုင်းယူလျှင် ဒီဃ – သံယုတ္တဘာဏကတို့၏ ဝါဒနှင့်လည်း ဆန့်ကျင်ဘက်ဖြစ်စရာမရှိ၊ ဘာ့ကြောင့်နည်း–ထို ဘာဏကထေရ်တို့က (ကောဝဋ္ဌန– မနေဘဒွါရာဝဇ္ဇန်း တခုထည်းဖြင့်ပြီးသော) ဈာနဝီထိ တဝီထိမှာပါသော ဥပစာကို မရည်ရွယ်ကြ, ဈာန်မရမီ ရှေးရှေး၌ဖြစ်သော ဥပစာခဏကို ရည်ရွယ်ကြသောကြောင့် တည်း။ [ဋီကာ။]

သဒိသူပစာ။ ။အပရိဂ္ဂဟိတကာလ၌ဖြစ်သော ကာယသင်္ခါရသည် ထိုကာလ၌ပင် ချုပ်လေပြီ၊ ပရိဂ္ဂဟိတကာလ၌ ကာယသင်္ခါရကား နောက်ထပ်ဖြစ်သော ကာယ သင်္ခါရတည်း၊ သို့သော် ဖြစ်စဉ်အားဖြင့် တူနေသောကြောင့် သဒိသူပစာ (ကေသန္တာန နည်း) အားဖြင့် “ အပရိဂ္ဂဟိတကာလေ ပဝတ္တကာယသင်္ခါရော ပရိဂ္ဂဟိတကာလေ ပဋိပဿမ္ဘတိ–အပရိဂ္ဂဟိတ ကာလ၌ဖြစ်သော ကာယသင်္ခါရသည် ပရိဂ္ဂဟိတကာလ၌ ငြိမ်း၏”ဟု ဆိုထားသည်။ [အပရိဂ္ဂဟိတ ၊ပေ၊ ဣဒံ သဒိသသန္တာနတာယ ဝုတ္တံ။]

www.dhammaransi.com

သည်၊ ပဌမဇ္ဈာနူပစာရေ - ၌ ၊ပေ၊ စတုတ္ထဇ္ဈာနူပစာရေ – ၌၊ ပဝတ္တကာယ
သင်္ခါရော–သည်၊ စတုတ္ထဇ္ဈာနေ- ၌၊ ပဋိပ္ပဿမ္ဘတိ- ၏၊ အယံ - ဤ ဆိုအပ်
ပြီးကား၊ တာဝ – ဝိပဿနာမှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေ– သော၊) သမထေ-
သမထ၌၊ နယော–သိကြောင်းနည်းတည်း။

ပန - ကား၊ ဝိပဿနာယံ - ဝိပဿနာနည်း၌၊ အပရိဂ္ဂဟေ- မဟာဘုတ်
တို့ကို မသိမ်းဆည်းအပ်သေးရာအခါ၌၊ ပဝတ္တော- သော၊ ကာယသင်္ခါရော-
သည်၊ ဩဠာရိကော–၏၊ မဟာဘူတပရိဂ္ဂဟေ-မဟာဘုတ်တို့ကို သိမ်းဆည်း
အပ်ရာအခါ၌၊ သုခုမော - ၏၊ [မဟာဘုတ်ကိုစ၍ သိမ်းဆည်းသော ပုဂ္ဂိုလ်
အတွက်ဆိုသည်၊ ဥပါဒါရုပ်ကိုစ၍ သိမ်းဆည်းလျှင် " ဥပါဒါရူပ ပရိဂ္ဂဟေ
သုခုမော " ဟု ဆိုရမည်။] သောပိ – ထို ကာယသင်္ခါရသည်လည်း၊ ဩဠာ
ရိကော-၏၊ ဥပါဒါရူပ ပရိဂ္ဂဟေ-၌၊ သုခုမော-၏၊ သောပိ-ထို ကာယသင်္ခါရ
သည်လည်း၊ ဩဠာရိကော – ၏၊ သကလရူပ ပရိဂ္ဂဟေ – အလုံးစုံသော
မဟာဘုတ်ရုပ် ဥပါဒါရုပ်တို့ကို သိမ်းဆည်းအပ်ရာအခါ၌၊ သုခုမော၊ သောပိ-
ထို ကာယသင်္ခါရသည်လည်း၊ ဩဠာရိကော – ၏၊ အရူပ ပရိဂ္ဂဟေ – နာမ်
တရားတို့ကို သိမ်းဆည်းအပ်ရာအခါ၌၊ သုခုမော၊ သောပိ (ကာယသင်္ခါရော)
ဩဠာရိကော၊ ရူပါရူပ ပရိဂ္ဂဟေ–ရုပ် နာမ်တို့ကို သိမ်းဆည်းအပ်ရာအခါ၌၊
သုခုမော၊ သောပိ (ကာယသင်္ခါရော) ဩဠာရိကော၊ ပစ္စယ ပရိဂ္ဂဟေ–
ရုပ် နာမ်တို့၏ အကြောင်းကို သိမ်းဆည်းအပ်ရာအခါ၌၊ သုခုမော၊ သော
(ကာယသင်္ခါရော)ဩဠာရိကော၊ သပ္ပစ္စယနာမရူပ ပရိဂ္ဂဟေ-အကြောင်းနှင့်
တကွဖြစ်သော နာမ် ရုပ်တို့ကို သိမ်းဆည်းအပ်ရာအခါ၌၊ သုခုမော၊ သောပိ
(ကာယသင်္ခါရော)ဩဠာရိကော၊ လက္ခဏာရမဏိကဝိပဿနာယ-အနိစ္စတာ
စသောလက္ခဏာလျှင် အာရုံရှိသောဝိပဿနာဉာဏ် ဖြစ်ရာအခါ၌၊ သုခုမော၊
သောပိ(ကာယသင်္ခါရော)ဒုဗ္ဗလဝိပဿနာယ-အားနည်းသော ဝိပဿနာဉာဏ်
ဖြစ်ရာအခါ၌၊ ဩဠာရိကော၊ ဗလဝ ဝိပဿနာယ - အားရှိသောဝိပဿနာ
ဉာဏ်ဖြစ်ရာအခါ၌၊ သုခုမော၊ တတ္ထ-ထိုဝိပဿနာနည်း၌၊ ပုဗ္ဗေ-ရှေးသမထ

လက္ခဏာရမဏိကာယ။ ။ကလာပသမ္မသနနည်းအားဖြင့် တေဘူမကသင်္ခါရ
အပေါင်းကို အနိစ္စစသည်ဖြင့် အာရုံပြုသော ဝိပဿနာကို " လက္ခဏာရမဏိကာ "
ဟု ဆိုသည်။ [လက္ခဏာရမဏိကာတိ ကလာပသမ္မသနံအာဟ။] နိဗ္ဗိဒါနုပဿနာ မှ
စ၍ ဗလဝဝိပဿနာဖြစ်၏၊ ထိုမရောက်မီ သမ္မသန, ဥဒယဗ္ဗယ, ဘင်္ဂ, ဘယ, အာဒီ
နဝါနုပဿနာကို ဒုဗ္ဗလဝိပဿနာ – ဟု ဆိုသည်။ [နိဗ္ဗိဒါနုပဿနတော ပဋ္ဌာယ
ဗလဝဝိပဿနာ၊ တတော ဩရံ ဒုဗ္ဗလဝိပဿနာ။]

www.dhammaransi.com

နည်း၌၊ ဝုတ္တနယေနေဝ – ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ ပုရိမသာ ပုရိမသာ–ရှေးရှေး၌ဖြစ်သော ကာယသင်္ခါရ၏၊ ပစ္ဆိမေန ပစ္ဆိမေန–နောက် နောက်ဖြစ်သော သိမ်းဆည်းမှုကြောင့်၊ ပဿဒ္ဓိ–ငြိမ်းခြင်းကို၊ ဝေဒိတဗ္ဗာ၊ [" တဗြဲ ၊ပေ၊ ဝေဒိတဗ္ဗာ " ဟူသော မူလစကားကို နိဂုံးအုပ်လို၍ ဝေမေတ္တ စသည်မိန့်။] ဧဝံ– ဤသို့၊ ဝါ– ဤဆိုအပ်သောနည်းဖြင့်၊ ဩ– ဤ ဩဠာရိကံ ကာယသင်္ခါရံ အစရှိသော စကားရပ်၌၊ ဩဠာရိကသုခုမတာစ; ပဿဒ္ဓိစ ဝေဒိတဗ္ဗာ။

ပန–ဆက်၊ ပဋိသမ္ဘိဒါယံ – ၌၊ အဿ – ထို ဩဠာရိကံ ကာယသင်္ခါရံ အစရှိသော စကားရပ်၏၊ စောဒနာ သောဓနာဟိ–စောဒနသောဓနာတို့နှင့်၊ ဝါ–အမေး အဖြေတို့နှင့်၊ သဒ္ဓိံ – ကွ၊ ဧဝံ – ဤ ဆိုအပ်လတ့်သော နည်းဖြင့်၊ အတ္ထော–ကို၊(ဓမ္မသေနာပတိနာ)၊ ဝုတ္တော–ပြီ၊(ကိံ)၊["ကထံ ပဿမ္ဘယံမှ သတိပဋ္ဌာန ဘာဝနာတိ " တိုင်အောင် စကားရပ်သည် ပဋိသမ္ဘိဒါမဂ် ပါဠိ တော်တည်း။] ကထံ–အဘယ်အပြားအားဖြင့်၊ ဝါ–အဘယ်နည်းဖြင့်၊ ကာယ သင်္ခါရံ – ကို၊ ပဿမ္ဘယံ–ငြိမ်းစေလျက်၊ အဿသိဿာမိ–အံ့၊ပေ၊ ပဿ သိဿာမိ–အံ့၊ ဣတိ, သိက္ခတိ – နည်း၊ ကာယသင်္ခါရာ–တို့သည်၊ ကတမေ– တို့နည်း၊ ဒီဃံ အဿာသာ – ဒီဃံ ဟု ဟောတော်မူအပ်သော ထွက်သက် ဟူကုန်သော၊(တနည်း)၊ ဒီဃံ–ရှည်စွာ၊ အဿာသာ– ရှိုက်ခြင်းဟူကုန်သော၊ ကာယိကာ–ရူပကာယ၌ ဖြစ်ကုန်သော၊ [ရူပကာယေ+ဘဝါ၊] ဧတေဓမ္မာ– ဤတရားတို့သည်၊ ကာယပ္ပဋိဗဒ္ဓါ–ကိုယ်၌ စပ်ကုန်သည်၊[ကာယသန္နိဿိတာ။] (ဟုတ္ဝာ–၍၊ ဝါ–ကြောင့်၊) ကာယသင်္ခါရာ–တို့တည်း၊[ဤစကားဖြင့် ကာယ သင်္ခါရ၏သရုပ်ကိုပြ၏၊]တေကာယသင်္ခါရေ–တို့ကို၊ပဿမ္ဘေန္တော–စေလျက်၊ နိရောဓေန္တော – လျက်၊ ဝူပသမေန္တော – အထူးသဖြင့် ငြိမ်သက်စေလျက်၊ သိက္ခတိ – ၏၊ ဒီဃံပဿာသာ – ဒီဃံ ဟု ဟောတော်မူအပ်သော ဝင်သက်

ပုဗ္ဗ ဝုတ္တနယေန ။ ။ အပရိဂ္ဂဟိတကာလေတိ အာဒိနာ သမထနယေ ဝုတ္တ နယေန၊–အရိဂ္ဂဟေ ပဝတ္တော ကာယသင်္ခါရော မဟာဘူတပရိဂ္ဂဟေ ပဋိပဿမ္ဘတီတိ အာဒိနာ ဝိပဿနာနယေပိ ပဋိပဿဒ္ဓိ ယောဇေတဗ္ဗာတိ ဝုတ္တံ ဟောတိ။

ကတမေ ကာယသင်္ခါရာ။ ။"ကထံ၊ပေ၊ သိက္ခတိ"ဝါကျဖြင့်"အဘယ်အပြား အားဖြင့် ကာယသင်္ခါရ ငြိမ်းသနည်း၊ အဘယ်နည်းဖြင့် ယောဂီပုဂ္ဂိုလ်၏ ကျင့်ခြင်း ဖြစ်သနည်း"ဟု ပုစ္ဆာထုတ်ပြီးလျှင် ကာယသင်္ခါရတို့ကို သရုပ်သကောင်အားဖြင့်၎င်း, ဩဠာရိက သုခုမအားဖြင့်၎င်း , ဝူပသမအားဖြင့်၎င်း, (ဣတိ ကိရိယာသော) အမေး အဖြေအားဖြင့်၎င်း ပြခြင်းငှါ"ကတမေ ကာယသင်္ခါရာ"စသည်ကို မိန့်သည်။

www.dhammaransi.com

ဟူကုန်သော၊(တနည်း)ဒီဃံ-စွာ၊ ပဿသာသာ- ရှူခြင်းဟူကုန်သော၊ ကာယိကာ-န်သော၊ တေဓမ္မာ - တို့သည်၊ [ကာယပ္ပဋိဗဒ္ဓါ၊ပေ၊ သိက္ခတိ - တို့ကိုဖေါ်၍ ပေးပါ။] ရဿံ အဿာသာ – ရဿံ ဟု ဟောတော်မူအပ်သော ထွက်သက် ဟူကုန်သော၊ (တနည်း) ရဿံ - တိုစွာ၊ အဿာသာ - ရှိုက်ခြင်း ဟူကုန်သော၊ပေ၊ရဿံပဿာသာ-န်သော၊(တနည်း)ရဿံ-စွာ၊ပဿာသာ-န်သော ၊ပေ၊ သဗ္ဗကာယပ္ပဋိသံဝေဒီ အဿာသာ - အလုံးစုံသော ထွက်သက် အပေါင်း၏ အစ အလယ် အဆုံးကို အသီးအသီး ကောင်းစွာ သိလေ့ရှိသော ယောဂီ ပုဂ္ဂိုလ်၏ ထွက်သက် ဟူကုန်သော ၊ ပေ ၊ သဗ္ဗကာယပ္ပဋိသံဝေဒီ ပဿာသာ - အလုံးစုံသော ဝင်သက် အပေါင်း၏ အစ အလယ် အဆုံးကို အသီးအသီး ကောင်းစွာ သိလေ့ရှိသော ယောဂီပုဂ္ဂိုလ်၏ ဝင်သက်ဟူကုန်သော၊ ကာယိကာ—ကုန်သော၊ပေ၊ဝူပသမေန္တော—လျက်၊ သိက္ခတိ။

ယထာရူပေဟိ – အကြင်သို့ သဘောရှိကုန်သော၊ ကာယသင်္ခါရေဟိ– ကြမ်းသော ကာယသင်္ခါရ တို့ဖြင့်၊ [ဩဠာရိကေဟိ ကာယသင်္ခါရေဟိ။] ကာယဿ-ကရဇကာယ၏၊ယာအာနမနာ-အကြင်ရှေးရှုညွတ်ခြင်းသည်ငင်း၊ ဝါ-အကြင် ရှေ့သို့ညွတ်ခြင်းသည်ငင်း၊ (ယာ) ဝိနမနာ- အကြင် အသီးအသီး ဘေးသို့ ညွတ်ခြင်းသည်ငင်း၊ (ယာ)သန္နမနာ - အကြင် ပတ်ပတ်လည် ညွတ်ခြင်းသည်ငင်း၊ ဝါ-အကြင် ကောင်းစွာညွတ်ခြင်းသည်ငင်း၊(ယာ)ပဏာမနာ- အကြင် နောက်သို့ ညွတ်ခြင်းသည်ငင်း၊(ယာ) ဣဉ္ဇနာ–အကြင် ရှေ့သို့ လှုပ်ခြင်း

ပဿမ္ဘေန္တော ။ ။ ဩဠာရိကောဠာရိကံ ပဿမ္ဘေန္တော၊ သေသပဒဒွယံ (နိရောဓေန္တော ဝူပသမေန္တော ၂ ပါး) တဿေဝ ဝေဝစနံ၊ ဩဠာရိကံ ဟိ ကာယသင်္ခါရံ အဝူပသန္တသဘာဝံ(ငြိမ်သက်ခြင်းသဘောမရှိသော ဩဠာရိက ကာယသင်္ခါရကို) သန္တိသီဒါပေန္တော (ငြိမ်သက်စွာတည်နေစေသော ယောဂီကို) ပဿမ္ဘေန္တောတိ ဝုစ္စတိ၊ အနုပ္ပါဒနိရောဓံ ပါပေန္တော (ထို ဩဠာရိကကာယသင်္ခါရကို နောက်တဘန် မဖြစ်သောချုပ်ခြင်းသို့ ရောက်စေသူကို) နိရောဓေန္တောတိ၊ သုဋ္ဌုသန္တသဘာဝံ နယန္တော (ကို) ဝူပသမေန္တောတိ (ဝုစ္စတိ)။

အာနမနာစသည်။ ။အာနမနာတိ-အဘိမုခေန ကာယဿ နမနာ၊ ဝိနမနာတိ- ဝိသုံဝိသုံ ပဿတော နမနာ၊ သန္နမနာတိ—သမန္တတော သုဋ္ဌု(ဝါ) နမနာ၊ ပဏာမနာတိ- ပစ္ဆတော နမနာ၊ ဣဉ္ဇနာဒီနိ အာနမနာဒီနံ ဝေဝစနာနိ၊ အဓိမတ္တာနိဝါ အဘိမုခစလနာဒီနိ အာနမနာဒယော၊ မန္ဒာနိ ဣဉ္ဇနာဒယော။ [ပဌမနည်းအလို အာနမနာ စသည်နှင့် ဣဉ္ဇနာစသည်တို့သည် အနက်တူ၏၊ ဒုတိယနည်းအလို အာနမနစသည်က နေရာရွေ့အောင် လွန်ကဲသော လှုပ်ရှားခြင်း စသည်ဖြစ်၍ , ဣဉ္ဇန စသည်က နေရာ မရွေ့ဘဲ သိမ်မွေ့သောလှုပ်ရှားခြင်း စသည်အားဖြင့် ထူးခြား၏။]

www.dhammaransi.com

သည်၎င်း၊(ယာ)ဖန္ဒနာ–အကြင် ဘေးသို့ လှုပ်ခြင်းသည်၎င်း၊(ယာ)စလနာ–အကြင် ပတ်ပတ်လည် လှုပ်ခြင်းသည်၎င်း၊ (ယာ)ကမ္ပနာ–အကြင် နောက်သို့ လှုပ်ခြင်းသည်၎င်း၊ (အတ္ထိ)၊ (တထာရူပံ–သော၊ တေသံ အာနမနာဒီနံ–ထို အာနမန အစရှိသည်တို့၏၊ ကာရဏဘူတံ – အကြောင်း ဖြစ်၍ ဖြစ်သော၊) ကာယသင်္ခါရံ-ကြမ်းသောကာယသင်္ခါရကို၊ ပဿမ္ဘယံ–ငြိမ်သက်စေလျက်၊ အဿသိဿာမိ–ရှိုက်အံ့၊ ဣတိ သိက္ခတိ၊ ကာယသင်္ခါရံ – ကို၊ ပဿမ္ဘယံ, ပဿသိဿာမိ-ရှူအံ့၊ ဣတိ သိက္ခတိ၊ ယထာရူပေဟိ- န်သော၊ ကာယသင်္ခါရေဟိ-တို့ဖြင့်၊ ကာယဿ-၏၊ ယာ နအာနမနာ–အကြင် ရှေ့သို့ မညွတ်ခြင်းသည်၎င်း၊(ယာ) နဝိနမနာ- အကြင် အသီးအသီး ဘေးသို့ မညွတ်ခြင်းသည်၎င်း၊ (ယာ) န သန္နမနာ–သည်၎င်း၊ (ယာ) န ပဏာမနာ- သည်၎င်း၊ (ယာ) အနိဉ္ဇနာ- အကြင် ရှေ့သို့ မလှုပ်ခြင်းသည်၎င်း၊ (ယာ)အဖန္ဒနာ-သည်၎င်း၊ (ယာ) အစလနာ-သည်၎င်း၊ (ယာ)အကမ္ပနာ-သည်၎င်း၊ (အတ္ထိ)၊(တထာရူပံ-သော၊ တေသံ နာနမနာဒီနံ- ထို န အာနမန အစရှိသည်တို့၏၊ ကာရဏဘူတံ၊) သန္တံ, သုခုမံ, ကာယသင်္ခါရံ – ကို၊ ပဿမ္ဘယံ- လျက်၊ပေ၊သိက္ခတိ။

ဣတိ-ဤ ဆိုအပ်ပြီးသော အပြားအားဖြင့်၊ ကာယသင်္ခါရံ - သန္တ သုခုမ ဖြစ်သော ကာယသင်္ခါရကို၊ ပဿမ္ဘယံ-ငြိမ်သက်စေလျက်၊ အဿသိဿာမိ-အံ့၊ ဣတိ- သို့၊ ကိရ သိက္ခတိ- အကယ်၍ကျင့်အံ့၊ ကာယသင်္ခါရံ ပဿမ္ဘယံ,

ပဿမ္ဘယံ ကာယသင်္ခါရံ ။ ။ တထာရူပံ အာနမနာဒီနံ ကာရဏဘူတံ ဩဠာရိကံ ကာယသင်္ခါရံ ပဋိပ္ပဿမ္ဘေန္တော၊ [ယထာရူပေဟိ-ဟု ရှိခဲ့သောကြောင့် “တထာရူပံ” ဟု ထည့်သည်၊ ကေဝုစ်ထားခြင်းမှာ ကာယသင်္ခါရချင်း တူသောကြောင့် သာမညနိဒ္ဒေသနည်းအားဖြင့် ထားခြင်းတည်း။]

သန္တံ သုခုမံ ။ ။ ယထာရူပေဟိ ကာယသင်္ခါရေဟိ ကာယဿ အပရိဖန္ဒန ဟေတူဟိ အာနမနာဒယော နဟောန္တိ၊ တထာရူပံ ဒရထာဘာဝတော သန္တံ၊ အနောဠာရိကတာယ သုခုမံ၊ [ဤ၌လည်း ကေဝုစ်ထားခြင်းမှာ သာမညနိဒ္ဒေသနည်းတည်း၊ တနည်း–ရှေးရှေး သိမ်မွေ့ပြီး ကာယသင်္ခါရကို ငြိမ်းစေပြီးနောက် အဆုံးသတ် ငြိမ်းစေရမည့် ကာယသင်္ခါရကို ရည်ရွယ်၍ “ကာယသင်္ခါရံ” ဟု ကေဝုစ်ထားသည်။]

ဣတိ ကိရ ၊ ပေ ၊ ဧဝံ သန္တေ ။ ။ ဣတီတိအာဒိ စောဒကဝစနံ (ဝုဋ္ဌဟန္တိပိ–တိုင်အောင် စောဒက၏ စကား)၊ ဣတီတိ ပကာရတ္ထေ နိပါတော၊ ကိရာတိ– အရုစိ သံသူစနေ၊ ဧဝံ စေတိ အတ္ထော (ဤ ဖွင့်အပ်ပြီးသောအပြားအားဖြင့် အလွန်သိမ်မွေ့သော အဿာသ ပဿာသကိုသော်မှ အကယ်၍ ငြိမ်းစေအံ့–ဟု အနက်မှတ်)၊ ဧဝံ သန္တေတိ–ဧဝံ သတိ၊ တယာ ဝုတ္တာကာရေ လဗ္ဘမာနေ– အသင် ဆိုအပ်တိုင်းသော အခြင်းအရာကို ရအပ်လျှင် (အလွန်သိမ်မွေ့သော အဿာသကိုသော်မှငြိမ်းစေလျှင်)။

www.dhammaransi.com

ပဿသိဿာမိ- အံ့၊ ဣတိ, ကိရ သိက္ခတိ- အံ့၊ ဧဝံသန္တေ- ဤသို့ဖြစ်လသော်၊ ဝါတူပလဒ္ဓိယာစ-ထွက်သက် ဝင်သက် လေကို ရခြင်းကိုလည်း၊ [စသဒ္ဒါဖြင့် ထွက်သက်ဝင်သက် လေကို အာရုံပြုသော စိတ်ကို ဆည်းယူသည်။] ပဘာဝ နာ– အပြားအားဖြင့် ဖြစ်စေခြင်းသည်၊ န ဟောတိ- မဖြစ်တော့သည် မဟုတ် လော၊ အဿာသပဿာသာနဉ္စ - တို့ကိုလည်း၊ ပဘာဝနာ, န ဟောတိ- လော၊ အာနာပါနဿတိယာစ – အာနာပါနလျှင် အာရုံရှိသော သတိကို လည်း၊ပေ၊အာနာပါနဿတိသမာဓိဿစ- အာနာပါနဿတိနှင့်ယှဉ်သော သမာဓိကိုလည်း၊ ပဘာဝနာ, န ဟောတိ – လော၊ တံ စ သမာပတ္တိံ – ထို အာနာပါနဿတိသမာဓိဟူသော ဈာန်သမာပတ်ကိုလည်း၊ ["နံ" အနက် မရှိ။] ပဏ္ဍိတာ-တို့သည်၊ န သမာပဇ္ဇန္တိပိ-ဝင်လည်း မဝင်စားနိုင်ကုန်တော့ သည် မဟုတ်လော၊ န ဝုဋ္ဌဟန္တိပိ-ထို သမာပတ်မှ ထလည်း မထနိုင်ကုန်တော့ သည် မဟုတ်ပါလော၊(ဣတိ–ဤကား အမေးတည်း၊) ဣတိ-ဤ ငါ ဆိုအပ် တိုင်းသော အပြားအားဖြင့် ကာယသင်္ခါရံ-ကို၊ ပဿမ္ဘယံ - လျက်၊ အဿ သိဿာမိ၊ပေ၊ပဿသိဿာမိ-အံ့၊ ဣတိ,ကိရသိက္ခတိ-အံ့၊ ဧဝံ သန္တေ ဝါတူပ လဒ္ဓိယာစ ပဘာဝနာ , ဟော တိ - ဖြစ်နိုင်၏၊ အဿာသ ပဿာသာနဉ္စ-

ဝါတူပလဒ္ဓိယာစ ။ ။ဝါတဿ ဥပလဒ္ဓိယာ၊ စသဒ္ဒေါ သမုစ္စယတ္ထော၊ "ထို အဿာသ ပဿာသတို့ကို ငြိမ်းစေလို့ရှိလျှင် အဿာသ ပဿာသကို အာရုံပြုသော စိတ်ကိုလည်း မဖြစ်စေနိုင်"ဟု ဆည်းခြင်း အနက်ရှိ၏။

အဿာသ ပဿာသာနဉ္စ စသည်။ ။ဩဠာရိက အဿာသ စသည်ကို ငြိမ်းစေ ပြီးနေ၍ သုခုမအဿာသ စသည်ကို ငြိမ်းစေလို့ရှိလျှင် အဿာသ စသည်ကိုဖြစ်စေခြင်း လည်း မဖြစ်နိုင်တော့၊ သို့ဖြစ်လျှင် အာနာပါနကို အာရုံပြုသောသတိကိုလည်းမဖြစ်စေ နိုင်တော့၊ ထိုသတိနှင့်ယှဉ်သောသမာဓိလည်း မဖြစ်စေနိုင်တော့၊ ထိုအာနာပါနဿတိ သမာဓိဟူသော ဈာန်သမာပတ်ကို ပညာရှိတို့ ဝင်လည်း မဝင်စားနိုင်, ထိုမှ ထလည်း မထနိုင်တော့၊ ဤသို့လျှင် စောဒကပုဂ္ဂိုလ်သည် အဿာသစသည်တို့ လုံးဝမဖြစ်အောင် ငြိမ်းခြင်းကို "ပဿမ္ဘန"ဟု ယူဆ၍ စောဒနာသည်။

နောက် ဣတိ ကိရ ။ ။ အဖြေစကားတည်း၊ ကိရာတိ– ယဒီတိဧတဿ အတ္ထေ နိပါတော၊ ဣတိ ကိရ သိက္ခတိကို"မယာ ဝုတ္တာကာရေန ယဒိသိက္ခတိ—ပရိဟာရ်ဆရာ (ငါ) ဆိုတိုင်းသော အခြင်းအရာအားဖြင့် အကယ်၍ကျင့်အံ့"ဟု ဋီကာဖွင့်၏။

ဧဝံသန္တေ၊ပေ၊ပဘာဝနာ။ ။ဧဝံ ပဿမ္ဘနေ သတိ၊ယဒိပိ ဩဠာရိကာ ကာယ သင်္ခါရာ ပဋိပဿမ္ဘန္တိ၊ သုခုမာ ပန အတ္ထေဝ၊တိ၊ အနုက္ကမေန ပရမသုခုမပ္ပတ္တာဿ ဝသေန နိမိတ္တုပ္ပတ္တိယာ (ကြောင့်) ၊အာနာပါနဿတိယာ , အာနာပါနဿတိ သမာဓိဿစ ဘာဝနာ ဣစ္ဆတေ။

www.dhammaransi.com

တို့ကိုလည်း၊ ပေ၊ တံစသမာပတ္တိံ-ကိုလည်း၊ ပဏ္ဍိတာ-တို့သည်၊ သမာပဇ္ဇန္တိပိ-ဝင်လည်း ဝင်စားနိုင်ကုန်၏၊ ဝုဋ္ဌဟန္တိပိ-ထိုသမာပတ်မှ ထလည်းထနိုင်ကုန်၏။

ယထာ – အကြင် အကြင် ဆိုအပ်တိုင်းသော အစီအရင်ကို၊ ကထံ၀ိယ– အဘယ်ကဲ့သို့၊ (ဒဋ္ဌဗ္ဗံ-မှတ်ထိုက်သနည်း၊) သေယျထာပိ-ဥပမာမည်သည်ကား၊ ကံသေ – ကြေးခွက်ကို၊ အာကောဋိတေ – တီးခေါက်အပ်သော်၊ ပဌမံ- စွာ၊ ဩဠာရိကာ–ကြမ်းကုန်သော၊ သဒ္ဒါ–အသံတို့သည်၊ ပဝတ္တန္တိ-နဲ၏၊ ဩဠာရိကာနံ–တို့၏၊ နိမိတ္တံ (နိမိတ္တသာ)–အာရုံနိမိတ်၏၊ ဝါ-ကို၊ သုဂ္ဂဟိတတ္တာ– ကောင်းစွာယူအပ်သည်၏ အဖြစ်ကြောင့်၊ သုမနသိကတတ္တာ – ကောင်းစွာ စိတ်၌ထားအပ်သည်၏ အဖြစ်ကြောင့်၊ သူပဓာရိတတ္တာ – ကောင်းစွာ ဆောင်ထားမှတ်သားအပ်သည်၏အဖြစ်ကြောင့်၊ ဩဠာရိကေ-သော၊ သဒ္ဒေ-သည်၊ နိရုဒ္ဓေပိ-ချုပ်ပြီးပါသော်လည်း၊ အထ ပစ္ဆာ-ထိုမှ နောက်၌၊ သုခုမကာ-သိမ်မွေ့ကုန်သော၊ သဒ္ဒါ-အသံတို့သည်၊ [ကြေးညည်းသံ,ကြေးဟီးသံတို့သည်၊] ပဝတ္တန္တိ - နဲ၏၊ သုခုမကာနံ- နဲသော၊ သဒ္ဒါနံ- တို့၏၊ နိမိတ္တံ (နိမိတ္တဿ)– အသံဟူသောအာရုံနိမိတ်၏၊ ဝါ-ကို၊ သုဂ္ဂဟိတတ္တာ–ကြောင့်၊ သုမနသိကတတ္တာ– ကြောင့်၊ သူပဓာရိတတ္တာ– ကြောင့်၊ သုခုမကေ– သော၊ သဒ္ဒေ–သည်၊ နိရုဒ္ဓေပိ-လည်း၊ အထပစ္ဆာ-၌၊ သုခုမသဒ္ဒနိမိတ္တာရမဏတာပိ-သိမ်မွေ့သော အသံနိမိတ်လျှင် အာရုံရှိသည်၏ အဖြစ်ဖြင့်လည်း၊ စိတ္တံ – သည်၊ ပဝတ္တတိ (သေယျထာပိ)–ဖြစ်သကဲ့သို့၊ ဧဝမေဝံ- ဤအတူ၊ [ပဋိသမ္ဘိဒါမဂ်ပါဠိတော်ရင်း၌ "ဧဝမေဝံ"ဟု ရှိ၏၊] ပဌမံ ဩဠာရိကာ အဿာသပဿာသာ ပဝတ္တန္တိ- နဲ၏၊ ပေ၊ သုခုမ အဿာသပဿာသ နိမိတ္တာရမဏတာပိ-သိမ်မွေ့သော ထွက်သက်ဝင်သက် နိမိတ်လျှင်အာရုံရှိသည်၏ အဖြစ်ဖြင့်လည်း၊ စိတ္တံ-သည်၊ ဝိက္ခေပံ–ပျံ့လွင့်ခြင်းသို့၊ န ဂစ္ဆတိ၊ ဧဝံသန္တေ၊ ပေ၊ သမာပဇ္ဇန္တိပိ,ဝုဋ္ဌဟန္တိပိ-

ယထာ ကထံ ၀ိယာတိ။ ။ယထာဝုတ္တ ၀ိဓာန် တံ ကထံ၀ိယ ဒဋ္ဌဗ္ဗံ – (အကြင် အကြင် ဆိုအပ်ပြီးသော အစီအရင်ရှိသော ထို ဖြစ်စေပုံကို အဘယ်သို့မှတ်ရမည်နည်း၊) အတ္ထိ ကိဉ္စိ တဒတ္ထသမ္ပဋိပါဒနေ ဩပမ္မံတိ အဓိပ္ပါယော=ထိုအနက်အဓိပ္ပါယ်ကို ပြီးစေခြင်း၌ တစုံတရာ ဥပမာရှိပါ၏လော–ဟူလို၊ ဇာဒါနိ ဩပမ္မံ ဒဿေတုံ သေယျထာပီတိ အာဒိ ဝုတ္တံ။

ကံသေစသည်။ ။ကံသေ–ကံသဘာဇနေ၊ နိမိတ္တန္တိ–နိမိတ္တဿ၊ [သုဂ္ဂဟိတတ္တာ စသည်၌ တ္တ၏သမ္ဗန်အနက်ကို ဟောရမည်ဖြစ်၍ နိမိတ္တံကို နိမိတ္တဿဟုဖွင့်သည်၊ သုဂ္ဂဟိတတ္တာစသည်ကို စိတ္တံ ပဝတ္တတိ၌စပ်။] သုခုမကာ သဒ္ဒါတိ – ပါဌ်ဖြင့်၊ အနုရဝေ (နောက်ထပ်အသံဖြစ်သော ကြေးညည်းသံတို့ကို) အာဟ၊ ယေ–ယင်းကြေးညည်းသံတို့သည်၊ အပ္ပကာ–သေးငယ်ကုန်၏၊ အပ္ပတ္တောတိ အယံ ကသဒ္ဒေါ။

www.dhammaransi.com

န်၏၊ ပယာမှာယံ ကာယသင်္ခါရန္တိ-ဟူ၍၊(ဝုတ္တာ-ဟောတော်မူအပ်ကုန်သော၊) အဿာသ ပဿာသာ – တို့သည်၊ ကာယော – ရုပ်ကလာပ် အပေါင်းဖြစ်၍ ကာယမည်၏၊ပေ၊[ဥပဋ္ဌာန်မှ သတိပဋ္ဌာန ဘာဝနာတိတိုင်အောင် နိဿယကို ရှေ့၌ရေးခဲ့ပြီ။] ဣတိ– သို့၊ ("ပဋိသမ္ဘိဒါယံ အတ္တော , ဝုတ္တော – ပြီ " ဟု ပြန်လှည့်၍စပ်၊ ဣတိတပုဒ်အကြောင်း၊) [နိဂုံးကိုပြလို၍ "အယံ တာဝေတ္တ" စသည်မိန့်။] အယံ- ဤဆိုအပ်ပြီးကား၊ ဧတ္ထ- ဤ အာနာပါနဿတိ သမာဓိ ဘာဝနာ၌၊ တာဝ–ဒုတိယစတုက္ကစသည်တို့မှရှေးဦးစွာ၊ကာယာနုပဿနာ ဝသေန–ကာယာနုပဿနာ၏အစွမ်းဖြင့်၊ ဝုတ္တဿ-ဟောတော်မူအပ်သော၊ ပဌမစတုက္ကဿ – ၏၊ အနုပုဗ္ဗပဒဝဏ္ဏနာ – အစဉ်အတိုင်းဖြစ်သော ပုဒ်တို့၏ အဖွင့်တည်း။

ပန - ဆက်၊ ဧတ္ထ - ဤ အာနာပါနဿတိ သမာဓိဘာဝနာ၌၊ ယသ္မာ, ဣဒမေဝစတုက္ကံ - ဤ စတုက္ကကိုသာလျှင်၊ အာဒိကမ္မိကဿ - အစဖြစ်သော ကမ္မဋ္ဌာန်းအားထုတ်မှု၌ ယှဉ်သော ယောဂီပုဂ္ဂိုလ်၏၊ ကမ္မဋ္ဌာနဝသေန– ကမ္မဋ္ဌာန်း၏ အစွမ်းဖြင့်၊ ဝုတ္တံ - ဟောတော်မူအပ်ပြီ၊ ပန - ဆက်၊ ဣတရာနိ- ပဌမစတုက္ကမှ အခြားကုန်သော၊ တီဏိ-န်သော၊ စတုက္ကာနိ-တို့ကို၊ ဧတ္ထ–ဤ ပဌမစတုက္က၌၊ ပတ္တဈာနဿ-ရောက်အပ် ရအပ်သော ဈာန်ရှိသောပုဂ္ဂိုလ်၏၊ ဝါ – ဈာန်ရပြီးသော ပုဂ္ဂိုလ်၏၊ ဝေဒနာ စိတ္တ ဓမ္မာနုပဿနာ ဝသေန – ဝေဒနာနုပဿနာ,စိတ္တာနုပဿနာ,ဓမ္မာနုပဿနာတို့၏အစွမ်းဖြင့်၊ဝုတ္တာနိ- န်ပြီ၊ တသ္မာ, ဣဒံ ကမ္မဋ္ဌာနံ – ဤ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို၊ ဘာဝေတွာ – ဖြစ်စေ၍၊ အာနာပါနဿတိ စတုတ္ထဇ္ဈာန ပဒဋ္ဌာနာယ – အာနာပါန ဿတိနှင့်ယှဉ်သော စတုတ္ထဈာန်သမာဓိလျှင် နီးစွာသောအကြောင်းရှိသော၊ ဝိပဿနာယ-ဖြင့်၊ ပဋိသမ္ဘိဒါဟိ-ပဋိသမ္ဘိဒါလေးပါးတို့နှင့်၊ သဟ,[နိဒဿန နည်းတည်း၊ အဘိညာဉ်လည်းရနိုင်၏။] အရဟတ္တံ - အရဟတ္တဖိုလ်သို့၊ ပါပု ဏိတုကာမေန - ရောက်လိုသော၊ ဖုဒ္ဓပုတ္တေန - သည်၊ ယံ- အကြင် အမှုကို၊ ကတ္တဗ္ဗံ-၏၊ သဗ္ဗံ–ဇသော၊ တံ-ထိုအမှုကို၊ တာဝ–စွာ၊ ဣဓေဝ–ဤပဌမစတုက္က၌ သာလျှင်၊ အာဒိကမ္မိကဿ-သော၊ကုလပုတ္တဿ-၏၊ ဝသေန,အာဒိတော– မှ၊ ပဘုတိ-စ၍၊ ဧဝံ-သို့၊ ဝေဒိတဗ္ဗံ၊ (ကိံ)။

တာဝ – ကမ္မဋ္ဌာန်းအားမထုတ်မီ ရှေးဦးစွာ၊ စတုဗ္ဗိဓံ – ၄ ပါးအပြား ရှိသော၊ သီလံ-ကို၊ ဝိသောဓေတဗ္ဗံ- သုမ်သင်ရာ၏၊ တတ္ထ-ထို သီလံ ဝိသောဓေ တဗ္ဗံဟူသော စကားရပ်၌၊ ဝိသောဓနာ – သုမ်သင်ခြင်းတို့သည်၊ အနာပဇ္ဇနံ- အာပတ်သို့ မရောက်ခြင်းငှင်း၊ အာပန္နဝုဋ္ဌာနံ- ရောက်အပ်ပြီးသောအာပတ်မှ

www.dhammaransi.com

ထခြင်းငှင်း၊ [ဒေသနာပြောခြင်း, ပရိဝါသ်ဆောံတည်ခြင်းအားဖြင့် ထခြင်း၊] ကိလေသေဟိ-ကောဓ ဥပနာဟ အစရှိသောကိလေသာတို့သည်၊ အပ္ပဋိပီဠနံ စ-အနှိပ်စက်မခံရခြင်းငှင်း၊ (ဣတိ)၊ တိဝိဓာ-နှ်၏၊ ဟိ-အကျိုးကား၊ ဧဝံ-သို့၊ ဝိသုဒ္ဓသီလဿ- စင်ကြယ်သောသီလ ရှိသောပုဂ္ဂိုလ်၏၊ ဘာဝနာ- ကမ္မဋ္ဌာန်း ပွားစေခြင်းသည်၊ သမ္ပဇ္ဇတိ - ပြည့်စုံ၏၊ စေတိယင်္ဂဏဝတ္တံ - စေတီယင်ပြင်၌ ပြုထိုက်သောကျင့်ဝတ်ငှင်း၊ ဗောဓိယင်္ဂဏဝတ္တံ - ဗောဓိပင်အပြင်၌ ပြုထိုက် သော ကျင့်ဝတ်ငှင်း၊ ဥပဇ္ဈာယဝတ္တံ-ဥပဇ္ဈာယ်၌ ပြုထိုက်သောကျင့်ဝတ်ငှင်း၊ အာစရိယဝတ္တံ- စာချဆရာ, ကမ္မဝါစာဆရာ, နိဿယည်းဆရာ စသည်တို့၌ ပြုထိုက်သောကျင့်ဝတ်ငှင်း၊ ဇန္တာဃရဝတ္တံ-ဇရုံးအိမ်၌ပြုထိုက်သောကျင့်ဝတ် ငှင်း၊ ဥပေါသထာဂါရဝတ္တံ-ဥပုသ်ကျောင်းဆောင်၌ ပြုထိုက်သောကျင့်ဝတ် ငှင်း၊ ဒွေ အသီတိ-ရှစ်ဆယ့်နှစ်ပါးသော၊ ခန္ဓကဝတ္တာနိ- ခန္ဓကဝတ်တို့ငှင်း၊ စုဒ္ဒသဝိဓံ - သော၊ မဟာဝတ္တံ - အာဂန္တုကဝတ် အစရှိသောဝတ်ကြီးငှင်း၊ ဣတိ- သို့၊ ဣမေသံ- ဤ ကျင့်ဝတ်တို့၏၊ ဝသေန-ဖြင့်၊ ယံ ဣဒံ အာဘိသမာ စာရိကသီလံပိ - အကြင် လွန်ကဲမြင့်မြတ် ဖြည့်ကျင့်အပ်သော သီလကိုလည်း၊ ဝုတ္တံ- ဟောတော်မူအပ်၏၊ တမ္ပိ - ထို အာဘိသမာစာရိကသီလကိုလည်း၊ သာဓုကံ-ကောင်းမွန်စွာ၊ ပရိပူရေတဗ္ဗံ-ဖြည့်ကျင့်ရာ၏၊ ဝါ-ရမည်။

ဟိ - မှန်၏၊ ယော (ဘိက္ခု) အဟံ, သီလံ- ဥဘတောဝိဘင်း၌လာသော သီလကို၊ ရက္ခာမိ - စောင့်၏၊ (အစောင့်သားဘဲ)၊ အာဘိသမာစာရိကေန- ဖြင့်၊ [ခန္ဓက၌လာသော သီလဖြင့်၊] ကမ္မံ - ပြုခြင်းသည်၊ ကိံ - အဘယ်အကျိုး

ကိလေသေဟိ။ ။ကောဓ ဥပနာဟ, မက္ခ ပလာသ , ဣဿာ မစ္ဆရိယ, မာယာ သာဌေယျ , ထမ္ဘ သာရမ္ဘ , မာန အတိမာန , မဒ ပမာဒစသည်ကို ကိလေသာ ဟု ဆိုသည်၊ အရဟံ ဂုဏ်တော်အဖွင့်၌ ထို ကိလေသာတို့၏ အကျယ်ကို သာရတ္ထဋီကာ ပြထားပြီ။

ဒွေ၊ ပေ၊ ဝတ္တာနိ။ ။ တဇ္ဇနီယ — စသော ကံတခုခု အပြုခံရသောအခါ၌ ကျင့်ရ သော (စူဠဝါခန္ဓက၌လာသော) ကျင့်ဝတ်တို့ကို "ဒွေအသီတိ ခန္ဓကဝတ်"ဟု ခေါ်၏၊ ဝတ္တက္ခန္ဓက၌လာသော အာဂန္တုကဝတ်စသည်ကို "မဟာဝတ်"ဟု ခေါ်၏။

အာဘိသမာစာရိကံ။ ။အဘိသမာစာရောတိ ဥတ္တမသမာစာရော — မြတ်သော အကျင့်၊ အဘိသမာစာရောဝ အာဘိသမာစာရိကံ၊ [သွတ္ထ၌ ဏိကပစ္စည်း၊] အဘိသမာ စာရံဝါ အာရဗ္ဘ ပညတ္တံ အာဘိသမာစာရိကံ — မြတ်သောအကျင့်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်သော သီလ၊ ပါရာဇိကစသော သီလကဲ့သို့ ရှောင်ကြဉ်ရမည့် ဝါရိတ္တ သီလမဟုတ်ဘဲ, ခန္ဓကဝတ်၌လာသော ဖြည့်ကျင့်ရမည့် စာရိတ္တသီလကို"အာဘိသမာ စာရိကသီလ"ဟု ခေါ်သည်။

www.dhammaransi.com

ရှိအံ့နည်း၊ ဣတိ, ဝဒေယျ – အံ့၊ တဿ (ဘိက္ခုနော)-၏၊ သီလံ – သည်၊ ပရိပူရေဿတိ – ပြည့်လတံ့၊ ဣတိ ဧတံဌာနံ- ဤအကြောင်းသည်၊ န ဝိဇ္ဇတိ၊ ပန-ဆက်၊ အာဘိသမာစာရိကဝတ္တေ-သည်၊ ပရိပူရေ-ပြည့်လသော်၊ သီလံ-သည်၊ ပရိပူရတိ-ပြည့်တော့၏၊ သီလေ-သည်၊ ပရိပူရေ–သော်၊ သမာဓိဂဗ္ဘံ–သမာဓိတည်းဟူသော ကိုယ်ဝန်ကို၊ ဂဏှာတိ - ယူနိုင်၏၊ ဟိ– သာဓကကား၊ သောဝတ၊ပေ၊ ဝိဇ္ဇတီတိ–ဟူ၍၊ ဧတံ (သုတ္တံ)- ဤပါဠိတော်ကို၊ ဘဂဝတာ-သည်၊ ဝုတ္တံ-ပြီ၊ ဣတိ- ဤသို့အစရှိသောစကားရပ်ကို၊ ဝိတ္ထာရေတဗ္ဗံ- ချဲရာ၏၊ [ဘိက္ခဝေ – တို့၊ သောဘိက္ခု - သည်၊ ဝတ- စင်စစ်၊ အာဘိသမာစာရိကံ-မည်သော၊ ဓမ္မံ-ကျင့်ဝတ်တရားကို၊ အပရိပူရေတွာ-မပြည့်စေမူ၍၊ သီလာနိ-တို့ကို၊ ပရိပူရေဿတိ - ပြည့်စေလတံ့၊ ဣတိ ဧတံ ဌာနံ – သည်၊ န ဝိဇ္ဇတိ။] တသ္မာ, တေန– ထိုရဟန်းသည်၊ စေတိယင်္ဂဏဝတ္တာဒိ – စေတိယင်္ဂဏဝတ်အစရှိသော၊ ယံ ဣဒံ အာဘိသမာစာရိကသီလံပိ- ကိုလည်း၊ ဝုတ္တတိ- ဟောတော်မူအပ်၏၊ တမ္ပိ- ကိုလည်း၊ သာဓုကံ, ပရိပူရေတဗ္ဗံ–ရာ၏၊ ဝါ–ရမည်။

တတော-ထိုသီလကို သုမ်သင်ပြီးရာအခါမှ၊ (ပရံ-၌၊) [ယထာဝုတ္တသီလဝိသောဓနတော ပရံ၊] အာဝါသောစ – နေရာကျောင်းဟူသော ပလိဗောဓ ၎င်း၊ ကုလံ - အလုပ်အကျွေး ဆွေမျိုးဟူသော ပလိဗောဓ၎င်း၊ လာဘော-ပစ္စည်းလေးရပ်, လာဘ်ဟူသော ပလိဗောဓ၎င်း၊ ဂဏော – ဂိုဏ်းဟူသော ပလိဗောဓ၎င်း၊ ကမ္မေန- နဝကမ္မဖြင့်၊ ပဉ္စမံ– ၅ ခုမြောက် ပလိဗောဓ၎င်း၊ အဒ္ဓါနံ – ခရီးရှည်သွားဘွယ်ဟူသော ပလိဗောဓ၎င်း၊ ဉာတိ– မကျန်းမမာ, ဆရာ ဆွေမျိုးစသော ပလိဗောဓ၎င်း၊ အာဗာဓော – အနာရောဂါဟူသော

အာဝါသ ပလိဗောဓ။ ။အာဝါသောတိ အာဝါသပလိဗောဓော၊ ကျောင်း အခန်းတခု, ပရိဝုဏ်တခု, ကျောင်းတိုက်တတိုက်လုံးကို "အာဝါသ" ဟု ဆို၏၊ ထို အာဝါသ၌ ငဲ့ကွက်တွယ်တာနေလျှင် ထိုအာဝါသသည် ကမ္မဋ္ဌာန်းအလုပ်ကို တားဆီး ပိတ်ပင်တတ်သောကြောင့် ပလိဗောဓ ဖြစ်၏၊ မတွယ်တာသူမှာ ပလိဗောဓ မဖြစ်၊ [ကမ္မဋ္ဌာနဘာဝနံ ပရိဗုန္ဓတိ – တရားအလုပ်ကို နှောက်ရှက်တတ်၏၊ ဣတိ ပလိဗောဓော၊ (ရကိုလပြု)၊အာဝါသောယေဝ+ပလိဗောဓော အာဝါသပလိဗောဓော။]

ကုလ စသည်။ ။ဆွေမျိုး, အလုပ်အကျွေး ဒါယကာအမျိုး ၂ မျိုးလုံး သည်ပင် ကုလ မည်၏၊ ပစ္စည်း ၄ ပါးသည် လာဘ မည်၏၊ မိမိကို မှီခိုနေသော သုတ္တန် ဆောင်ဂိုဏ်း, အဘိဓမ္မာဆောင်ဂိုဏ်း စသော သံဃာအများကို "ဂဏ"ဟု ခေါ်၏၊ ကျောင်းပြင်ခြင်း, ကျောင်းဆောက်ခြင်းစသော အမှုကို "ကမ္မ" ဟု ဆို၏၊ "ကမ္မေန ပဉ္စမံ "ဝယ် "ကမ္မဥပဉ္စမံ" ဟု မူကွဲရှိ၏၊ ခရီးဝေးသွားဘွယ် ကိစ္စကို "အဒ္ဓါန"ဟု ဆို၏၊ ကျောင်း၌ ဆရာဥပဇ္ဈာယ်တပည့် စသည်ကိုရင်း , အိမ်၌ မိဘဆွေမျိုး ကိုရင်း

www.dhammaransi.com

ပလိဗောဓရှင်း၊ ဂန္ထော- ကျမ်းဂန်ဟူသော ပလိဗောဓရှင်း၊ ဣဒ္ဓိ – ပုထုဇဉ်တို့၏ တန်ခိုးဟူသော ပလိဗောဓရှင်း၊ ဣတိ–သို့၊ တေ–ထိုပလိဗောဓတို့သည်၊ ဒသ–တို့သည်၊ (ဟောန္တိ– နှ်၏၊) ဣတိဧဝံ - သို့၊ ဝုတ္တေသု–ဟောတော်မူအပ်ကုန်သော၊ ဒသသု- နှ်သော၊ ပလိဗောဓေသု- တို့တွင်၊ ယောပလိဗောဓော–သည်၊ အတ္ထိ၊ သော–ကို၊ ဥပစ္ဆိန္ဒိတဗ္ဗော–ဖြတ်တောက်ထိုက်၏။

ဧဝံ - သို့၊ ဥပစ္ဆိန္နပလိဗောဓေန - ဖြတ်အပ်ပြီးသော ပလိဗောဓ ရှိသည်၊ ဝါ – ပလိဗောဓကို ဖြတ်ပြီးသည်၊ (ဟုတွာ)၊ ကမ္မဋ္ဌာနံ - ကို၊ ဥဂ္ဂဟေတဗ္ဗံ-သင်ယူရာ၏၊ တံ – ထို ကမ္မဋ္ဌာန်းသည်၊ သဗ္ဗတ္ထကကမ္မဋ္ဌာနဉ္စ – သဗ္ဗတ္ထကကမ္မဋ္ဌာန်းရှင်း၊ ပါရိဟာရိယကကမ္မဋ္ဌာနဉ္စ - ရှင်း၊ (ဣတိ) ဒုဝိဓံဟောတိ၊ တတ္ထ-ထို ၂ ပါးတို့တွင်၊ သဗ္ဗတ္ထကကမ္မဋ္ဌာနံနာမ- မည်သည်၊ ဘိက္ခုသံဃာဒီသု-ရဟန်းသံဃာ အစရှိသော ပုဂ္ဂိုလ်တို့အပေါ်၌၊ မေတ္တာ- မေတ္တာပွားခြင်းရှင်း၊ မရဏဿတိစ – သေခြင်းကို အောက်မေ့ခြင်း ရှင်းတည်း၊ အသုဘသညာ–ရှင်း၊ ဣတိပိ- လည်း ဧကေ– တို့သည်၊ (ဝဒန္တိ)၊ [ဤ ၃ ပါး၌ ဗုဒ္ဓါနုဿတိထည့်၍ " စတုရာရက္ခ (ကိုယ်ခစောင့်)တရား ၄ ပါး " ဟုလည်းခေါ်သည်။] ဟိ–ချဲ့၊ ကမ္မဋ္ဌာနိကေန-ကမ္မဋ္ဌာန်းအားထုတ်သော၊ ဘိက္ခုနာ-သည်၊ ပဌမံ-စွာ၊ တာဝ– အစဉ်အတိုင်း၊ ပရိစ္ဆိန္ဒိတွာ- ပိုင်းခြားသတ်မှတ်၍၊ [''ဣမသ္မိံ ဝိဟာရေ သဗ္ဗေပိ ဘိက္ခူ–ဤကျောင်းတိုက်ရှိ ရဟန်းအားလုံး''ဟု ပိုင်းခြား၍] သီမဋ္ဌကဘိက္ခုသံဃေ - ဥပစာရ သိမ်ဝယ်တည်ရှိသော ရဟန်းသံဃာ၌၊ မေတ္တာ-ကို၊ ဘာဝေတဗ္ဗာ- ဖြစ်စေထိုက်၏၊ တတော-ထိုမှနောင်၌၊ သီမဋ္ဌက ဒေဝတာသု – ဥပစာ သိမ်ဝယ်တည်ရှိသော နတ်တို့၌၊ (မေတ္တာ ဘာဝေတဗ္ဗာ)၊ တတော, ဂေါစရဂါမေ- ဆွမ်းခံရွာ၌၊ ဣဿရဇနေ-အစိုးရသူ လူအပေါင်း၌၊(မေတ္တာ ဘာဝေတဗ္ဗာ)၊တတော,တတ္ထ-ထိုဆွမ်းခံရွာ၌၊ မနုဿေ - တို့ကို၊ ဥပါဒါယ - အစပြု၍၊ သဗ္ဗသတ္တေသု- အလုံးစုံသောသတ္တဝါတို့၌၊ (မေတ္တာ ဘာဝေတဗ္ဗာ)။

“ဉာတိ”ဟု ဆို၏၊ ထိုသူများ မကျန်းမမာဖြစ်နေ၍ ပြုစုရမည့်တာဝန်ကို“ပလိဗောဓ” ဟု ခေါ်၏၊ ကုလတုန်းကမူ ငွေကြွက်တွယ်တာ နေသည်ကို “ပလိဗောဓ”ဟု ဆိုသည်၊ မိမိ၏ မကျန်းမာခြင်းကို “ အာဗာဓ ” ဟု ဆို၏၊ ပရိယတ္တိကျမ်းစာကို ဂန္ထ ဟု ခေါ်၏၊ ထိုဂန္ထကိုဆောင်နေခြင်း ပို့ချသင်ယူခြင်းကို “ဂန္ထပလိဗောဓ” ဟု ဆို၏၊ ပုထုဇဉ်ဘဝ၌ ရရှိသောတန်ခိုးသည် ပျက်ပြယ်လွယ်သောကြောင့် ထို တန်ခိုးကိုလည်း ဝိပဿနာအလုပ်၏ “ပလိဗောဓ” ဟု ဆိုသည်၊ ဝိပဿနာကို အားထုတ်လိုလျှင် ထို ၁၀ ပါးလုံးကိုဖြတ်, သမထ အားထုတ်လိုလျှင် ရှေ့ ၉ ပါးကို ဖြတ်ရမည်။

www.dhammaransi.com

ဟိ-မေတ္တာပွားရကျိုးကား၊ သော-ထို ကမ္မဋ္ဌာနိက ရဟန်းသည်၊ ဘိက္ခု သံဃေ—၌၊ မေတ္တာယ-မေတ္တာဖြင့်၊ သဟဝါသိနံ-အတူနေ သီတင်းသုံးဘော် တို့၏၊ မုဒုစိတ္တတံ-နူးညံ့သော စိတ်ရှိကုန်သည်၏အဖြစ်ကို၊ ဇနေတိ-ဖြစ်စေ၏၊ [မိမိအပေါ်၌ နူးညံ့သောစိတ်ကို ဖြစ်စေ၏၊ " မနုဿာနံပိယော ဟောတိ" ဟူသော မေတ္တာ၏အကျိုးအတိုင်း ရဟန်းများက မိမိကို ချစ်ခင်ကြသည် - ဟူလို။] အထ- ထို အခါ၌၊ အဿ - ထို ကမ္မဋ္ဌာနိကရဟန်း၏၊ သုခသံဝါသ တာ- ချမ်းသာစွာပေါင်းသင်းဆက်ဆံရခြင်း ရှိသူ၏အဖြစ်သည်၊ ဟောတိ-၏၊ သီမဋ္ဌကဒေဝတာသု- တို့၌၊ မေတ္တာယ-ဖြင့်၊ မုဒုကတစိတ္တာဟိ- နူးညံ့အောင် ပြုအပ်သော စိတ်ရှိကုန်သော၊ ဒေဝတာဟိ- တို့သည်၊ ဓမ္မိကာယ - တရားနှင့် လျော်သော၊ ရက္ခာယ - စောင့်ရှောက် ခြင်းဖြင့်၊ သုသံဝိဟိတာရက္ခော- ကောင်းစွာစီရင်အပ်သောအစောင့်အရှောက်ရှိသည်၊ ဟောတိ- ၏၊ ဂေါစရ ဂါမေ - ၌၊ ဉာဿရဇနေ - ၌၊ မေတ္တာယ- ဖြင့်၊ မုဒုကတစိတ္တသန္တာနေဟိ- နူးညံ့အောင် ပြုအပ်သော စိတ်အစဉ် ရှိကုန်သော၊ ဉာဿရေဟိ - အစိုးရ တို့သည်၊ ဓမ္မိကာယ - သော၊ ရက္ခာယ - ဖြင့်၊ သုရက္ခိတ ပရိက္ခာရော - ကောင်းစွာ စောင့်ရှောက်အပ်သော ပရိက္ခရာရှိသည် ၊ဟောတိ၊ တတ္ထ - ထို ဆွမ်းခံရွာ၌၊ မနုဿေသု-တို့၌၊ မေတ္တာယ-ဖြင့်၊ ပသာဒိတစိတ္တေဟိ-ကြည်ညို စေအပ်သော စိတ်ရှိကုန်သော၊ တေဟိ-ထိုလူတို့သည်၊ အပရိဘူတော-မလွှမ်း မိုးအပ်သည်၊ ဟုတွာ , ဝိစရတိ - လှည့်လည်ရ၏၊ သဗ္ဗသတ္တေသု - တို့၌၊ မေတ္တာယ - ဖြင့်၊ သဗ္ဗတ္ထ - အလုံးစုံသော အရပ်တို့၌၊ အပ္ပဋိဟတစာရော- မပိတ်ပင်အပ်သော လှည့်လည်ရခြင်း ရှိသည်၊ (အပိတ်အပင် အဆီးအတား မရှိဘဲ လှည့်လည်နိုင်သည်၊) ဟောတိ။

ပန-ကား၊[မေတ္တာကမ္မဋ္ဌာန်း၏ အကျိုးမှတပါး မရဏဿတိ ကမ္မဋ္ဌာန်း ၏ အကျိုးကား၊] မရဏဿတိယာ- မရဏဿတိကမ္မဋ္ဌာန်းဖြင့်၊ အဝဿံ- မချွတ်ကေန်၊ (မယာ) မရိတဗ္ဗံ-သေရာ၏၊ ဝါ- သေရဦးမည်၊ ဉတိ, စိန္တေ န္တော-ကြံစည်လျက်၊ အနေသနံ-မလျော်ပတ်သောရှာမှီးခြင်းကို၊ပဟာယ-၍၊ ဥပရူပရိ- အဆင့်ဆင့်၊ ဝနုမာနသံဝေဂေါ - တိုးပွားသော သံဝေဂရှိသည်၊ အနောလီနဝုတ္တိကော - သမ္မာပဋိပတ်၌ မလျော့သော ဖြစ်ခြင်း ရှိသည်၊ ဟောတိ၊ [သမ္မာပဋိပတ်၌ ဝီရိယမလျော့-ဟူလို။] အသုဘသညာယ- အသုဘ သညာကြောင့်၊ ဒိဗ္ဗေသုပိ—နတ်၌သော်မှလည်း ဖြစ်ကုန်သော၊ အာရမဏေ သု - တို့၌၊ [ပိသည် သမ္ဘာဝနာဇောတက၊ လူ့အာရုံတို့၌ ဆိုဖွယ်မရှိ - ဟု ဂရဟာကို ဆည်း။] တဏှာ - တပ်မက်ခြင်းသည်၊ နုပ္ပဇ္ဇတိ - မဖြစ်တော့၊

www.dhammaransi.com

တေန–ကြောင့်၊ အဿ–ထို ကမ္မဋ္ဌာနိကရဟန်း၏၊ ဝါ-သည်၊ တော် တယံ-ထို ကမ္မဋ္ဌာန်း ၃ ပါးအပေါင်းကို၊ ဧဝံ -ဤဆိုအပ်ပြီးသောနည်းဖြင့်၊ ဗဟူပကာရတ္တာ - များစွာလျော်သော ကျေးဇူးရှိသည်၏အဖြစ်ကြောင့်၊ သဗ္ဗတ္ထ- အလုံးစုံသော ရဟန်းကိစ္စ၌၊ ဝါ- အလုံးစုံသော ကမ္မဋ္ဌာန်းအားထုတ်မှု၌၊ အတ္ထယိတဗ္ဗံ ဣစ္ဆိတဗ္ဗံ-အလိုရှိထိုက်၏၊ ဣတိကတွာ-ဤသို့ပြု၍၎င်း၊ ဝါ-ဤအကြောင်းကြောင့်၎င်း၊ အဓိပ္ပေတဿ- အလိုရှိအပ်သော၊ ယောဂါနုယောဂကမ္မဿ-အားထုတ်အပ်သောကမ္မဋ္ဌာန်းကို အဖန်ဖန်အားထုတ်မှု၏၊ ပဒဋ္ဌာနတ္တာစ-ပြီးစီးခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်၎င်း၊ သဗ္ဗတ္ထကမ္မဋ္ဌာနန္တိ – ဟူ၍၊ ဝုစ္စတိ–၏။ [ယောဂဿ+အနုယောဂေါ ယောဂါနုယောဂေါ။]

ပန-ကား၊ [သဗ္ဗတ္ထကကမ္မဋ္ဌာန်းမှတပါး ပါရိဟာရိယကမ္မဋ္ဌာန်းကား။] အဋ္ဌတ္တိံသာရမဏေသု– ၃၈ ပါးသော ကမ္မဋ္ဌာန်းအာရုံတို့တွင်၊ ယံ-အကြင်အာရုံသည်၊ ယဿ- အကြင်ရဟန်း၏၊ စရိတာနုကူလံ- စရိုက်အားလျော်၏၊ တံ(အာရမဏံ)–သည်၊ တဿ-ထိုရဟန်း၏၊ ဝါ-သည်၊ နိစ္စံ-အမြဲ၊ ပရိဟရိတဗ္ဗတ္တာ–ဆောင်အပ်သည်၏ အဖြစ်ကြောင့်၎င်း၊ ယထာဝုတ္တေနေဝ-အကြင်အကြင် ဆိုအပ်ပြီးသည်သာလျှင်ဖြစ်သော၊ နယေန-ကြောင့်၎င်း၊ ပါရိဟာရိယကမ္မဋ္ဌာနန္တိပိ-ဟူ၍လည်း၊ ဝုစ္စတိ၊ ပန-ဆက်၊ ဣဓ-ဤတတိယပါရာဇိကအရာ၌၊ ဣဒမေဝ အာနာပါနဿတိကမ္မဋ္ဌာနံ – ဤ အာနာပါနဿတိကမ္မဋ္ဌာန်း

သဗ္ဗတ္ထက ကမ္မဋ္ဌာန်။ ။ "သဗ္ဗ + အတ္ထက" ဟု ဖြတ်၊ စုရာဒိ အတ္ထဓာတ်သည် လိုလားတောင့်တခြင်း အနက်ကို ဟော၏၊ အတ္ထယိတဗ္ဗံ (ဣစ္ဆိတဗ္ဗံ) တိ အတ္ထကံ၊ သဗ္ဗသ္မိံ (သမဏကရဏီယေ) – အလုံးစုံသော ရဟန်းကိစ္စ၌၊ ဝါ, သဗ္ဗသ္မိံ (ကမ္မဋ္ဌာနာနုယောဂေ) – အလုံးစုံကမ္မဋ္ဌာန်း အားထုတ်မှု၌+အတ္ထကံ – အလိုရှိအပ်သည် တည်း၊ သဗ္ဗတ္ထကံ–သည်၊ ဤသို့ ဝစနတ္ထ ပြုစေလို၍"သဗ္ဗတ္ထ အတ္ထယိတဗ္ဗံ ဣစ္ဆိတဗ္ဗံတိ ကတွာ"ဟု မိန့်သည်၊ အခြားကမ္မဋ္ဌာန်းကို အားထုတ်သူများသည် ဤ ၃ ပါးကို အခြေအရံ အဖြစ်ဖြင့် အားထုတ်ရမည်၊ " ယောဂါနုယောဂကမ္မဿ ပဒဋ္ဌာနတ္တာ " ကား ကမ္မဋ္ဌာနပုဒ်၏ အနက်ဖွင့်တည်း၊ ပဒဋ္ဌာနကို"နိပ္ဖတ္တိဟေတု-ပြီးစီးခြင်း၏ အကြောင်း" ဟု ဖွင့်၏၊ ပဒ- ပြီးစီးခြင်း၏+ဌာန–အကြောင်း၊ ထိုသို့ဖွင့်သဖြင့် အခြားနေရာ၌ကဲ့သို့ နီးစွာသော အကြောင်းဟူသော အနက်ကို တားမြစ်သည်၊"ကမ္မဿ-နောက်နောက် အားထုတ်မှု၏+ဌာနံ–ပြီးစီးခြင်း၏ အကြောင်းတည်း၊ ကမ္မဋ္ဌာနံ–ကြောင်း"ဟု ပြု၍ "သဗ္ဗတ္ထကဉ္စ+တံ+ကမ္မဋ္ဌာနဉ္စာတိ သဗ္ဗတ္ထကကမ္မဋ္ဌာနံ"ဟု ဆက်။

ပါရိဟာရိယကမ္မဋ္ဌာန်။ ။ပါဠိတော်၌ ကမ္မဋ္ဌာန်း ၃၈ပါးသာလာ၏၊ အာလောကကသိုဏ်းကို ဩဒါတကသိုဏ်း၌, အာကာသကသိုဏ်းကို ကသိဏုဂ္ဃာဋိမာကာသ၌ သွင်းထား၏၊ ထို ၂ပါးကို သီးခြားရေတွက်၍ အဋ္ဌကထာ၌ ကမ္မဋ္ဌာန်း ၄၀ဖြစ်သည်၊

www.dhammaransi.com

ကိုပင်၊ ပါရိဟာရိယကမ္မဋ္ဌာနန္တိ- ဟူ၍၊ ဝုစ္စတိ-၏၊ အယံ-၍ဆိုအပ်ပြီးကား၊ ဧတ္ထ – ၍ သမန္တပါသာဒိကာ မည်သော ဝိနည်းအဋ္ဌကထာ၌၊ သင်္ခေပေါ- အကျဉ်းချုပ်တည်း၊ ဝိတ္ထာရောပန – ကိုကား၊ သီလဝိသောဓနကထံ - သီလ ဝိသောဓနကထာကိုဧင်း၊ ပလိဗောဓုပစ္ဆေဒကထဉ္စ - ပလိဗောဓဖြတ်ခြင်းကို ဆိုရာဆိုကြောင်း ကထာကိုဧင်း၊ ဣစ္ဆန္တေန-အလိုရှိသော ပုဂ္ဂိုလ်သည်၊ ဝိသုဒ္ဓိ မဂ္ဂတော–ဝိသုဒ္ဓိမဂ်မှ၊ ဂဟေတဗ္ဗော- ယူထိုက်၏၊ ဝါ- ယူပါလေ။

ပန – ဆက်၊ ဧဝံ- ၍ ဆိုအပ်ပြီးသောနည်းဖြင့်၊ ဝိသုဒ္ဓသီလေန- စင်ကြယ် ပြီးသောသီလရှိသည်၊ (ဟုတ္ဝာ) စ- ဧင်း၊ ဥပစ္ဆိန္နပလိဗောဓေန- ဖြတ်အပ် ပြီးသောပလိဗောဓရှိသည်၊(ဟုတ္ဝာစ-ဧင်း၊) ဣဒံကမ္မဋ္ဌာနံ-၍ အာနာပါန ဿတိ ကမ္မဋ္ဌာန်းကို၊ ဥဂ္ဂဏှန္တေန – သင်ယူသော ရဟန်းသည်၊ ဣမိနာဝ ကမ္မဋ္ဌာနေန – ၍ အာနာပါနဿတိ ကမ္မဋ္ဌာန်းဖြင့်ပင်၊ စတုတ္ထဇ္ဈာနံ – ကို၊ နိဗ္ဗတ္တေတွာ-၍၊ဝိပဿနံ-ကို၊ဝဍ္ဎေတွာ-တိုးပွားစေ၍၊ အရဟတ္တံ-သို့၊ပတ္တဿ- ရောက်ပြီးသော၊ ဗုဒ္ဓပုတ္တဿ – ဘုရားသားတော်ဖြစ်သော ဆရာရဟန်း၏၊ သန္တိကေ-၌၊ ဥဂ္ဂဟေတဗ္ဗံ-သင်ယူရာ၏၊ တံ-ထိုအာနာပါနဿတိကမ္မဋ္ဌာန်းဖြင့် တရားပေါက်ပြီးသော ဘုရားသားတော် ရဟန္တာဆရာကို၊ အလဘန္တေန-မရ လသော်၊ အနာဂါမိဿ – ၍အာနာပါနဿတိကမ္မဋ္ဌာန်းဖြင့်ပင် တရား ပေါက်ပြီးသော အနာဂါမ်ဖြစ်သော၊(ဗုဒ္ဓပုတ္တဿ သန္တိကေ ဥဂ္ဂဟေတဗ္ဗံ)၊ တမ္ပိ- ထို ဆရာရဟန်းကိုလည်း၊ အလဘန္တေန-သော်၊ သကဒါဂါမိဿ–၍ အာနာပါနဿတိကမ္မဋ္ဌာန်းဖြင့်ပင် တရားပေါက်ပြီးသော သကဒါဂါမ်ဖြစ် သော၊(ဗုဒ္ဓပုတ္တဿ သန္တိကေ ဥဂ္ဂဟေတဗ္ဗံ)၊ တမ္ပိ–ထို ဆရာရဟန်းကိုလည်း၊ အလဘန္တေန – သော်၊ သောတာပန္နဿ - ၍ အာနာပါနဿတိကမ္မဋ္ဌာန်း ဖြင့်ပင် တရားပေါက်ပြီးသော သောတာပန်ဖြစ်သော၊(ဗုဒ္ဓပုတ္တဿ သန္တိကေ ဥဂ္ဂဟေတဗ္ဗံ)၊ တမ္ပိ–ထိုသောတာပန် ဆရာရဟန်းကိုလည်း၊ အလဘန္တေန– သော်၊အာနာပါန စတုတ္ထဇ္ဈာနလာဘိဿ-အာနာပါနစတုတ္ထဈာန်ကိုရပြီး သော၊ (ဗုဒ္ဓပုတ္တဿ သန္တိကေ ဥဂ္ဂဟေတဗ္ဗံ)၊ တမ္ပိ-ထိုဆရာရဟန်းကိုလည်း၊

ထို ၄၀တွင် မိမိစရိုက်အားလျော်ပတ်သော ကမ္မဋ္ဌာန်းတပါးပါးသည်အမြဲဆောင်ထား အပ်သောကြောင့် ပါရိဟာရိယကမ္မဋ္ဌာန်းမည်၏၊ပရိဟရိတဗ္ဗတ္တာဖြင့် ပါရိဟာရိယ၏ အနက်ကိုပြသည်၊ ပရိဟရိတဗ္ဗံ – အမြဲမပြတ် ဆောင်ထားအပ်၏၊ ဣတိ ပါရိဟာရိယံ၊ [ပရိ+ဟရ+ဏျ၊] "ပရိဟာရိယံယေဝ ပါရိဟာရိယံ"ဟု သွတ္တ၌ ဏပစ္စည်းထပ်သက်၊ " ယထာဝုတ္တေနေဝ နယေန " ဖြင့် " ယောဂါနုယောဂကမ္မဿ ပဒဋ္ဌာနတ္တာ " ကို ညွှန်းသည်။

www.dhammaransi.com

အလဘန္တေန-သော်၊ ပါဠိယာ-ပါဠိတော်၌ငင်း၊ အဋ္ဌကထာယစ-အဋ္ဌကထာ၌ငင်း၊ အသမ္ဘုဏန္တော- မတွေ့ဝေသော၊ ဝိနိစ္ဆယာစရိယသ- ဆုံးဖြတ်တတ်သော ဆရာရဟန်း၏၊ သန္တိကေ , ဥဂ္ဂဟေတဗ္ဗံ - ၏၊ ဟိ - မှန်၊ အရဟန္တာဒယော-ရဟန္တာအစရှိသော ပုဂ္ဂိုလ်တို့သည်၊ အတ္တနာ-မိမိသည်၊ အဓိဂတမဂ္ဂမေဝ –ရအပ်သော တရားလမ်းကြောင်းကိုသာ၊ အာစိက္ခန္တိ-ပြောဟောနိုင်ကုန်၏၊ အယံ ပန - ပါဠိတော်အဋ္ဌကထာ၌ မတွေ့ဝေသော ဤ ဝိနိစ္ဆယဆရာရဟန်းသည်ကား၊ ဂဟနပဒေသေ-တောရှုပ်အရပ်၌၊ မဟာဟတ္ထိပထံ-ကျယ်စွာသော ဆင်သွားလမ်းကို၊ နီဟရန္တော ဝိယ – ထုတ်ဆောင် ဖေါ်ပြသကဲ့သို့၊ သမန္တတော - အလုံးစုံသောစကားရပ်၌၊ အသမ္ဘုဏန္တော - မတွေ့ဝေသည်၊ (ဟုတွာ)၊ သပ္ပါယာသပ္ပါယံ-လျောက်ပတ်သောအရာမလျောက်ပတ်သော အရာကို၊ ပရိစ္ဆိန္ဒိတွာ-ပိုင်းခြားသတ်မှတ်၍၊ ကထေတိ-ပြောဟောနိုင်၏။

တတြ-ထို ကမ္မဋ္ဌာန်းယူရာ၌၊ အယံ-ဤ ဆိုအပ်လတ္တံ့ကား၊ အနုပုဗ္ဗိကထာ-အစဉ်အတိုင်းဖြစ်သော စကားတည်း၊ တေနဘိက္ခုနာ-ထို ကမ္မဋ္ဌာန်းယူမည့် ရဟန်းသည်၊ သလ္လဟုကဝုတ္တိနာ – ပေါ့ပါးသော အသက်မွေးခြင်းရှိသည်၊ ဝိနယာစာရသမ္ပန္နေန-ဝိနည်းအကျင့်နှင့်ပြည့်စုံသည်၊(ဟုတွာ)၊ ဝုတ္တပ္ပကာရံ-ဆိုအပ်ပြီးသော အပြားရှိသော၊ အာစရိယံ – ရဟန္တာအစရှိသော ဆရာကို၊ [ဋီကာ၌ " ပိယောဂရု ဘာဝနီယော စသောဂုဏ်နှင့်ပြည့်စုံသော ဆရာကို" ဟု ဖွင့်သည်။] ဥပသင်္ကမိတွာ – ပြီး၍၊ ဝတ္တပ္ပဋိပတ္တိယာ – ဝတ်အကျင့်ဖြင့်၊ အာရာဓိတစိတ္တဿ - နှစ်သက်စေအပ်သော စိတ်ရှိသော ဆရာ ရဟန်း၏၊ သန္တိကေ – ၌၊ ပဉ္စသန္ဓိကံ – ငါးပါးသော အဆစ်အပိုင်းရှိသော၊ [ပဉ္စပဗ္ဗံ, ပဉ္စဘာဂံတိ အတ္ထော။]ကမ္မဋ္ဌာနံ-ကို၊ဥဂ္ဂဟေတဗ္ဗံ-ရာ၏၊ [သလ္လဟုကဝုတ္တိနာ-စသောပုဒ်တို့၏အဖွင့်ကို သာရတ္ထ၌ရှု။] တတြ - ထို ပဉ္စသန္ဓိကံ ကမ္မဋ္ဌာနံ အစရှိသောစကားရပ်၌၊ ဣမေ- ဤ ဆိုအပ်လတ္တံ့တို့ကား၊ ပဉ္စ- ၅ ပါးကုန်သော၊ သန္ဓယော - အဆစ်အပိုင်းတို့တည်း၊ ဥဂ္ဂဟော - ဥဂ္ဂဟငင်း၊ ပရိပုစ္ဆာ- ငင်း၊ ဥပဋ္ဌာနံ–ငင်း၊ အပ္ပနာ–ငင်း၊ လက္ခဏံ–ငင်း၊ ဣတိ–ဤသည်တို့ကား၊ (ပဉ္စ, သန္ဓယော-တို့တည်း၊)တတ္ထ-ထို၅ပါးတို့တွင်၊ ဥဂ္ဂဟောနာမ-ဥဂ္ဂဟမည်သည်

မဟာ၊ပေ၊ကထေတိ။ ။ကမ္မဋ္ဌာနဝီထိံ- ကမ္မဋ္ဌာန်းလမ်းစဉ်ကို၊ မဟာဟတ္ထိပထံကတွာ–ကျယ်စွာသော ဆင်သွားလမ်းပြု၍၊ ဒဿေန္တော ဝိယ၊ ကမ္မဋ္ဌာန်းလမ်းစဉ်ကို ကျယ်ကျယ်ဝန်းဝန်း ပြောပြသည် – ဟူလို၊ ထိုသို့ပြောပြ၍ ထို ကမ္မဋ္ဌာန်းယူသော ရဟန်းအား လျောက်ပတ်သောကျောင်း မလျော်ပတ်သောကျောင်း စသည်ကို စဉ်းစား ရှာဖွေပြီးလျှင် လျောက်ပတ်သောကျောင်း စသည်ကို ပိုင်းခြား၍ပြောပြသည်။

www.dhammaransi.com

ကား၊ ကမ္မဋ္ဌာနဿ – ကမ္မဋ္ဌာန်းကျမ်းစာကို၊ ဥဂ္ဂဏှံ – သင်ယူခြင်းတည်း၊
ပရိပုစ္ဆာနာမ – သည်ကား၊ ကမ္မဋ္ဌာနဿ – ကမ္မဋ္ဌာန်းကျမ်းစာ၏ အနက်
အဓိပ္ပါယ်ကို၊(ဝါ-ကမ္မဋ္ဌာန်းကျမ်းစာ၌ သံသယကို၊)ပရိပုစ္ဆနာ- အဖန်ဖန်
မေးမြန်းခြင်းတည်း၊ ဥပဋ္ဌာနံ နာမ-ကား၊ ကမ္မဋ္ဌာနဿ-ကမ္မဋ္ဌာန်းနိမိတ်၏၊
ဥပဋ္ဌာနံ-ထင်လာပုံတည်း၊ အပ္ပနာ နာမ-ကား၊ ကမ္မဋ္ဌာနပ္ပနာ-ကမ္မဋ္ဌာန်း၏
အပ္ပနာဈာန်တည်း၊ လက္ခဏံနာမ,ကမ္မဋ္ဌာနဿ- ဋ္ဌာန်း၏၊ လက္ခဏံ-အမှတ်
အသားတည်း၊ ဣဒံ ကမ္မဋ္ဌာနံ – ဤ ကမ္မဋ္ဌာန်းသည်၊ ဧဝံ လက္ခဏံ – ဤသို့
လက္ခဏာရှိ၏၊ ဣတိ-သို့၊ ကမ္မဋ္ဌာနသဘာဝူပဓာရဏံ-ကမ္မဋ္ဌာန်းသဘောကို
မှတ်သားခြင်းတည်း၊(လက္ခဏံကိုထပ်ဖွင့်သည်၊) ဣတိ ဝုတ္တံ ဟောတိ။

ဧဝံ-ဤသို့လျှင်၊ ပဉ္စသန္ဓိကံ- သော၊ ကမ္မဋ္ဌာနံ- ကို၊ ဥဂ္ဂဏှန္တော- သင်ယူ
သောရဟန်းသည်၊ အတ္တနာပိ – ကိုယ်တိုင်လည်း၊ န ကိလမတိ – မပင်ပန်း၊
အာစရိယမ္ပိ-ကိုလည်း၊ နဝိဟေဌေတိ-ညှဉ်းဆဲရာမရောက်၊ တသ္မာ- ကြောင့်၊
ထောကံ- အနည်းငယ်ကို၊ ဥဒ္ဒိသာပေတွာ – ရွတ်ပြစေ၍၊ [စာအုပ်မရှိသော
ခေတ်၌ စာတက်သောအခါ ရှေးဦးစွာ ဆရာကရွတ်ပြရသည်။] ဗဟုကာလံ-
အချိန်များစွာ၊ သဇ္ဈာယိတွာ-သရဇ္ဈာယ်၍၊ ဧဝံ-ဤ ဆိုအပ်ပြီးသောနည်းဖြင့်၊
ပဉ္စသန္ဓိကံ–သော၊ ကမ္မဋ္ဌာနံ–ကို၊ ဥဂ္ဂဟေတွာ–ပြီး၍၊ တတ္ထ-ထို ဆရာ့နေရာ
ကျောင်း၌၊ သပ္ပါယံ – လျောက်ပတ်သည်၊ သစေ ဟောတိ- အံ့၊ (ဧဝံသတိ)၊
တတ္ထေဝ-ထို ဆရာ့နေရာကျောင်း၌သာ၊ ဝသိတဗ္ဗံ-နေရာ၏၊ တတ္ထ-ထို ဆရာ့
နေရာကျောင်း၌၊ သပ္ပါယံ - သည်၊ နော စေ ဟောတိ- အံ့၊ (ဧဝံ အသတိ)၊
အာစရိယံ–ကို၊ အာပုစ္ဆိတွာ–ခွင့်ပန်၍၊ မန္ဒပညော- နုံ့သောပညာရှိသူသည်၊
သစေ (ဟောတိ)-အံ့၊ (ဧဝံသတိ)၊ ယောဇနပရမံ-တယူဇနာအလွန် အတိုင်း
အရှည်ရှိသောအရပ်သို့၊ ဂတွာ-၍၊ [ညဏ်နုံ့သောကြောင့် ကမ္မဋ္ဌာန်း၌ မရှင်း

ဥဂ္ဂဏှံ စသည်။ ။ ကမ္မဋ္ဌာနဂ္ဂန္ထဿ ဥဂ္ဂဏှံ၊ တဒတ္ထပရိပုစ္ဆာ ကမ္မဋ္ဌာနဿ
ပရိပုစ္ဆာ၊ အထဝါ – ဂန္ထတော (ပါဠိအားဖြင့်ရင်း) အတ္ထတော စ (အဋ္ဌကထာ
အားဖြင့်ရင်း) ကမ္မဋ္ဌာနဿ ဥဂ္ဂဟနံ ဥဂ္ဂဟော၊ တတ္ထ (ထို ပါဠိအနက်၌) သံသယ ပရိ
ပုစ္ဆနာ (ယုံမှားရာအချက်ကို မေးခြင်းသည်) ပရိပုစ္ဆာ၊ ကမ္မဋ္ဌာနဿ ဥပဋ္ဌာနန္တိ–
နိမိတ္တုပဋ္ဌာနံ (ဤသို့ ဘာဝနာကိုအားထုတ်လျှင် ဤပုံ နိမိတ်ထင်လာ၏–ဟု မှတ်သား
ခြင်း)၊ တထာ–ဤသို့ အားထုတ်လျှင် ဈာန်(အပ္ပနာ) ဖြစ်၏– ဟု၊ ကမ္မဋ္ဌာနပ္ပနာ–
ကမ္မဋ္ဌာန်း၏ အပ္ပနာရောံပုံ၊ ကမ္မဋ္ဌာနဿလက္ခဏာ ဟူသည် "အာနာပါနကမ္မဋ္ဌာန်း၌
ဂဏနာ, အနုဗန္ဓနာ, ဖုသနာတို့၏အစွမ်းဖြင့် အားထုတ်ပြီးလျှင် အပ္ပနာ (ဈာန်) သို့
ရောက်၏" စသည်ဖြင့် ဆိုင်ရာကမ္မဋ္ဌာန်း၏သဘောကို မှတ်သားခြင်းတည်း။

www.dhammaransi.com

မလင်းဖြစ်လျှင် ဆရာ့အထံ ပြန်၍လွယ်အောင် ဝေးဝေးမသွားဘဲ အလွန်ဆုံး တယူဇနာလောက်သာ သွားရမည်-ဟူလို။] တိက္ခပညော-ထက်သောပညာ ရှိသူသည်၊ သစေ (ဟောတိ) - အံ့၊ (ဝေဝဲသတိ)၊ ဒူရမ္ပိ – တယူဇနာထက် ဝေးသောအရပ်သို့လည်း၊ ဂန္တွာ-၍၊ အဋ္ဌာရသသေနာသနဒေါသ ဝိဝဇ္ဇိတံ-တဆဲ့ရှစ်ရပ်သော ကျောင်းအပြစ်တို့သည် ကြဉ်အပ်သော၊ [" မဟာဝါသံ, နဝါဝါသံ" စသည်ဖြင့် ဝိသုဒ္ဓိမဂ်၌လာသော ကျောင်းများကို ရှောင်ကြဉ်၍။] ပဉ္စသေနာသနင်္ဂ သမန္နာဂတံ – ၅ ပါးသော ကျောင်းအင်္ဂါနှင့်ပြည့်စုံသော၊ သေနာသနံ–သို့၊ [မဝေး နီး မဓော, မရောလူရှင်, မှက်ခြင် ပါးနည်း, ပစ္စည်း မိတ်ဆွေ, ရလွယ်လေ, ငါးထွေ ကျောင်းအင်္ဂါ။] ဥပဂမ္မ-ချဉ်းကပ်၍၊ တတ္ထ-ထိုကျောင်း၌၊ ဝသန္တေန- နေလျက်၊ ဥပစ္ဆိန္န ခုဒ္ဒကပလိဗောဓေန- ဖြတ်အပ် ပြီးသော သေးငယ်သောပလိဗောဓရှိသည်၊ [လက်သည်းလှည်းခြင်း, သင်္ကန်း ချုပ်ခြင်း , သပိတ်ဖုတ်ခြင်းစသော ကိစ္စများကို ပြီးစေသောအားဖြင့် ပလိ ဗောဓငယ်တို့ကို ဖြတ်ရသည်၊ ပလိဗောဓ ကြီးတို့ကိုကား စောစောကပင် ဖြတ်ထားပြီးဖြစ်သည်။] ကတဘတ္တကိစ္စေန-ပြုအပ်ပြီးသော ဆွမ်းကိစ္စရှိသည်၊ (ဟုတွာ)၊ ဘတ္တသမ္မဒံ–ဆွမ်းစားခြင်းကြောင့်ဖြစ်သော ရစ်ခြင်းကို၊ ပဋိဝိနောဒေတွာ– ပယ်ဖျောက်၍၊ ရတနတ္တယ ဂုဏာနုဿရဏေန- ရတနာသုံးပါး၏ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်းဖြင့်၊ စိတ္တံ – ကို၊ သမ္ပဟံသေတွာ – ကောင်းစွာအပြားအားဖြင့် ရွှင်လန်း အားတက်စေ၍၊ အာစရိယုဂ္ဂဟတော– ဆရာအထံဝယ် သင်ယူအပ်သောကမ္မဋ္ဌာန်းမှ၊ [ဤ၌ ဥဂ္ဂဟဟူသည် ပြခဲ့သော ဥဂ္ဂဟမတ္တသာမက , ထို ကမ္မဋ္ဌာန်းဆိုင်ရာ အစီအစဉ်အားလုံးတည်း။] ဧက ပဒမ္ပိ-တပုဒ်သော အဘိုအစုကိုလည်း၊ [ဧကကောဋ္ဌာသံပိ၊] အသမ္မုဿန္တေ န-မပျော်ပျက်စေဘဲ၊ ဣဒံ အာနာပါနဿတိ ကမ္မဋ္ဌာနံ-ကို၊ မနသိကာတဗ္ဗံ– နှလုံးသွင်းရာ၏၊ ဝါ-ပါလေ၊ အယံ–ပြီးကား၊ တ္တေ-၌ သမန္တပါသာဒိကာ မည်သော ဝိနည်းအဋ္ဌကထာ၌၊ သင်္ခေပေါ–တည်း၊ ဝိတ္ထာရောပန- ကိုကား၊ ဣမိကထာမဂ္ဂံ – ၌ စကားအစဉ်ကို၊ ဣစ္ဆန္တေန – သည်၊ ဝိသုဒ္ဓိမဂ္ဂတော ဂဟေတဗ္ဗော။

ဘတ္တ၊ပေ၊ဝိနောဒေတွာ ။ ။ ဘောဇနနိမိတ္တံ ပရိဿမံ – အစာစားခြင်းလျှင် အကြောင်းရှိသော ပင်ပန်းခြင်းကို၊ ဝိနောဒေတွာ၊ အစာသည် တည်ရာအစာအိမ်သို့ ဝင်ပြီးကာမျှ ကာလ၌ (စားပြီးခါစ၌) အသစ်ဖြစ်နေသောကြောင့် များသောအားဖြင့် ကိုယ်မှာပင်ပန်း၍ (အီလယ်လယ်) ဖြစ်နေတတ်၏၊ ထိုသို့ဖြစ်နေလျှင် သမာဓိ မရသော ကြောင့် ထို ပင်ပန်းမှုကို (ခေတ္တ အနားယူသောအားဖြင့်) ငြိမ်းစေပါ–ဟူလို။

www.dhammaransi.com

ပန-ဆက်၊ ဇုဒ္ဒံ၊ပေ၊မနသိကာတဗ္ဗန္တိ-ဟူသော၊ယံ(ဝစနံ)-ကို(မယာ)၊ ဝုတ္တံ-ပြီ၊ တတြ-ထို စကားရပ်၌၊ အယံ-ကား၊ မနသိကာရဝိဓိ-နှလုံးသွင်းပုံ အစီအစဉ်တည်း၊ [ဂဏနာ - ထွက်သက် ဝင်သက်တို့ကို ရေတွက်ခြင်းငှင်း၊ အနုဗန္ဓနာ-ထွက်သက်ဝင်သက်သို့ အစဉ်လိုက်၍အားထုတ်ခြင်းငှင်း၊ဖုသနာ-လေတို့သည် ထိအပ်သောနှာခေါင်းဖျား အထက်နှုတ်ခမ်းဖျားဟူသောအရပ်ငှင်း၊ ထပနာ – အပ္ပနာဈာန် ပေါ်၍လာအောင် သမာဓိစိတ်ကို ကောင်းစွာထားခြင်းငှင်း၊ သလ္လက္ခဏာ - အနိစ္စ အစရှိသော လက္ခဏာကို ကောင်းစွာ မှတ်သားတတ်သော ဝိပဿနာဉာဏ်ငှင်း၊ ဝိဝဋ္ဋနာ - ဝဋ္ဋပဝတ္တ, သင်္ခါရနိမိတ်တို့မှ ဆုတ်နစ်တတ်သော မဂ်ငှင်း၊ ပါရိသုဒ္ဓိ-ပဋိပဿဒ္ဓိ ပဟာနသတ္တိဖြင့် ကိလေသာတို့မှ ထက်ဝန်းကျင် စင်ကြယ်ကြောင်းဖြစ်သော ဖိုလ်ငှင်း၊ တေသံ-ထို မဂ် ဖိုလ်တို့ကို၊ ပဋိပဿနာစ - တဖန် ပြန်၍ ရှုတတ်သော ပစ္စဝေက္ခဏာဉာဏ်ငှင်း၊ ဣတိ(အယံ)-ဤ ဆိုအပ်ပြီးကား၊ (မနသိကာရဝိဓိ-တည်း၊)] ဂဏနာတိ-ဂဏနာဟူသည်ကား၊ ဂဏနာယေဝ-ထွက်သက်ဝင်သက်တို့ကို ရေတွက်ခြင်းပင်တည်း၊[ဧဝဖြင့် ဂဏန်းသင်္ချာအနက်ကိုကန့်၍ ရေတွက်ခြင်း

အနုဗန္ဓနာ စသည် ။ ။ အဿာသ ပဿာသတို့ကို အစဉ်လိုက်သောအားဖြင့် သတိကို အဆက်မပြတ်ဖြစ်စေခြင်းသည် အနုဗန္ဓနာမည်၏၊ဂဏနာနည်းဖြင့် အဿာသ ပဿာသ ရေတွက်မှု ပြုစဉ်ငှင်း , ရေတွက်မှုကို ရပ်သိမ်း၍ လေကို အစဉ်လိုက်သော သတိဖြင့် အနုဗန္ဓနာ ပြုစဉ်ငှင်း , ဈာန်အပ္ပနာပေါ်လာအောင် စိတ်ကိုထားစဉ်ငှင်း , နှာခေါင်းဖျား နှုတ်ခမ်းဖျား အရပ်သည် ထွက်လေ ဝင်လေတို့ ထိအပ်သော ဖုသနာမည်၏၊ [ဖုသနာနည်း ဟု သီးခြား မရှိ၊ ထိအပ်သော အရပ်၌သာလျှင် ဂဏနာ အနုဗန္ဓနာတို့ကို ပြုရမည်ဟု ပြခြင်းငှါ "ဖုသနာတိ – ဖုဋ္ဌဋ္ဌာနံ "ဟု ဖွင့်သည်၊ သာရတ္ထ၌ "ဂဏနာ ကာတဗ္ဗာ "နေရာဝယ် ဝိသုဒ္ဓိမဂ်ဋီကာ၌ "ဂဏနာဒိ ကာတဗ္ဗံ"ရှိ၏။]

ထပနာ။ ။သမာဓာနံ – စိတ်ကို ကောင်းစွာ (အာရုံ၌) ထားခြင်း, တည်ကြည်ခြင်းတည်း၊ [တံ (သမာဓာနံ) ဟိ သမ္မဒေဝ အာရမ္မဏေ စိတ္တဿ အာဓာနံ (ထပနံ) ဟောတိ၊] ထို သမာဓိပြဋ္ဌာန်းသောအပ္ပနာဈာန်ကို ဤနေရာ၌ "ထပနာ"ဟု ခေါ်၏၊ ထို့ကြောင့် "ထပနာတိ–အပ္ပနာ"ဟု ဖွင့်သည်။

သံလက္ခဏာ , ဝိဝဋ္ဋနာ ၊ ပေ ၊ ပဿနာ ။ ။ အနိစ္စတာဒီနံ သလ္လက္ခဏတော သလ္လက္ခဏာ ဝိပဿနာ၊ ပဝတ္တတော (အဆက်မပြတ်ဖြစ်သော ရုပ်နာမ် ခန္ဓာဟူသော ဝဋ်တရားမှငှင်း၊) နိမိတ္တတောစ (သင်္ခါရအာရုံနိမိတ်မှငှင်း၊) ဝိနိဝတ္တနတော ဝိဝဋ္ဋနာ မဂ္ဂေါ၊ သကလသံကိလေသပ္ပဋိပဿဒ္ဓိဘာဝတော (အလုံးစုံသော သံကိလေသာတို့၏ တဘန် ငြိမ်းကြောင်း၏အဖြစ်ကြောင့်) သဗ္ဗသော+သုဒ္ဓိ (စင်ကြယ်ကြောင်းတည်း၊) ဣတိ ပါရိသုဒ္ဓိ ဖလံ၊ တေသံတိ ဝိဝဋ္ဋနာပါရိသုဒ္ဓီနံ၊ ပဋိပဿနာတိ ပတိပတိ ဒဿနံ ပစ္စဝေက္ခဏာ–ရှုတတ်သော ပစ္စဝေက္ခဏာဉာဏ်။

www.dhammaransi.com

ကြိယာကို ခိုင်မြဲစေသည်။] အနုဗန္ဓနာတိ-ကား၊ အနုပဒဟနာ-ထွက်သက် ဝင်သက်သို့ အစဉ်လိုက်၍ အားထုတ်ခြင်းတည်း၊ ဖုသနာတိ-ကား၊ ဖုဋ္ဌဋ္ဌာနံ-ထိအပ်သော အရပ်တည်း၊ ထပနာတိ-ကား၊ အပ္ပနာ- ချာန်အပ္ပနာတည်း၊ သလ္လက္ခဏာတိ-ကား၊ ဝိပဿနာ-ဝိပဿနာဉာဏ်တည်း၊ ဝိဝဋ္ဋနာတိ-ကား၊ မဂ္ဂေါ-မဂ်တည်း၊ ပါရိသုဒ္ဓီတိ-ကား၊ ဖလံ-ဖိုလ်တည်း၊ တေသဉ္စ ပဋိပဿနာတိ-ကား၊ ပစ္စဝေက္ခဏာ-ပစ္စဝေက္ခဏာဉာဏ်တည်း။

တတ္ထ-ထိုဂဏနာအစရှိသည်တို့တွင်၊ ဣမိနာ အာဒိကမ္မိကကုလပုတ္တေန- ဤအစဆုံး ကမ္မဋ္ဌာန်းအားထုတ်မှု၌ယှဉ်သော အမျိုးသားသည်၊ ပဌမံ-စွာ၊ ဂဏနာယ - အဿာသ ပဿာသကို ရေတွက်ခြင်းဖြင့်၊ ဣဒံ ကမ္မဋ္ဌာနံ-ကို၊ မနသိကာတဗ္ဗံ-ရာ၏၊ စ-ဆက်၊ ဂဏေန္တေန-ရေတွက်သော ယောဂီပုဂ္ဂိုလ်သည်၊ ပဉ္စန္နံ- ၅ ခုတို့၏၊ ဟေဋ္ဌာ-အောက်၌၊ နထပေတဗ္ဗံ-တန့်ရပ် မထားရာ၊ ဒသန္နံ-၁၀ ခုတို့၏၊ ဥပရိ-အထက်သို့၊ န နေတဗ္ဗံ-ပို၍မဆောင်ရာ၊ အန္တရေ-အကြား အကြား၌၊ ခဏ္ဍံ-အပိုင်းအပြတ်ကို၊ န ဒဿေတဗ္ဗံ-မပြရာ၊ ["၁, ၃, ၅"စသည်ဖြင့် ဂဏန်းအစဉ်ကိုပြတ်အောင် မပြုရ-ဟူလို၊] ဟိ-အကျိုး အပြစ် ကား၊ ပဉ္စန္နံ-တို့၏၊ ဟေဋ္ဌာ-၌၊ ထပေန္တဿ-အရေအတွက်ကို တန့်ရပ်ထား သော ယောဂီ၏၊ သမ္ဗာဓေ-ကျဉ်းမြောင်းသော၊ ဩကာသေ-ရေတွက်ပုံ အစီ အစဉ်ဟူသောအရပ်၌၊ [ဂဏနာဝိဓိ - ရေတွက်ပုံအစီအစဉ်ကိုပင် ဩကာသ ဟု ဆိုသည်။] စိတ္တုပ္ပါဒေါ-စိတ်၏ဖြစ်ခြင်းသည်၊ ဝိပ္ပန္နတိ-လှုပ်ရှား၏၊ (ကော ဝိယ)၊ သမ္ဗာဓေ - သော၊ ဝဇေ - ခြံ၌၊ သန္နိရုဒ္ဓ ဂေါဂဏောဝိယ- ပိတ်ဆို့ ထားအပ်သော နွားအပေါင်းကဲ့သို့တည်း၊ ဒသန္နံ-တို့၏၊ ဥပရိ-သို့၊ နေန္တဿ- ဆောင်သောယောဂီ၏၊ ဂဏနာ နိဿိတော၀ - အရေအတွက်ကို မှီသည် သာလျှင်ဖြစ်သော၊ [ဝေဖြင့် "ကမ္မဋ္ဌာန နိဿိတော"ကို ကန့်။] ဝိက္ခိတ္တ စိတ္တု ပ္ပါဒေါ- ပြန့်လွင့်သောစိတ္တုပ္ပါဒ်သည်၊ ဟောတိ- ဖြစ်တတ်၏၊ အန္တရာ- ၌၊ ခဏ္ဍံ-ကို၊ ဒဿေန္တဿ-ပြသောယောဂီ၏၊ မေ-၏၊ ကမ္မဋ္ဌာနံ-သည်၊ သိခါ ပတ္တံ နုခေါ- အပြီးအဆုံးသို့ ရောက်လေပြီလော၊ နော (သိခါပတ္တံ နုခေါ)-

သိခါပတ္တံ နုခေါ။ ။ဣဒံ စိရတရံ ဂဏနာယ မနသိကရောန္တဿ ဝသေန ဝုတ္တံ- ဤစကားကို အလွန်ကြာမြင့်စွာ ဂဏနာနည်းဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အတွက် ဆိုအပ်၏၊ သော ဟိ တထာလဒ္ဓ အဝိက္ခေပမတ္တံ နိဿာယ ဇဝံ မဒ္ဒေယျ-သူသည် ထိုသို့ အကြား၌ ကျော်၍ရေတွက်သော်လည်း စိတ်မပျံ့လွင့်ဘဲ သမာဓိရနေပုံကို အကြောင်း ပြု၍ "ငါ၏ကမ္မဋ္ဌာန်းသည် အဆုံးသို့ ရောက်နေပြီးလော၊ မရောက်လေသေးသလော" ဟု ဤသို့ မှတ်ထင်စရာရှိသည်။

www.dhammaransi.com

အပြီးအဆုံးသို့ မရောက်သေးလေသလော၊ ဣတိ-သို့၊ စိတ္တံ-သည်၊ ဝိကမ္ပတိ-အထူးထူး အပြားပြားလှုပ်ရှား၏၊ တသ္မာ - ကြောင့်၊ ဧတေ ဒေါသေ - ဤဆိုအပ်ပြီးသော အပြစ်တို့ကို၊ [၅ ခုအောက် ယုတ်လျော့ခြင်း , ၁၀ ခုထက် ပိုလွန်ခြင်း, အကြားအကြား၌ ပြတ်ခြင်းဟူသော အပြစ်တို့ကို။] ဝဇ္ဇေတွာ-ရှောင်ကြဉ်၍၊ ဂဏနာတဗ္ဗံ-ရေတွက်ရာ၏၊ ဝါ-ရေတွက်ပါလေ။

စ-ဆက်၊ ဂဏေန္တေန-ရေတွက်သောယောဂီသည်၊ ပဌမံ-စွာ၊ ဓညဂဏာနာယ- နှေးနှေး ရေတွက်ခြင်းဟူသော၊ ဓညမာယက ဂဏနာယ- စပါးချင့်သူတို့၏ ရေတွက်နည်းဖြင့်၊ ဂဏေတဗ္ဗံ-ရာ၏၊ [မာခတ်, ဏ္ဍုပစ္စည်း၊ ဓညမာယောကဲ့သို့ အာကို အာယပြု၍"မာယကော"ဟု ရှိသင့်၏။] ဟိ-ချဲ့၊ ဓညမာယကော-စပါးချင့်သူသည်၊ နာဠိံ - ချင့်တောင်းကို၊ ပူရေတွာ-ပြည့်စေ၍၊ ဧကန္တိ-ကော်ဟူ၍၊ ဝါ-တစ်ဟူ၍၊ ဝတွာ-ပြောဆို၍၊ ဩကိရတိ-လောင်းထည့်လိုက်၏၊ ပုန, ပူရေန္တော-ပြည့်အောင်လောင်းစဉ်၊ ကိဉ္စိ-တစုံတခုသော၊ ကစဝရံ-အမှိုက်ကို၊ ဒိသွာ-၍၊ တံ-ထိုအမှိုက်ကို၊ ဆဍ္ဍေန္တော-စွန့်ပစ်လျက်၊ ဧကံ ဧကန္တိ-ဟူ၍၊ ဝါ-တခု, တခုဟူ၍၊ ဝဒတိ- ပြောဆို၏၊ ဒွေဒွေတိ အာဒီသု-၂ ခု ၂ ခုအစရှိသည်တို့၌လည်း၊ သေ (သော)-သည်၊ နယော- တည်း၊ ဧဝမေဝ-လျှင်၊ ဣမိနာပိ - ဤ ယောဂီသည်လည်း၊ အဿာသ ပဿာသေသု-ထွက်လေ ဝင်လေတို့တွင်၊ ယော - အကြင်လေသည်၊ ဥပဋ္ဌာတိ- ထင်ရှား၏၊ တံ-ထိုလေကို၊ ဂဟေတွာ- စိတ်ဖြင့်ယူ၍၊ ဧကံ ဧကန္တိ- တခု တခုဟူ၍၊ အာဒိံ ကတွာ-အစပြု၍၊ ယာဝ ဒသ ဒသ-၁၀ ခု, ၁၀ ခုတိုင်အောင်၊ ဣတိ-သို့၊ ပဝတ္တမာနံ ပဝတ္တမာနံ - ဖြစ်ဆဲ ဖြစ်ဆဲသော လေကို၊ ဥပလက္ခေတွာဝ - မှတ်သား၍သာလျှင်၊ ဂဏေတဗ္ဗံ - ၏၊ [ပဝတ္တမာနံ ပဝတ္တမာနံဟူသော ဤ ၂ ကြိမ် အာမေဍိတ်စကားဖြင့် ထွက်လေ ဝင်လေတို့ကို အဆက်မပြတ် မှတ်သားရမည်-ဟု ပြ၏။] ဧဝံ- ဤ ဆိုအပ်ပြီးသောအပြားအားဖြင့်၊ ဝါ-ဤသို့

ယော ဥပဋ္ဌာတိ၊ ပေ၊ ဂဏေတဗ္ဗံ။ ။ဤစကားကို အစပဌမ၌ တမျိုးသာထင်လာသူအတွက် ဆိုသည်၊ အဿာသ ပဿာသ ၂ မျိုးတွင် တမျိုးသာ အာရုံအဖြစ်ဖြင့် စိတ်မှာထင်ရှားလျှင် တမျိုးကိုသာ (တစ် – နှစ် စသည်ဖြင့်) ရေတွက်ပါ – ဟူလို၊ အကယ်၍ ထွက်သက်ဝင်သက် ၂ မျိုးပင်ထင်လာလျှင်ကား"ရှူလေကို တစ်,ဝင်လေကို နှစ်" ဟု ၂ မျိုးလုံးပင် ရေတွက်ရမည်၊ ယဿ ပန ဥဘောပိ ဥပဋ္ဌဟန္တိ၊ တေန ဥဘယမ္ပိ ဂဟေတွာ ဂဏေတဗ္ဗံ၊] "ယော ဥပဋ္ဌာတိ" ဟူသော ဤစကားဖြင့် "နှာခေါင်းပေါက် ၂ ဘက်မှ ထွက်သောလေတို့တွင် အကြင်ဘက်မှ ထွက်သောလေသည် ထင်ရှား၏၊ ထိုဘက်မှလေကို ရေတွက်ပါ"ဟူသော အနက်ကိုလည်း ပြပြီးဖြစ်တော့၏။

www.dhammaransi.com

မှတ်သား၍၊ ဂဏယတော - ရေတွက်လသော်၊ ဝါ- ရေတွက်သော၊ တဿ- ထိုယောဂီ၏၊ နိက္ခမန္တာ စ - ထွက်သည်လည်း ဖြစ်ကုန်သော၊ ပဝိသန္တာ စ- ဝင်သည်လည်း ဖြစ်ကုန်သော၊ အဿာသပဿာသာ - တို့သည်၊ ပါကဋာ- ထင်ရှားကုန်သည်၊ ဟောန္တိ။

အထ – ထင်ရှားရာ ထိုအခါ၌၊ အနေန - ၌ ယောဂီသည်၊ ဒန္ဓဂဏနံ- နှေးနှေး ရေတွက်ခြင်းဟူသော၊ တံ ဓညမာယကဂဏနံ – ထို စပါးချင့်သူ၏ ရေတွက်နည်းကို၊ ပဟာယ- ၍၊ သီဃဂဏနာယ-အလျင်အမြန်ရေတွက်နည်း ဟူသော၊ ဂေါပါလကဂဏနာယ– နွားကျောင်းသား၏ ရေတွက်နည်းဖြင့်၊ ဂဏေတဗ္ဗံ–ရာ၏၊ ဟိ-ချဲ့၊ ဆေကော – ကျွမ်းကျင်သော၊ ဂေါပါလကော- နွားကျောင်းသားသည်၊ သက္ခရာယော-ကျောက်စရစ်တို့ကို၊ ဥစ္ဆင်္ဂေန- ခါးပိုက်ဖြင့်၊ ဂဟေတွာ-ပိုက်ယူ၍၊ ရဇ္ဇုဒဏ္ဍဟတ္ထော-လက်၌ ကြိုးဒုတ်ရှိသည်၊ ဝါ- ကြိုးဒုတ်တို့ကို လက်စွဲသည်၊ (ဟုတွာ)၊ ပါတောဝ – ၌ပင်၊ ဝဇံ – နွားခြံသို့၊ ဂန္တွာ, ဂါဝေါ-တို့ကို၊ ပိဋ္ဌိယံ–ကျောက်ကုန်း၌၊ ပဟရိတွာ -၍၊ ပလိဃတ္ထမ္ဘမတ္ထကေ–တံခါးရွက်တိုင်ထိပ်၌၊ နိသိန္နော-ထိုင်လျက်၊ ဒွါရံ-တံခါးပေါက်သို့၊ ပတ္တံ ပတ္တံ ယေဝ- ရောက်လာ ရောက်လာသည်သာလျှင်ဖြစ်သော၊ ဂါဝံ-ကို၊ ဧကော ဒွေတိ – တကောင် နှစ်ကောင်ဟူ၍၊ သက္ခရံ – ကို၊ ခိပိတွာ ခိပိတွာ- ပစ်ချ၍ ပစ်ချ၍၊ ဂဏေတိ-ရေတွက်၏၊ တိယာမရတ္တိံ -ညဉ့်သုံးယာမ်ပတ်လုံး၊ သမ္ဗာဓေ – သော၊ ဩကာသေ – နွားခြံအရပ်၌၊ ဒုက္ခဝုတ္ထဂေါဂဏော –

တဿေဝံ၊ပေ၊ပါကဋာ ဟောန္တိ။ ။ဧဝံတိ ဝုတ္တပ္ပကာရေန၊ ဥပလက္ခေတွာဝါတိ အတ္ထော၊ အစပဌမ၌ ထွက်လေ ဝင်လေ ၂ မျိုးတွင် တခုခုက ထင်ရှားသော်လည်း မှတ်၍ ရေတွက်စဉ်ပင် (အတော် အသားကျလာလျှင်)စိတ်မပျံ့လွင့်တော့ဘဲ ၂ မျိုးလုံး ထင်ရှားလာသည်-ဟူလို၊ " တဿေဝံ ၊ပေ၊ ပါကဋာ ဟောန္တိ " သည် ရှေ့ဝါကျ၏ အကျိုးကိုပြသော ကာရိယ ဟေတုဝါကျဖြစ်၏၊ ရှေ့ဝါကျကား ဖလဝါကျတည်း၊ ဤသို့ ရေတွက်ဖန်များလျှင် ၂ မျိုးလုံးထင်ရှားခြင်း အကျိုးရှိသောကြောင့် " ဥပလက္ခေတွာ ဂဏေတဗ္ဗံ–မှတ်သား၍ရေတွက်ပါ"ဟူလို။

ပဋိဃတ္ထမ္ဘော။ ။ ပဋိဃဿ (ပလိဃဿ) ပရိဝတ္တနကံ ယတ္ထ နိက္ခိပန္တိ၊ သော ပဋိဃတ္ထမ္ဘော၊ (ဋီကာ)၊ အဘိဓာန်၌ " ပလိဃော " ဟု ပုလ္လိင်ရှိ၏၊ " တံခါးကျည်မင်းတုတ်"ဟူသော အနက်ကိုဟော၏၊ ဤ၌ တံခါးရွက်၏ဟိုဘက်ဒီဘက် လှည့်လည်ကြောင်းဖြစ်သောအဖျားကိုတပ်ရာတိုင်ကို "ပဋိဃတ္ထမ္ဘ"ဟု ဆိုသောကြောင့် ပဋိဃကို "တံခါးရွက်"အနက်ဟောဟု ကြံသင့်၏၊ ရှေးကတံခါးရွက်၌ ဘေးအစွန်းမှာ အထက်အောက် အဖျား ၂ ခုရှိ၏၊ ထို ၂ ခုတပ်ရာတိုင်ကို " ပဋိဃတ္ထမ္ဘ " ဟု ခေါ်ဟန်တူ၏၊ ထိုတိုင်သည် အတော်တုတ်သောကြောင့် "ထိုတိုင်ပေါ်၌ ထိုင်၍ "ဟု ဆိုဟန်တူသည်။

www.dhammaransi.com

ဆင်းဆင်းရဲရဲနေရသော နွားအပေါင်းသည်၊ နိက္ခမန္တော - ထွက်လသော်၊ အညမည့်-အချင်းချင်း၊ ဝါ-တကောင့်တကောင်၊ ဥပနိဃံသန္တော-ပွတ်တိုက်တိုး၀ှေ့လျက်၊ ဝေဂေန ဝေဂေန - လျင်စွာ လျင်စွာ၊ ပုဉ္ဇော ပုဉ္ဇော - အစုအစုသည်၊ ဟုတွာ နိက္ခမတိ - ထွက်၏၊ သော - ထို နွားကျောင်းသားသည်၊ ဝေဂေန ဝေဂေန-စွာ၊ ဧကော ဒွေ တီဏိ စတ္တာရိပဉ္စ-တကောင် နှစ်ကောင် သုံးကောင် လေးကောင် ငါးကောင်ဟူ၍၎င်း ၊ပေ၊ဧကော ဒွေ တီဏိ စတ္တာရိ ပဉ္စ ဆ သတ္တ အဋ္ဌ နဝ ဒသ- တကောင် ၊ပေ၊ဆယ်ကောင်တို့ဟူ၍၎င်း၊ ဣတိ-သို့၊ ဂဏေတိယေဝ-ရေတွက်သည်သာ။

ဧဝံ- ဤအတူ၊ ပုရိမနယေန—ရှေ့ဂေါပါလကဂဏနာနည်းဖြင့်၊ ဂဏယတော - သော၊ ဣမဿာပိ – ဤ ယောဂီ၏လည်း၊ အဿာသပဿာသာ ပါကဋာ ဟုတွာ,သီဃံ သီဃံ-လျင်စွာလျင်စွာ၊ ပုနပ္ပုနံ, သဉ္စရန္တိ-လှည့်လည်ကုန်၏၊ [ထွက်လေဝင်လေတို့ ဝင်လိုက်ထွက်လိုက်နှင့် လှည့်လည်ကြသည်-ဟူလို။] တတော – ထို အဖန်ဖန်လှည့်လည်ခြင်းကြောင့်၊ တေန-ထို ယောဂီသည်၊ ပုနပ္ပုနံ, သဉ္စရန္တိ-န်၏၊ ဣတိ,ဉ တွာ-၍၊ အန္တော စ-ဝမ်းတွင်း၌၎င်း၊ ဗဟိစ – ပြင်ဘက်၌၎င်း၊ အဂ္ဂဟေတွာ – အဿာသ ပဿာသတို့ကို မယူမူ၍၊ ဝါ-အာရုံမပြုမူ၍၊ ဒွါရပ္ပတ္တံ ဒွါရပ္ပတ္တံယေဝ-နှာခေါင်းပေါက်သို့ရောက်လာ နှာခေါင်းပေါက်သို့ရောက်လာသော အဿာသပဿာသကိုသာလျှင်၊ ဂဟေတွာ- အာရုံပြုသောအားဖြင့် ယူ၍၊ ဧကော ဒွေ တီဏိ စတ္တာရိ ပဉ္စ – ၁, ၂, ၃, ၄, ၅ တို့ဟူ၍၎င်း၊ပေ၊ ဧကော ဒွေ တီဏိ စတ္တာရိ ပဉ္စ ဆ သတ္တ အဋ္ဌ နဝ ဒသ- ၁, ၂, ၃, ၄, ၅, ၆, ၇, ၈, ၉, ၁၀တို့ ဟူ၍၎င်း၊ ဣတိ သီဃံ သီဃံ, ဂဏေတဗ္ဗမေဝ- ရေတွက်ရာသည်သာ၊ [ထိုသို့ ရေတွက်ရခြင်း၏အကြောင်းနှင့် ဥပမာကို ပြလို၍''ဂဏနာပဋိဗဒ္ဓ ဟိ''စသည်ဒိန့်။]ဟိ–အကြောင်းနှင့်ဥပမာကား၊ ဂဏနာပဋိဗဒ္ဓေ - ရေတွက်ခြင်းနှင့် စပ်သော၊ ကမ္မဋ္ဌာနေ–၌၊ ဂဏနာဗလေနေဝ-ရေတွက်ခြင်း၏ အစွမ်းဖြင့်သာလျှင်၊ စိတ္တံ-သည်၊ ဧကဂ္ဂံ-တည်ကြည်သည်၊ ဟောတိ – ၏၊ အရိတ္တုပတ္ထမ္ဘနဝသေန - ထိုးဝါးဖြင့် ထောက်ထားခြင်း၏ အစွမ်းဖြင့်၊ စဏ္ဍသောတေ– ကြမ်းသော ရေအယဉ်၌၊ နာဝါထပနမိဝ–လှေကို တန့်ထားနိုင်ခြင်း ကဲ့သို့တည်း၊ ဧဝံ–ဤသို့လျှင်၊ သီဃံ သီဃံ, ဂဏယတော- သော၊ တဿ-ထို ယောဂီရဟန်း၏၊ ကမ္မဋ္ဌာနံ-သည်၊ နိရန္တရပ္ပဝတ္တံဝိယ - အဆက်မပြတ် ဖြစ်သကဲ့သို့၊ ဟုတွာ – ၍၊ ဥပဋ္ဌာတိ-ထင်လာ၏။ [တကယ်အစစ် နိရန္တရပဝတ္တမှာ အပ္ပနာရောက်မှ ဖြစ်၏၊ ထိုသို့ အပ္ပနာမရောက်သေး သောကြောင့် ''ပဝတ္တံဝိယ'' ဟု ဆိုသည်။]

www.dhammaransi.com

အထ- ထင်လာရာ ထိုအခါ၌၊ နိရန္တရံ- အဆက်မပြတ်၊ ပဝတ္တတိ-ဖြစ်၏၊ ဣတိ,ဉတွာ-၍၊ အန္တောစ ဗဟိစ,ဝါတံ-ကို၊ အပရိဂ္ဂဟေတွာ-မသိမ်းဆည်းမူ၍၊ ပုရိမနယေနေဝ-ရှေ့ဝေါ်ပါလက ဂဏနာနည်းဖြင့်သာလျှင်၊ ဝေဂေန ဝေဂေန,ဂဏေတဗ္ဗံ-ရာ၏၊ ဟိ-ချဲ့၊ အန္တော-ဝမ်းတွင်းသို့၊ ပဝိသနဝါတေန- ဝင်သောလေနှင့်၊ သဒ္ဓိံ, စိတ္တံ-ကို၊ ပဝေသယတော - သွင်းသော ယောဂီ၏၊ [ဝမ်းတွင်းသို့ ဝင်သွားသောလေကို လိုက်၍အာရုံပြုသော ယောဂီ၏။] အဗ္ဘန္တရံ- ဝမ်းတွင်းအရပ်သည်၊ ဝါ-ကို၊ ဝါတဗ္ဘာဟတံ-လေသည် ထိခိုက်အပ်သည်၊ (ဟုတွာ)၊ မေဒပူရိတံဝိယ- အဆီဖြင့် ပြည့်နေသကဲ့သို့၊ ဟောတိ-၏၊ ဗဟိ-ပြင်ဘက်သို့၊ [နှာခေါင်းဖျားနှင့် အထက်နှုတ်ခမ်းဖျားမှ ပြင်ဘက်အရပ်သို့။] နိက္ခမနဝါတေန- ထွက်သော လေနှင့်၊ သဒ္ဓိံ, စိတ္တံ- ကို၊ နီဟရတော- ထုတ်ဆောင်သော ယောဂီ၏၊ ဗဟိဒ္ဓါ – ၌၊ ပုထုတ္တာရမဏေ – များသော သဘောရှိသောအာရုံ၌၊ ဝါ-အမျိုးမျိုး သဘောရှိသောအာရုံ၌၊ စိတ္တံ-သည်၊ ဝိက္ခိပတိ - ပျံ့လွင့်တတ်၏၊ ပန- အန္တယကား၊ ဖုဋ္ဌောကာသေ – ထိအပ်သော နှာခေါင်းဖျား အထက်နှုတ်ခမ်းဖျားအရပ်၌၊ သတိံ - သတိကို၊ ထပေတွာ- ထား၍၊ ဘာဝေန္တဿေဝ - ပွားစေသော ယောဂီ၏သာလျှင်၊ ဘာဝနာ – သည်၊ သမ္ပဇ္ဇတိ– ပြည့်စုံ၏၊ တေန - ကြောင့်၊ အန္တောစ၊ပေ၊ ဂဏေတဗ္ဗန္တိ - ဟူ၍၊ (မယာ) ဝုတ္တံ - ပြီ။

ပန-ပရိဟာရပက္ခမှတပါး စောဒကပက္ခကို ဆိုဦးအံ့၊ တံ-၌ ထွက်လေ ဝင်လေအပေါင်းကို၊[တေန္တိ တံ အဿာသ ပဿာသဇာတံ၊ ဇာတျာပေက္ခ နည်းအားဖြင့် အများကိုပင် ကေဝုစ်ထားသည်။] ကိံဝ စိရံ- အဘယ်မျှလောက်ကြာအောင်၊ ဂဏေတဗ္ဗံ-ရေတွက်ရမည်နည်း၊ ဣတိ-ဤကားအမေးတည်း၊ ယာဝ- လောက်၊ ဂဏနာယ - ရေတွက်ခြင်းနှင့်၊ ဝိနာ - ကင်း၍၊ အဿာသ

စိတ္တံ၊ပေ၊ဟောတိ။ ။အတွင်းသို့ ဝင်သောလေကို လိုက်၍ အာရုံပြုလျှင် စိတ်ကို အတွင်းသွင်းရာရောက်၏၊ ထို အတွင်းလေတွေကို အာရုံပြုနေလျှင် လေသည် ဝမ်းတွင်း တခုလုံး ထိခိုက်အပ်သကဲ့သို့ ဖြစ်ရကား ဝမ်းတွင်း တခုလုံးသည် လေတည်းဟူသော အဆီဖြင့် ပြည့်နေသကဲ့သို့ ဖြစ်၏။ [တစုံတခုကို စူးစိုက်၍အာရုံပြုလျှင် ထို အာရုံသည် ထင်ထင်ရှားရှားဖြစ်၍ ထင်လာရကား ကြီးကျယ်များပြားသကဲ့သို့ ထင်တတ်သည်။]

ဗဟိ၊ပေ၊ဝိက္ခိပတိ ။ ။ နှာခေါင်းဖျားမှ အပြင်ဘက်ထွက်သွားသော လေကို စိတ်ဖြင့်လိုက်၍ အာရုံပြုနေလျှင် စိတ်ကို အပြင်သို့ ထုတ်ဆောင်ရာ ရောက်၏၊ ထိုသို့ ထုတ်ဆောင်လျှင် လေ၏သွားပုံကို စိတ်ဖြင့်ရှာဖွေ၍ နေရသောကြောင့် အပြင်ဘက် များစွာသောအာရုံ၌ စိတ်ပျံ့လွင့်၍နေတတ်သည်။

www.dhammaransi.com

ပဿာသာသရမဏော-၌၊ သတိ-သည်၊ သန္တိဋ္ဌတိ-ကောင်းစွာတည်၏၊(တာ၀-ထို မရေတွက်ဘဲ သတိကောင်းစွာ တည်သည့်တိုင်အောင်၊ ဂဏောတမ္ပိ - ရမည်၊ ကသ္မာ)၊ ဟိ (ယသ္မာ)-ကြောင့်၊ ဗဟိ – အဿာသ ပဿာသမှအပ ဖြစ်သောအာရုံ၌၊ ဝိသဋဝိဘက္ကဝိန္ဓေဒံ- ပြန့်ကြဲနေသော ဝိတက်ကို ဖြတ်ခြင်းကို၊ ကတွာ-ပြု၍၊ အဿာသပဿာသာရမဏော-၌၊ သတိသဏ္ဌာပနတ္ထံယေဝ-သတိကို ကောင်းစွာထားခြင်း အကျိုးငှါသာလျှင်၊ ဂဏနာ – ရေတွက်ခြင်းသည်၊(ဟောတိ)၊ ဣတိ-ကြောင့် (တာ၀-ထိုမရေတွက်ဘဲ သတိကောင်းစွာ တည်သည်တိုင်အောင်၊ ဂဏောတမ္ပိ-ရာ၏၊ ဝါ-ရမည်)။

ဧဝံ- သို့၊ ဂဏနာယ-ဂဏနာ နည်းဖြင့်၊ မနသိကတွာ- နှလုံးသွင်းပြီး၍၊ ဝါ-နှလုံးသွင်းပြီးနောက်၊ အနုဗန္ဓနာယ-အနုဗန္ဓနာနည်းဖြင့်၊ [ရှေးဂါထာ၌ ဆိုခဲ့ပြီးသော ဂဏနာနည်း အနုဗန္ဓနာနည်း ဖုသနာနည်း အစရှိသည်တို့တွင် အနုဗန္ဓနာနည်းဖြင့်-ဟူလို။] မနသိကာတမ္ဗံ-၏၊ အနုဗန္ဓနာနာမ-အနုဗန္ဓနာ နည်းမည်သည်၊ ဂဏနံ-အရေအတွက်ကို၊ ပဋိသံဟရိတွာ-ရုပ်သိမ်း၍၊ [၁-၂ - ၃ – စသည်ဖြင့် မရေတွက်တော့ဘဲ - ဟူလို။] သတိယာ- ဖြင့်၊ နိရန္တရံ-အဆက်မပြတ်၊ အဿာသပဿာသာနံ-တို့သို့၊ အနုဂမနံ- အဘန်ဘန်လိုက်ခြင်းတည်း၊ ဝါ-အစဉ်လိုက်ခြင်းတည်း၊ တဥ္စ-ထို အစဉ်လိုက်ခြင်းသည်လည်း၊ အာဒိမဇ္ဈ ပရိယောသာနာ နုဂမနဝသေန- အစ, အလယ်, အဆုံးသို့ အစဉ်လိုက်ခြင်း၏အစွမ်းဖြင့်၊ န (ဟောတိ)-ဖြစ်သည် မဟုတ်၊ ဟိ-မှန်၏၊ ဗဟိ နိက္ခမနဝါတဿ- ပြင်ဘက်သို့ ထွက်သောလေ၏၊ နာဘိ– ချက်အရပ်သည်၊ အာဒိ – တည်း၊ [ထို ချက်အရပ်၌ စ၍ဖြစ်သောကြောင့် "နာဘိ အာဒိ" ဟု ဆိုသည်။]ဟဒယံ-နှလုံးသား၏အနီးအပါး အထက်အရပ်သည်၊ မဇ္ဈံ-တည်း၊ နာသိကဂ္ဂံ–နှာခေါင်းဖျားအရပ်သည်၊ ပရိယောသာနံ-တည်း၊ တဥ္စ-ထိုအစ,

အနုဂမနံ။ ။ဖြစ်တိုင်းဖြစ်တိုင်းသော အဿာသပဿာသတို့ကို အာရုံပြုသောအားဖြင့် သတိကို အဖန်ဖန် ဖြစ်စေခြင်း, အဿာသ ပဿာသအာရုံကို (အာရုံပြု၍) သတိ အစဉ်လိုက်ခြင်းကို "အနုဂမန" ဟု ခေါ်သည်။ [အနုအနု + ဂမနံ ပဝတ္တနံ၊ အနုဂမနံ။].

ပရိယောသာနံ။ ။အဿာသ ပဿာသလေသည် ထို နာသိကဂ္ဂ၌ ဆုံး၏၊ ထိုမှ အပြင်ရောက်သွားသောလေကို အဿာသ ပဿာသ ဟု မခေါ်ရတော့ပြီ၊ အဿာသ ပဿာသတို့သည် စိတ္တဇရုပ်များတည်း၊ စိတ္တဇရုပ်မှန်လျှင် ခန္ဓာကိုယ်မှ အပြင်၌ မဖြစ်နိုင်၊ အပြင်၌ ဆက်၍ဖြစ်သော နှာခေါင်းလေတို့ကား စိတ္တပစ္စယ ဥတုဇလေများသာတည်း၊ အဿာသပဿာသ အမည်လည်း မရကြ၊ ဝင်လေ၏အစကို နာသိကဂ္ဂ ဟု ဆိုရာ၌လည်း ဤသဘောပင်တည်း။

www.dhammaransi.com

အလယ်, အဆုံးသို့လည်း၊ အနုဂစ္ဆတော-အစဉ်လိုက်လသော်၊ ဝါ-သော၊ အဿ-ထို ယောဂီ၏၊ ဝိက္ခေပဂတံ-ပြန့်လွင့်ခြင်းသို့ရောက်သော၊ စိတ္တံ-သည်၊ သာရဒ္ဓါယစေဝ-ကိလေသာဟူ, အပူတို့နှင့်တကွ ဖြစ်ခြင်းအကျိုးငှါငှင်း၊ ဣဉ္ဇနာယစ-တုန်လှုပ်ခြင်းအကျိုးငှါငှင်း၊ [ကမ္မဋ္ဌာန်းနှလုံးသွင်းမှု၏ မငြိမ်မသက် လှုပ်ရှားခြင်းငှါ။] ဟောတိ-၏။ ယထာဟ-အဘယ်ကဲ့သို့ ဟောတော်မူသနည်း၊ အဿာသာဒိမဇ္ဈပရိယောသာနံ-အဿာသ၏ အစ, အလယ်, အဆုံးသို့၊ သတိယာ-ဖြင့်၊ အနုဂစ္ဆတော-အစဉ်လိုက်သော ယောဂီ၏၊ အဇ္ဈတ္တံ-အတွင်းသန္တာန်၌၊ ဝိက္ခေပဂတေန-သော၊ စိတ္တေန-ကြောင့်၊ ဝါ-စိတ်ဖြင့်၊ [ဟောတုမှိ ကရဏဝစနံ, ဣတ္ထမ္ဘူတလက္ခဏေဝါ။] ကာယောပိ-သည်ငှင်း၊ စိတ္တမ္ပိ-သည်ငှင်း၊ သာရဒ္ဓါစ-ကိလေသာဟူ, အပူနှင့်တကွဖြစ်ကုန်သည်ငှင်း၊ ဣဉ္ဇိတာစ-လှုပ်ကုန်သည်ငှင်း၊ ဖန္ဒိတာစ-တုန်ကုန်သည်ငှင်း၊ ဟောန္တိ-ကုန်၏၊ ပဿာသာဒိမဇ္ဈပရိယောသာနံ-သို့၊ သတိယာ-ဖြင့်၊ပေ၊ ဟောန္တိ-န်၏၊ ဣတိ-သို့၊ (အာဟ-ပြီ။)

တသ္မာ-ကြောင့်၊ အနုဗန္ဓနာယ-အနုဗန္ဓနာနည်းဖြင့်၊ မနသိကရောန္တေန-နှလုံးသွင်းသောယောဂီသည်၊ အာဒိမဇ္ဈပရိယောသာနဝသေန-ဖြင့်၊ န မနသိကာတဗ္ဗံ-နှလုံးမသွင်းရာ၊ အပိစ-စင်စစ်ကား၊ ဖုသနာဝသေနစ-ထိခြင်း၏အစွမ်းဖြင့်ငှင်း၊ ဌပနာဝသေနစ-အပ္ပနာဈာန်ပေါ်လာအောင် ထားခြင်း၏ အစွမ်းဖြင့်ငှင်း၊ မနသိကာတဗ္ဗံ-ရမည်၊ ဟိ-ဆက်၊ ဂဏနာနုဗန္ဓနာဝသေန-ဂဏနာနည်း, အနုဗန္ဓနာနည်း၏ အစွမ်းဖြင့်၊ (မနသိကာရော-သည်၊ အတ္ထိ ဝိယ-ကဲ့သို့၊) ဖုသနာ ဌပနာဝသေန-ဖုသနာနည်း, ဌပနာနည်းတို့၏ အစွမ်းဖြင့်၊[တချို့စာ၌"ဖုသနာဝသေနစ ဌပနာဝသေနစ"ဟု လည်းရှိ၏။] ဝိသုံ-သီးခြား၊ မနသိကာရော-သည်၊ နတ္ထိ၊ ပန-စင်စစ်ကား၊ ဖုဋ္ဌဖုဋ္ဌ ဌာနေယေဝ-ထိအပ်သော ထိအပ်သောအရပ်၌သာလျှင်၊ ဂဏေန္တော-ရေတွက်သောယောဂီကို၊ ဂဏနာယစ-ဖြင့်ငှင်း၊ ဖုသနာယစ-ဖြင့်ငှင်း၊ မနသိကရောတိ (တိ)-နှလုံးသွင်းသူဟူ၍ (ဝုစ္စတိ)၊ တတ္ထေဝ-ထို ထိအပ်သော ထိအပ်သော အရပ်၌ပင်၊ ဂဏနံ-ကို၊ ပဋိသံဟရိတွာ-၍၊ တေ-ထို အဿာသ ပဿာသတို့သို့၊ သတိယာ-ဖြင့်၊အနုဗန္ဓန္တော-အစဉ်လိုက်သော ယောဂီကိုငှင်း၊အပ္ပနာဝသေန-အပ္ပနာဈာန်၏အစွမ်းဖြင့်၊ ဝါ-အပ္ပနာဈာန်ပေါ်လာအောင်၊ စိတ္တံ-ကို၊ ဌပေန္တောစ-ထားသော ယောဂီကိုငှင်း၊ အနုဗန္ဓနာယစ-အနုဗန္ဓနာနည်းဖြင့်ငှင်း၊ ဖုသနာယစ-ဖြင့်ငှင်း၊ ဌပနာယစ-ဖြင့်ငှင်း၊ မနသိကရောတီတိ-ဟူ၍၊ ဝုစ္စတိ-၏၊ သွာယမတ္ထော-ထိုဆိုအပ်ပြီးသောအနက်ကို၊ အဋ္ဌကထာယံ-

www.dhammaransi.com

ရှေးအဋ္ဌကထာ၌၊ ဝုတ္တာပင်္ဂုဠဒေါဝါရိကောပမာ-ဟိ-ဆိုအပ်ပြီးသော ဆွံ့အသူ တံခါးစောင့်သူဥပမာတို့ဖြင့်ငှင်း၊ ပဋိသမ္ဘိဒါယံ-၌၊ ဝုတ္တကကစောပမာယစ-ဟောတော်မူအပ်သော လွှ ဥပမာဖြင့်ငှင်း၊ ဝေဒိတဗ္ဗော-၏။

တတြ-ထို ၂ မျိုးသော ဥပမာတို့တွင်၊ အယံ-ကား၊ ပင်္ဂုဠောပမာ-သူဆွံ့ ဥပမာတည်း၊ ပင်္ဂုဠော-သူဆွံ့သည်၊ [ခြေမသန်၍ မသွားနိုင်သူကို "ပင်္ဂုဠ"ဟု ခေါ်သည်။] ဒေါလာယ – ပျဉ်ချပ်ပုခက်ဖြင့်၊ ကီဠတံ – ကစားနေကုန်သော၊ မာတာပုတ္တာနံ – အမိသား တို့၏ [သူ၏မယားနှင့် သားတို့ကိုပင် "မာတာ ပုတ္တာနံ"ဟု ဆိုသည်။] ဒေါလံ-ပုခက်ကို၊ ခိပိတွာ-ပစ်၍၊ ဝါ-လွှဲ၍၊ တတ္ထေဝ ဒေါလတ္ထမ္ဘမူလေ – ထို ပုခက်ဆွဲရာတိုင်၏အနီး၌ပင်၊ နိသိန္နော – ထိုင်လျက်၊ ကမေန-အစဉ်အားဖြင့်၊ အာဂစ္ဆန္တဿစ-လာသည်လည်းဖြစ်သော၊ ဂစ္ဆန္တဿစ-သော၊ ဒေါလာဖလကဿ-ပုခက်ပျဉ်ချပ်၏၊ ဥဘော-၂ ဘက်ကုန်သော၊ ကောဋိယော – ဝဲဘက် ယာဘက် အစွန်တို့ကိုငှင်း၊ မဇ္ဈဉ္စ – ကိုငှင်း၊ ပဿတိ-မြင်ရ၏၊ စ-ထိုသို့ပင် မြင်ရပါသော်လည်း၊ ဥဘောကောဋိမဇ္ဈာနံ-၂ ဘက်သော အစွန် အလယ်အရပ်တို့ကို၊ ဒဿနတ္ထံ – မြင်ခြင်းအကျိုးငှါ၊ ဝါ-မြင်ဘို့ရာ၊ဗျာဝဋော-ကြောင့်ကြစိုက်သည်၊ နဟောတိ သေယျထာပိ-သကဲ့သို့၊ ဧဝမေဝ–လျှင်၊ အယံဘိက္ခု-သည်၊ သတိဝသေန – သတိ၏ အစွမ်းဖြင့်၊ ဥပ နိဗန္ဓနတ္ထမ္ဘမူလေ- စိတ်ကို ကပ်၍ ဖွဲ့ချည်ကြောင်း (နှာခေါင်းဖျား အထက် နှုတ်ခမ်းဖျားဟူသော)တိုင်၏အနီး၌ ဌတွာ- တည်၍၊ အဿာသ ပဿာသ

သွာယ၊ ပေ၊ ဝေဒိတဗ္ဗော။ ။"ဖုဋ္ဌဖုဋ္ဌ ဌာန၌သာ ရေတွက်သူဟူသော အနက်, ထို ဖုဋ္ဌ ဖုဋ္ဌ ဌာန၌ပင် ရေတွက်မှုကို မပြုဘဲ ထို အဿာသပဿာသတို့သို့ သတိဖြင့် အစဉ်လိုက်သူဟူသော ထိုအနက်ကို"ဟု သွာယမဗ္ဗော္ဘာအတွက် အဓိပ္ပါယ်မှတ်၊ ဥပမာ ကို"ဥပ+မာ"ဟု ပုဒ်ခွဲ၍ "မိနောတိ – ဆုံးဖြတ်တတ်၏၊ ဣတိ မာ၊ မာယ– ဆုံးဖြတ် တတ်သောဥပမေယျ အနက်၏ + သမီပေ – အနီးဖြစ်သော (မဆုံးဖြတ်တတ်သော) အနက်၌၊ ပဝတ္တတီတိ ဥပမာ" ဟု ဋီကာကြိသည်။ [ယာ အစ္စန္တံ န မိနောတိ န ဝိနိစ္ဆိနာတိ၊ သာ"မာနဿ+သမီပေ"တိ ဥပမာ၊ ယထာ-ဂေါဏော ဝိယ ဂဝယော= နွားနှင့်တူသော နွားနောက်။]

ဥပနိဗန္ဓန၊ ပေ၊ ဌတွာ။ ။ဥပနိဗန္ဓနတ္ထမ္ဘောဝိယာတိ ဥပနိဗန္ဓတ္ထမ္ဘော၊ နာသိ ကဂ္ဂံ, မုခနိမိတ္တံဝါ၊ တဿ မူလေ သမီပေ ဌတွာ (ကထံ ဌတွာ–ဘယ်လို တည်၍လဲ)၊ သတိယာ ဝသေန ဌတွာ (သတိထားသော အားဖြင့် တည်၍တည်း)၊ သတိံဟိ တတ္ထ (နာသိကဂ္ဂမုခနိမိတ္တ၌) သူပဋ္ဌိတံ ကရောန္တော-ကောင်းစွာတည်သည်ကိုပြုသော၊ ယောဂါဝစရော တတ္ထ ဋ္ဌိတောနာမ ဟောတိ (ထိုနာသိကဂ္ဂ မုခနိမိတ္တ၌တည်သူမည်၏)၊ အဝယဝမမွေန်-သတိတည်းဟူသော အစိတ်အစိတ်တရားဖြင့်၊ သမုဒါယဿ-အပေါင်း

www.dhammaransi.com

ဒေါလံ-အဿာသပဿာသ တည်းဟူသော ပုခက်ကို၊ ခိပိတွာ-ပစ်၍၊ ဝါ-လွှဲ၍၊ တတ္ထေဝနိမိတ္တေ - နှာခေါင်းဖျား အထက်နှုတ်ခမ်းဖျား ဟူသော ထို နိမိတ်၌ပင်၊ သတိယာ-ဖြင့်၊ နိသီဒန္တော-ထိုင်လျက်၊ [ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ နှင့် ဋီကာတို့၌ "နိသီဒန္တော" ဟု ရှိ၏၊]ကမေန- အားဖြင့်၊ အာဂစ္ဆန္တာနဉ္စ-ကုန်သော၊ ဂစ္ဆန္တာနဉ္စ - ကုန်သော၊ ဖုဋ္ဌဋ္ဌာနေ - ထိအပ်သော အရပ်၌၊ (အရပ်က)၊ အဿာသပဿာသာနံ - တို့၏၊ အာဒိမဇ္ဈပရိယောသာနံ- သို့၊ သတိယာ, အနုဂစ္ဆန္တော-သော်၎င်း၊ တတ္ထ-ထို ထိအပ်သော အရပ်၌၊ စိတ္တံ-ကို၊ ထပေန္တော စ-ထားလသော်၎င်း၊ ပဿတိ - မြင်ရ၏၊ စ- ထိုသို့ မြင်ရပါသော်လည်း၊ တေသံ- ထို အဿာသပဿာသတို့ကို၊ ဒဿနတ္ထံ-မြင်ခြင်းငှါ၊ ဗျာဝဋော - ကြောင့်ကြစိုက်သည်၊ န ဟောတိ၊ အယံ - ဤဆိုအပ်ပြီးကား၊ ပင်္ဂုဠောပမာ-တည်း။

ပန-ကား၊ အယံ-ကား၊ ဒေါဝါရိကောပမာ-တံခါးစောင့် ဥပမာတည်း၊ ဒေါဝါရိကော- သည်၊ နဂရဿ - ၏၊ အန္တော စ - ၌၎င်း၊ ဗဟိ စ - ၌၎င်း၊ ပုရိသေ-တို့ကို၊ တွံ-သည်၊ ကော—အဘယ်သူနည်း၊ (ဣတိဝါ - ဤသို့၎င်း၊) ကုတော-အဘယ်မှ၊ အာဂတော—လာခဲ့သနည်း၊ (ဣတိ)ဝါ-၎င်း၊ ကုဟိံ-အဘယ်အရပ်သို့၊ ဂစ္ဆသိ-သွားမည်လို့နည်း၊(ဣတိ) ဝါ - ၎င်း၊ တေ - ၏၊ ဟတ္ထေ-လက်၌၊ ကိံ- ဘာဝတ္ထုနည်း၊ ဣတိဝါ- ၎င်း၊ န ဝီမံသတိ - မစုံစမ်း၊ ဝါ- မမေးမြန်း၊ ဟိ - မှန်၊ တေ - ထို မြို့၏ အတွင်း အပြင်နေသူ လူတို့သည်၊ တဿ- ထို တံခါးစောင့်ယောကျာ်း၏၊ ဘာရာ- တာဝန်တို့သည်၊ န - မဟုတ်ကုန်၊ ပန-အန္တယကား၊ ဒွါရပ္ပတ္တံ ဒွါရပတ္တံယေဝ- တံခါးပေါက်သို့ရောံလာ တံခါးပေါက်သို့ ရောက်လာသူကိုသာလျှင်၊ ဝီမံသတိ သေယျထာပိ – စုံစမ်း မေးမြန်းသကဲ့သို့၊ ဧဝမေဝ – လျှင်၊ ဣမဿဘိက္ခုနော – ၏၊ အန္တောပဝိဋ္ဌဝါတာ စ- အတွင်းသို့ဝင်ပြီးသော လေတို့သည်၎င်း၊ ဗဟိနိက္ခန္တဝါတာ စ-နှာခေါင်းပြင်ဘက်သို့ ထွက်သွားပြီးသောလေတို့သည်၎င်း၊ ဘာရာ - တို့သည်၊ န ဟောန္တိ - မဟုတ်ကုန်၊ ဒွါရပ္ပတ္တာ ဒွါရပ္ပတ္တ ယေဝ - နှာခေါင်းပေါက်သို့

တကိုယ်လုံးကို၊ အပဒိသိတဗ္ဗတော—ညွှန်ပြထိုက်သည်၏အဖြစ်ကြောင့်တည်း။["အယံ ဘိက္ခု ဥပနိဗန္ဓထမ္ဘမူလေ ဌတွာ" သည် အစိတ်သတိဖြင့် အပေါင်းတကိုယ်လုံးကို ညွှန်ပြသော ဧကဒေသူပစာ စကားဖြစ်သည်—ဟူလို။]

နိမိတ္တေ သတိယာ နိသီဒန္တော။ ။နိမိတ္တေတိ— နာသိကဂ္ဂါဒိနိမိတ္တေ၊ သတိယာ နိသီဒန္တောတိ—သတိယာ ဝသေန နိသီဒန္တော၊ ဤ၌လည်း"သတိံ ဟိ တတ္ထ သူပဋ္ဌိတံ ကရောန္တော ယောဂါဝစရော တတ္ထ နိသီဒန္တောနာမ ဟောတိ"ဟု ဆိုပါ။

www.dhammaransi.com

ရောက်လာ နှာခေါင်းပေါက်သို့ရောက်လာသော လေတို့သည်သာ၊ ဘာရာ-တို့သည်၊ (ဟောန္တိ)၊ ဣတိ အယံ- ဤဆိုအပ်ပြီးကား၊ ဒေါဝါရိကောပမာ-တည်း။ [ပဌမဥပမာဖြင့် "ဝင်လေထွက်လေတို့ကို သိဘို့ရန် ကြောင့်ကြမစိုက်သော်လည်း သိ၏" ဟု ပြ၏၊ ဒုတိယ ဥပမာဖြင့် " ဝင်လေထွက်လေ တို့ကို မှတ်နေဘို့ တာဝန် မရှိ , နှာခေါင်းပေါက်၌ ရောက်လာသော လေတို့ကိုသာ မှတ်ဘို့တာဝန်ရှိ၏"ဟု ပြသည်။]

ပန- ကား၊ ကကစောပမာ- လွှ ဥပမာကို၊ အာဒိတော-အစမှ၊ ပဘုတိ-စ၍၊ ဧဝံ – ဤ ဆိုအပ်လတ့ံသော နည်းဖြင့်၊ ဝေဒိတဗ္ဗာ- ၏၊ [ပါဠိတော်၌ ဥပမေယျ အနက်ကို စ၍ ပြသောကြောင့် ထို အတိုင်းပင် "အစမှ စ၍ သိပါ" ဟု ဆိုသည်။] ဟိ-ချဲ့၊ နိမိတ္တံ၊ပေ၊ဥပလဗ္ဘတီတိ-ဟူသော၊ ဧတံ - ဤ ဂါထာ စကားကို၊(ဓမ္မသေနာပတိနာ)၊ ဝုတ္တံ-(ပဋိသမ္ဘိဒါမဂ်၌)မိန့်အပ်ပြီ၊ [နိမိတ္တံ-မှတ်သားကြောင်းဖြစ်သော နှာခေါင်းဖျား အထက် နှုတ်ခမ်းဖျား ဟူသော အရပ်သည်၎င်း၊ အဿာသ ပဿာသာ - ထွက်သက် ဝင်သက်တို့သည်၎င်း၊ ဧကစိတ္တဿ-တခုတည်းသောဝီထိစိတ်၏၊ အာရမဏံ-သည်၊ န(ဟောန္တိ)-မဖြစ်ကုန်သည် မဟုတ်လော၊ စ - သည်သာ မကသေး၊ တယော - နိမိတ္တ, အဿာသ, ပဿာသအားဖြင့် ၃ ပါးကုန်သော၊ ဓမ္မေ-တရားတို့ကို၊ အဇာန တော- မသိလသော်၊ ဝါ-မသိသော ယောဂီရဟန်း၏၊ ဘာဝနာ- အနာပါန ဿတိ သမာဓိဘာဝနာကို၊ န ဥပလဗ္ဘတိ-မရအပ်မရနိုင်သည် မဟုတ်လော၊ ဝါ-မပြီးစီးနိုင်သည် မဟုတ်လော၊ (ဣတိ-ဤကား အမေးတည်း၊) နိမိတ္တံ-သည်၎င်း၊ အဿာသပဿာသာ- တို့သည်၎င်း၊ ဧကစိတ္တဿ- ၏၊ အာရမ

နိမိတ္တံ၊ပေ၊နုပလဗ္ဘတိ။ ။ဤပဌမဂါထာသည် စောဒကပုဂ္ဂိုလ်၏ ဂါထာတည်း၊ နိမိတ္တန္တိ–ဥပနိဗန္ဓနနိမိတ္တံ (ဤပုဒ်ကို နောက်၌ ဖွင့်လတ့ံ၊) အနာရမဏာမေကစိတ္တဿ–ဧကစိတ္တဿ န အာရမဏံ၊ အာရမဏံ န ဟောန္တီတိ အတ္ထော၊ ဤအဖွင့်ကို ကြည့်၍ အနာရမဏံကို အယုတ္တသမာသ် ဟု မှတ်ပါ၊ နကို "ဟောန္တိ"ဟု ထည့်ပါ၍ကြိယာနှင့် တွဲပါ၊ ဝီထိစိတ်တခုထည်းက နိမိတ္တ , အဿာသ , ပဿာသ ဤ ၃ မျိုးကို တပြိုင်နက် အာရုံပြု၍ မဖြစ်နိုင်သည် မဟုတ်လော–ဟူလို။

အဇာနတော စ။ ။အဇာနတောကို "အဝိန္ဒန္တဿ (မသိရသော)" ဟု ဖွင့်၍ "စသဒ္ဒေါ ဗျတိရေကေ"ဟု ဖွင့်၏၊ ဝါကျခွဲရိုး၌အသုံးပြုအပ်သော အန္ဝယ–ဗျတိရေက မျိုး မဟုတ်၊ ထောမနိဓိ၌ ဝိ+အတိ–ရိစဓာတ်ဖြင့် ပြီးသော ဗျတိရေက ပုဒ်၏အနက် တို့ကို "ဝိသေသ, အတိက္ကမ, အဘာဝ, ဝိနေတိ အတ္ထ" ဟု ပြ၏၊ ဤနေရာ၌ "စ–သည်သာ မက, မေးစရာ အပိုအလွန် ရှိသေး၏" ဟု အတိက္ကမအနက်ကိုသာ ယူသင့် သည်၊ ထို့ကြောင့် အဖြေ၌"စ" မပါဘဲ "ဇာနတောဝ" ဟု ဖြေသည်။ [ထိုအဖြေ၌

www.dhammaransi.com

ဏံ- သည်၊ န(ဟောန္တိ) - မဖြစ်နိုင်ကုန်သည်ကား မှန်၏၊ တယော- န်သော၊ ဓမ္မေ-တို့ကို၊ ဇာနတော၀- သိသော်သာလျှင်၊ ၀ါ- သိမှသာလျှင်၊ ဘာ၀နာ- ကို၊ ဥပလဗ္ဘတိ-ရအပ်ရနိုင်၏၊ ၀ါ-ပြီးစီးနိုင်၏၊ ဉတိ-၍ကား အဖြေတည်း။

ကထံ- အဘယ်သို့လျှင်၊ တယော - နိမိတ္တ အဿာသ ပဿာသအားဖြင့် သုံးပါးကုန်သော၊ ဣမေဓမ္မာ-တို့သည်၊ ဧကစိတ္တဿ-တခုသော ဝီထိစိတ်၏၊ အာရမဏံ - သည်၊ န ဟောန္တိ – မဖြစ်နိုင်ကုန်သနည်း၊ (ကထံ – လျှင်၊) တယော- န်သော၊ ဣမေ ဓမ္မာ – တို့သည်၊ အဝိဒိတာစ - မသိအပ်ကုန်သည် လည်း၊ ၀ါ– မထင်ရှားကုန် သည်လည်း၊ န ဟောန္တိ - န်သနည်း၊ (ကထံ- လျှင်၊) စိတ္တံ့ - သည်၊ ဝိက္ခေပံစ - သို့လည်း၊ န ဂစ္ဆတိ - မရောက်သနည်း၊ (ကထံ-လျှင်၊) ပဓာနံစ– ဘာ၀နာကို အားထုတ်ကြောင်း လုလ္လဝိရိယသည် လည်း၊ ပညာယတိ –ထင်ရှားသနည်း၊(ကထံ-လျှင်၊) ပယောဂံ-ဘာ၀နာကို အားထုတ်မှု ပယောဂကိုလည်း၊ သာဓေတိ - ပြီးစီးစေနိုင်သနည်း၊ (ကထံ- လျှင်၊) ဝိသေသံစ–လောကီ လောကုတ္တရာ တရားထူးကိုလည်း၊ အဓိဂစ္ဆတိ- ရနိုင်သနည်း၊ သေယျထာပိ-ကား၊ ရုက္ခော–သစ်တုံးသည်၊ ၀ါ–ကို၊ သမေ– ညီညွတ်သော၊ ဘူမိဘာဂေ – မြေ အဘို့၌၊ နိက္ခိတ္တော – ချထား အပ်သည်၊ (အဿ– ဖြစ်ရာ၏၊)[ပရိကပ္ပစကားဖြစ်၍ “ အဿ ”ဟု ထည့်ပေးသည်၊ မြေမညီလျှင် သစ်သားက လှုပ်သောကြောင့် ဖြတ်လို့ မလွယ်၊ ထိုသို့ မလွယ် လျှင် လွှ၏သွားပုံလည်း မသိသာ မထင်ရှား၊ ထို့ကြောင့် သမဘူမိ၌ ထားရ သည်။]တမေနံ-ထိုသစ်တုံးကို၊ ပုရိသော - သည်၊ ကကစေန–လွှကလေးဖြင့်၊ [တယောက်ဆွဲ လွှကလေးဖြင့်။] ဆိန္ဒေယျ - ဖြတ်ရာ၏၊ ရုက္ခေ–၌၊ ဖုဋ္ဌကကစ ဒန္တာနံ - ထိအပ်သော လွှသွားတို့၏၊ ၀သေန – ဖြင့်၊ ပုရိသဿ – ၏၊ သတိ- သည်၊ ဥပဋ္ဌိတာ – ကပ်၍ တည်သည်၊ ဟောတိ – ၏၊ အာဂတေ၀ါ - မိမိ

လည်း “ အနာရမဏာမေကစိတ္တဿ ” ဟုပင် ရှိရမည်၊ “နိမိတ္တ အဿာသ ပဿာသ ၃ မျိုးလုံးကို စိတ်တခုထည်းက တပြိုင်နက် အာရုံမပြုနိုင်သည်မှာ အမှန်ပင် ဖြစ်သည်” ဟု ဝန်ခံ၍ဖြေသော စကားဖြစ်သည်။]

ကထံ၊ပေ၊မဓိဂစ္ဆတိ ။ ။ ကထံသည် ဖြေလို၍ မိမိဘာသာမေးသော ကထေတု ကမျတာပုစ္ဆာတည်း၊ နစိမေ-စသော နောက်၀ါကျများသို့လည်း လိုက်စေ၊ ပဓာနဥ္စ– ဘာ၀နာယ နိပ္ဖါဒကံ ဝီရိယဥ္စ ကထံ ပညာယတိ၊ နီ၀ရဏာနံ ဝိက္ခမ္ဘကံ သမ္မဒေ၀ သမာဓာနာ၀ဟံ-နီ၀ရဏာကိုခွါလျက် ကောင်းစွာသမာဓိကို ဆောင်နိုင်သော၊ ဘာ၀နာ နုယောဂသင်္ခါတံ ပယောဂဥ္စယောဂီ ကထံ သာဓေတိ၊ ဥပရူပရိ လောကိယ လောကုတ္တ ရဥ္စ ဝိသေသံ ကထံ အဓိဂစ္ဆတိ။

www.dhammaransi.com

ဘက်သို့လာသည်လည်းဖြစ်ကုန်သော၊ ဂတေဝါ-ဟိုဘက်သို့သွားသည်လည်း ဖြစ်ကုန်သော၊ ကကစဒန္တေ - တို့ကို၊ န မနသိကရောတိ - နှလုံး မသွင်း၊ စ- ထိုသို့ပင် နှလုံးမသွင်းပါသော်လည်း၊ [ဋီကာ၌ "နစ" ဟု (စ) ပါသည်။] အာဂတာဝါ-န်သော၊ ဂတာဝါ-ကုန်သော၊ ကကစဒန္တာ-တို့သည်၊ အဝိဒိ တာ-န်သည်၊ ဝါ-န်သည်၊ န ဟောန္တိ- မဖြစ်ကုန်၊ [နှလုံးမသွင်းသော်လည်း သိသာ ထင်ရှားသည် - ဟူလို။] ပဓာနဥ္စ-သစ်တုံးဖြတ်ကြောင်း လုံ့လဝီရိယ သည်လည်း၊ ပညာယတိ-၏၊ ပယောဂဥ္စ- သစ်တုံးဖြတ်မှု ကာယပယောဂကို လည်း၊ သာဓေတိ၊ (ဝိသေသံ– သစ်သား ၂ ခု၏ ပြတ်ခြင်းဟူသော အကျိုး ထူးကို၊ အဓိဂစ္ဆတိ၊) [ပဋိသမ္ဘိဒါမဂ်ပါဠိတော်ရင်း၌"ဝိသေသမဓိဂစ္ဆတိ" မပါ၊ ထည့်၍ အနက်ပေးဘို့ရန် အဋ္ဌကထာက ထည့်ထားသည်။]

သမေ-သော၊ ဘူမိဘာဂေ-၌၊ နိက္ခိတ္တော–သော၊ ရုက္ခော-ကို၊(ဒဋ္ဌဗ္ဗော) ယထာ– သကဲ့သို့၊ ဧဝံ-တူ၊ ဥပနိဗန္ဓနနိမိတ္တံ - စိတ်ကို အာရုံ၌ကပ်၍ ဖွဲ့ချည် ကြောင်း သတိ၏ အဿာသ ပဿာသတို့ကို မှတ်သားကြောင်း ဖြစ်သော နှာခေါင်းဖျား အထက်နှုတ်ခမ်းဖျားဟူသောအရပ်ကို၊(ဒဋ္ဌဗ္ဗံ)၊ကကစဒန္တာ- တို့ကို၊(ဒဋ္ဌဗ္ဗာ)ယထာ-ကုန်သကဲ့သို့၊ ဧဝံ-တူ၊ အဿာသ ပဿာသာ- တို့ကို၊ (ဒဋ္ဌဗ္ဗာ-န်၏၊) ရုက္ခေ–၌၊ ဖုဋ္ဌကကစဒန္တာနံ–တို့၏၊ ဝသေန-ဖြင့်၊ ပုရိသဿ- ၏၊ သတိ–သည်၊ ဥပဋ္ဌိတာ-သည်၊ ဟောတိ ယထာ- ဖြစ်သကဲ့သို့ရင်း၊ အာဂ တေဝါ-န်သော၊ ဂတေဝါ–န်သော၊ ကကစဒန္တေ-တို့ကို၊ န မနသိကရောတိ (ယထာ)– ၄င်း၊ စ - ထိုသို့ပင် နှလုံး မသွင်းပါသော်လည်း၊ အာဂတာဝါ- န်သော၊ ဂတာဝါ - န်သော၊ ကကစဒန္တာ - တို့သည်၊ အဝိဒိတာ - န်သည်၊ ဝါ - န်သည်၊ န ဟောန္တိ (ယထာ) - မဖြစ်ကုန်သကဲ့သို့ရင်း၊ ပဓာနဥ္စ- သည်လည်း၊ ပညာယတိ (ယထာ) – ထင်ရှားသကဲ့သို့ရင်း၊ ပယောဂဥ္စ- ကိုလည်း၊ သာဓေတိ (ယထာ) - ပြီးစေသကဲ့သို့ရင်း၊ (ဝိသေသံ - သစ်သား ၂ ခြမ်း၏ကွဲခြင်းဟူသော အကျိုးထူးကို၊ အဓိဂစ္ဆတိ (ယထာ)–ကဲ့သို့ရင်း၊) ဧဝမေဝ- လျှင်၊ ဘိက္ခု - သည်၊ နာသိကဂ္ဂေဝါ - သော်ရင်း၊ မုခနိမိတ္တေဝါ- သော်ရင်း၊ သတိံ - ကို၊ ဥပဋ္ဌပေတွာ – ဖြစ်စေ၍၊ နိသိန္နော – ထိုင်နေသည်၊ ဟောတိ၊ အာဂတေဝါ - ဝင်လာသည်လည်း ဖြစ်ကုန်သော၊ ဂတေဝါ - ထွက်သွားသည်လည်းဖြစ်ကုန်သော၊ အဿာသ ပဿာသေ-တို့ကို၊ န မနသိ

ဥပနိဗန္ဓနနိမိတ္တံ ။ ။ ဥပနိဗန္ဓတိ အာရမဏေ စိတ္တံ ဧတာယာတိ (သတိ) ဥပနိဗန္ဓနာနာမ၊ တဿာ (ထိုသတိ၏) အဿာသပဿာသာနံ သလ္လက္ခဏာဿ နိမိတ္တန္တိ ဥပနိဗန္ဓနနိမိတ္တံ=နာသိကဂ္ဂံ, မုခနိမိတ္တံဝါ။

www.dhammaransi.com

ကရောတိ၊ စ-ထိုသို့ပင်နှလုံးမသွင်းပါသော်လည်း၊ အာဂတာဝါ ဂတာဝါ, အဿာသပဿာသာ-တို့သည်၊ အဝိဒိတာ-န်သည်၊ ဝါ-န်သည်၊ နဟောန္တိ၊ ပဓာနဥ္စ-ဘာဝနာကိုအားထုတ်ကြောင်း လုံ့လသည်လည်း၊ ပညာယတိ-၏၊ ပယောဂဥ္စ- ဘာဝနာကို အားထုတ်မှု ပယောဂကိုလည်း၊ သာဓေတိ၊ ဝိသေသံ- လောကီ လောကုတ္တရာ အကျိုးထူးကိုလည်း၊ အဓိဂစ္ဆတိ-ရနိုင်၏။

ပဓာနန္တိ (ဧတ္ထ)-ပဓာနံဟူသော ဤစကားရပ်၌၊ ကတမံ- အဘယ်သည်၊ ပဓာနံ- ပဓာနမည်သနည်း၊ (ယေန- အကြင် ဝီရိယဖြင့်၊) အာရဒ္ဓဝီရိယဿ- အားထုတ်အပ်သော ဝီရိယရှိသောယောဂီရဟန်း၏၊ ကာယောပိ-သည်၎င်း၊ စိတ္တံပိ-သည်၎င်း၊ ကမ္မနိယံ- ကမ္မဋ္ဌာန်းအားထုတ်မှု၌ခံ့သည်၊ ဟောတိ၊ ဣဒံ- ဤ ဝီရိယသည်၊ ပဓာနံ - ပဓာနမည်၏၊ ကတမော - သည်၊ ပယောဂေါ- ပယောဂမည်သနည်း၊ (ယေန-အကြင် ကမ္မဋ္ဌာန်းအားထုတ်မှုဖြင့်၊) အာရဒ္ဓဝီရိယဿ-၏၊ ဝါ-သည်၊ ဥပက္ကိလေသာ-စိတ်ကို ညစ်နွမ်းစေတတ်သော နီဝရဏတို့ကို၊ ပဟီယန္တိ-ပယ်အပ်ကုန်၏၊ ဝိတက္ကာ-မိစ္ဆာဝိတက်တို့သည်၊ ဝါ-ဝိတက်ဝိစာရအစရှိသော အောက်အောက်ဈာန်အင်္ဂါတို့သည်၊ ဝူပသမန္တိ-ငြိမ်းကုန်၏၊ အယံ - ဤ ဈာန်ကိုရကြောင်း ကမ္မဋ္ဌာန်းအားထုတ် မှုသည်၊ ပယောဂေါ- မည်၏၊ ကတမော- သည်၊ ဝိသေသော - ဝိသေသမည်သနည်း၊ အာရဒ္ဓဝီရိယဿ-၏၊ ဝါ-သည်၊ သညောဇနာ-သံယောဇဉ်တို့ကို၊ ပဟီယန္တိ-

ဣဒံ ပဓာနံ။ ။ယေန ဝီရိယာရမ္ဘေန အာရဒ္ဓဝီရိယဿ ယောဂိနော ကာယောပိ စိတ္တမ္ပိ ကမ္မနိယံ ဘာဝနာကမ္မက္ခမံ ဘာဝနာကမ္မယောဂ္ဂံ ဟောတိ၊ ဣဒံ ဝီရိယံ ပဓာနံ၊ ဤသို့ "ယေန"ဟု ထည့်ပေးမှ ပြည့်စုံသည်၊ အဋ္ဌကထာ၌ကား "ယေန ဝီရိယာရမ္ဘေန"ဟု အကြောင်းကိုမပြဘဲ "ကမ္မနိယံ"ဟူသော အကျိုးကိုသာ ပြထားသောကြောင့် အဋ္ဌကထာ စကားကို " အကျိုးကမ္မနိယဖြင့် အကြောင်းဝီရိယကို ပြသော ဖလူပစာ စကား"ဟု မှတ်။

ဥပက္ကိလေသာ, ကိလေသာ။ ။ဝိက္ခမ္ဘနပဟာန် (ဈာန်)ဖြင့် ပယ်ခွါရမည့် နီဝရဏကိလေသာတို့ကို "ဥပက္ကိလေသ" ဟု ဆိုသည်၊ တတောဧဝ (ထို ဥပက္ကိလေသတို့ကို ပယ်ခွါခြင်းကြောင့်ပင်) ကာမဝိတက္ကာဒယော မိစ္ဆာဝိတက္ကာ ဥပသမံ ဂစ္ဆန္တိ၊ တနည်း—နီဝရဏတို့ကို ပယ်ခြင်းဖြင့် ပဌမဈာန်ရပုံကို ပြ၏၊ ဝိတက္ကဝူပသမဖြင့် ဒုတိယဈာန်ရပုံကိုပြ၏၊ ဥပလက္ခဏာ နိဒဿနနည်းအားဖြင့်ညွှန်ပြသော ထိုဝိတက္ကဝူပသမဖြင့် ဝိစာရာဒိဝူပသမကိုပါယူ၍ ဒုတိယဈာန် စသည်ရခြင်းကို ပြသည်။

အယံ ပယောဂေါ။ ။ဥပက္ကိလေသ ပယ်ခြင်းစသည်တို့သည် ပယောဂ၏အကျိုးတို့တည်း၊ ထို အကျိုးဖြင့် အကြောင်းဖြစ်သော ကမ္မဋ္ဌာန်း အားထုတ်မှုကို " အယံ ပယောဂေါ"ဟု ဆိုထားသည်၊ ဖလူပစာ စကားပင်တည်း၊ [အယံ ပယောဂေါတိ- အယံ ဈာနာဓိဂမဿ ဟေတုဘူတော ကမ္မဋ္ဌာနာနုယောဂေါ ပယောဂေါ။]

www.dhammaransi.com

မဂ်အစဉ်အားဖြင့် ပယ်အပ်ကုန်၏၊ အနုသယာ – အနုသယ ၇ ပါးတို့သည်၊ ဗျန္တီ ဟောန္တိ-ကင်းသောအဆုံးအပိုင်းအခြားရှိကုန်၏၊ အယံ-ဤသံယောဇဉ်တို့ကို ပယ်နိုင်ခြင်း,အနုသယတို့၏ကင်းခြင်းသည်၊ ဝိသေသော- မည်၏၊ [နိဂုံးကို ပြလို၍ "ဧဝံ" စသည်မိန့်။] ဧဝံ- လျှင်၊ တယော–နှ်သော ၊ပေ၊ ဝိသေသံ- လောကုတ္တရာ အကျိုးထူးကို၊ အဓိဂစ္ဆတိ။ [ဋီကာ၌ "ဝိသေသ မဓိဂစ္ဆတိ" ဝယ် ဝိသေသံအရကို လောကီ လောကုတ္တရာ ၂ မျိုးလုံး ဖွင့်ခဲ့၏၊ ဤ အဋ္ဌကထာ၌ကား "သညောဇနာ ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ" ဟု ဝိသေသံအရ လောကုတ္တရာတမျိုးကိုသာ ပြထားသည်။]

အာနာပါနဿတိ – အာနာပါနဿတိကို၊ ဝါ- သည်၊ ယထာ- အကြင် အခြင်းအရာအားဖြင့်၊ ဗုဒ္ဓေန-သည်၊ ဒေသိတာ-အပ်ပြီ၊ (တထာ-ထို ဘုရားဟောတော်မူအပ်တိုင်းသော အခြင်းအရာ အားဖြင့်၊ (ယဿ-အကြင် ယောဂီရဟန်းသည်၊ အနုပုဗ္ဗံ- ဒီဃရဿစသော အစဉ်အားဖြင့်၊ ပရိစိတာ-အဖန်ဖန် လေ့ကျက်အပ်ပြီ၊ သုဘာဝိတာ - ကောင်းစွာ ဖြစ်ပွားစေအပ်ပြီ၊ ပရိပုဏ္ဏာ- တဆဲ့ခြောက်ပါး ဝတ္ထုအားဖြင့် အလုံးစုံပြည့်စုံပြီ၊ သော–ထိုယောဂီရဟန်းသည်၊ အဗ္ဘာ–တိမ်တိုက်မှ၊ ဝါ- ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုး ငါးဝမှ၊ မုတ္တော - လွတ်သော၊ စန္ဒိမာဝ - ကြယ်များ သနင်း ရွှေလမင်း ကဲ့သို့၊ ဣမံ လောကံ–ခန္ဓာ အာယတန ဓာတ်အစုဖြစ်သော ဤကိုယ်ဟူသော လောကကို၊ ပဘာသေတိ - ပညာရောင်ဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းစေနိုင်၏၊

သံယောဇနာ အနုသယာ။ ။သံယောဇဉ် ၁၀ ပါးတို့ကို မဂ်ပယ်စဉ် အားဖြင့် ပယ်အပ်ကုန်၏၊ သံယောဇဉ်တို့ကို ပယ်နိုင်ခြင်းမှာလည်း အရင်းခံ အနုသယကိလေသာတို့က ချုပ်ခြင်းကြောင့် ဖြစ်၏၊ သံယောဇဉ်တို့ကို ပယ်ပြီးလျှင်လည်း အနုသယကိလေသာသည် အနည်းအကျဉ်းမျှ မဖြစ်တော့၊ ဤသို့သော အဓိပ္ပါယ်ကို ပြခြင်းငှါ "သံယောဇနာ ပဟီယန္တိ, အနုသယာ ဗျန္တီ ဟောန္တိ"ဟု မိန့်သည်၊ [ဝိ + အန္တမှ "ဗျန္တ" ဖြစ်၍ "ဝိဂတော + အန္တော ယေသံတိ ဗျန္တာ" ဟု ပြု၍ , ဝီပစ္စည်းသက်၍ (တနည်း–ဤပစ္စည်းသက်၍) "ဗျန္တီ"ဟု ဖြစ်ရသည်။]

အယံ ဝိသေသော။ ။ဣမံ သမာဓိံ နိဿာယ အနုက္ကမေန လဗ္ဘမာနော အယံ သံယောဇနပ္ပဟာနာဒိကော ဣမဿ သမာဓိဿ ဝိသေသော။

ဂါထာယောဇနာပုံ။ ။အာနာပါနဿတိ ယထာ ဗုဒ္ဓေန ဒေသိတာ၊ တထာ ယေန ဒီဃရဿပဇာနနာဒိဝိဓိနာ အနုပုဗ္ဗံ ပရိစိတာ သုဋ္ဌု ဘာဝိတာ၊ တတောဧဝ ပရိပုဏ္ဏာ သောဠသန္နံ ဝတ္ထူနံ (ဒီဃရဿမှ စ၍ ပဋိနိဿဂ္ဂါနုပဿနာ တိုင်အောင် ပါဠိတော်လာသည့်အတိုင်း ၁၆ ပါးသော ဝတ္ထုတို့၏) ပါရိပူရိယာ သဗ္ဗသော ပုဏ္ဏာ၊ သော ဘိက္ခု ဣမံ အတ္တနော ခန္ဓာဒိလောကံ ပညောဘာသေန ပဘာသေတိ၊ ယထာ

www.dhammaransi.com

ဧတိအယံ - ဤဆိုအပ်ပြီးကား၊ ကကစောပမာ- တည်း၊ ပန-ဆက်၊ ဧဝံ-ဤ ကကစောပမာ၌၊ အသ - ထို ယောဂီရဟန်း၏၊ အာဂတဂတဝသေန - လာသော ဝင်သက်, သွားသောထွက်သက်တို့၏ အစွမ်းဖြင့်၊ အမနသိကာရ မတ္တမေဝ – နှလုံးမသွင်းခြင်းမျှ သည်သာလျှင်၊ ပယောဇနံ - အကျိုးတည်း၊ တနည်း– ဧဝ - ဤအရာ၌၊ အသ- ထို ဥပမာဖြစ်သောလွှကို၊ အာဂတဂတ ဝသေန-ဖြင့်၊အမနသိကာရမတ္တမေဝ-သာလျှင်၊ ပယောဇနံ-ဆောင်ယူခြင်း၏ အကျိုးတည်း၊ ဣတိ- သို့၊ ဝေဒိတဗ္ဗံ။

ဣဒံ ကမ္မဋ္ဌာနံ–ဤ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို၊ မနသိကရောတော- နှလုံးသွင်းသော၊ ကဿစိ – အချို့သော ယောဂီရဟန်း၏၊ န စိရေနေဝ- မကြာမြင့်မီ ပင်လျှင်၊ နိမိတ္တဉ္စ – ပဋိဘာဂနိမိတ်သည်လည်း၊ ဥပ္ပဇ္ဇတိ – ၏၊ အဝသေသဈာနင် ပဋိမဏ္ဍိတာ-ကြွင်းသော ဈာန်အင်္ဂါတို့ဖြင့် တန်ဆာဆင် အပ်သော၊ အပ္ပနာသင်္ခါတာ-သော၊ ထပနာစ- ဈာန်သည်လည်း၊ သမ္ပဇ္ဇတိ- ပြီးစီး၏၊ ပန – ဆက်၊ ကဿစိ – အချို့သော ယောဂီရဟန်း၏၊ ဂဏနာ ဝသေနေဝ–ဂဏနာနည်း၏အစွမ်းဖြင့်သာလျှင်၊ မနသိကာရကာလတော- နှလုံးသွင်းရာအခါမှ၊ ပဘုတိ-၍၊ အနုက္ကမတော- အစဉ်အားဖြင့်၊ ဩဠာရိက အဿာသပဿာသနိရောဓဝသေန-ကြမ်းသော အဿာသပဿာသ တို့၏

က်ိ၊ အဋ္ဌာဒိဉပက္ကိလေသဝိမုတ္တော စန္ဒိမာဝိယ၊ "အဋ္ဌာဒိ"ဟု ဆိုလိုလျက် အာဒိ ကြေသည်၊ ထို အာဒိဖြင့် ဆီးနှင်း, မြူ, ရာဟု, မီးခိုးတို့ကို ယူ။ [ပဘာသေတိ – ဟု ဋီကာရှိသောကြောင့် အဋ္ဌကထာ၌ "သော·မံ လောကံ ပဘာသေတိ"ဟု ရှိစေ။]

ဧဝ၊ပေ၊ပယောဇနံ။ ။ဧဝမေတိ ကကစောပမာယ၊ အဿာတိ ယောဂိနော၊ ဧဝမေတိ ဝါ ဧမသ္မိံ ဋ္ဌာနေ၊ အဿာတိ ဥပမာဘူတဿ ကကစဿ၊အဂတ ဂတဝသေန အမနသိကာရ မတ္တမေဝ အာနယနပယောဇနံ။

န စိရေနေဝ နိမိတ္တံ ။ ။ ရှေးရှေး ဘဝတို့၌ ဤ ကမ္မဋ္ဌာန်းကို အားထုတ်ခဲ့ဘူးသူ အတွက် "မကြာမီ"ဟု ဆိုသည်၊ ထိုသို့ အားမထုတ်ခဲ့ဘူးသူမှာကား အတော်ကြာကြာ ကြိုးစားမှသာ ပဋိဘာဂနိမိတ် ထင်လာနိုင်သည်။ [န စိရေနေဝါတိ ဧဒံ ကတာဓိကာရံ သန္ဓာယ ဝုတ္တံ၊ နိမိတ္တန္တိ ပဋိဘာဂနိမိတ္တံ]။

အဝသေသဈာနင် ပဋိမဏ္ဍိတာ။ ။အပ္ပနာဟူသောအမည်သည် ဝိတက်၏အမည် တည်း၊ထို့ကြောင့် ဝိတက်မှကြွင်းသော ဈာန်အင်္ဂါကို"အဝသေသဈာနင်"ဟု ဆိုသည်၊ တနည်း–ဝိတက်ကို အကြောင်းပြု၍ ဈာန် (စိတ် စေတသိက်) အားလုံးကို"အပ္ပနာ" ဟု ခေါ်၏၊ ဈာန်တွင် သမာဓိသည် ပဓာနဖြစ်၏၊ ထို့ကြောင့် သမာဓိ (ဧကဂ္ဂတာ) ဈာန်အင်္ဂါမှ ကြွင်းသော ဈာန်အင်္ဂါများကို "အဝသေသဈာနင်"ဟု ဆိုသည်။

www.dhammaransi.com

ချုပ်ခြင်း၏ အစွမ်းဖြင့်၊ ကာယဒရထေ - ကိုယ်၏ ပူလောင်ခြင်းသည်၊ ဝူပသန္တေ-ငြိမ်းလေသော်၊ ကာယောပိ-သည်ရင်း၊ စိတ္တမ္ပိ-သည်ရင်း၊ လဟုကံ-ပေါ့ပါးသည်၊ ဟောတိ၊ သရီရံ- ကိုယ်သည်၊ အာကာသေ- ကောင်းကင်၌၊ လင်္ဃနာကာရပ္ပတ္တံဝိယ-ခုန်လွှားခြင်းဟူသော အခြင်းအရာသို့ရောက်သကဲ့သို့၊ ဟောတိ။

သာရဒ္ဓကာယဿ – ကိလေသာအပူတို့နှင့် တကွဖြစ်သော ကိုယ်ရှိသည်ဖြစ်၍၊ မဒ္ဓေဝါ-၌သော်ရင်း၊ ပိဋ္ဌေဝါ-၌သော်ရင်း၊ နိသီဒတော-ထိုင်လသော်၊ မဥ္စပီဌံ - သည်၊ သြနမတိ ယထာ - အောက်သို့ ညွတ်သကဲ့သို့ရင်း၊ ဝိကူဇတိ (ယထာ)-ကြွိကနဲ အသံပြုသကဲ့သို့ရင်း၊ ပစ္စတ္ထရဏံ-အိပ်ရာခင်းသည်၊ ဝလိံ-အတွန့်ကို၊ ဂဏှာတိ(ယထာ)-ယူသကဲ့သို့ရင်း၊ ပန-အနွယကား၊ အသာရဒ္ဓကာယဿ- ကိလေသာအပူတို့နှင့်တကွ မဖြစ်သော ကိုယ်ရှိသည်ဖြစ်၍၊ နိသီဒတော–သော်၊ မဥ္စပီဌံ–သည်၊ နေဝ သြနမတိ (ယထာ)–သို့ရင်း၊ နဝိကူဇတိ (ယထာ)- သို့ရင်း၊ ပစ္စတ္ထရဏံ - သည်၊ ဝလိံ - ကို၊ န ဂဏှာတိ (ယထာ)–သို့ရင်း၊ တူလပိစုပူရိတံဝိယ - လဲ ဝါဂွမ်းတို့ဖြင့် ပြည့်သကဲ့သို့၊ မဥ္စပီဌံ- သည်၊ ဟောတိ (ယထာ)-သို့ရင်း၊ ကသ္မာ-နည်း၊ ယသ္မာ-ကြောင့်၊ အသာရဒ္ဓေါ-

ကာယောပိ စိတ္တမ္ပိ လဟုကံ ။ ။ ကိလေသာ အပူငြိမ်းလျှင် စိတ်သည်မြေ၏၊ စိတ်၌ လဟုတာ မုဒုတာကမ္မညတာ စေတသိက်များယှဉ်၏၊ စိတ်ကြောင့်ဖြစ်သောစိတ္တဇရုပ်များလည်း လဟု မုဒု ကမ္မည ဖြစ်ကြ၏၊ စိတ္တမ္ပိဖြင့် စိတ္တဇရုပ်ကိုလည်း ယူပါ၊ စိတ္တဇရုပ်နှင့် တချိန်ထည်းဖြစ်ရသော ကမ္မဇ စိတ္တဇ ဥတုဇရုပ် အစဉ်လည်း လဟု မုဒု ကမ္မည ဖြစ်၏၊ "ကာယောပိ" ၌ ကာယဟူသည် ထို ကမ္မဇစသော တိသန္တတိ ရုပ်တည်း၊ [ယော သေသတိသန္တတိရူပါနံ ပိ (စိတ္တဇမှ ကြွင်းသော ၃ မျိုးသော ရုပ် အစဉ်တို့၏လည်း) လဟုအာဒိဘာဝေါ၊ သော ဣဓ ကာယဿ လဟုဘာဝေါတိ အဓိပ္ပာယော၊ ထို ကာယလဟုတာ စသည်လည်း အရင်းခံစိတ်နှင့် မကင်းသောကြောင့်"ကာယောပိ စိတ္တမ္ပိ လဟုကံဟောတိ" ဟု စိတ်ကိုလည်းထည့်၍ ဆိုအပ်သည်၊ သရီရံ အာကာသေ လင်္ဃနာကာရပ္ပတ္တံ ဝိယ " နှင့်စပ်၍ ဆိုအပ်သော စကားရပ်ဖြစ်သောကြောင့် ကာယလဟုတာဖြစ်ပုံကိုသာ ပြလိုရင်းဖြစ်သည်–ဟူလို။

သြနမတိ၊ပေ၊ဂဏှာတိ။ ။သြနမတိ ပဋိကာဒီနံ ပလမ္ဗနေန-သားမွေးအခင်းဖြူ စသည်တို့၏ လျှော၍တွဲကျခြင်းအားဖြင့် အောက်သို့ညွတ်၏၊ ဝိကူဇတိ သန္ဓိ ကရောတိ (....) သန္ဓိဋ္ဌာနေသု–ညောင်စောင်း၏ ကြိမ်နွယ်စသည်ဖြင့် ဖွဲ့ချည်အပ်သော အဆက်အစပ်တို့၌ အသံမည်၏၊ [သန္ဓိဋ္ဌာနေသု၏ရှေ့၌ ဝိသုဒ္ဓိမဂ်မဟာဋီကာ ဝယ် ပျက်နေသောပါဌ်ရှိသေး၏၊] ဝလိံ ဂဏှာတိ တတ္ထ တတ္ထ ဝလိနံ ဟောတိ – အိပ်ရာခင်း၏ ထိုထိုအရပ်၌ အတွန့်အတွန့်ဖြစ်၏။

www.dhammaransi.com

ကိလေသာအပူတို့နှင့်တကွမဖြစ်သော၊ ကာယော-သည်၊ လဟုကော-ပေါ့ပါးသည်၊ ဟောတိ-၏၊(တသ္မာ-တည်း၊) [အသာရဒ္ဓကာယ ဟူသောအကြောင်းကြောင့် ''နေဝ မဋ္ဌပိဋ္ဌံ ဩနမတိ'' စသော အကျိုးများဖြစ်ကြသည်- ဟူလို။] ဝေမေဝ - လျှင်၊ ဂဏနာဝသေန - ဖြင့်၊ပေ၊ လဃ်နာကာရပ္ပတ္တံဝိယ - သို့၊ ဟောတိ-၏။

တဿ - ထို ယောဂီရဟန်း၏၊ ဩဠာရိကေ- သော၊ အဿာသ ပဿာသေ-သည်၊ နိရုဒ္ဓေ- ငြိးလသော်၊ သုခုမအဿာသ ပဿာသ နိမိတ္တာရမဏံ- သိမ်မွေ့သော အဿာသ ပဿာသနိမိတ်လျှင် အာရုံရှိသော၊ စိတ္တံ – သည်၊ ပဝတ္တတိ– ၏၊ တသ္မိံ ပိ– ထို သိမ်မွေ့သော အဿာသ ပဿာသနိမိတ်လျှင် အာရုံရှိသော စိတ်သည်လည်း၊ နိရုဒ္ဓေ – သော်၊ အပရာပရံ – အဆင့်ဆင့်၊ တတော– ထိုစိတ်ထက်၊ သုခုမတရသုခုမတရ နိမိတ္တာရမဏံ – သာ၍သိမ်မွေ့ သာ၍သိမ်မွေ့သော နိမိတ်လျှင်အာရုံရှိသော၊ (စိတ္တံ)၊ ပဝတ္တတိယေဝ-ဖြစ်မြဲဖြစ်သည်သာ၊ ကထံ– အဘယ်သို့ဖြစ်သနည်း၊ ပုရိသော- သည်၊ မဟတိယာ- ကြီးစွာသော၊ လောဟသလာကာယ-သံချောင်းဖြင့်၊ ကံသတာဠံ-ကြေးခွက်ကြီးကို၊ အာကောဋေယျယထာ-ခေါက်ရာသကဲ့သို့ ကေပ္ပဟာရေန-တပြိုင်နက်ထည်းဖြင့်၊ မဟာသဒ္ဒေါ-သည်၊ ဥပ္ပဇ္ဇေယျယထာ-သို့၊ တဿ-ထိုယောကျ်ား၏၊ ဩဠာရိကသဒ္ဒါရမဏံ–ကြမ်းသောအသံလျှင် အာရုံရှိသော၊ စိတ္တံ-သည်၊ ပဝတ္တေယျယထာ၊ ဩဠာရိကေ– သော၊ သဒ္ဒေ-သည်၊ နိရုဒ္ဓေ-သော်၊ အထ ပစ္ဆာ-ထိုမှနောင်၌၊ သုခုမသဒ္ဒ နိမိတ္တာရမဏံ - သိမ်မွေ့သော သဒ္ဒနိမိတ်လျှင် အာရုံရှိသော၊ (စိတ္တံ-သည်၊ ပဝတ္တေယျယထာ၊) တသ္မိံပိ-ထိုစိတ်သည်လည်း၊

ယသ္မာ၊ပေ၊ လဟုကောဟောတိ။ ။ဋီကာတို့၌ '' ယသ္မာ သာရဒ္ဓကာယော ဂရုကော ဟောတီတိ''ဟု ဗျတိရေက (ပြောင်းပြန်) ပါဌ်ရှိ၏၊ ထိုသို့ ရှိသောကြောင့် ''ကာယဒရထဂူပသမေန သဒ္ဓိံ သိဇ္ဈမာနော ဩဠာရိကအဿာသပဿာသနိရောဓော ဗျတိရေကမုခေန တဿ သာဓနံဝိယ ဝုတ္တော''ဟု ဖွင့်သည်၊ ဆိုလိုရင်းကား–''အသာရဒ္ဓကာယဿ-စသော အနွယကို ဗျတိရေကအားဖြင့် အကြောင်းပြသည်–ဟူလို၊ ယခုစာအုပ်များ၌ကား''ယသ္မာ အသာရဒ္ဓေါ ကာယော လဟုကော ဟောတိ''ဟု ရှိသောကြောင့် ရှေ့အနွယဖလဝါကျကိုပင် အနွယဟေတု ဝါကျဖြင့်အကြောင်းပြသောကြောင့် ယခုရှိသောပါဌ်သည် သာ၍ ရှင်း၏။

ဩဠာရိကေ၊ပေ၊နိရုဒ္ဓေ။ ။''ထွက်လေဝင်လေတို့ အလွန်သိမ်မွေ့သွားသော အခါ ဖြစ်မှ ဖြစ်လေသေးရဲ့လား ဟု စဉ်းစားရသော အခြင်းအရာသို့ ရောက်၏'' ဟု အောက်၌ ဆိုခဲ့၏၊ ထိုစကားအတိုင်း စဉ်းစားရပုံကိုပြလို၍ ဩဠာရိကေ-စသောစကားကို မိန့်သည်။

www.dhammaransi.com

ပေ၊ပဝတ္တတေ၀ ယထာ - ဖြစ်မြဲသာလျှင် ဖြစ်သကဲ့သို့၊ ဧဝံ- ဤအတူတည်း၊ ဣတိ-သို့၊ ဝေဒိတဗ္ဗံ-၏၊ စ-သာ၍ကား၊ သေယျထာပိ ကံသေ အာကောဋိ တေတိ-ဟူသော၊ ဇာတံ(သုတ္တံ)-ဤပါဠိကို၊ (မမ္မသေနာပတိနာပိ) ဝုတ္တံ-ပြီ၊ (ဣတိ-ဤသို့အစရှိသော၊) ဝိတ္ထာရော-ကို၊ (ဝေဒိတဗ္ဗော-၏။)[ဣတိတလုံး အကြေကြံပါ။]

ဟိ-ထင်ရှားအောင်ပြဦးအံ့၊ အညာနိ-ကုန်သော၊ ကမ္မဋ္ဌာနာနိ-တို့သည်၊ ဥပရူပရိ-အထက်အထက်၌၊ ဝိဘူတာနိ-ထင်ရှားကုန်သည်၊ ဟောန္တိ ယထာ၊ တထာ- ထို့အတူ၊ ဣဒံ- ဤ အာနာပါနဿတိကမ္မဋ္ဌာန်းသည်၊ (ဥပရူပရိ ဝိဘူတံ)န(ဟောတိ)၊ ပန-စင်စစ်ကား၊ ဣဒံ-ဤအာနာပါနဿတိကမ္မဋ္ဌာန်းသည်၊ ဥပရူပရိ- ၌၊ ဘာဝေန္တဿ ဘာဝေန္တဿ- ပွားစေစဉ် ပွားစေစဉ်၊ သုခုမတ္တံ-သို့၊ ဂစ္ဆတိ-ရောက်၏၊ ဥပဋ္ဌာနမ္ပိ-ထင်ခြင်းသို့လည်း၊ န ဥပဂစ္ဆတိ-မကပ်ရောက်၊ ပန – ဆက်၊ ဧဝံ- သို့၊ တသ္မိံ--ထိုအာရုံသည်၊ အနုပဋ္ဌဟန္တေ-မထင်လသော်၊ တေန ဘိက္ခုနာ-သည်၊ အာသနာ-မှ၊ ဝုဋ္ဌာယ-၍၊ စမ္မခဏ္ဍံ-ကို၊ပပ္ဖောဋေတွာ-ခါ၍၊ န ဂန္တဗ္ဗံ-မသွားရာ၊ ကိံ-အဘယ်ကို၊ ကာတဗ္ဗံ-ပြုရပါမည်နည်း၊ [ဤ ကိံ ကာတဗ္ဗံဟူသောပါဌ်ဖြင့် ယောဂီချဟန်း၏"ဘာလုပ်ရပါ့မလဲ"ဟု စဉ်းစားပုံကိုပြသည်။] အာစရိယံ-ကမ္မဋ္ဌာန်းဆရာကို၊ ပုစ္ဆိဿာမိ-အံ့၊ ဣတိဝါ-ဤသို့ ကြံ၍သော်၎င်း၊ ဒါနိ-၌၊ မေ-၏၊ ကမ္မဋ္ဌာနံ-သည်၊ နဋ္ဌံ-ပျောက်သွားပြီ၊ ဣတိဝါ-၎င်း၊ န ဝုဋ္ဌာတဗ္ဗံ-နေရာမှမထရာ၊ ဟိ-နေရာမှ ထခြင်း၏ အပြစ်ကား၊ တနည်း-ဟိ (ယသ္မာ)၊ ဣရိယာပထံ-ဣရိယာပုထ်ကို၊ ဝိကောပေတွာ-ဖျက်၍၊ ဂစ္ဆတော-သွားသောယောဂီ၏၊ ကမ္မဋ္ဌာနံ-သည်၊ နဝ နဝ မေဝ- အသစ် အသစ်သည်သာလျှင်၊ ဟောတိ၊ ["တသ္မာ – ကြောင့်၊ နဝုဋ္ဌာ တဗ္ဗံ-ရာ"ဟု အဝိုဝါကျထည့်၊]တသ္မာ-ကြောင့်၊ (ထိုသို့ နေရာမှထ၍ မသွားထိုက်သည်၏အဖြစ်ကြောင့်၊) ယထာနိသိန္နေနေဝ – ထိုင်မြဲတိုင်းဖြင့်သာလျှင်၊ ဒေသတော - အရပ်အားဖြင့်၊ အာဟရိတဗ္ဗံ- ဆောင်ယူရာ၏၊ [ရှေးက မိမိမှာ ထင်လာဘူးသော နှာခေါင်းဖျား , သို့မဟုတ် အထက် နှုတ်ခမ်းဖျား အရပ် အားဖြင့် ထွက်သက်ဝင်သက်ပေါ်အောင် စိတ်ဖြင့် ဆောင်ယူရမည်- ဟူလို။]

တတြ-ထို ဒေသတော အာဟရိတဗ္ဗံဟူသော စကားရပ်၌၊ အယံ- ကား၊ အာဟရဏူပါယော – ဆောင်ယူခြင်း၏အကြောင်းဟတည်း၊ ဝါ- ဆောင်ယူပုံနည်းလမ်းတည်း၊ ဟိ–ချဲ့၊ တေန ဘိက္ခုနာ-သည်၊ ကမ္မဋ္ဌာနဿ-ကမ္မဋ္ဌာန်းအာရုံ၏၊ အနုပဋ္ဌဟနဘာဝံ-မထင်ရှားသည်၏အဖြစ်ကို၊ ဉတွာ, ဣတိ-သို့၊ ပဋိသဉ္စိက္ခိတဗ္ဗံ - စဉ်းစား ဆင်ခြင်ရာ၏၊ (ကိံ)၊ ဣမေ အဿာသပဿာသာ

www.dhammaransi.com

နာမ-၌ ထွက်သက်ဝင်သက်တို့မည်သည်၊ ကတ္ထ– အဘယ်ဘုံဌာန၌၊ အတ္ထိ–ရှိကုန်သနည်း၊ ကတ္ထ-၌၊ နတ္ထိ-န်သနည်း၊ ကဿဝါ-အဘယ်ပုဂ္ဂိုလ်၏သန္တာန်၌မူလည်း၊ အတ္ထိ၊ ကဿဝါ-မူလည်း၊ နတ္ထိ- န်သနည်း၊ ဣတိ-သို့၊ (ပဋိသဉ္စိက္ခိတဗ္ဗံ-ရာ၏၊) အထ-ထိုအခါ၌၊ ဧဝံ-သို့၊ ပဋိသဉ္စိက္ခတာ- စူးစမ်းဆင်ခြင်သော ယောဂီရဟန်းသည်၊ [ပဋိစောဒေတဗ္ဗော၌စပ်။]ဣမေ-၌ ထွက်သက် ဝင်သက်တို့သည်၊ အန္တော မာတုကုစ္ဆိယံ-အမိဝမ်းတွင်း၌၊ နတ္ထိ-န်၊ ဥဒကေ-၌၊ နိမုဂ္ဂါနံ-နစ်မြုပ်နေသူ ငုပ်နေသူတို့၏သန္တာန်၌၊ နတ္ထိ၊ တထာ-တူ၊အသညီဘူတာနံ-သညာမရှိသည်ဖြစ်၍ ဖြစ်ကုန်သူတို့၏သန္တာန်၌၎င်း၊ (မိန်းမောတွေဝေနေသူတို့၏ သန္တာန်၌၎င်း၊) မတာနံ – သေသူတို့၏ သန္တာန်၌၎င်း၊ စတုတ္ထဇ္ဈာနသမာပန္နာနံ – စတုတ္ထဈာန်ကို ဝင်စားကုန်သူတို့၏ သန္တာန်၌၎င်း၊ ရူပါရူပဘဝသမင်္ဂီနံ– ရူပဘဝ အရူပဘဝနှင့် ပြည့်စုံသူတို့၏ သန္တာန်၌၎င်း၊ နိရောဓသမာပန္နာနံ – နိရောဓသမာပတ်ကို ဝင်စားသူတို့၏ သန္တာန်၌၎င်း၊ နတ္ထိ– န်၊ ဣတိ – ဤသို့၊ ဉတ္វာ - သိပြီး၍၊ ဧဝံ – သို့၊ အတ္တနာဝ – ကိုယ်တိုင်သာလျှင်၊ အတ္တာ-မိမိကို၊ ပဋိစောဒေတဗ္ဗော-ပြန်၍ စောဒနာထိုက်၏၊ (ကိံ)၊ ပဏ္ဍိတ-သုခမိန်၊ တွံ–သည်၊ မာတုကုစ္ဆိဂတော-အမိဝမ်း၌ ရောက်နေသူသည်၊ နေဝ (အသိ) နနု–မဖြစ်သည်မဟုတ်လော၊ ဥဒကေ-၌၊ နိမုဂ္ဂေါ-နစ်မြုပ်သူသည်၊ ဝါ-ငုပ်နေသူသည်၊ န (အသိနနု)-လော၊ အသညီဘူတော–သည်၊ န (အသိနနု)၊ မတော-သည်၊ န(အသိနနု)၊ စတုတ္ထဇ္ဈာနသမာပန္နော-သည်၊ န(အသိ

အန္တော မာတုကုစ္ဆိယံစသည်။ ။"ကတ္ထနတ္ထိ, ကဿနတ္ထိ"ဟု စူးစမ်းအပ်သော အရပ်ဒေသနှင့်ပုဂ္ဂိုလ်ကို ပေါင်း၍ပြခြင်းငှါ အန္တော မာတုကုစ္ဆိယံ-စသည်ကိုမိန့်သည်၊ ရေ၌ ငုပ် – မြုပ် – နစ်နေသူတို့မှာ ပတ်ဝန်းကျင်ရေက ပိတ်ဆို့ထားသောကြောင့် ထွက်သက်ဝင်သက် မဖြစ်၊ အမိဝမ်း၌ အောင်းနိက်မှာလည်း ထို့အတူပင် သားအိမ်က လေကို ပိတ်ဆို့ထား၏၊ အဿာသ ပဿာသဟူသည် စိတ္တဇရုပ်တည်း၊ သေသူတို့မှာ စိတ်ပင်မရှိသောကြောင့် ထွက်သက် ဝင်သက်မဖြစ်။

အသညီဘူတစသည် ။ ။ အသညီဘူတဟူသည် ရောဂါဒဏ် သစ်ပင်မှကျခြင်းစသော ဒဏ်ကြောင့် မိန်းမော တွေဝေနေသူတည်း၊ ထိုအခါ၌ စိတ်ဖြစ်သော်လည်း အဿာသပဿာသကို ဖြစ်စေနိုင်လောက်အောင် စိတ်အားမရှိ၊ ထို့ကြောင့် အဿာသ ပဿာသ မဖြစ်၊ ["အသညီသု ဇာတာနံ"ဟု ဋီကာ၌ တနည်းဖွင့်သေး၏၊ သို့သော် အသညသတ်ဘုံ၌ ဖြစ်သူသည်"ရူပါရူပဘဝသမင်္ဂီနံ"တွင် ပါဝင်နိုင်သောကြောင့် ထိုအဖွင့်ကို စဉ်းစားသင့်သည်၊] နိရောဓသမာပတ် ဝင်စားသူတို့မှာလည်း စိတ်မဖြစ်၊ စတုတ္ထဈာန်ဝင်စားသူ ရူပါရူပဘဝ၌ ဖြစ်သူတို့မှာ စိတ်ရှိသော်လည်း ထုံးစံ ဓမ္မတာအားဖြင့် အဿာသပဿာသ မဖြစ်။

www.dhammaransi.com

နနု)၊ ရူပါရူပဘာဝသမင်္ဂီ-သည်၊ န (အသိနနု)၊ နိရောဓသမာပန္နော- သည်၊ န (အသိနနု)၊ တေ-၏၊ ဝါ- မှာ၊ အဿာသ ပဿာသာ- တို့သည်၊ အတ္တိ ယေဝ-ရှိကုန်သည်သာ၊[ပြခဲ့သော ၇ ဌာန၌ မပါဝင်ရကား ပါရှိသေသနည်း အားဖြင့် အဿာသပဿာသ ရှိရမည်-ဟူလို။] ပန-ထိုသို့ပင် ရှိပါကုန်သော် လည်း၊ မန္ဒပညတာယ- နုံသောပညာ ရှိသည်၏အဖြစ်ကြောင့်၊ ပရိဂ္ဂဟေတုံ- ၄ါ၊ န သက္ကောသိ-မစွမ်းနိုင်၊ ဣတိ-သို့၊ (ပဋိ စောဒေတဗ္ဗော-ထိုက်၏)။

အထ-စောဒနာပြီးရာထိုအခါ၌၊ အနေန-ဤ ယောဂီရဟန်းသည်၊ ပကတိ ဖုဋ္ဌဝသေနေဝ-ပင်ကိုယ်ထိအပ်သောအရပ်၏ အစွမ်းဖြင့်သာလျှင်၊(နှာခေါင်း ဖျား၌ဖြစ်စေ , အထက်နှုတ်ခမ်းဖျား၌ ဖြစ်စေ , နဂိုရိက ထိနေကျအရပ်၏ အစွမ်းဖြင့်သာလျှင်၊)စိတ္တံ-ကို၊ ထပေတ္ဗာ-၍၊ မနသိကာရော-နှလုံးသွင်းမှုကို၊ ပဝတ္တေတဗ္ဗော—ဖြစ်စေထိုက်၏၊ ဟိ-ချဲ့၊ (တနည်း) ဟိ(ယသ္မာ) ဣမေ-ဤ ထွက်သက် ဝင်သက်တို့သည်၊ ဒီဃနာသိကဿ- ရှည်သောနှာခေါင်းရှိသော ပုဂ္ဂိုလ်၏၊ နာသာပုဋံ-နှာခေါင်းဖုကို၊ (နှာခေါင်းဖျားအရပ်ကို၊) ဃဋ္ဋေန္တာ- ထိခိုက်ကုန်လျက်၊ ပဝတ္တန္တိ - နိ၏၊ ရဿ နာသိကဿ - တိုသောနှာခေါင်း ရှိသောပုဂ္ဂိုလ်၏၊ ဥတ္တရောဋ္ဌံ - အထက် နှုတ်ခမ်းဖျားအရပ်ကို၊ (ဃဋ္ဋေန္တာ ပဝတ္တန္တိ)၊ တသ္မာ, အနေန - ဤ ယောဂီရဟန်းသည်၊ ဣမံ နာမ ဌာနံ-ဤ မည်သောအရပ်ကို၊ ဃဋ္ဋေန္တိ - ထိခိုက်ကုန်၏၊ ဣတိ - သို့၊ နိမိတ္တံ - အမှတ် အသားကို၊ ပဋ္ဌပေတဗ္ဗံ-ဖြစ်စေထိုက်၏၊ ဟိ-မှန်၊ ဣမမေဝ-ဤ နိမိတ်ထင်စေပုံ အစီအစဉ်သာလျှင်ဖြစ်သော၊ အတ္ထဝသံ-အကျိုးဖြစ်ပေါ်လာခြင်း၏ အစွမ်း သတ္တိဖြစ်သော အကြောင်းကို၊ (သတိ သမ္ပဇညကို)၊ ပဋိစ္စ- ၍၊ ဘဂဝတာ- သည်၊ နာဟံ ဘိက္ခဝေ၊ပေ၊ဝဒါမိတိ-ဟူ၍၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ။[ဘိက္ခ

နိမိတ္တံ ပဋ္ဌပေတဗ္ဗံ။ ။ထိုဌာန၌ သတိ၏ လွယ်ကူစွာဖြစ်ခြင်းအကျိုး၄ါ၊ ထိရတခံ့ သညာဏ်—သာ၍ခိုင်မြဲသော အမှတ်သညာကို ဖြစ်စေရမည်၊ ထိရသညာပဒဋ္ဌာနာ ဟိ သတိ—သတိဟူသမျှ ထိရသညာအရင်းခံ ရှိသည်။

ဣမမေဝ ဟိ အတ္တဝသံ ။ ။ ဣမံ ဝေ အနုပဋ္ဌဟန္တဿ ကာယသင်္ခါရဿ ကမ္မာ ကုဋ္ဌာပန ဉာယေန (မြုပ်နေသောဆူးကို ထင်ပေါ်စေသော ဆူးထွင်နည်းဖြင့်) ဥပဋ္ဌာ ပနဝိဓိမေဝ၊ အတ္ထဝသန္တိ—ဟေတုံ၊ အတ္တောတိ- ဖလံ၊ သော ယဿ ဝသေန ပဝတ္တတိ၊ သော အတ္ထဝသောတိ = အတ္ထဟူသည် အကျိုးတည်း၊ ထို အကျိုးသည် အကြင် အကြောင်း၏အစွမ်းဖြင့် ဖြစ်၏၊ ထိုအကြောင်းသည် အတ္ထဝသမည်၏၊ [အတ္ထဿ— အကျိုး၏ + ဝသော — ဖြစ်ကြောင်း အစွမ်းသတ္တိတည်း၊ အတ္ထဝသော — အကျိုး၏ ဖြစ်ကြောင်းအစွမ်းသတ္တိ။]

www.dhammaransi.com

ဝေ-တို့၊ အဟံ-သည်၊ မုဋ္ဌဿတိဿ-ပျောက်ကင်းသောသတိရှိသော၊ အသမ္ပဇာနဿ – ကောင်းစွာ အပြားအားဖြင့် မသိသော ယောဂီပုဂ္ဂိုလ်အား၊ အာနာပါနဿတိဘာဝနံ-ကို၊ န ဝဒါမိ-ဟောတော်မမူ။]

ဟိ-ဆက်၊ ယံကိဉ္စိ-အမှတ်မရှိ အလုံးစုံသော၊ ကမ္မဋ္ဌာနံ-သည်၊ သတဿ-သတိရှိသော၊ သမ္ပဇာနဿဝ-ကောင်းစွာအပြားအားဖြင့် သိသောယောဂီပုဂ္ဂိုလ်၏သန္တာန်၌သာလျှင်၊ ကိဉ္စာပိ သမ္ပဇ္ဇတိ-အကယ်၍ကား ပြီးစီးနိုင်ပါပေ၏၊ ပန - ထိုသို့ပင် သတိသမ္ပဇည ရှိသူမှာသာ ပြီးစီးနိုင်ပါသော်လည်း၊ ဣတော-ဤအာနာပါနဿတိကမ္မဋ္ဌာန်းမှ၊ အညံ-အခြားသောကမ္မဋ္ဌာန်းကို၊ မနသိကရောန္တဿ-နှလုံးသွင်းသောပုဂ္ဂိုလ်၏ (စိတ်၌)၊ ပါကဋံ, ဟောတိ၊ ပန-ကား၊ ဣဒံ အာနာပါနဿတိကမ္မဋ္ဌာနံ-ကို၊ ဝါ-သည်၊ ဂရုကံ-ကြီးလေး၏၊ ဂရုကဘာဝနံ – ကြီးလေးသော ပွားစေရခြင်းရှိ၏၊ [လေးလေးပင်ပင် ဂရုတစိုက် ပွားစေရသည် – ဟူလို။] ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ဗုဒ္ဓပုတ္တာနံ – ဘုရား ပစ္စေကဗုဒ္ဓါ ဘုရားသားတော်ဖြစ်ကုန်သော၊ မဟာပုရိသာနမေဝ-မြတ်သော ယောကျာ်းတို့၏ သာလျှင်၊ မနသိကာရဘူမိဘူတံ – နှလုံးသွင်းရာ နယ်မြေ သဘွယ် ဖြစ်၍ဖြစ်၏၊ နစေဝ ဣတ္တရံ- သေးသေးသိမ်သိမ်လည်း မဟုတ်၊ နစ ဣတ္တရသတ္တသမာသေဝိတံ–သေးသိမ်သောသတ္တဝါတို့မှီဝဲအပ်သောကမ္မဋ္ဌာန်းလည်း မဟုတ်၊ ယထာယထာ– အကြင်အကြင် အခြင်းအရာအားဖြင့်၊ မနသိကရိယတိ–နှလုံးသွင်းအပ်၏၊ တထာ တထာ-ဖြင့်၊ သန္တဉ္စေဝ– ငြိမ်သက်သည်ငှင်း၊ သုခုမဉ္စ- သိမ်မွေ့သည်ငှင်း၊ ဟောတိ-၏၊[နှလုံးသွင်းလေ ငြိမ်သက်လေ ဖြစ်၏– ဟူလို။] တသ္မာ– ကြောင့်၊ ဧတ္ထ– ဤအာနာပါနဿတိကမ္မဋ္ဌာန်း၌၊ ဗလဝတီ–အားရှိပါးရှိဖြစ်သော၊ ဝါ–တကယ်အားကောင်းသော၊ သတိစ-ကိုငှင်း၊ ပညာစ- ကိုငှင်း၊ ဣစ္ဆိတဗ္ဗာ-၏။

မုဋ္ဌ ၊ ပေ ၊ နဿ။ ။ဝိနဋ္ဌသတိဿ, သမ္ပဇညဝိရဟိတဿ၊.... ဘာဝေန္တဿ–ဘာဝနာပွားစဉ်၊အနုတ္တမေန အနုပဋ္ဌဟန္တေ(မထင်ကုန်သော)အဿာသပဿာသေ-တို့ကို၊ ဝိမံသိတွာ– ၍၊ “ ဣမေ တေ ”တိ ဥပဓာရေတုံ သမ္မဒေဝ ဇာနိတုဉ္စ – (ထို အဿာသ ပဿာသတို့သည် ဤဟာတို့တည်း – ဟု စူးစမ်းခြင်းငှါငှင်း, ကောင်းစွာ သိခြင်းငှါငှင်း၊) သမတ္ထာဟိ – စွမ်းနိုင်ကုန်သော၊ သတိပညာဟိ ဝိရဟိတဿာတိ အဓိပ္ပါယော။

ဂရုကံ, ဂရုကဘာဝနံ။ ။ ပွားများဘို့ရန် အလွန် ခဲယဉ်းသောကြောင့် ဂရုက မည်ကြောင်းကိုသိစေလို၍“ဂရုကဘာဝနံ”ဟု ထပ်၍ဆက်သည်၊ ဘာဝနံ-ဟု နပုလ္လိန် ရှိသောကြောင့် “ ဂရုကာ+ဘာဝနာ ယဿ (ကမ္မဋ္ဌာနဿ) ”ဟု ဗဟုဗ္ဗီဟိသမာသ် ကြံ၍ ကမ္မဋ္ဌာနံကို အရကောက်ပါ။

www.dhammaransi.com

ဟိ - ဥပမာဆောင် ထင်ရှားအောင်ပြဦးအံ့၊ မဇ္ဈသာဋကဿ - ပြေပြစ်ညက်ညောသောအဝတ်ကို၊ တုန္နကရဏကာလေ-အပ်ချုပ်မှုပြုရာအခါ၌၊ သုခုမာ-သိမ်မွေ့သော၊ သူစိပိ-အပ်ကိုလည်း၊ ဣစ္ဆိတဗ္ဗာယထာ-အလိုရှိထိုက်သကဲ့သို့ငှါး၊ တတော-ထိုအပ်ထက်၊ သုခုမတရံ-သာ၍ သိမ်မွေ့သော၊ သူစိပါသဝေဓနမ္ပိ - အပ် နဖါးထွင်းစူးကိုလည်း၊ (ဣစ္ဆိတမ္ပံယထာ – သို့ငှါး၊) ဝေမေဝ- သာလျှင်၊ မဇ္ဈသာဋကသဒိသဿ- ပြေပြစ်ညက်ညောသော အဝတ်နှင့် တူသော၊ ဣမဿ ကမ္မဋ္ဌာနဿ – ဤ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို၊ ဘာဝနာကာလေ–ပွားများစေရာအခါ၌၊ သူစိပဋိဘာဂါ-အပ်နှင့်အလားတူသော၊ သတိပိ-ကိုငှါး၊ သူစိပါသဝေဓန ပဋိဘာဂါ–အပ်နဖါးထွင်းကြောင်းစူးနှင့် အလားတူသော၊ တံ သမ္ပယုတ္တာ – ထို သတိနှင့်ယှဉ်သော၊ ပညာပိ–ကိုငှါး၊ ဗလဝတီ–အားရှိပါးရှိဖြစ်သော သတိပညာကိုသာ၊ ဣစ္ဆိတဗ္ဗာ –၏။

[ယခု အခါ၌ မထင်ရှားသော အဿာသပဿာသ ရှာနည်းကို ပြလို၍ "တာဟိ စ ပန" စသည်မိန့်။] စ ပန - ထပ်၍ဆက်၊ တာဟိ သတိပညာဟိ–တို့နှင့်၊ သမန္နာဂတေန– သော၊ ဘိက္ခုနာ – သည်၊ တေ အဿာသ ပဿာသာ–တို့ကို၊ ပကတိဖုဋ္ဌောကာသာ-ပင်ကိုယ်ထိအပ်သော အရပ်မှ၊ အညတြ–အခြားအရပ်၌၊ န ပရိယေသိတဗ္ဗာ – မရှာမှီးထိုက်ကုန်၊ ပန – အန္တယကား၊ ကဿကော– လယ်သမားသည်၊ ကသိံ-လယ်ကို၊ ကသိတွာ- ထွန်ပြီး၍၊ ဗလိဗဒ္ဒေ – နွားလားတို့ကို၊ မုဉ္စိတွာ – လွှတ်ပြီး၍၊ ဂေါစရမုခေ – စားကျက်သို့ ရှေးရှုသည်တို့ကို၊ ["ဂေါစရမုခေတိ - ဂေါစရာဘိမုခေ" ဋီကာ။] ကတွာ-ပြုပြီး၍၊ ဆာယာယ-အရိပ်၌၊ နိသိန္နော-ထိုင်လျက်၊ ဝိဿမေယျ-အပန်းဖြေရာ၏၊ အထ- ထိုအခါ၌၊ အဿ - ထို လယ်သမား၏၊ တေ ဗလိဗဒ္ဒါ - တို့သည်၊ ဝေဂေန–အဟုန်ဖြင့်၊ အဋဝိံ-တောအုပ်သို့၊ ပဝိသေယျုံ– ဝင်ပြေးကုန်ရာ၏၊ ယော–အကြင် ယောက်ျားသည်၊ ဆေကော-ကျွမ်းကျင်သော၊ ကဿကော-သည်၊ ဟောတိ - ၏၊ သော – ထို ကျွမ်းကျင်သော လယ်သမားယောက်ျားသည်၊ ပုန,တေ-ထိုနွားလားတို့ကို၊ ဂဟေတွာ-ဖမ်း၍၊ ယောဇေတုကာမော-ထွန်၌ ယှဉ်စေလိုသည်၊ (သမာနော - သော်၊) တေသံ – ထို နွားလားတို့၏၊

ယထာဟိ။ ။အထက် အထက်၌ (နောက်နောင်၌) သန္တ သုခုမ ဖြစ်သောကြောင့် အားရှိသော (အလွန်သန့်ရှင်း၍ အထူးထက်မြက်သော) သတိပညာကို အလိုရှိရမည်ဟု ဆိုပြီး၍, သုခုမဿနာမ အတ္ထဿ သာဓနေနာပိ သုခုမေနေဝ ဘဝိတဗ္ဗံ–သိမ်မွေ့သော အကျိုးကို ပြီးစေရမည့်အကြောင်းသည်လည်း သိမ်မွေ့သည်သာ ဖြစ်ရမည်-ဟု ပြခြင်းငှါ "ယထာ ဟိ"စသော ဥပမာကို မိန့်သည်။

www.dhammaransi.com

အနုပဒံ-ခြေရာ အစဉ်သို့၊ ဂတွာ-လိုက်သွား၍၊ အငုဝိံ-သို့၊ န အာဟိဏ္ဍတိ-လှည့်လည်သည်မဟုတ်၊ အထခေါ-စင်စစ်ကား၊ ရသ္မိဋ္ဌ-ကြိုးကိုင်ရင်း၊ ပတောဒဋ္ဌ-နှင်တံကိုင်ရင်း၊ ဂဟေတွာ-ကိုင်ယူ၍၊ ဥဇုကမေဝ-ဖြောင့်စွာသာလျှင်၊ ဝါ-တိုက်ရိုက်သာလျှင်၊ တေသံ-ထို နွားလားတို့၏၊ နိပါတတိဏ္ဍံ-ကျရောံရာ ရေဆိပ်သို့၊ ဂတွာ-၍၊ နိသီဒတိဝါ-ထိုင်၍သော်လည်းစောင့်နေ၏၊ နိပဇ္ဇတိဝါ-အိပ်၍သော်လည်း စောင့်နေ၏။

အထ-ထိုမှ နောက်၌၊ တေ ဂေါဏာ-ထိုနွားတို့ကို၊ ဒိဝသ ဘာဂံ-တနေ့ အဘိုပတ်လုံး၊ စရိတွာ - လှည့်လည်၍၊ [ဂေါစရံ ဂဟေတွာ - စားကျက်ကို ယူပြီး၍၊ ဋီကာ။]နိပါတတိတ္ထံ-သို့၊ ဩတရိတွာ-သက်ဆင်း၍၊ နှတွာစ-ရေချိုး ပြီး၍ရင်း၊ ပိဝိတွာစ - ရေသောက်ပြီး၍ရင်း၊ ပစ္စုတ္တရိတွာ - ရေမှ တက်၍၊ ဌိတေ-တည်သည်တို့ကို၊ ဒိသွာ, ရသ္မိယာ-ဖြင့်၊ ဗန္ဓိတွာ-၍၊ ပတောဒေန-ဖြင့်၊ ဝိဇ္ဈန္တော - ထိုးလျက်၊ ဝါ - မောင်းနှင်လျက်၊ အာနေတွာ - ဆောင်၍၊ ယောဇေတွာ - ထွန်၌ ကပ်ယှဉ်၍၊ ပုန, ကမ္မံ - လယ်ထွန်မှုကို၊ ကရောတိ ယထာ-သို့၊ ဧဝမေဝ-လျှင်၊ တေန ဘိက္ခုနာ-သည်၊ တေ အဿာသ ပဿာ သာ- တို့ကို၊ ပကတိဖုဋ္ဌောကာသာ-မှ၊ အညတြ- ၌၊ နပရိယေသိတဗ္ဗာ- န်၊ ပန-အန္တယကား၊ သတိရသ္မိံ - သတိကြိုးကိုင်ရင်း၊ ပညာပတောဒဋ္ဌ - ပညာ နှင်တန်ကိုင်ရင်း၊ ဂဟေတွာ-ကိုင်၍၊ ပကတိဖုဋ္ဌောကာသေ- ၌၊ စိတ္တံ-နွားနှင့် တူသောစိတ်ကို၊ ထပေတွာ-ထား၍၊ မနသိကာရော-နှလုံးသွင်းမှုကို၊ ပဝတ္တေ တဗ္ဗော - ဖြစ်စေထိုက်၏။

ဟိ-အကျိုးကား၊ ဧဝံ-သို့၊ မနသိကရောတော-သော၊ အဿ-ထိုယောဂီ ရဟန်း၏၊ နစိရသေဝ - မကြာမြင့်မီ ပင်လျှင်၊ နိပါတတိတ္ထေ – ၌၊ ဂေါဏာ ဝိယ - တို့ကဲ့သို့၊ တေ-ထို အဿာသ ပဿာသတို့သည်၊ ဥပဋ္ဌဟန္တိ- ထင်လာ ကုန်၏၊ တတော-ထိုသို့ ထင်လာခြင်းကြောင့်၊ တေန-ထို ယောဂီရဟန်းသည်၊ သတိရသ္မိယာ-ဖြင့်၊ ဗန္ဓိတွာ-ဖွဲ့ချည်၍၊ တသ္မိံယေဝဌာနေ- ထိုထိအပ်သော အရပ်၌ပင်၊ ယောဇေတွာ- ယှဉ်စေ၍၊ [ဥပနိဗန္ဓနနိမိတ္တ - ဟု အသိအမှတ်

ယောဇေတွာ။ ။မနသိကာရေန ယောဇေတွာ – နှလုံးသွင်းသော အားဖြင့် ယှဉ်စေ၍၊ တနည်း– "သတိရသ္မိယာ ဗန္ဓိတွာ"ဟု ဆိုအပ်ပြီး အနက်အဓိပ္ပါယ်ကိုပင် " တသ္မိံယေဝ ဌာနေ ယောဇေတွာ "ဟု ထပ်၍ဆိုသည်၊ မှန်၏ – ဥပမာနဘက်၌ "ဗန္ဓန+ယောဇန–နွားကို ဖွဲ့ချည်ခြင်း, ထွန်၌တပ်ခြင်း"ဟု အဓိပ္ပါယ် ၂ မျိုးရသော် လည်း ဥပမေယျဘက်၌ ၂ မျိုး မရ, သတိဖြင့် ဖွဲ့ခြင်း ဗန္ဓနကိုပင် ထို နိမိတ္တဌာန၌ ယှဉ်စေခြင်းဟူသော တမျိုးသာ ရသည်။

www.dhammaransi.com

ပြုအပ်သော နှာခေါင်းဖျား အထက်နှုတ်ခမ်းဖျား အရပ်၌ပင် ယှဉ်စေ၍၊] ပညာပတောဒေန-ဖြင့်၊ ဝိဇ္ဈန္တေန-လျက်၊ ပုန, ကမ္မဋ္ဌာနံ-ကို၊ အနုယုဉ္ဇိတဗ္ဗံ-အဖန်ဖန် အားထုတ်ရာ၏၊ ဝါ - ရမည်၊ ဧဝံ–သို့၊ အနုယုဉ္ဇတော - အဖန်ဖန် အားထုတ်သော၊ တဿ - ထို ယောဂါဝစရဟန်း၏၊ န စိရဿေဝ-လျှင်၊ နိမိတ္တံ-ဥဂ္ဂဟနိမိတ်သည်၊ ဝါ- ပဋိဘာဂနိမိတ်သည်၊ ဥပဋ္ဌာတိ၊ ပန- ဆက်၊ တံ ဧတံ-ထိုနိမိတ်သည်၊ သဗ္ဗေသံ-အလုံးစုံသော ယောဂီပုဂ္ဂိုလ်တို့၏ သန္တာန်၌၊ ဧကသဒိသံ – တမျိုးတည်းတူသည်၊ န ဟောတိ - ဖြစ်သည် မဟုတ်၊ အပိစခေါ်-အဟုတ်ကား၊ ကဿစိ – အချို့သော ပုဂ္ဂိုလ်၏ စိတ်၌၊ သုခသမ္ဖဿံ – ကောင်းသော အတွေ့ကို၊ ဥပ္ပါဒယမာနော – ဖြစ်စေလျက်၊ တူလပိစုဝိယ-လဲအစုသည် ကဲ့သို့ရင်း၊ ကပ္ပါသပိစုဝိယ - ဝါဂွမ်းအစုသည်ကဲ့သို့ရင်း၊ ဝါတဓာရာဝိယ- လေပြေလေညှင်း အယဉ်သည်ကဲ့သို့ရင်း၊ (ဟုတွာ) ဥပဋ္ဌာတိ-၏၊ ဣတိ-သို့၊ ဧကေ-တို့သည်၊ အာဟု။ [ထွက်လေ ဝင်လေသည် လဲ,ဝါဂွမ်း အစု လေပြေလေညှင်း အယဉ်တို့ကဲ့သို့ စိတ်ထဲမှာ ထင်၍လာသည်-ဟူလို။]

ပန-ကား၊ အယံ-ကား၊ အဋ္ဌကထာ ဝိနိစ္ဆယော-တည်း၊ ဟိ-ချဲ့၊ ဣဒံ-၌ နိမိတ်သည်၊ ကဿစိ – အချို့ယောဂီအား၊ ဝါ – အချို့ယောဂီ၏ စိတ်၌၊ တာရကရူပံဝိယ – ကြယ်တာရာ အဆင်းအရောင် ကဲ့သို့ရင်း၊ မုတ္တ ဂုဠိကာဝိယစ-ပုလဲလုံး ကဲ့သို့ရင်း၊ (ဥပဋ္ဌာတိ-ထင်လာ၏၊) ကဿစိ-အား၊ ဝါ-၌၊ ခရသမ္ဖဿံ- ကြမ်းသောအတွေ့ရှိသည်၊ ဟုတွာ, ကပ္ပါသဋ္ဌိဝိယ- ဝါစေ့ကဲ့သို့ ရင်း၊ သာရဒါရုသူစိဝိယစ-အနှစ်ရှိသော သစ်သားဆံထိုး ကဲ့သို့ရင်း၊ [အနှစ်ရှိသောသစ်သားချောင်းကဲ့သို့ - ဟူလို။] (ဥပဋ္ဌာတိ)၊ ကဿစိ, ဒီဃပါမင်္ဂသုတ္တံဝိယ- ရှည်သော ဆောက်လုံးချည်ကဲ့သို့ရင်း၊ ကုသုမဒါမံဝိယ- ပန်းဆိုင်းပန်းကုံးကဲ့သို့ရင်း၊ ဓူမသိခါဝိယစ-အခိုးအလျှံကဲ့သို့ရင်း၊(ဥပဋ္ဌာတိ)၊ကဿစိ, ဝိတ္ထတံ-ပြန့်ကျယ်သော၊ မက္ကဋ္ဌကသုတ္တံဝိယ-ပင့်ကူချည်ကဲ့သို့ရင်း၊ ဝလာဟကပဋလံဝိယ-မိုယ်းတိမ်လွှာကဲ့သို့ရင်း၊ ပဒုမပုပ္ဖံဝိယ-ပဒုမ္မာကြာပွင့် ကဲ့သို့ရင်း၊ ရထစက္ကံဝိယ– ရထားစက်ဘီးကဲ့သို့ရင်း၊ စန္ဒမဏ္ဍလံဝိယ– လဝန်းကဲ့သို့ရင်း၊ သူရိယမဏ္ဍလံဝိယစ–ရင်း၊ ဥပဋ္ဌာတိ–၏။

နိမိတ္တံ။ ။ဥဂ္ဂဟနိမိတ္တံ၊ ပဋိဘာဂနိမိတ္တံ ဝါ၊ ထို ၂ မျိုးလုံးကိုပင် " နိမိတ္တံ "ဟု တပေါင်းတည်း ဆိုထားသည်၊ မှန်၏ – တူလပိစုစသော ဥပမာ ၃ ရပ်သည် ဥဂ္ဂဟနိမိတ်နှင့် ဆိုင်၏၊ အဋ္ဌကထာဝိနိစ္ဆယ၌လာသော ဥပမာတို့ကား ဥဂ္ဂဟပဋိဘာဂ ၂မျိုးလုံးနှင့် ဆိုင်၏၊ ထိုတွင် တာရကရူပံဝိယသည် ၂ မျိုးလုံးနှင့် ဆိုင်၏၊ မဏိဂုဠိကာဝိယစသည်ကား ပဋိဘာဂနိမိတ်နှင့်သာ ဆိုင်သည်။

www.dhammaransi.com

စပန - ထပ်၍ဆက်ဦးအံ့၊ သမ္မဟုလေသု - နှ်သော၊ ဘိက္ခူသု- တို့သည်၊ သုတ္တန္တံ-သုတ္တန်ကို၊ သင်္ဂါယိတွာ-သရဇ္ဈာယ်၍၊ နိသိန္နေသု-ထိုင်နေကုန်လသော်၊ ဝါ-ထိုင်နေကုန်သော၊ ဘိက္ခူသု-တို့တွင်၊ ဧကေန-သော၊ ဘိက္ခုနာ-သည်၊ ဝါ-ရဟန်းက၊ တုမှာကံ-အရှင်ဘုရားတို့အား၊ ဝါ- အရှင်ဘုရားတို့၏ စိတ်၌၊ ကီဒိသံ - သည်၊ ဟုတွာ, ဌာဒ်သုတ္တံ- ဤသုတ်သည်၊ ဥပဋ္ဌာတိ- ထင်ပါသနည်း၊ ဣတိ-သို့၊ ဝုတ္တေ-မေးအပ်သော်၊ ဧကော-တပါးသည်၊ ဝါ-တပါးက၊ မယှံ-အား၊ဝါ-၌မဟာတိ-သော၊ ပဗ္ဗတေယျာ- တောင်မှစီးကျလာသော၊ နဒီဝိယ-ကဲ့သို့၊ ဟုတွာ,ဥပဋ္ဌာတိ-၏၊ ဣတိ-သို့၊ အာဟ-ပြီ၊ အပရော-အခြားရဟန်းသည်၊ ဝါ-က၊မယှံ-အား၊ ဝါ-၌၊ ကော-တခုသော၊ ဝနရာဇိဝိယ-တောတန်းကဲ့သို့၊ (ဥပဋ္ဌာတိ-၏၊ ဣတိ အာဟ)၊ အညော-အခြားတပါးသည်၊ ဝါ-က၊ မယှံ , သီတစ္ဆာယော – မြေသောအရိပ်ရှိသော၊ သာခါသမ္ပန္နော – အခက်အလက်တို့နှင့် ပြည့်စုံသော၊ ဖလဘာရဘရိတ ရုက္ခောဝိယ – အသီးဝန်ဖြင့် ပြည့်နေသောသစ်ပင်ကဲ့သို့၊ (ဥပဋ္ဌာတိ- ၏၊) ဣတိ (အာဟ)၊ ဟိ- ဆက်၊ တေသံ-ထိုရဟန်းတို့အား၊ ဝါ-ထို ရဟန်းတို့၏စိတ်၌၊ ဧကမေဝ-တပါးထည်းသာလျှင်ဖြစ်သော၊ တံ သုတ္တံ - သည်၊ သညာနာနတာယ – အမှတ် အသားထူးသည်၏ အဖြစ်ကြောင့်၊ နာနတော – ကွဲပြားသောအားဖြင့်၊ ဥပဋ္ဌာတိ ယထာ-သို့၊ ဧဝံ-တူ၊ ဧကမေဝ-တမျိုးထည်းသာလျှင် ဖြစ်သော၊ တံ တေကမ္မဋ္ဌာနံ- ထို အာနာပါနဿတိ ကမ္မဋ္ဌာန်းသည်၊ သညာနာနတာယ-ကြောင့်၊ နာနတော- ထူးသည်၏အဖြစ်အားဖြင့်၊ ဥပဋ္ဌာတိ၊ ဟိ-မှန်၊ တေံ-ဤပဋိဘာဂနိမိတ်သည်၊ သညဇံ-ဘာဝနာသညာကြောင့် ဖြစ်၏၊ သညာနိဒါနံ-ဘာဝနာသညာဟူသောအကြောင်းရှိ၏၊ သညာပ္ပဘဝံ- ဘာဝနာသညာဟူသော အစ

တဥ္စပနေတံ။ ။ကမ္မဋ္ဌာန်း တမျိုးတည်းဖြစ်ပါလျက် အဘယ့်ကြောင့် အမျိုးမျိုး နိမိတ်ထင်ရသနည်း– ဟု မေးဘွယ်ရှိ၍ "တဥ္စပနေတံ" စသည်မိန့်၊ ဤပုဒ်ကို (ဥပမာ စကားကိုကျော်၍) "ဧဝံ ဧကမေဝ ကမ္မဋ္ဌာနံ" ကျမှတွဲပါ။

မဟာတိ၊မေပ၊ ရုက္ခောဝိယ ။ ။ ကျောပွန်းစွာ လေ့လာပြီးသောအခါ အဆက်မပြတ်ထင်မြင်နေခြင်း , သုတ္တန်က ကျယ်ဝန်းခြင်းကို မှန်း၍ တောင်ပေါ်က အဟုန်ပြင်းစွာ ဆင်း၍ လာသော မြစ်ကြီးနှင့်တူ၏ ဟု – ထင်လာ၏၊ အနက် သဒ္ဒါနှင့် ပြည့်စုံ၍ ထက်ဝန်းကျင် ကောင်းသောကြောင့် စိတ်နှလုံးကို နှစ်သက်စေနိုင်ရကား သုတ္တန်သည် တတောလုံးပွင့်နေသော တောအစဉ်အတန်းကဲ့သို့ ထင်လာ၏၊ အနုသန္ဓေ (စကားအဆက်) အမျိုးမျိုး, မြှုပ်ထားသော ပေယျာလကို ဖေါ်စရာအမျိုးမျိုး,နည်းအမျိုးမျိုး, ကမ္မဋ္ဌာန်းအမျိုးမျိုး ပါရှိရကား သုတ္တန်အလိုရှိသူများ ချဉ်းကပ်စဘွယ် (အရိပ်အသီးတို့ဖြင့် ပြည့်ကြွယ်သော သစ်ပင်ကြီးကဲ့သို့) ထင်လာသည်။

www.dhammaransi.com

အမွန်ရှိ၏၊ တသ္မာ – ကြောင့်၊ (ထိုသို့ သညာဇ၏အဖြစ်ကြောင့်) သညာနာန တာယ– ကြောင့်၊ နာနတော– အားဖြင့်၊ ဥပဋ္ဌာတိ- ၏၊ [ပဋိဘာဂနိမိတ် ဟူသည် ပရမတ္ထသဘောတရား မဟုတ်၊ ဘာဝနာသညာကြောင့် ဖြစ်သော ပညတ်မျှသာတည်း၊ ထို့ကြောင့် သညာအားလျော်စွာ အမျိုးမျိုး ထင်လာ ရသည်။] ဣတိ- သို့၊ ဝေဒိတဗ္ဗံ- ၏၊ ဣတိ- ဤ ဆိုအပ်ပြီးကား၊ (အဋ္ဌကထာ ဝိနိစ္ဆယော- တည်း၊) [“ဝေဒိတဗ္ဗံ တိ”ဟု ရှိလျှင် ကောင်း၏။]

စ-ဆက်၊ ဧတ္ထ-ဤ အာနာပါနဿတိ ကမ္မဋ္ဌာန်း၌၊ အဿာသာရမဏံ- ထွက်သက်လျှင်အာရုံရှိသော၊ စိတ္တံ-သည်၊အညမေဝ-ပဿာသာရမဏစိတ်မှ တမျိုးတခြားသာတည်း၊ ပဿာသာရမဏံ – ဝင်သက်လျှင် အာရုံရှိသော (စိတ္တံ) အညံ (ဧဝ) - အဿာသာရမဏစိတ်မှ တမျိုးတခြားသာတည်း၊ နိမိတ္တာရမဏံ-သော၊ (စိတ္တံ) အညံ (ဧဝ) - အဿာသ ပဿာသာရမဏ စိတ်တို့မှ တမျိုးတခြားသာတည်း၊ ဟိ-ဆက်၊ ယဿ-အကြင်ယောဂီရဟန်း၏ သန္တာန်၌၊ တယော - နုံသော၊ ဣမေဓမ္မာ – တို့သည်၊ နတ္ထိ- နုံ၊ တဿ- ထို ယောဂီရဟန်း၏သန္တာန်၌၊ ကမ္မဋ္ဌာနံ– သည်၊ အပ္ပနံ- အပ္ပနာဈာန်သို့၊ နေဝ ပါပုဏာတိ- နိုင်၊ ဥပစာရံ- ဥပစာသို့၊ န (ပါပုဏာတိ)၊ [“န ဥပစာရန္တိ– ဥပစာရမ္ပိ န ပါပုဏာတိ၊ ပဂေဝ အပ္ပနန္တိ အဓိပ္ပါယော ”ဟူသော ဋီကာ စကားကိုထောက်လျှင် ရှေးအဋ္ဌကထာစာအုပ်များ၌“နေဝအပ္ပနံ”ဟူသော ပါဌ်ပါဟန်မတူ။] ပန – အနွယကား၊ ယဿ – အကြင် ယောဂီရဟန်း၏ သန္တာန်၌၊ တယော-နုံသော၊ ဣမေဓမ္မာ-တို့သည်၊ အတ္ထိ-နုံ၏၊ တဿဝ-ထို ယောဂီရဟန်း၏ သန္တာန်၌သာလျှင်၊ ကမ္မဋ္ဌာနံ – သည်၊ ဥပစာရဉ္စ - သို့ရင်း၊ အပ္ပနဉ္စ–သို့ရင်း၊ ပါပုဏာတိ-ရောက်နိုင်၏၊ [ဝိသုဒ္ဓိမဂ်၌ ဥပစာရဉ္စ အပ္ပနဉ္စ- ဟုရှိ၏၊ ဥပစာရက အလျှင်ဖြစ်သောကြောင့် ထို စာရှိအတိုင်းသာကောင်း၏။] ဟိ – သစ္စကကား၊ နိမိတ္တံပေ၊ ဥပလဗ္ဘတီတိ- ဟူသော၊ ဧတံ- ဤ ဂါထာ စကားကို၊ (ဓမ္မသေနာပတိနာ) ဝုတ္တံ – ပြီ၊ [ဤ ဂါထာ၏ အနက်ကို ရှေ့ ကကစောပမာ၌ ရေးခဲ့ပြီ၊ ဤ ဂါထာကို ရှေ့ ကကစောပမာ၌ ဆိုအပ်ပြီး ဖြစ်သော်လည်း ယခု ဆိုအပ်ပြီးသော အနက်အဓိပ္ပါယ်ကို ပြီးစေခြင်းငှါ သာဓကအဖြစ်ဖြင့် ထပ်၍ ဆောင်ယူပြန်သည်။]

ပန-ဆက်၊ ဧဝံ-ဤသို့၊ နိမိတ္တေ-ပဋိဘာဂနိမိတ်သည်၊ ဥပဋ္ဌိတေ-သော်၊ တေန-ဘိက္ခုနာ-သည်၊ အာစရိယသန္တိကံ - သို့၊ ဂန္တွာ , အာရောစေတဗ္ဗံ- လျှောက်ထားရာ၏၊(ကိံ) ဘန္တေ, မယှံ- အား၊ ဝါ-၌၊ ဝေရူပံနာမ - ဤသို့ သဘောရှိသည် မည်သော အာရုံသည်၊ ဥပဋ္ဌာတိ- ထင်လာပါ၏၊ ဣတိ-သို့၊

www.dhammaransi.com

(အာရောစေတဗ္ဗံ)၊ ပန- ဆက်၊ အာစရိယေန- သည်၊ **တေ-** ဤ **အာ**ရုံသည်၊ နိမိတ္တံ- ပဋိဘာဂနိမိတ်တည်း၊ **ဣ**တိဝါ- သို့ဝင်း၊ (တေံ) န နိမိတ္တံ- ပဋိဘာဂ နိမိတ်မဟုတ်၊ **ဣ**တိဝါ-ဝင်း၊ န ဝတ္တဗ္ဗံ-ထိုက်၊ ပန-အန္တယကား၊ အာဝုသော, ဧဝံ ဟောတိ – ဤသို့ဖြစ်လာတတ်၏၊ [ဘာဝနာကို **အားထုတ်သူမှာ ဤသို့** ဖြစ်လာတတ်၏။]ဣတိ, ဝတွာ-ပြီး၍၊ ပုနပ္ပုနံ, မနသိကရောဟ်-လော၊ ဣတိ, ဝတ္တဗ္ဗော- ထိုက်၏၊ **ဟိ**-မှန်၏၊ (တနည်း) ဟိ (ယသ္မာ)၊ နိမိတ္တန္တိ-ပဋိဘာဂ နိမိတ်ဟူ၍၊ ဝုတ္တေ—ပြောဆိုအပ်သော်၊ ဝေါသာနံ-ပြီးဆုံးခြင်းသို့၊ အာပဇ္ဇေယျ-ရောက်ရာ၏၊ န နိမိတ္တန္တိ-ဟူ၍၊ ဝုတ္တေ-ပြန်သော်၊ နိရာသောဝ-အာသာ မရှိတော့သည်သာ၊(ဟုတွာ)၊ ဝိသီဒေယျ-ဆုတ်နစ်ရာ၏၊ တသ္မာ,တဒုဘယမ္ပိ- ထို ၂ ပါးစုံကိုလည်း၊ အဝတွာ, မနသိကာရေယေဝ– ဘာဝနာ နှလုံးသွင်းမှု၌သာ၊ ယောဇေတဗ္ဗော –တိုက်တွန်းထိုက်၏၊ ဣတိ ဧဝံ –သို့၊ တာဝ –မဇ္ဈိမ ဘာဏကထေရ်တို့မှ ရှေးဦးစွာ၊ ဒီဃဘာဏကာ – ဒီဃဘာဏကထေရ်တို့သည်၊ (အာဟု)၊ ပန– ဝါဒန္တရကား၊ မဇ္ဈိမဘာဏကာ- တို့သည်၊ **အာဟု-** ဆိုကြကုန်ပြီ၊ (ကိံ)၊ အာဝုသော- ရှင်၊ ဣဒံ - ဤ ထင်လာသောအာရုံသည်၊ နိမိတ္တံ-ပဋိဘာဂနိမိတ်တည်း၊ သပ္ပုရိသ – သူတော်ကောင်း၊ ကမ္မဋ္ဌာနံ- ကို၊ ပုနပ္ပုနံ, မနသိကရောဟိ - လော့၊ ဣတိ-သို့၊ ဝတ္တဗ္ဗော - ၏၊ ဣတိ (အာဟု)၊ အထ-ထိုမှနောက်၌၊ အနေန – ဤ ယောဂီရဟန်းသည်၊ နိမိတ္တေယေဝ- ပဋိ ဘာဂနိမိတ်၌သာ၊ စိတ္တံ - ဘာဝနာစိတ်ကို၊ ထပေတဗ္ဗံ- ထားရာ၏၊ ဧဝံ- ဤ ဆိုအပ်ပြီးသောနည်းဖြင့် (ပဋိဘာဂနိမိတ်၌ ဘာဝနာစိတ်ကို ထားခြင်းဖြင့်၊) [ဝုတ္တပ္ပကာရေန ပဋိဘာဂနိမိတ္တေယေဝ ဘာဝနာစိတ္တဿ ထပနေန။] **အဿ**-ထိုယောဂီရဟန်း၏၊ အယံ (ဘာဝနာ)- ဤဘာဝနာသည်၊ ဣတော-

ဝေါသာနံ, ဝိသီဒေယျ။ ။"ပဋိဘာဂနိမိတ်ထင်ဘို့ ခဲယဉ်းလှ၏၊ ယခု ပဋိဘာဂ နိမိတ် ထင်လာပြီ၊ နောက်မှ တရားထူး (ဈာန်) ရအောင် အားထုတ်တော့မည် "ဟု ကြံလျက် တရားကိုဆက်၍အားမထုတ်တော့ဘဲ ရပ်ထားခြင်းကို"ဝေါသာနံ အာပဇ္ဇေ ယျ"ဟု ဆို၏၊ "ဤမျှလောက် ကာလကြာအောင် အားထုတ်ပါလျက် နိမိတ်ကလေးမျှ မထင်သေး၊ ငါဟာ တရားထူးနှင့်မထိုက်သော အဘဗ္ဗပုဂ္ဂိုလ် ဖြစ်လေရော့သလား"ဟု တွေးတောကာ စိတ် ဆုတ်နစ်စရာရှိခြင်းကို "ဝိသီဒေယျ"ဟု ဆိုသည်။

မဇ္ဈိမဘာဏကာ ပန ။ ။ "ဤအကျင့်ဖြင့် ဇရာမရဏမှ လွတ်ရတော့မည် " ဟု ကြံစည်၍ကျင့်သူမှာ "ယခုထင်လာသောအာရုံဟာ ပဋိဘာဂနိမိတ်ဖြစ်တယ်"ဟုပြောရုံ မျှဖြင့် အဘယ်မှာ ဝေါသာနသို့ ရောက်စရာရှိမည်လဲ, တိုး၍ အားထုတ်စရာရှိပါတယ်၊ ထို့ကြောင့်"ယခုထင်လာသောအာရုံဟာ ပဋိဘာဂနိမိတ်ဘဲ, ကမ္မဋ္ဌာန်းကို အထပ်ထပ် ကြိုးစားပေတော့"ဟု ပြောရမည်ဟု မဇ္ဈိမဘာဏကတို့က မိန့်ဆိုကြသည်။

www.dhammaransi.com

ဤထင်လာရာအခါမှ၊ ပဘုတိ–၍၊ ထပနာဝသေနဘာဝနာ–ထပနာ၏အစွမ်းဖြင့် ပွားစေခြင်းမည်သည်၊ ဟောတိ–၏။[အနုဗန္ဓနာ, ဖုသနာ, ထပနာ ဟု ၃ မျိုးတွင် ဤ ပဋိဘာဂနိမိတ် ထင်သည်မှစ၍ အနုဗန္ဓနာ ဖုသနာ နည်းနှင့် မဆိုင်တော့ဘဲ အပ္ပနာဈာန် ပေါ်လာအောင် စိတ်ကို ထားခြင်း ဟူသော ထပနာဘာဝနာဖြစ်ပြီ–ဟူလို။]

ဟိ– သာစကကား၊ ပေါရာဏာဟိ – တို့သည်၊ နိမိတ္တေ၊ပေ၊နိဗန္ဓတီတိ–ဟူသော၊ တံ– ဤ ဂါထာစကားကို၊ ဝုတ္တံ- ပြီ၊ နိမိတ္တေ- ပဋိဘာဂနိမိတ်၌၊ စိတ္တံ-ဘာဝနာစိတ်ကို၊ ထပယံ-ထားသော၊ ဓီရော- ပညာရှိသည်၊ အသာသပဿာသေ – ၌၊ နာနာကာရံ – ဒီဃ ရဿဟူသော အမျိုးမျိုးသောအခြင်းအရာကို၊ ဝိဘာဝယံ-ကွယ်ပျောက်စေလျက်၊ သကံ-မိမိဥစ္စာဖြစ်သော၊ စိတ္တံ-ဘာဝနာစိတ်ကို၊ နိဗန္ဓတိ-အပ္ပနာပေါ်လာအောင် ဖွဲ့ထား၏။

နိမိတ္တေ ထပယံ။ ။ဤဂါထာကား ဆိုအပ်ပြီးအဓိပ္ပါယ်ကိုပြသော ရှေးဆရာတို့၏ ဂါထာတည်း၊ နိမိတ္တေတိ-ပဋိဘာဂနိမိတ္တေ၊ ထပယံ စိတ္တန္တိ-ဘာဝနာစိတ္တံ ထပေန္တော၊ ထပနာဝသေန မနသိကရောန္တောတိ အတ္ထော၊ နာနာကာရံ–"စတ္တာရော ဝဏ္ဏာ ဝတ္တန္တိ" ဟု ဆိုအပ်ခဲ့သော ဒီဃ အဿာသ ပဿာသ, ရဿ အဿာသ ပဿာသကိုပင် (သာမညနိဒ္ဒေသနည်းအားဖြင့်) "နာနာကာရံ"ဟု ဧကဝုစ်အားဖြင့် ဆိုထားသည်။

ဝိဘာဝယံ။ ။"ဝိဘာဝေန္တော အန္တရဓာပေန္တော"ဟု ဖွင့်၏၊ ပဋိဘာဂနိမိတ် ထင်သည်မှစ၍ ထို ဒီဃရဿဖြစ်သော အဿာသ ပဿာသတို့ကို နှလုံးမသွင်းလျှင် ထို ၄ မျိုးကို ကွယ်ပျောက်စေသကဲ့သို့ ဖြစ်တော့၏၊ သူ့ဘာသာသူ ရှူရှိုက်နေသော်လည်း နှလုံးမသွင်းသောကြောင့် စိတ်ထဲမှာ ကွယ်ပျောက်နေသည်–ဟူလို။

အဿာသပဿာသေ၊ပေ၊နိဗန္ဓတိ။ ။အဿာသပဿာသေ ယော နာနာကာရော၊ တံ ဝိဘာဝယံ၊ (ဤအလို ရှေ့လှည့်၍စပ်၊) အနက်ပေးပုံကို နိဿယအတိုင်း သိပါ၊ အဿာသပဿာသသမ္ဘူတေ ဝါ နိမိတ္တေ၊ [ဤအလို " အဿာသ ပဿာသေ– အဿာသပဿာသကြောင့်ဖြစ်သော၊ နိမိတ္တေ– ပဋိဘာဂနိမိတ်၌ "ဟု ပေး၍ "ထပယံ စိတ္တံ၊ပေ၊နိဗန္ဓတိ"ဟု ပေးပါ၊ သကံ စိတ္တံ နိဗန္ဓတီတိ–တာယ ဧဝ ထပနာယ (ထိုအပ္ပနာပေါ်အောင် ထားခြင်းဖြင့်ပင်) အတ္တနော စိတ္တံ ဥပနိဗန္ဓတိ၊ "အပ္ပေတီတိ အတ္ထော–အပ္ပနာဖြစ်ပေါ်လာစေ၏"ဟု အနက်မှတ်။

ကေစိပါဒ။ ။ဝိဘာဝယံကို ဝိဒိတံ ပါကဋံ ကရောန္တော – ဟု ဖွင့်၏၊ ထိုအဖွင့်သည် ပဋိဘာဂနိမိတ်မပေါ်မီ ရှေ့အဘို့၌ သင့်စရာရှိ၏၊ ထိုနည်းကိုလိုက်၍ နိဿယ၌ အနက်ပေးလိုလျှင် "ဓီရော–ပညာရှိယောဂီသည်၊ အဿာသပဿာသေ–၌၊ နာနာကာရံ-ဒီဃရဿစသော အမျိုးမျိုးသောအခြင်းအရာကို၊ ဝိဘာဝယံ–ထင်ရှားပြလျက်၊ နိမိတ္တေ–ပဋိဘာဂနိမိတ်၌၊ စိတ္တံ–ကို၊ ထပယံ–လျက်၊ သကံ–သော၊ စိတ္တံ–ကို၊ နိဗန္ဓတိ–အပ္ပနာပေါ်လာသည့်တိုင်အောင် ဖွဲ့ထား၏"ဟု ပေးပါ။

www.dhammaransi.com

ဇဝံ–သို၊ တဿ–ထို ယောဂီရဟန်း၏၊ ဝါ–သည်၊ နိမိတ္တုပဋ္ဌာနတော– ပဋိဘာဂနိမိတ်ထင်လာရာ အခါမှ၊ ပဘုတိ–၍၊ နီဝရဏာနိ- တို့သည်၊ ဝါ- တို့ကို၊ ဝိက္ခမ္ဘိတာနေဝ–ပယ်ခွါအပ်ကုန်ပြီးသည်သာ၊ ဟောန္တိ-န်၏၊ ကိလေ သာ– နီဝရဏနှင့်ယှဉ်ဘက် ကိလေသာတို့သည်၊ သန္နိသိန္နာဝ - ငြိမ်သက်စွာ တည်နေကုန်သည်သာ၊ (ဟောန္တိ)၊ သတိ- သည်၊ ဥပဋ္ဌိတာယေဝ - အာရုံ၌ စွဲကပ်တည်နေသည်သာ၊ (ဟောတိ)၊ စိတ္တံ– ဘာဝနာစိတ်သည်၊ သမာဟိတ မေဝ - ကောင်းစွာအာရုံ၌ ထားအပ်သည်သာ၊ ဝါ - တည်ကြည်သည်သာ၊ (ဟောတိ)၊ ဟိ-မှန်၏၊ ဥပစာရဘူမိယံ– ဥပစာရအခိုက်အတန့်၌၊ နီဝရဏပ္ပ ဟာနေနဝါ-နီဝရဏတို့ကိုပယ်နိုင်ခြင်းကြောင့်သော်၎င်း၊ ပဋိလာဘဘူမိယံ- ဈာန်ကိုရရာအခိုက်အတန့်၌၊ အင်္ဂပါတုဘာဝေနဝါ-ဈာန်အင်္ဂါတို့၏ ထင်ရှား ဖြစ်ခြင်းကြောင့် သော်၎င်း၊ ဒွိဟိ – ၂ ပါး ကုန်သော၊ အာကာရေဟိ - အကြောင်းတို့ကြောင့်၊ ဧဒံစိတ္တံ- ဤ ဘာဝနာစိတ်သည်၊ သမာဟိတံနာမ- ကောင်းစွာအာရုံ၌ ထားအပ်သည်မည်သည်၊ ဝါ-တည်ကြည်သည်မည်သည်၊ ဟောတိ၊ တတ္ထ–ထို ၂ ပါးတို့တွင်၊ ဥပစာရဘူမိတိ–ကား၊ ဥပစာရသမာဓိ-·

နိမိတ္တုပဋ္ဌာနတောစသည်။ ။သဒ္ဓါစသော ဣန္ဒြေတို့၏အလွန်သန့်ရှင်း ထက်မြက် ခြင်းကြောင့် အသဒ္ဓိယ – ကောသဇ္ဇစသော အကုသိုလ် တရားတို့သည် စိတ်အစဉ်မှ အလွန်ဝေးကွာကုန်၏၊ ထို့ကြောင့် သဒ္ဓါဗိုလ်စသော ဗိုလ် ၅ ပါးတို့သည် ထောက်ပံ့ ကူညီထားအပ်သောဝိတက်စသော ကာမာဝစရဈာန်အင်္ဂါတို့သည် ထင်ရှားပေါ်လာ ရကား ဆန့်ကျင်ဘက် နီဝရဏတို့လည်း (ယှဉ်ဘက်ကိလေသာတို့နှင့်အတူ) ဝေးကွာ၍ နေကြကုန်၏၊ ပဋိဘာဂနိမိတ်ဖြစ်သည်နှင့် တပြိုင်နက် ကာမာဝစရဥပစာရသမာဓိဈာန် ပေါ်လာ၏၊ ထို့ကြောင့် "နိမိတ္တုပဋ္ဌာနတော၊ပေ၊သမာဟိတမေဝ" ဟု မိန့်သည်၊ ထို ပါဌ်တို့၌ ဧဝသဒ္ဒါထည့်ခြင်းကား "ထိုကဲ့သို့အကျိုးရဖို့ရန် အားထုတ်ထိုက်သည်"ဟု ပြလို၍ ထည့်ထားခြင်းတည်း။

ဒွိဟိ အာကာရေဟိ ။ ။ဈာနဓမ္မာနံ ပဋိပက္ခဒူရီဘာဝေါ– ဈာန်တရားတို့၏ ဆန့်ကျင်ဘက် နီဝရဏတို့မှ ဝေးကွာသည်၏အဖြစ်ဟူသော အကြောင်း , ထိရဘာဝ ပ္ပတ္တိစ – ခိုင်မြဲသည်၏အဖြစ်သို့ ရောက်ခြင်းဟူသော အကြောင်း , ဣတိ ဣမေဟိ ဒွိဟိ ကာရဏေဟိ၊ ထိုတွင် ပဌမအကြောင်းသည် "နီဝရဏပ္ပဟာနေန"နှင့် သဘောတူ၏၊ ဒုတိယ အကြောင်းကား " အင်္ဂပါတုဘာဝေန " နှင့် အဆိုချင်း မတူသော်လည်း သဘောချင်းတူ၏၊ ဘာ့ကြောင့်နည်း၊.... ခိုင်မြဲခြင်းနှင့် ဈာန်အင်္ဂါထင်ရှားခြင်းသည် သဘောတူသောကြောင့်တည်း။

ဥပစာရဘူမိ ။ ။ [ဤနေရာ၌ အဝတ္ထာဘုံကို " ဘူမိ "ဟု ဆိုသည်။] ဥပစာရ အခိုက်အတန့်၌ သမာဓိသည် အားမရှိသေး၊ အားမရှိသောကြောင့် (မတ်တတ်ရပ် ဖို့ရန် သင်နေဆဲကလေးသည် ထူပေးရင်း လဲရင်းဖြစ်သကဲ့သို့) ဥပစာရသမာဓိဇော– ဟူသော ကုသိုလ်ဇောဝီထိလည်း ဖြစ်ပေါ်လာရင်း ဘဝင်ကျရင်း ဖြစ်နေသည်။

www.dhammaransi.com

ဥပစာရသမာဓိတည်း၊ ပဋိလာဘဘူမိတိ – ကား၊ အပ္ပနာသမာဓိ - တည်း၊ တေသံ – ထို ဥပစာရသမာဓိ အပ္ပနာသမာဓိတို့၏၊ နာနာကရဏံ – အသီး အခြားပြုတတ်သော အထူးကား၊ ကိံ – နည်း၊ ဥပစာရသမာဓိ - ဈာန်၏ အနီး ဥပစာအခိုက်၌ဖြစ်သော သမာဓိသည်၊ ကုသလဝီထိယံ - ကုသိုလ်ဇော အစဉ်၌၊ ဇဝိတွာ- အဟုန်ဖြင့် ဖြစ်၍၊ ဝါ-ဇောပြီး၍၊ ဘဝင်ံ –သို့၊ ဩတရတိ- သက်ရောက်၏၊ အပ္ပနာသမာဓိ - အပ္ပနာသမာဓိသည်၊ ဒိဝသဘာဂေ – နေ့အဘို့၌၊ အပ္ပေတွာ-ဈာန်သို့ ရောက်၍၊ နိသိန္နဿ- ထိုင်နေလသော်၊ ဒိဝသ ဘာဂမ္ပိ-နေ့အဘို့ပတ်လုံးလည်း၊ ကုသလဝီထိယံ-၌၊ ဇဝတိ-အဟုန်ဖြင့်ဖြစ်၏၊ ဝါ-ဇော၏၊ ဘဝင်ံ – သို့၊ နဩတရတိ၊ ဒွိသု - ၂ ပါးကုန်သော၊ ဣမေသု သမာဓိသု – တို့တွင်၊ နိမိတ္တပါတုဘာဝေန – ပဋိဘာဂနိမိတ်၏ ထင်ရှား ဖြစ်ခြင်းကြောင့်၊ ဥပစာရသမာဓိနာ- ဖြင့်၊ သမာဟိတံ - ကောင်းစွာ အာရုံ၌ ထားအပ်သော၊ ဝါ- သော၊ စိတ္တံ- သည်၊ဟောတိ။

အထ– ပဋိဘာဂနိမိတ်ထင်လာရာ ထိုအခါ၌၊ အနေန-ဤ ယောဂီရဟန်း သည်၊ တံ နိမိတ္တံ-ထို ပဋိဘာဂနိမိတ်ကို၊ ဝဏ္ဏတော- အဆင်းအားဖြင့်၊ [ပိစု ပိဏ္ဍ တာရကရူပါဒီသုဝိယ - ဖြူသော အဆင်းရှိသော လဲအစု , ကြယ်ရောင် အပေါင်းအစရှိသည်တို့၌ကဲ့သို့၊ ဥပဋ္ဌိတဝဏ္ဏတော - ထင်လာသော ဖြူသော အဆင်းအားဖြင့်၊] နေဝ မနသိကာတဗ္ဗံ - ထိုက်၊ လက္ခဏတော - အမှတ် လက္ခဏာ အားဖြင့်၊ [ခရဘာဝါဒိ သဘာဝတော – ဝါ စေ့ စသည်တို့၏ ကြမ်းသည်၏အဖြစ်ဟူသော သဘောလက္ခဏာအားဖြင့်၊ အနိစ္စာဒိသဘာဝ တောဝါ။] န ပစ္စဝေက္ခိတဗ္ဗံ-ထိုက်၊ အပိစခေါ-စင်စစ်ကား၊ ခတ္တိယမဟေသိ ယာ- ခတ္တိယဇာတ်ရှိသောမိဖုရားသည်၊ စက္ကဝတ္တိဂဗ္ဘော-စကြာမင်းလောင်း ကိုယ်ဝန်ကို၊ (ရက္ခိတော) ဝိယ - စောင့်ရှောက်အပ်သကဲ့သို့ငှင်း၊ ကဿကေန- သည်၊ သာလိယဝဂဗ္ဘော-သလေးမုယော၏ မှည့်ခါနီးဖြစ်သောကိုယ်ဝန်ကို၊ ဝါ-ဖုံးတုံး လုံးတုံးဖြစ်သော သလေးမုယောကို၊ (ရက္ခိတော) ဝိယ – ငှင်း၊ (တထာ) အပ္ပမတ္တေန- မမေ့မလျော့သည်၊ (ဟုတွာ) ရက္ခိတဗ္ဗံ - စောင့်ရှောက် ရာ၏၊ ဝါ-ရမည်၊(ကသ္မာ, ရက္ခိတဗ္ဗံ-စောင့်ရှောက်ရာသနည်း၊)ဟိ(ယသ္မာ)

ပဋိလာဘဘူမိ။ ။ဈာန်ရသော အခိုက်အတန့်ကို " ပဋိလာဘဘူမိ "ဟု ခေါ်၏၊ ထိုအခိုက်၌ကား သမာဓိအားကောင်းသောကြောင့် (အားကောင်းသောယောကျ်ား သည် နေရာမှထပြီးနေ့ံ တနေ့လုံးမထိုင်ဘဲနေလိုက နေနိုင်သကဲ့သို့) တနေ့လုံး တညဥ့် လုံး ကုသိုလ်ဇောဝီထိ (ဈာနဝီထိ) ဖြစ်စေကာ ဘဝင်မကျစေဘဲနေလိုက ဘဝင်မကျ စေဘဲ နေနိုင်သည်။

www.dhammaransi.com

အသ-ထိုယောဂီရဟန်းအား၊ ဝါ-သည်၊ ရက္ခိတံ-စောင့်ရှောက်အပ်သော ပဋိဘာဂနိမိတ်သည်၊ ဖလဒံ – အပ္ပနာဟူသော အကျိုးကို ပေးနိုင်သည်၊ ဟောတိ၊ တသ္မာ– ထို့ကြောင့်၊ (ထိုသို့စောင့်ရှောက်လျှင် အကျိုးကိုပေးနိုင်သောကြောင့်၊ရက္ခိတဗ္ဗံ-ရာ၏။)[အကျိုးပေးပုံကိုပြ၍ ဂါထာကိုမိန့်၊....နိမိတ္တံ-ပဋိဘာဂနိမိတ်ကို၊ ရက္ခတော - စောင့်ရှောက်အပ်သော ယောဂီရဟန်း၏၊ လဒ္ဓပရိဟာနိ-ရအပ်ပြီးသောဥပစာရဈာန်၏ယုတ်လျော့ခြင်းသည်၊နဝိဇ္ဇတိ-မရှိ၊ အာရက္ခမှိ- ပဋိဘာဂနိမိတ်ကို စောင့်ရှောက်ခြင်းသည်၊ အသန္တမှိ-မရှိလသော်၊ လဒ္ဓံ လဒ္ဓံ- ရအပ် ရအပ်ပြီးသော ဥပစာရဈာန်သည်၊ ဝိနဿတိ-ပျောက်၍ပျောက်၍သွား၏၊ ဣတိ-ဤကား စောင့်ရှောက်ခြင်း၏အကျိုးတည်း။]

တတြ-ထို စောင့်ရှောက်ရာ၌၊ အယံ-ကား၊ ရက္ခဏူပါယော-စောင့်ရှောက်ခြင်း၏ နည်းလမ်းတည်း၊ တေနဘိက္ခုနာ – သည်၊ အာဝါသော – နေရာကျောင်းငှင်း၊ ဂေါစရော-ဆွမ်းခံရွာငှင်း၊ဘဿံ-ပြောဆိုအပ်သောစကားငှင်း၊ ပုဂ္ဂလော-ပုဂ္ဂိုလ်ငှင်း၊ဘောဇနံ-ဘောဇဉ်ငှင်း၊ဥတု-ဥတုငှင်း၊ဣရိယာပထော-ဣရိယာပုထ်ငှင်း၊ ဣတိ–သို့၊ ဣမာနိ သတ္တ–ဤ ၇ ပါးတို့ကို၊ အသပ္ပါယာနိ-မလျောက်ပတ်သည်တို့ကို၊ ဝဇ္ဇေတွာ–၍၊ တာနေဝသတ္တ–ထို ၇ ပါးတို့ကိုပင်၊ သပ္ပါယာနိ – လျောက်ပတ်သည်တို့ကို၊ သေဝန္တေန- မှီဝဲလျက်၊ ပုနပ္ပုနံ, တံ နိမိတ္တံ-ထို ပဋိဘာဂနိမိတ်ကို၊ မနသိကာတဗ္ဗံ-ရာ၏၊ ဧဝံ–ဤသို့လျှင်၊ သပ္ပါယသေဝနေန-လျောက်ပတ်သော အရာတို့ကို မှီဝဲခြင်းအားဖြင့်၊ နိမိတ္တံ-ပဋိဘာဂနိမိတ်ကို၊ ထိရံ - ခိုင်မြဲသည်ကို၊ ကတွာ- ၍၊ ဝုဍ္ဎိံ – ကြီးပွားခြင်းသို့၊ ဝိရူဠှိံ–စည်ပင်ခြင်းသို့၊ ဂမယိတွာ-ရောက်စေပြီး၍။....

လဒ္ဓပရိဟာနိ။ ။လဒ္ဓဥပစာရဇ္ဈာနပရိဟာနိ၊ နိမိတ်ပျောံမသွားလျှင် ထိုနိမိတ်ကို အာရုံပြုသော ဥပစာရဈာန်လည်း မပျောံနိုင်၊ နိမိတ်ကိုစောင့်ရှောံခြင်းမရှိ၍ ပျောံသွားလျှင်ကား ထိုနိမိတ်နှင့်စပ်နေသော ဥပစာရဈာန်လည်း ပျောက်ရမည်သာ၊ ထို့ကြောင့် “အာရက္ခမှိ အသန္တမှိ”စသည်ကို မိန့်သည်။

သပ္ပါယ , အသပ္ပါယ။ ။ မိမိနှင့် သင့်သောဆွမ်းကို ရဖို့လွယ်ကူရာ ရွာသည် သပ္ပါယ ဂေါစရမည်၏၊ ထိုသို့မလွယ်ကူရာ ရွာ(အရပ်)သည် အသပ္ပါယ ဂေါစရမည်၏၊ အပိစ္ဆကထာ–စသော (ဒသက်ုတ္တရ, ၁–ပဏ္ဏာသ, မဟာဝဂ်၌ လာသော) ကထာ ၁၀ ပါးသည် သပ္ပါယဘဿ မည်၏၊ ရာဇကထာ – စသော ၃၂ ပါးသော တိရစ္ဆာနကထာသည် အသပ္ပါယဘဿ မည်၏၊ ကျန် ၅ ပါးတွင်ကား အကြင် အကြင် အာဝါသစသည်၌နေသူမှာ သမာဓိမရသေးသောစိတ်သည် သမာဓိရ၏၊ ထိုထို အာဝါသစသည်သည် သပ္ပါယမည်၏၊ ထိုသို့သမာဓိရဖို့ရန် မဟုတ်သော အာဝါသစသည်သည် အသပ္ပါယမည်၏။

www.dhammaransi.com

ဝတ္ထုဝိသဒကိရိယာ-အဇ္ဈတ္တဗာဟိရ, ၂ လီဝတ္ထု, သန့်ရှင်းမှုကို,ပြုခြင်းငှာ၊ ဣန္ဒြိယသမတ္တပဋိပါဒနတာ - သဒ္ဓါစသော ဣန္ဒြေတို့၏ ညီမျှကုန်သည်၏ အဖြစ်ကိုပြီးစေခြင်းရှိသူ၏ အဖြစ်ငှာ၊ နိမိတ္တကုသလတာ-နိမိတ်၌ကျွမ်းကျင်သူ၏အဖြစ်ငှာ၊ ယသ္မိံ သမယေ-အကြင်အခါ၌၊ စိတ္တံ-တက်ကြွသောစိတ်ကို၊ နိဂ္ဂဟေတဗ္ဗံ - နှိပ်ထိုက်၏၊ တသ္မိံ သမယေ - နှိပ်ထိုက်ရာ ထိုအခါ၌၊ စိတ္တနိဂ္ဂဏှနာ-တက်ကြွသောစိတ်ကို နှိပ်ခြင်းငှာ၊ ယသ္မိံ သမယေ-၌၊ စိတ္တံ-ဆုတ်နစ်သောစိတ်ကို၊ ပဂ္ဂဟေတဗ္ဗံ-ချီးမြှောက်ထိုက်၏၊ တသ္မိံ သမယေ-ချီးမြှောက်ထိုက်ရာ ထိုအခါ၌၊ စိတ္တပဂ္ဂဏှနာ-ဆုတ်နစ်သောစိတ်ကို ချီးမြှောက်ခြင်းငှာ၊ [ဋီကာ အဖွင့်များ၌ " နိဂ္ဂဟေတဗ္ဗံ " ဝါကျ အလျှင်ရှိသောကြောင့် ထို ဝါကျကို ရှေ့ကနေစေရမည်၊ ယခုအဋ္ဌကထာ စာအုပ်များ၌ ရှေ့နောက် ပြန်နေ၏။] ယသ္မိံ သမယေ-၌၊ စိတ္တံ-မသာမယာ ဖြစ်နေသောစိတ်ကို၊ သမ္ပဟံသေတဗ္ဗံ-ရွှင်လန်းစေထိုက်၏၊ တသ္မိံ သမယေ - ရွှင်လန်းစေထိုက်ရာ ထိုအခါ၌၊ စိတ္တ

ဝတ္ထုဝိသဒ ကြိယာ။ ။ဤသို့ အသပ္ပါယကိုရှောင်၍ သပ္ပါယကိုမှီဝဲလျှင် မကြာခင် အပ္ပနာဈာန်ပေါ်လာ၏၊ ထိုသို့ပြုပါလျက် အပ္ပနာဈာန်မပေါ်လာနိုင်သော ယောဂီသည် ၁၀ ပါးသော အပ္ပနာ ကောသလ္လဉာဏ်ကို (အပ္ပနာပေါ်လာအောင် ကြိုးစားမှု၌ ကျွမ်းကျင်သောဉာဏ်ကို) ပြီးစီးစေရမည်—ဟု ပြလို၍ ဝတ္ထုဝိသဒ ကြိယာစသည်ကိုမိန့်၊ ရှည်သောဆံကို ရိတ်ခြင်း, ရှည်သော လက်သည်း ခြေသည်းကို ဖြတ်ခြင်း, ရေချိုးခြင်း စသည်ဖြင့် အဇ္ဈတ္တဝတ္ထုကို သန့်ရှင်းအောင်ပြုခြင်း, ဟောင်းနွမ်း စုတ်နေသောအဝတ် သက်န်းကို ချုပ်ခြင်း , အနံ့မကောင်းသော အဝတ်ကိုဖွတ်ခြင်း , အမှိုက်ရှုပ်နေသော ကျောင်း အိပ်ရာ နေရာကို ရှင်းလင်းခြင်းသည် ပြင်ပဝတ္ထုကို သန့်ရှင်းအောင် ပြုခြင်း မည်၏၊ ဤသို့သန့်ရှင်းအောင်ပြုမှသာ ဉာဏ်လည်း သန့်ရှင်းသဖြင့် ကိစ္စကို ပြီးစီးအောင် ပြုနိုင်သည်၊ [ဝတ္ထုနှံ့—တို့ကို+ဝိသဒကြိယာ၊ ဝတ္ထုဝိသဒ ကြိယာ။]

ဣန္ဒြိယသမတ္တ၊ပေ၊ ကုသလတာ။ ။ သဒ္ဓါနှင့် ပညာ, သမာဓိနှင့် ဝီရိယဟူသော ဣန္ဒြေတို့၏ ညီမျှသည်၏အဖြစ်ကို ပြီးစေခြင်း (ညီမျှအောင်ပြုခြင်း) သည် ဣန္ဒြိယသမတ္တ ပဋိပါဒနမည်၏၊ ကသိဏ်းနိမိတ်ကို ပြုခြင်း၌ ကျွမ်းကျင်ခြင်း,ပြုအပ်ပြီးသော ကသိဏ်း နိမိတ်ဝယ် ဘာဝနာပွားခြင်း၌ ကျွမ်းကျင်ခြင်း , ရအပ်ပြီးသော ပဋိဘာဂနိမိတ်ကို စောင့်ရှောက်ခြင်း၌ ကျွမ်းကျင်ခြင်းသည် နိမိတ္တကုသလတာ မည်၏။

စိတ္တနိဂ္ဂဟ စသည်။ ။ဝီရိယလွန်ခြင်း စသည်ကြောင့် စိတ်ပျံ့လွင့်နေလျှင် ပဿဒ္ဓိ စသောဗောဇ္ဈင်ကို ပွားစေခြင်းအားဖြင့် နှိမ်ပေးရ၏၊ စိတ်သည် တွန့်ဆုတ်နေလျှင် ဓမ္မဝိစယ စသောဗောဇ္ဈင် ၃ ပါးကို ပွားစေခြင်းအားဖြင့် မြှောက်ပေးရ၏။ ပညာ— လုလ္လတို့၏ နုံ့ခြင်း , ငြိမ်သက်မှု သုခမရခြင်းတို့ကြောင့် စိတ်သည် နိရဿာဒ (မသာယာမှု) ဖြစ်နေလျှင် သံဝေဂဝတ္ထု ၈ ပါးကို ဆင်ခြင်သောအားဖြင့် သံဝေဂဖြစ်စေရ၏၊ သို့မဟုတ် ဘုရား, တရား, သံဃာ ရတနာ ၃ ပါး၏ဂုဏ်တော်ကိုဆင်ခြင်ခြင်းဖြင့် စိတ်ကို

www.dhammaransi.com

သမ္ပဟံသနာ- မသာယာသောစိတ်ကို ရွှင်လန်းစေခြင်းငှါ၊ ယသ္မိံ သမယေ, စိတ္တံ- အညီအမျှဖြစ်နေသော စိတ်ကို၊ အဇ္ဈုပေက္ခိတဗ္ဗံ-ဗျာပါရမပြု,လျစ်လျူရှုထိုက်၏၊ တသ္မိံ သမယေ-လျစ်လျူရှုထိုက်ရာထိုအခါ၌၊ စိတ္တအဇ္ဈုပေက္ခနာ- ညီမျှသောစိတ်ကို လျစ်လျူရှုခြင်းငှါ၊ အသမာဟိတ ပုဂ္ဂလ ပရိဝဇ္ဇနာ – ကောင်းစွာအာရုံ၌ ထားအပ်သော စိတ်မရှိသောပုဂ္ဂိုလ်ကို ရှောင်ခြင်းငှါ၊ ဝါ-သမာဓိမရှိသောပုဂ္ဂိုလ်ကို ရှောင်ခြင်းငှါ၊ သမာဟိတ ပုဂ္ဂလသေဝနာ- ကောင်းစွာ အာရုံ၌ထားအပ်သော စိတ်ရှိသောပုဂ္ဂိုလ်ကို မှီဝဲခြင်းငှါ၊ ဝါ- သမာဓိရှိသောပုဂ္ဂိုလ်ကိုမှီဝဲခြင်းငှါ၊ တဒဓိမုတ္တတာ- ထိုသမာဓိ၌ ကိုင်းညွတ်သူ၏အဖြစ်ငှါ၊ ဣတိ-သို့၊ ဒသ-န်သော၊ ဣမာနိ အပ္ပနာကောသလ္လာနိ-ဤ အပ္ပနာဈာန်ပေါ်လာခြင်း၌ ကျွမ်းကျင်သူ၏ ဖြစ်ကြောင်းဖြစ်ရာတို့ကို၊ အဝိဇဟန္တေန-မစွန့်ဘဲ၊ ယောဂေါ-အားထုတ်ခြင်းကို၊ ကရဏီယော-ပြုထိုက်၏။

တဿ-ထို ယောဂီရဟန်း၏၊ ဝါ-သည်၊ ဧဝံ-ဤ ဆိုအပ်ပြီးသောနည်းဖြင့်၊ အနုယုတ္တဿ-အဖန်ဖန်အားထုတ်လျက်၊ ဝိဟရတော-နေလသော်၊ ဣဒါနိ- ၌၊ အပ္ပနာ – အပ္ပနာဈာန်သည်၊ ဥပ္ပဇ္ဇိဿတိ - ဖြစ်တော့လတံ့၊ ဣတိ- ဤသို့ ဆိုထိုက်ရာခဏ၌၊ ဘဝင်္ဂံ- ဘဝင်ကို၊ ဝိစ္ဆိန္ဒိတွာ-ဖြတ်၍၊ နိမိတ္တာရမဏံ- ပဋိဘာဂနိမိတ်လျှင် အာရုံရှိသော၊ မနောဒွါရာဝဇ္ဇနံ- သည်၊ ဥပ္ပဇ္ဇတိ-၏၊ [ဤ မနောဒွါရာဝဇ္ဇန်စိတ်ကား အပ္ပနာဝီထိ၌ အစဆုံးစိတ်တည်း၊ ထို့နောက်၌ ဥပစာရ သမာဓိဇောများဖြစ်ပုံကို သင်္ဂြိုဟ် အပ္ပနာဇောဝါရ၏ ဆိုင်ရာအဖွင့်များကို ကြည့်ကြပါလေ။]စ-ဆက်၊ တသ္မိံ-ထိုမနောဒွါရာဝဇ္ဇန်သည်၊ နိရုဒ္ဓေ-သော်၊ တဒေဝါရမဏံ-ထို ပဋိဘာဂနိမိတ်အာရုံကိုပင်၊ ဂဟေတွာ-၍၊ စတ္တာရိဝါ-လေးကြိမ်သော်လည်းဖြစ်ကုန်သော၊ [တိက္ခပုဂ္ဂိုလ်ကို ရည်ရွယ်သည်။] ပဉ္စဝါ- ငါးကြိမ်သော်လည်း ဖြစ်ကုန်သော၊ [မန္ဒပုဂ္ဂိုလ်ကို ရည်ရွယ်သည်။]

ကြည်လင်ရွှင်ပြစေရမည်။ [ဇာတိဘေး , ဇရာ , ဗျာဓိ , မရဏဘေး, အပါယ်ဘေး, အတိတ်ကဝဋ္ဋဒုက္ခ , အနာဂတ်ဝဋ္ဋဒုက္ခ , ပစ္စုပ္ပန်ဘဝ၌ အာဟာရကိုရှာရမှု ဒုက္ခ , ဤ ၈ ပါးကို သံဝေဂဝတ္ထု (ထိတ်လန့်ခြင်း၏ အကြောင်း) ဟု ခေါ်၏။] စိတ်သည် မပျံ့လွင့်,မတွန့်ဆုတ်,မသာမယာ မဟုတ်ဖြစ်၍ အာရုံ၌ အညီအမျှဖြစ်နေလျှင် ထို စိတ်ကို ဆုတ်အောင် တိုးအောင် ဗျာပါရမပြုဘဲ လျစ်လျူရှုရာ၏။

အသမာဟိတ၊ပေ၊မုတ္တတာ။ ။ ကာမမှ ထွက်မြောက်ကြောင်းအကျင့်ကို မကျင့်ဘဲ ကိစ္စများ၌ ပျံ့လွင့်သောစိတ်ထားရှိသူကို ရှောင်ခြင်း,ထိုအကျင့်ကိုကျင့်၍ သမာဓိရှိသူကို မှီဝဲဆည်းကပ်ခြင်း,သမာဓိရဘို့ရန် စိတ်၏ညွတ်ကိုင်းနေခြင်းသည် အသမာဟိတ ပုဂ္ဂလ ပရိဝဇ္ဇနာစသည် မည်၏။

www.dhammaransi.com

ဇဝနာနိ- ဇောတို့သည်၊ (ဥပ္ပဇ္ဇန္တိ)၊ ယေသံ - ယင်းစိတ်တို့တွင်၊ ပဌမံ-ပဌမ ဇောကို၊ ပရိကမ္မန္တိ-ပရိကမ်ဟူ၍၊ (ဝုစ္စတိ)၊ ဒုတိယံ- ကို၊ ဥပစာရန္တိ-ဥပစာ ဟူ၍၊ (ဝုစ္စတိ)၊ တတိယံ-ကို၊ အနုလောမန္တိ-အနုလုံဟူ၍၊ (ဝုစ္စတိ)၊ စတုတ္ထံ- ကို၊ ဂေါတြဘူတိ - ဂေါတြဘုဟူ၍၊ (ဝုစ္စတိ)၊ ပဉ္စမံ- ကို၊ အပ္ပနာစိတ္တန္တိ- အပ္ပနာဇောစိတ်ဟူ၍၊ (ဝုစ္စတိ)၊ ဝါ- တနည်း၊ ပဌမံ- ကို၊ ပရိကမ္မန္တိစေဝ- ပရိကမ်ဟူ၍၎င်း၊ ဥပစာရန္တိစ-၎င်း၊ (ဝုစ္စတိ)၊ပေ၊ဟိ- ဆက်၊ စတုတ္ထမေဝ- လေးကြိမ်မြောက်သာလျှင် သော်၎င်း၊ [ဝေဖြင့် ၃ ကြိမ်ကိုကန့်။] ပဉ္စမံဝေါ- ငါးကြိမ်မြောက်သာလျှင် သော်၎င်း၊ [ဝေဖြင့် ၆ ကြိမ်ကိုကန့်။] အပ္ပေတိ- အပ္ပနာဇောဖြစ်၏၊ ဆဋ္ဌံဝါ - ခြောက်ကြိမ်မြောက်သော်၎င်း၊ သတ္တမံဝါ - သော်၎င်း၊ န (အပ္ပေတိ) - အပ္ပနာဇောမဖြစ်၊ (ကသ္မာ)၊ အာသန္နဘဝင် ပါတတ္တာ- နီးသောဘဝင်ကျခြင်း ရှိသည်၏အဖြစ်ကြောင့်တည်း၊ ဝါ- ဘဝင် ကျခါနီးသည်၏အဖြစ်ကြောင့်တည်း။

ပန-ဝါဒန္တရကား၊ အာဘိဓမ္မိကဂေါဒတ္တတ္ထေရော-အာဘိဓမ္မိကဂေါဒတ္တ ထေရ်သည်၊ အာဟ ၊ (ကိံ)၊ အာသေဝနပစ္စယေန - အာသေဝနပစ္စည်း ကြောင့်၊ ဝါ - အာသေဝနပစ္စည်းကို ရမှ၊ ကုသလာဓမ္မာ - တို့သည်၊ ဗလ ဝန္တော-နှ်သည်၊ဟောန္တိ၊တသ္မာ, ဆဋ္ဌံဝါ- ၆ ကြိမ်မြောက်သော်၎င်း၊ သတ္တ မံဝါ – ၇ ကြိမ်မြောက်သော်၎င်း၊ အပ္ပေတိ - အပ္ပနာဇော ဖြစ်နိုင်၏၊ ဣတိ (အာဟ)၊ တံ-ထိုစကားကို၊ အဋ္ဌကထာသု-ရှေးအဋ္ဌကထာတို့၌၊ ပဋိက္ခိတ္တံ- ပယ်မြစ်အပ်ပြီ၊ တတ္ထ-ထိုစိတ်တို့တွင်၊ ပုဗ္ဗဘာဂစိတ္တာနိ-ရှေးအဘို့၌ဖြစ်သော စိတ်တို့သည်၊ ကာမာဝစရာနိ–တို့သည်၊ ဟောန္တိ၊ အပ္ပနာစိတ္တံ ပန- အပ္ပနာ စိတ်သည်ကား၊ ရူပါဝစရံ-ရူပါဝစရတည်း၊ ဧဝံ-သို့လျှင်၊ အနေန-ဤယောဂီ ရဟန်းသည် ၊ပေ၊ ပဌမဇ္ဈာနံ – သည်၊ ဝါ - ကို၊ အဓိဂတံ – ရအပ်ပြီးသည်၊ ဟောတိ၊ [" ပဉ္စင်္ဂဝိပ္ပဟီနံ " စသောပုဒ်တို့၏ အနက်အဓိပ္ပါယ်ကို ရေးခဲ့ပြီ။] သော-ထို ယောဂီရဟန်းသည်၊ တသ္မိံ ယေဝါရမဏေ - ထို ပဋိဘာဂနိမိတ် အာရုံ၌ပင်၊ ဝိတက္ကာဒယော – ဝိတက်အစရှိသော ရုန့်ရင်းသောဈာန်အင်္ဂါ တို့ကို၊ ဝူပသမေတွာ - ငြိမ်းစေ၍၊ ဒုတိယ တတိယ စတုတ္ထဇ္ဈာနာနိ - ဒုတိယ ဈာန် တတိယဈာန် စတုတ္ထဈာန်တို့သို့၊ ပါပုဏာတိ - ၏၊ စ- နိဂုံးကို ဆိုဦးအံ့၊ ဧတ္တာဝတာ–၌မျှ အတိုင်းအရှည်ရှိသော ဈာန် ၄ ပါးကို ရခြင်းဖြင့်၊ ထပနာ ဝသေန – အပ္ပနာဈာန် ပေါ်လာအောင် စိတ်ကိုထားခြင်း၏ အစွမ်းဖြင့်၊ ဘာဝနာယ - အာနာပါနဿတိ ဘာဝနာ၏၊ ပရိယောသာနပ္ပတ္တော- အပြီး အဆုံးသို့ရောက်သည်၊ ဟောတိ၊ အယံ- ဤကား၊ ဧတ္ထ- သမန္တပါသာဒိကာ

www.dhammaransi.com

မည်သော ဤဝိနည်းအဋ္ဌကထာ၌၊ သင်္ခေပကထာ-အကျဉ်းချုပ်စကားတည်း၊ ဝိတ္ထာရောပန - ကိုကား၊ ဝုစ္ဆန္တေန – အလိုရှိသောပုဂ္ဂိုလ်သည်၊ ဝိသုဒ္ဓိမဂ္ဂတော-မှ၊ ဂဟေတဗ္ဗော။

ပန–ဆက်၊ ဧတ္ထ–ဤ ကာယာနုပဿနာဘာဝနာ၌၊ [အာနာပါနဿတိဘာဝနာကိုပင်ဆိုသည်။] ဧဝံ - ဤ ဆိုအပ်ပြီးသောနည်းဖြင့်၊ ပတ္တ စတုတ္ထဇ္ဈာနော–ရအပ်ရအပ်ပြီးသောစတုတ္ထဈာန်ရှိသော၊ ဘိက္ခု–သည်၊ သလ္လက္ခဏာဝိဝဋ္ဋနာဝသေန-အနိစ္စစသည်ကိုကောင်းစွာမှတ်သားတတ်သော ဝိပဿနာ, ပဝတ္တ သင်္ခါရတို့ကို ဆုတ်နစ်စေတတ်သောမဂ်၏အစွမ်းဖြင့်၊ ကမ္မဋ္ဌာနံ– ကို၊ ဝဍ္ဎေတွာ- တိုးပွားစေ၍၊ ပါရိသုဒ္ဓိံ - ထက်ဝန်းကျင် စင်ကြယ်သောဖိုလ်ကို၊ ပတ္တုကာမော-ရလိုသည်၊ ဝါ-ဝင်စားလိုသည်၊ (သမာနော-သော်။) တဒေဝ ဈာနံ–ထို စတုတ္ထဈာန်ကိုပင်၊ အာဝဇ္ဇန အဓိဋ္ဌာန ဝုဋ္ဌာန ပစ္စဝေက္ခဏာ သင်္ခါတေဟိ-အာဝဇ္ဇနဝသီဘော်,သမာပဇ္ဇနဝသီဘော်,အဓိဋ္ဌာနဝသီဘော်,ဝုဋ္ဌာနဝသီဘော် , ပစ္စဝေက္ခဏာဝသီဘော် ဟု ဆိုအပ်ကုန်သော၊ ပဉ္စဟိ – နံသော၊ အာကာရေဟိ– အခြင်းအရာတို့ဖြင့်၊ ဝသိပ္ပတ္တံ-ဝသီဘော်သို့ ရောက်သည်ကို၊ ဝါ – စွမ်းရည်သတ္တိရှိသူ၏ အဖြစ်သို့ ရောက်သည်ကို၊ ပဂုဏံ – အပါးဝစွာ လေ့လာအပ်သည်ကို၊ ကတွာ – ပြုပြီး၍၊ [ဝသီဘော် ၅ တန်၏ အဓိပ္ပါယ်ကို သဗ္ဗိုဟ်ကမ္မဋ္ဌာန်းပိုင်းဆိုင်ရာ၌ ရေးထားပြီ။] အရူပပုဗ္ဗင်္ဂမံ - နာမ်တရားလျှင် ရှေ့သွားရှိသော၊ ရူပံဝါ - ရုပ်တရားကိုသော်၎င်း၊ ရူပပုဗ္ဗင်္ဂမံ- ရုပ်တရားလျှင် ရှေ့သွားရှိသော၊ အရူပံဝါ - နာမ်တရားကိုသော်၎င်း၊ ဣတိ - သို့၊ ရူပါရူပံ-ရုပ်နာမ်တရားကို၊ ပရိဂ္ဂဟေတွာ–သိမ်းဆည်း၍၊ ဝိပဿနံ–ကို၊ ပဋ္ဌပေတိ–၏။

[“အရူပပုဗ္ဗင်္ဂမံဝါ၊ပေ၊ပဋ္ဌပေတိ”ကို ချဲ့လို၍“ကထံ”စသည်မိန့်။]ကထံ-အဘယ်သို့ဝိပဿနာကိုဖြစ်စေသနည်း၊ ဟိ–ချဲ့၊ သော-ထိုယောဂီရဟန်းသည်၊ ဈာနာ-မှ၊ ဝုဋ္ဌဟိတွာ-ထပြီး၍၊ ဈာနင်္ဂါနိ-တို့ကို၊ ပရိဂ္ဂဟေတွာ–သိမ်းဆည်း

ပါရိသုဒ္ဓိံ ပတ္တုကာမော။ ။ [သလ္လက္ခဏာဟူသည် ဝိပဿနာတည်း၊ ဝိဝဋ္ဋနာဟူသည် မဂ်တည်း၊ ပါရိသုဒ္ဓိဟူသည် ဖိုလ်တည်း-ဟု ရှေ့၌ဖွင့်ခဲ့ပြီ။] ဖလံ အဓိဂန္တုကာမော , သမာပဇ္ဇိတုကာမောစ၊ (ဝိပဿနံ ပဋ္ဌပေတိ၌စပ်၊) တတ္ထ သလ္လက္ခဏာဝိဝဋ္ဋနာဝသေန ပဌမံ မဂ္ဂါနန္တရဖလံ အဓိဂန္တုကာမော၊ [ပတ္တုကာမောကို “ အဓိဂန္တုကာမော”ဟု ဖွင့်ရာ၌ သလ္လက္ခဏာ ဝိဝဋ္ဋနာ ၂ မျိုးလုံးနှင့်တွဲပါ၊ ဖိုလ်ကို ရအောင်ကြိုးစားသောအခါ ဝိပဿနာရော မဂ်ရောပါရသည်။]တတော ပရံ သလ္လက္ခဏာဝသေန ဖလသမာပတ္တိံ သမာပဇ္ဇိတုကာမော၊ ဖလသမာပတ်ကို ဝင်စားသောအခါ မဂ်မပါရတော့၊ ဝိပဿနာကိုရှု၍ ဖိုလ်ဝင်စားရသည်။.... (ဝိမတိ)။

www.dhammaransi.com

၍၊ တေသံ-ထိုဈာန်အင်္ဂါတို့၏၊ နိဿယံ—မှီရာဖြစ်သော၊ ဟဒယဝတ္ထုံ-ဟဒယ ဝတ္ထုကိုငင်း၊ တံနိဿယာနိ – ထို ဟဒယဝတ္ထု၏ မှီရာဖြစ်ကုန်သော၊ မဟာ ဘူတာနိစ- တို့ကိုငင်း၊ တေသံ- ထို မဟာဘုတ်တို့၏၊ နိဿယံ - သော၊ သက လမ္ပိ-သော၊ ကရဇကာယဥ္စ-ကရဇကာယကိုငင်း၊ ဝါ– ခန္ဓာကိုယ်တခုလုံးကို ငင်း၊ ပဿတိ-ရှု၏၊ တတော– ထိုမှ နောက်၌၊ ဈာနင်္ဂါနိ– တို့ကို၊ အရူပန္တိ- နာမ်ဟူ၍ငင်း၊ ဝတ္ထာဒီနိ–ဟဒယဝတ္ထု အစရှိသည်တို့ကို၊ ရူပန္တိ-ရုပ်ဟူ၍ငင်း၊ ရူပါရူပံ– ရုပ်နာမ်ကို၊ ဝဝတ္ထပေတိ– ခွဲခြားသတ်မှတ်၏၊ [ဤစကားဖြင့် နာမ ရူပပရိဂ္ဂဟဉာဏ်ကိုပြ၏၊ နောက်၌လည်း ဤဉာဏ်ကိုပင် တမျိုးပြသည်၊ ရှေ၌ အရူပပုဗ္ဗင်္ဂမ ရူပပရိဂ္ဂဟကိုပြပြီး၍,ရူပပုဗ္ဗင်္ဂမအရူပပရိဂ္ဂဟဉာဏ်ကိုပြလိုသော ကြောင့် "အထဝါ" စသည်ကို မိန့်သည်။]အထဝါ–ကား၊ သမာပတ္တိတော- ဈာန်သမာပတ်မှ၊ ဝုဋ္ဌဟိတွာ, ကေသာဒီသု–န်သော၊ ကောဋ္ဌာသေသု- ၃၂ ပါးသော ကောဋ္ဌာသတို့၌၊ ပထဝီဓာတုအာဒိဝသေန - ပထဝီဓာတ် အစ ရှိသည်တို့၏ အစွမ်းဖြင့်၊ စတ္တာရိ – န်သော၊ ဘူတာနိ– မဟာဘုတ်တို့ကိုငင်း၊ တံ နိဿိတရူပါနိစ- ထိုမဟာဘုတ်ကိုမှီသော ဥပါဒါရုပ်တို့ကိုငင်း၊ ပရိဂ္ဂဟေ တွာ , ယထာပရိဂ္ဂဟိတရူပါရမဏံ – အကြင်အကြင် သိမ်းဆည်းအပ်သော ရုပ်လျှင် အာရုံရှိသည်လည်းဖြစ်သော၊ ယထာပရိဂ္ဂဟိတရူပဝတ္ထုဒွါရာရမဏ မ္ပိ– အကြင်အကြင် သိမ်းဆည်းအပ်သောရုပ် ဝတ္ထု ဒွါရ အာရုံရှိသည်လည်း ဖြစ်သော၊ [ဋီကာ၌ " အာရမဏံပိ " ဟု ရှိ၏။] သသမ္ပယုတ္တဓမ္မံ - သော၊ ဝိညာဏဥ္စ-ကိုငင်း၊ ပဿတိ၊ တတော - ၌၊ ဘူတာဒီနိ - တို့သည်ကို၊ ရူပန္တိ- ငင်း၊ သသမ္ပယုတ္တဓမ္မံ- သော၊ ဝိညာဏံ-ကို၊ အရူပန္တိ–ငင်း၊ ဝဝတ္ထပေတိ။

[ဣဒါနိ အညထာပိ (တနည်းအားဖြင့်လည်း) ရူပပုဗ္ဗင်္ဂမံ အရူပပရိဂ္ဂဟံ ဒဿေန္တော အထဝါတိ အာဒိ မာဟ၊] အထဝါ- ကား၊ သမာပတ္တိတော– မှ၊ ဝုဋ္ဌဟိတွာ-၍၊ အဿာသ ပဿာသာနံ- တို့၏၊ သမုဒယော– အကြောင်း

ဈာနင်္ဂါနိ ။ ။ "ဈာနင်္ဂါနိ"ဟူသော စကားသည် ဈာန်အင်္ဂါတို့ကို ညွှန်ပြသော နိဒဿနနည်းတည်း၊ ဈာန်အင်္ဂါတို့ကို ရှုသောအခါ ထို ဈာန်အင်္ဂါနှင့် ယှဉ်သောစိတ် စေတသိက်တို့ကိုလည်း ရှုသည်၊ [ဈာနင်္ဂါနီတိ ဟိ ဣဒံ နိဒဿနမတ္တံ၊ ဈာနင်္ဂါနိ ပန ပဿန္တော တံ သမ္ပယုတ္တေစ ဓမ္မေ ပဿတိ။] နောက် "ဈာနင်္ဂါနိ အရူပံ"ဟု ပိုင်းခြား ရာ၌လည်း ဤနည်းပင်တည်း။

တေသံ နိဿယံ၊ပေ၊ပဿတိ။ ။အိမ်တွင်း၌ဝင်လာသော မြွေကိုမြင်၍ လိုက်ဖမ်း သူသည် ထို မြွေ၏ နေရာကိုပါ မြင်တွေ့သကဲ့သို့ , ထို့အတူ နာမ်တရားကို ဘာဝနာ ဉာဏ်ဖြင့်လိုက်သော ယောဂီသည် နာမ်တရား၏မှီရာ ဟဒယဝတ္ထုမှစ၍ ကရဇကာယ တိုင်အောင် မြင်ရ သိရလေသည်။

www.dhammaransi.com

သည်၊ ကရဇကာယောစ - သည်၎င်း၊ စိတ္တဉ္စ- သည်၎င်း၊ (ဟောတိ)၊ ဇုတိ ပဿတိ၊ ဟိ-ဥပမာဆောင်, ထင်အောင်ပြဉ္စုံး၍၊ ကမ္မာရဂဂ္ဂရိယာ-ပန်းဘဲ သမားတို့၏ ဖါးဖိုသည်၊ ဓမမာနာယ-ဓမ ဓမဟု အသံပြုလသော်၊ ဝါ-ရှူးရှူး ဟု မည်လသော်၊ [ဓမာယန္တိယာ-ဓမ ဟု အသံပြုလျက်၊ ဝါတံ ဂါဟာပေန္တိ ယာ-လေကို ယူစေလသော်, မှုတ်လသော်။] ဘတ္တဉ္စ - သားရေဖါးဖိုကို၎င်း၊ ပုရိသဿ-၏၊ တဇ္ဇံ-ထိုလေထွက်ခြင်းအား လျော်ကပ်သော၊ ဝါယာမံစ- လုံ့လကို၎င်း၊ ပဋိစ္စ - စွဲ၍၊ ဝါတော - သည်၊ သဉ္စရတိ ယထာ - လှည့်လည် သကဲ့သို့၊ ဧဝမေဝ-လျှင်၊ ကာယဉ္စ-ကို၎င်း၊ စိတ္တဉ္စ- ကို၎င်း၊ ပဋိစ္စ, အဿာသ ပဿာသာ-တို့သည်၊ (သဉ္စရန္တိ)၊ ဇုတိ(ပဿတိ)၊ တတော-၌၊ အဿာသ ပဿာသေစ- တို့ကို၎င်း၊ ကာယဉ္စ-ကို၎င်း၊ ရူပံတိ-ဟူ၍၎င်း၊ စိတ္တဉ္စ-ကို၎င်း၊ တံ သမ္ပယုတ္တဓမ္မေစ - ထို စိတ်နှင့်ယှဉ်ဘက် စေတသိက်တို့ကို၎င်း၊ အရူပန္တိ - ဟူ၍၎င်း၊ ဝဝတ္ထပေတိ၊ ဧဝံ-လျှင်၊ နာမရူပံ- ကို၊ ဝဝတ္ထပေတွာ-ပြီး၍၊ တဿ- ထိုနာမ်ရုပ်၏၊ ပစ္စယံ- အကြောင်းကို၊ ပရိယေသတိ- ရှာ၏၊ [ပစ္စယပရိဂ္ဂဟ ဉာဏ်ကို ဆိုသည်။]ပရိယေသန္တော စ-ရှာပြန်သော်လည်း၊ တံ-ထိုအကြောင်း ကို၊ ဒိသွာ, တီသုပိ - နိသော၊ အဒ္ဓါသု- အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလ တို့၌၊ နာမရူပဿ- ၏၊ ပဝတ္တိံ-ဖြစ်ပုံကို၊ အာရဗ္ဘ-အာရုံပြု၍၊ ကင်္ခံ-ယုံမှား ခြင်းကို၊ ဝိတရတိ-လွှန်မြောက်၏၊ [ကင်္ခါဝိတရဏာဝိသုဒ္ဓိကို ပြသည်၊ အဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနံစသော ယုံမှားခြင်းကို လွှန်မြောက်သည်-ဟူလို။]

ဝိတိဏ္ဏကင်္ခေါ-လွှန်မြောက်အပ်ပြီးသော ယုံမှားခြင်းရှိသည်၊ (ဟုတွာ)၊ ကလာပသမ္မသနဝသေန-ကလာပသမ္မသနနည်း၏ အစွမ်းဖြင့်၊ တိလက္ခဏံ- လက္ခဏာသုံးပါးသို့၊ အာရောပေတွာ - တင်၍၊ [ကလာပသမ္မသနဉာဏ်ကို ပြ၏၊ ထို ဉာဏ်နှင့်တကွ နောက်နောက် ဉာဏ်များကို သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်း အဖွင့်မှာ ရှု။] ဥဒယဗ္ဗယာနုပဿနာယ - ဥဒယဗ္ဗယာနုပဿနာ ဉာဏ်၏၊ ပုဗ္ဗဘာဂေ - ရှေ့ အဘို့၌၊ [ဥဒယဗ္ဗယဉာဏ်ကို ရှေ့ပိုင်း နောက်ပိုင်း ၂ မျိုး ခွဲပြီးလျှင် ရှေ့ပိုင်း၌- ဟူလို။] ဥပ္ပန္နေ-နိသော၊ ဩဘာသာဒယော- ဩဘာသ အစရှိကုန်သော၊ ဒသ-နိသော၊ ဝိပဿနုပက္ကိလေသေ-ဝိပဿနာ၏ ညစ်ညူး ကြောင်း ဖြစ်သော ဘေးရန်တို့ကို၊ ပဟာယ-၍၊ ဥပက္ကိလေသဝိမုတ္တံ - ဥပက္ကိ လေသတို့မှ လွတ်မြောက်သော၊ ပဋိပဒါဉာဏံ-ပဋိပဒါဉာဏ်ကို၊ မဂ္ဂေါတိ- လမ်းမှန်ဟူ၍၊ ဝဝတ္ထပေတွာ-၍၊ ဥဒယံ-ဖြစ်ခြင်းကို၊ ပဟာယ-မရှုဘဲ ပယ်စွန့် ၍၊ ဘင်္ဂါနုပဿနံ - ဘင်္ဂါနုပဿနာဉာဏ်သို့၊ ပတွာ- ၍၊ နိရန္တရံ- အဆက် မပြတ်၊ ဘင်္ဂါနုပဿနေန - ဉာဏ်ဖြင့်၊ ဘယတော - ဘေးအားဖြင့်၊ ဥပဋ္ဌိ

www.dhammaransi.com

တေသု–ထင်လာကုန်သော၊ သမ္မသခ်ါရေသု–တို့၌၊ နိဗ္ဗိန္ဒန္တော–ငြီးငွေ့လျက်၊ ဝိရဇ္ဇန္တော - မတပ်မက်သည်၊ ဝိမုစ္စန္တော – လွှတ်မြောက်သည်၊ (ဟုတ္ဝာ) ယထာက္ကမံ, စတ္တာရော- နှ်သော၊ အရိယမဂ္ဂေ–တို့သို့၊ ပါပုဏိတွာ– ၍၊ အရဟတ္တဖလေ–၌၊ ပတိဋ္ဌာယ–၍၊ ကေူနဝီသတိဘေဒဿ- တခုယုတ် ၂၀ အပြား ရှိသော၊ ပစ္စဝေက္ခဏာဉာဏဿ–၏၊ [ပစ္စဝေက္ခဏာဉာဏ် တခုယုတ် ၂၀ကို သဂြိုဟ် ''မဂ္ဂံဖလဉ္စနိဗ္ဗာနံ''စသော ဂါထာ–အဖွင့်မှာရှု။] ပရိယန္တပ္ပတ္တော– အပြီးအဆုံးသို့ရောက်သည်၊(ဟုတွာ)၊ သဒေဝကဿ-နတ်နှင့်တကွဖြစ်သော၊ လောကဿ-သတ္တာအပေါင်း၏၊ အဂ္ဂဒက္ခိဏေယျော- မြတ်သည်ဖြစ်၍ အလှူ ကို ခံထိုက်သည်၊ ဝါ – အလှူခံပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးသည် ၊ ဟောတိ၊ စ– နိဂုံးကို ဆိုဦးအံ့၊ ဣတ္တောဝတာ–ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်၊ အဿ–ထိုအာနာပါနဿတိကမ္မဋ္ဌာန်းကိုအားထုတ်သော ယောဂီရဟန်း၏၊ [အာနာပါနကမ္မဋ္ဌာနိကဿ။] ဂဏနံ–ဂဏနာနည်းကို၊ အာဒိံ ကတွာ-၍၊ ဝိပဿနာပရိယောသာနာ - ဝိပဿနာ အဆုံးရှိသော၊ အာနာပါနဿတိ သမာဓိဘာဝနာ - သည်၊ သမတ္တာနာမ–ပြည့်စုံလုံလောက်သည် မည်သည်၊ ဟောတိ–ဖြစ်တော့၏၊ ဣတိ-ဤကား အပြီးတည်း၊....အယံ–ပြီးကား၊ သဗ္ဗာ ကာရတော–အားဖြင့်၊ ပဌမစတုက္ကဝဏ္ဏနာ– ပဌမစတုက္က၏ အဖွင့်တည်း။

ပန - ကား၊ ဣတရေသု - ပဌမစတုက္ကမှ အခြားကုန်သော၊ တီသု - ၃ ပါး ကုန်သော၊ စတုက္ကေသု – စတုက္ကတို့၌၊ [ဝေဒိတဗ္ဗော၌စပ်။] ယသ္မာ , ဝိသုံ– သီးခြား၊ ကမ္မဋ္ဌာန ဘာဝနာနယောနာမ- ကမ္မဋ္ဌာန်းပွားစေနည်း မည်သည်၊ နတ္ထိ၊[ပဌမစတုက္ကဖြင့် ဈာန်ရပြီးပုဂ္ဂိုလ်အား ဝေဒနာ,စိတ္တ,ဓမ္မာနုပဿနာကို ဆက်လက်၍ ဟောတော်မူအပ်သောကြောင့် ရှေ့အတို့မှာ ကမ္မဋ္ဌာန်းသီးခြား မရှိ - ဟူလို။] တသ္မာ, အနုပဒဝဏ္ဏနာနယေနေဝ – အစဉ်အတိုင်းဖြစ်သော ပုဒ်တို့၏ ဖွင့်ကြောင်းနည်းဖြင့်သာလျှင်၊ နေသံ-ထို စတုက္ကတို့၏၊ အတ္တော- ကို၊

ဥဒယံ ပဿာယ ၊ပေ၊ ဝိရဇ္ဇန္တော ။ ။ ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် ယှုအပ် ပြီးသောသခ်ါရတို့၏ အဖြစ်ကို (အာရုံမပြုတော့ဘဲ) စွန့်၍၊ ဘင်္ဂါနုပဿနံ ပတွာ–ထို သခ်ါရတို့၏အပျက်ကို ရှုတတ်သော ဘင်္ဂါနုပဿနာ ဉာဏ်သို့ရောက်၍၊ နိဗ္ဗိန္ဒန္တော– (ဘယဉာဏ် အာဒီနဝဉာဏ်ဆက်၍ တိုးတက်လာသော နိဗ္ဗိဒါဉာဏ်ဖြင့်) ရုပ်နာမ် သခ်ါရတို့၌ ငြီးငွေ့လျက်၊ (မုစ္စိတုကမျတာဉာဏ်,ပဋိသခ်ါဉာဏ်,သခ်ါရုပေက္ခာဉာဏ်, အနုလောမတိုင်အောင် တက်ပြီးလျှင်, ဂေါတြဘုဉာဏ်၏ အဆုံး၌ဖြစ်သော မဂ်ဉာဏ် ဖြင့်) ဝိရဇ္ဇန္တော–သခ်ါရတို့၌ မတပ်မက်သည်၊ ဝိမုစ္စန္တော–သခ်ါရတို့မှ လွှတ်မြောက်၍ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်သည်။ [မဂ္ဂက္ခဏေ ပနိ အရိယော ဝိရဇ္ဇတိ ဝိမုစ္စတီတိစ ဝုစ္စတိ။]

www.dhammaransi.com

ဝေဒိတဗ္ဗာ-၏၊ ပီတိပ္ပဋိသံဝေဒီတိ- ကား၊ ပီတိံ-ကို၊ ပဋိသံဝိဒိတံ-အသီး အသီး ကောင်းစွာသိအပ်သည်ကို၊ ကရောန္တော-လျက်၊ ပါကဋံ-ထင်အား ထင်ရှားသည်ကို၊ ကရောန္တော-လျက်၊ အဿသိဿာမိ-အံ့၊ ပဿသိဿာမိ-အံ့၊ ဣတိ, သိက္ခတိ-၏၊ တတ္ထ-ထို ပီတိပ္ပဋိသံဝေဒီ ဟူသောပါဌ်၌၊ အာရမဏတော-အာရုံအားဖြင့်၎င်း၊ အသမ္မောဟတော-မတွေဝေခြင်းအားဖြင့်၎င်း၊ ဒွိဟိ-နှစ်သော၊ အာကာရေဟိ-အကြောင်းတို့ဖြင့်၊ ပီတိ-သည်၊ ဝါ-ကို၊ ပဋိသံ ဝိဒိတာ-အသီးအသီး ကောင်းစွာသိအပ်သည်၊ ဟောတိ- ၏၊ ကထံ – သို့၊ အာရမဏတော-အားဖြင့်၊ ပီတိ-သည်၊ဝါ-ကို၊ပဋိသံဝိဒိတာ-သည်၊ဟောတိ-နည်း၊သပ္ပီတိကေ-ပီတိနှင့်တကွဖြစ်ကုန်သော၊ ဒွေ-နှ်သော၊ ဈာနေ-ပဌမဈာန် ဒုတိယဈာန်တို့ကို၊ သမာပဇ္ဇတိ- အံ့၊ တဿ-ထို ဈာန်ဝင်စားသော ယောဂီ ရဟန်း၏၊ သမာပတ္တိက္ခဏေ –ဈာန်ဝင်စားရာခဏ၌၊ ဈာနပဋိလာဘေန-ဈာန်ကိုရခြင်းကြောင့်၊ အာရမဏတော- အားဖြင့်၊ ပီတိ-သည်၊ ဝါ-ကို၊ ပဋိ သံဝိဒိတာ-သည်၊ ဟောတိ၊ (ကထံ-နည်း၊) အာရမဏဿ- ၏၊ ဝါ-ကို၊ ပဋိသံဝိဒိတတ္တာ-အသီးအသီး ကောင်းစွာသိအပ်သည်၏အဖြစ်ကြောင့်တည်း။

ကထံ-လျှင်၊ အသံမောဟတော-အားဖြင့်၊ (ပီတိ-သည်၊ ဝါ-ကို၊ ပဋိသံ ဝိဒိတာ - သည်၊ ဟောတိ- နည်း၊) သပ္ပီတိကေ- ပီတိနှင့်တကွ ဖြစ်ကုန်သော၊ ဒွေ – နှ်သော၊ ဈာနေ- ပဌမဈာန် ဒုတိယဈာန်တို့ကို၊ သမာပဇ္ဇိတွာ- ဝင်စား

ပီတိပ္ပဋိသံဝေဒီ။ ။ပီတိယာ—ကို၊ ပဋိ ပဋိ—အသီး အသီး (ပီတိဖြစ်တိုင်း ပီတိ ဖြစ်တိုင်း)၊ သမ္ဗုဒေဝ ဝေဒနသီလော၊ [တသီလအနက်၌ ဏီပစ္စည်း၊] ပီတိယာ ဝါ ပဋိပဋိ သမ္ဗုဒေဝ ဝေဒေါ် တေဿ အတ္ထီတိ ပီတိပ္ပဋိသံဝေဒီ၊ [အဿတ္ထိတဒ္ဓိတ်, ဏီ၊] ပီတိံ ဝါ ပဋိပဋိ သမ္ဗုဒေဝ ဝေဒယမာနောတိ ပီတိပ္ပဋိသံဝေဒီ၊ [တသီလအနက် မပါသောကတ္တားဟော သက်သက်၌ ဏီပစ္စည်းသက်၊] သံဝေဒနဆိုလျှင် ကောင်းစွာ သိခြင်းအနက်ကိုဟောနိုင်သော်လည်း သိပုံအခြင်းအရာက တမျိုးတည်းမဟုတ်, ၂မျိုး ရှိသောကြောင့် "ပဋိ"ဟု ထည့်ရသည်။

ပဋိသံဝိဒိတတ္တာ။ ။ဈာန်ဝင်စားဆဲခဏ၌ ပီတိကိုအာရုံမပြုပါဘဲ အဘယ့်ကြောင့် " သမာပတ္တိခဏေ.... အာရမဏတော ပီတိ ပဋိသံဝိဒိတာ " ဟု ဆိုအပ်သနည်း ဟု မေးဘွယ်ရှိ၍"အာရမဏဿ ပဋိသံဝေဒိတတ္တာ"ဟု မိန့်သည်၊ ဈာန်၏အာရုံကိုသိလျှင် အာရမဏိက ဖြစ်သောဈာန် , ထိုဈာန်တွင် ပါဝင်သော ပီတိကိုလည်း သိပြီးသား ဖြစ်တော့သည် — ဟူလို၊ ဥပမာ — မြွေရှာသော ယောကျ်ားသည် ထို မြွေ၏နေရာကို တွေ့လျှင် ထိုမြွေကို မမြင်ရသေးသော်လည်း ဆေးဝါးမန္တန်ားဖြင့် ထိုမြွေကို ဖမ်းယူဘို့ လွယ်ပြီးဖြစ်သောကြောင့် ထိုမြွေကိုလည်း တွေ့ပြီးဖြစ်တော့သကဲ့သို့, ထို့အတူ ပီတိ၏ တည်ရာအာရုံကို သိထားလျှင် ပီတိကိုလည်း သိပြီးဖြစ်တော့သည်။

www.dhammaransi.com

ပြီး၍၊ ဝုဋ္ဌာယ – ဈာန်မှထ၍၊ ဈာနသမ္ပယုတ္တက ပီတိံ – ဈာန်နှင့်ယှဉ်သော ပီတိကို၊ ခယတော–ကုန်ခြင်းသဘောအားဖြင့်၊ ဝယတော–ပျက်ခြင်းသဘော အားဖြင့်၊ သမ္မသတိ - သုံးသပ်အံ့၊ တဿ - ထိုယောဂီရဟန်းသည်၊ ဝိပဿ နာက္ခဏေ – ဝိပဿနာရှုဆဲခဏ၌၊ လက္ခဏ ပဋိဝေဓေန – ပီတိ၏သဘော လက္ခဏာကို ထိုးထွင်း၍ သိခြင်းကြောင့်၊ အသမ္မောဟတော – အားဖြင့်၊ ပီတိ ပဋိသံဝိဒိတာ ဟောတိ၊ ဟိ- သာဓကကား၊ ပဋိသမ္ဘိဒါယံ– ၌၊ ဒီဃံ အဿာသဝသေန၊ပေ၊ ဟောတီတိ–ဟူသော၊ ဧတံ (သုတ္တံ)-ကို၊ (ဓမ္မသေနာ ပတိနာ) ဝုတ္တံ၊ [“ဒီဃံ၊ပေ၊ တေနဉာဏေန”၏ အနက်အဓိပ္ပါယ်ကို “သော သတော၀ အဿသတိ” ပုဒ်အဖွင့်၌ ရေးခဲ့ပြီ။] ဒီဃံ,ပဿာသဝသေန-ဖြင့်၊ ဝါ-ဖြင့်၊(“စိတ္တဿ ဧကဂ္ဂတံ အဝိက္ခေပံ”စသည်ကိုလိုက်၍ပေး၊ နောံ၌လည်း နည်းတူ။]၊ပေ၊ သဗ္ဗကာယ ပဋိသံဝေဒီ အဿာသ ၊ပေ၊ ပဿာသ ဝသေန– အလုံးစုံသော ဝင်သက်အပေါင်း၏ အစ အလယ် အဆုံးကို အသီးအသီး ကောင်းစွာသိလေ့ရှိသော ယောဂီပုဂ္ဂိုလ်၏ ပဿာသ၏အစွမ်းဖြင့်၊[အဿာ သနှင့် ပဿာသကို တပြိုင်နက် မသိ၊ ထို့ကြောင့် “အဿာသ၊ပေ၊ ပဿာသ ဝသေန”ဟုပေယျာလရှိစေ၊]ပေ၊ ပဿမ္ဘယံ ကာယသင်္ခါရံ အဿာသ၊ပေ၊ ပဿာသဝသေန – ပဿမ္ဘယံ ကာယသင်္ခါရံ ဟု ဟောတော်မူအပ်သော ပဿာသ၏အစွမ်းဖြင့် ၊ပေ၊ အာဝဇ္ဇတော – ဈာန်ကိုဆင်ခြင်သော ယောဂီ ရဟန်းသည်၊ သာပီတိ – ဈာန်၌ပါဝင်သော ထို ပီတိသည်၊ ဝါ – ကို၊ ပဋိသံ ဝိဒိတာ – (အာရုံကိုအကြောင်းပြု၍) အသီးအသီး ကောင်းစွာသိအပ်သည်၊ ဟောတိ- ၏၊ ဇာနတော– ဈာန်ဝင်စားစဉ် ဉာဏ်ပညာဖြင့်သိသော ယောဂီ ရဟန်းသည်၊ [“ သာပီတိ ပဋိသံဝိဒိတာ ဟောတိ ” ပုဒ်တို့ကိုလိုက်၍ပေး၊

လက္ခဏ ပဋိဝေဓေန။ ။ပီတိယာ – ၏၊ သလက္ခဏဿ – မိမိတပါးထည်း၏ အမှတ်အသားကိုရင်း၊ သာမညလက္ခဏဿစ-အများနှင့်ဆက်ဆံသော နမနလက္ခဏာ, အနိစ္စတာစသော လက္ခဏာကိုရင်း၊ ပဋိဝိဇ္ဈနေန။

ဒီဃံအဿာသဝသေန။ ။ ဒီဃဿ အဿာသဿ အာရမဏဘူတဿ – အာရုံ ဖြစ်သော ဒီဃအဿာသ၏၊ ဝသေန ပဇာနတော သာပိ ပီတိ ပဋိသံဝိဒိတာ ဟောတိ၊ [စိတ္တဿ ဧကဂ္ဂတံ–စသောပုဒ်တို့၏ အနက်တို့ကို ရှေး၌ပြခဲ့ပြီ။]

အာဝဇ္ဇတော စသည်။ ။အာဝဇ္ဇတောတိ– ဈာနံ အာဝဇ္ဇန္တဿ၊ (အာဝဇ္ဇန ဝသီဘော်ကိုပြသည်)၊ သာပီတီတိ–သာ ဈာနပရိပန္နာ ပီတိ၊ ဇာနတောတိ–သမာပဇ္ဇ က္ခဏေ (သမာပတ်ဝင်စားဆဲခဏ၌) အာရမဏမုခေန (အာရုံကိုပဓာနပြု၍) ဇာန တော၊ (သမာပဇ္ဇနဝသီဘော်ကိုပြသည်)၊ ပဿတောတိ – ဒဿနဘူတေန ဉာဏေန ဈာနတော ဝုဋ္ဌာယ ပဿန္တဿ၊ (ဝုဋ္ဌာနဝသီဘော်ကိုပြသည်)။

www.dhammaransi.com

နောက်၌လည်း နည်းတူ။] ပေ၊ ပဿတော – ဈာန်မှထစ၍ ဉာဏ်ပညာဖြင့် မြင်သော ယောဂီရဟန်းသည် ၊ပေ၊ ပစ္စဝေက္ခတော – ဈာန်ကိုဆင်ခြင်သော ယောဂီရဟန်းသည်၊ပေ၊စိတ္တံ-ဈာန်စိတ်ကို၊ အဓိဋ္ဌဟတော-စွဲမြဲစွာထားသော ယောဂီရဟန်းသည် ၊ပေ၊ သဒ္ဓါယ – သဒ္ဓါဖြင့်၊ အဓိမုစ္စတော – လွှတ်လွှတ် ကျွတ်ကျွတ်သက်ဝင်သော ယောဂီရဟန်းသည်၊ ဝါ – ယုံကြည်သော ယောဂီ ရဟန်းသည်၊ပေ၊ဝီရိယံ-ကို၊ ပဂ္ဂဏှတော–ချီးမြှောက်သော ယောဂီရဟန်း သည်၊ပေ၊သတိံ - ကို၊ ဥပဋ္ဌာပယတော- ကပ်၍တည်စေသော ယောဂီရဟန်း သည်၊ပေ၊စိတ္တံ-ကို၊ သမာဒဟတော–ကောင်းစွာအာရုံ၌ထားသော ယောဂီ ရဟန်းသည် ၊ပေ၊ ပညာယ – ဖြင့်၊ ပဇာနတော – အပြားအားဖြင့်သိသော ယောဂီရဟန်းသည်၊ပေ၊အဘိညေယျံ-ထူးသောဉာဏ်ဖြင့်သိထိုက်သော သစ္စာ လေးပါးတရားကို၊ အဘိဇာနတော – ထူးသောဉာဏ်ဖြင့် သိသော ယောဂီ ရဟန်းသည်၊ပေ၊ပရိညေယျံ-ဉာဏ်ဖြင့် ပိုင်းခြား၍သိထိုက်သော ဒုက္ခသစ္စာကို၊ ပရိဇာနတော– ဉာဏ်ဖြင့် ပိုင်းခြား၍သိသော ယောဂီရဟန်းသည်၊ပေ၊ပဟာ တဗ္ဗံ – ပယ်ထိုက်သော သမုဒယသစ္စာကို၊ ပဇဟတော – ပယ်သော ယောဂီ ရဟန်းသည် ၊ပေ၊ ဘာဝေတဗ္ဗံ – ဖြစ်စေထိုက်သော မဂ္ဂသစ္စာကို၊ ဘာဝယ တော- ဖြစ်စေသော ယောဂီရဟန်းသည်၊ပေ၊ သစ္ဆိကာတဗ္ဗံ- မျက်မှောက်ပြု အပ်သော နိရောဓသစ္စာကို၊ သစ္ဆိကရောတော-မျက်မှောက်ပြုသော ယောဂီ ရဟန်းသည်၊ သာပီတိ-သည်၊ ဝါ-ကို၊ ပဋိသံဝိဒိတာ-သည်၊ ဟောတိ-၏၊ ဧဝံ- ဤသို့လျှင်၊ သာပီတိ-သည်၊ ဝါ-ကို၊ ပဋိသံဝိဒိတာ-သည်၊ ဟောတိ။

ဧတေနေဝ နယေန – ဤ ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင်၊ အဝသေသ ပဒါနိပိ– ကြွင်းသောပုဒ်တို့ကိုလည်း၊ အတ္ထတော- ဖြင့်၊ ဝေဒိတဗ္ဗာနိ- နိ၏၊

ပစ္စဝေက္ခတော စသည်။ ။ ပစ္စဝေက္ခတောတိ–ဈာနံ ပစ္စဝေက္ခန္တဿ၊ (ပစ္စ ဝေက္ခဏာဝသီဘော်ကိုပြသည်)၊ စိတ္တံ အဓိဋ္ဌဟတောတိ– ဧတ္တကံ ဝေလံ ဈာနသမင်္ဂီ ဘဝိဿာမီတိ စိတ္တံ အဓိဋ္ဌဟန္တဿ၊ (အဓိဋ္ဌာနဝသီဘော်ကို ပြသည်၊) သဒ္ဓါယ အဓိ မုစ္စတော – စသည် ဖြင့်ကား ဈာန်ဝိပဿနာမဂ်တို့၌ ပါသော သဒ္ဓိန္ဒြေ , ဝီရိယိန္ဒြေ , သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေတို့ကိုပြသည်။

ဧတေနေဝ ၊ ပေ ၊ တဗ္ဗာနိ။ ။သုခပဋိသံဝေဒီ, စိတ္တသင်္ခါရ ပဋိသံဝေဒီပုဒ်တို့ကို "အဝသေသပဒ"ဟု ဆိုသည်၊ "ဒွီဟာကာရေဟိ သုခပဋိသံဝေဒိတာ ဟောတိ၊ စိတ္တ သင်္ခါရပဋိသံဝေဒိတာ ဟောတိ" စသည်ဖြင့် ပီတိနေရာဝယ် သုခပုဒ်– စိတ္တသင်္ခါရပုဒ် တို့ကို ထည့်သွင်း၍ အနက်ကိုသိနိုင်ပြီ– ဟူလို။ [ရှေ့ပုဒ်နှင့် သမာသ်တွဲရာ၌ " ပီတိပဋိ သံဝေဒီ, သုခပဋိသံဝေဒီ, စိတ္တသင်္ခါရ ပဋိသံဝေဒီ "ဟု ဏီပစ္စည်းဖြင့်ရှင်း, " သုခပဋိ

www.dhammaransi.com

ပန-ဆက်၊ ဍုဒံ-ဤ ဆိုအပ်လတ့ံကား၊ ဧတ္ထ-ဤကြွင်းသောပုဒ်တို့၌၊ ဝိသေသမတ္တံ-အထူးမျှတည်း၊ တိဏ္ဏံ-၃ ပါးကုန်သော၊ ဈာနာနံ-အောက်ဈာန်တို့၏၊ ဝသေန- ဖြင့်၊ သုခပဋိသံဝေဒိတာ- သုခကို အသီးအသီး ကောင်းစွာသိလေ့ရှိသူ၏အဖြစ်ကိုဂုဏ်း၊ စတုန္နမ္ပိ (ဈာနာနံ)- ၄ ပါးလုံးသော ဈာန်တို့၏လည်း၊ ဝသေန-ဖြင့်၊ စိတ္တသင်္ခါရပဋိသံဝေဒိတာ-စိတ္တသင်္ခါရကိုအသီးအသီးကောင်းစွာ သိလေ့ရှိသူ၏အဖြစ်ကိုဂုဏ်း၊ ဝေဒိတဗ္ဗာ–၏၊ [စတုက္ကနည်းအားဖြင့် ဈာန် ၄ ပါးစုံပြီဖြစ်သောကြောင့် အပေါင်းနောက်ထိုင်သော ပိသဒ္ဒါဖြင့် ဆိုသည်။] စိတ္တသင်္ခါရောတိ - ကား၊ [စိတ္တသင်္ခါရ ပဋိသံဝေဒီ၌ " စိတ္တသင်္ခါရ" ဟူသည်ကား-ဟူလို။] ဝေဒနာဒယော-ဝေဒနာ အစရှိကုန်သော၊ [အာဒိဖြင့် သညာကိုယူ။] ဒွေ-န်သော၊ ခန္ဓာ-တို့တည်း၊ စ- ဆက်၊ ဧတ္ထ- ဤပုဒ်တို့တွင်၊ သုခပ္ပဋိသံဝေဒီပဒေ — ပုဒ်၌၊ ဝိပဿနာဘူမိ ဒဿနတ္ထံ – ဝိပဿနာဉာဏ်၏ ဖြစ်ရာအာရုံကိုပြခြင်း အကျိုးငှါ၊ သုခန္တိ ၊ပေ၊ စေတသိကဉ္စာတိ - ဟူ၍၊ ပဋိသမ္ဘိဒါယံ-၌၊ ဝုတ္တံ- ပြီ၊ [သုခန္တိ (ဧတ္ထ) - ၌၊ (လဗ္ဘမာနာနိ - န်သော၊) သုခါနိ-တို့သည်၊ ကာယိကဉ္စသုခံ-ဂုဏ်း၊ စေတသိကဉ္စသုခံ- ဂုဏ်း၊ (ဣတိ) ဒွေ- ၂ ပါးတို့တည်း၊........ ဈာန်သင်္ခါရချည်း မကဘဲ ဝိပဿနာဉာဏ်၏ဖြစ်ရာ ရောရောပြွမ်းပြွမ်းဖြစ်သော ပကိဏ္ဏကသင်္ခါရကိုပြလိုသောကြောင့် ကာယိကသုခကိုပါ ထည့်၍ ဟောတော်မူသည်။]

ပဿမ္ဘယံ စိတ္တသင်္ခါရန္တိ - ကား၊ ဩဠာရိကံ ဩဠာရိကံ - သော၊ စိတ္တသင်္ခါရံ -ကို၊ ဝါ- စိတ်သည် ပြုစီရင်အပ်သော ဝေဒနာသညာကို၊ ပဿမ္ဘေန္တော-ငြိမ်းစေလျက်၊ နိရောဓေန္တော-ချုပ်စေလျက်၊ (အဿသိဿာမိ-အံ့၊) ဣတိအတ္ထော၊ သော–ထို ပဿမ္ဘန၏ ပရိယာယ်ဖြစ်သောနိရောဓကို၊ ဝိတ္ထာရတော-အားဖြင့်၊ ကာယသင်္ခါရေ-၌၊ ဝုတ္တနယေနေဝ- လျှင်၊ ဝေဒိတဗ္ဗော–၏၊ [ဣမသ္မိံ ဟိ ဘိက္ခုနော အပရိဂ္ဂဟိတကာလေ- စသည်ဖြင့် ဆိုခဲ့ပြီးအတိုင်း ပဿမ္ဘနနိရောဓဖြစ်ပုံကို သိပါ၊ နိရောဓဟူသည်လည်း တကယ်ချုပ်ပျောက်ခြင်းမဟုတ်, ပဿမ္ဘန၏ ပရိယာယ်နိရောဓတည်း။] အပိစ– စိုးစဉ်းအနည်းငယ် ဆိုဘွယ်အထူးကား၊ ဧတ္ထ – ဤ ပီတိပဒ အစရှိသည်တို့တွင်၊ ပီတိပဒေ– ပီတိပဋိသံဝေဒီ အစရှိသည်ဖြင့် ဟောတော်မူအပ်သော တရားအစု၌၊ [ပီတိပ္ပဋိသံဝေဒီတိအာဒိနာ ဒေသိတကောဋ္ဌာသေ၊ ပဒ သဒ္ဒါသည် ကောဋ္ဌာသ

သံဝေဒိတာ " စသည်ဖြင့် တာပစ္စည်းကြောင့် ဏီ၌ ဤကို ရဿပြု၍ဂုဏ်း ရှိရသည်၊ ရှေ့ပုဒ်နှင့် သမာသ်မတွဲလျှင် "သာ ပီတိ ပဋိသံဝိဒိတာ" ဟု တပစ္စည်း ဇုအာဂုံဖြင့် ရှိရသည်။]

www.dhammaransi.com

အနက်ဟော။] ပီတိသီသေန – ပီတိဟူသော ဦးခေါင်းဖြင့်၊ ဝါ – ပီတိကို ဦးခေါင်းတပ်သဖြင့်၊ ဝေဒနာ– ယှဉ်ဘက်ဝေဒနာကို၊ ဝုတ္တာ–ပြီ၊ သုခပဋိသံဝေဒီ အစရှိသည်ဖြင့် ဟောတော်မူအပ်သော တရားအစု၌၊ သရူပေ နေဝ-သရုပ်သကောင်အားဖြင့်ပင်၊ ဝေဒနာ-ကို၊ (ဝုတ္တာ)၊ ဋ္ဌိသု-န်သော၊ စိတ္တသင်္ခါရပဒေသု - စိတ္တသင်္ခါရ ပဋိသံဝေဒီပုဒ် , ပဿမ္ဘယံ စိတ္တသင်္ခါရံပုဒ် တို့၌၊ [ဝိမတိ၌ "ကောဋ္ဌာသေသု" ဟု ဖွင့်၏၊ ထိုအလို " စိတ္တသင်္ခါရ ၊ပေ၊ ပဿမ္ဘယံ စိတ္တသင်္ခါရံ ဟု လာသော တရားအစုတို့၌"ဟုပေး။] သညာစ၊ပေ၊ စိတ္တသင်္ခါရာတိ - ဟူ၍၊ ဝစနတော - ကြောင့်၊ သညာသမ္ပယုတ္တာ – သော၊ ဝေဒနာ– ကို၊ (ဝုတ္တာ)၊ ဣတိ - ဤသို့ မှတ်အပ်၏၊ [သညာစ- သည်၎င်း၊ ဝေဒနာစ- သည်၎င်း၊ စေတသိကာ—စိတ်၌မှီကုန်၏၊ ဧတေဓမ္မာ-တို့ကို၊ ဝါ– တို့သည်၊ စိတ္တပဋိဗဒ္ဓါ-စိတ်နှင့်စပ်ကုန်၏၊ စိတ္တသင်္ခါရာ—စိတ်သည် ပြုစီရင်အပ် ကုန်၏၊] ဧဝံ-လျှင်၊ ဝေဒနာနုပဿနာနယေန– ဝေဒနာနုပဿနာဘာဝနာ နည်းဖြင့်၊ ဣဒံ စတုက္ကံ-ဤဒုတိယစတုက္ကကို၊ ဘာသိတံ-ပြီ၊ ဣတိ ဝေဒိတဗ္ဗံ။

တတိယစတုက္ကေပိ- ၌လည်း၊ စတုန္နံ, ဈာနာနံ, ဝသေန-အားဖြင့်၊ စိတ္တ ပဋိသံဝေဒိတာ – စိတ်ကို အသီးအသီး ကောင်းစွာ သိလေ့ရှိသူ၏အဖြစ်ကို၊ ဝေဒိတဗ္ဗာ–၏၊ [ယခုစာအုပ်များ၌ "စတုန္နမ္ပိ"ဟု ပိ-ပါသော်လည်း ဋီကာ၌

ပီတိသီသေန ၊ပေ၊ ဝုတ္တာ ။ ။ ပီတိသီသေန ဝေဒနာ ဝုတ္တာတိ – ပီတိအပဒေသေန (ပီတိကိုညွှန်ပြသဖြင့်) တံသမ္ပယုတ္တာ ဝေဒနာ ဝုတ္တာ၊ န ပီတီတိ အဓိပ္ပါယော၊ [ပီတိကို ဟောလိုရင်းမဟုတ်၊ ဝေဒနာကိုသာ ဟောလိုရင်းဖြစ်သည်၊ သို့ဖြစ်လျှင် ဝေဒနာကို တိုက်ရိုက်ဟောပါတော့လား၊ ဘာ့ကြောင့် ပီတိကို ခေါင်းတပ်ရသနည်း– ဟု မေးဘွယ်ရှိ၏၊ အဖြေကား– ပီတိက (ဩဠာရိက) ပေါ်လွင်ထင်ရှားသောကြောင့် သုခကို ဉာဏ်ဖြင့် လွယ်ကူစွာ ယူနိုင်ခြင်းငှါ ပီတိကိုခေါင်းတပ်၍ သုခဝေဒနာကိုပင် ဟောတော်မူသည်၊ အပိစ – ဝေဒနာကမ္မဋ္ဌာနံ ဒဿေန္တော ဘဂဝါ ပီတိယာ ဩဠာရိ ကတ္တာ တံသမ္ပယုတ္တသုခံ သုခဂ္ဂဟဏတ္ထံ ပီတိသီသေန ဒဿေတိ။]

စိတ္တသင်္ခါရ။ ။ "စိတ္တေန – သည်၊ သင်္ခရီယန္တေ – ပြုစီရံအပ်ကုန်၏" ဟူသော ဝစနတ္ထနှင့်အညီ ဝေဒနာသညာစသော စေတသိက်အားလုံးသည် စိတ္တသင်္ခါရမည်၏၊ သို့သော် ဥပလက္ခဏနည်းအားဖြင့် သညာနှင့် ဝေဒနာကိုသာ စိတ္တသင်္ခါရအမည်ဖြင့် ပြလိုသောကြောင့် " သညာစ ဝေဒနာစ " ဟု ဟောတော်မူသည်။ [ကာမံ စိတ္တေန သင်္ခရီယန္တီတိ စိတ္တသင်္ခါရာ သညာဝေဒနာဒယော၊ ဣဓပန ဥပလက္ခဏမတ္တံ၊ သညာ ဝေဒနာဝ အဓိပ္ပေတာတိ အာဟ- သညာသမ္ပယုတ္တဝေဒနာတိ၊ ဝံ့စသော နိဂုံး၌ "ဣဒံ စတုက္ကံ " အရ ၄ ပါးကား ပီတိပဋိသံဝေဒန , သုခပဋိသံဝေဒန, စိတ္တသင်္ခါရပဋိသံ ဝေဒန, ပဿမ္ဘနကာဥယသင်္ခါရတည်း၊ ပါဠိတော်မှာ ကြည့်ပါ။]

www.dhammaransi.com

မပါ။] အဘိပ္ပမောဒယံ စိတ္တန္တိ-ကား၊ စိတ္တံ-ကို၊ မောဒေန္တော-ဝမ်းမြောက်စေလျက်၊ ပမောဒေန္တော-အပြားအားဖြင့် ဝမ်းမြောက်စေလျက်၊ ဟာသေန္တော-ရွှင်လန်းစေလျက်၊ ပဟာသေန္တော-လျက်၊ပေ၊တတ္ထ-ထိုသို့ ဝမ်းမြောက်စေရာ၌၊ သမာဓိဝသေနစ-သမာဓိ၏ အစွမ်းဖြင့်၎င်း၊ ဝိပဿနာဝသေနစ-၎င်း၊ ဒွိဟိ-နှစ်သော၊ အာကာရေဟိ- တို့ဖြင့်၊ အဘိပ္ပမောဒေါ- ဝမ်းမြောက်ခြင်းသည်၊ ဟောတိ - ၏၊ ကထံ - လျှင်၊ သမာဓိဝသေန (အဘိပ္ပမောဒေါ, ဟောတိ-နည်း၊) သပ္ပီတိကေ၊ပေ၊သော-ထို ယောဂီရဟန်းသည်၊ သမာပတ္တိက္ခဏေ-ဈာန်သမာပတ်ခဏ၌၊ သမ္ပယုတ္တာယ-သော၊ ပီတိယာ-ဖြင့်၊ စိတ္တံ-ကို၊ အာမောဒေတိ-လွန်စွာ ဝမ်းမြောက်စေ၏၊ ပမောဒေတိ-၏၊ ကထံ-လျှင်၊ ဝိပဿနာဝသေန (အဘိပ္ပမောဒေါ ဟောတိ) ၊ပေ၊ ဧဝံ - သို့၊ ဝိပဿနာက္ခဏေ - ဝိပဿနာ ခဏ၌၊ ဈာနသမ္ပယုတ္တကပီတိံ - ကို၊ အာရမ္မဏံ- ကို၊ ကတွာ, စိတ္တံ- ဝိပဿနာစိတ်ကို၊ပေ၊ဧဝံ-သို့၊ ပဋိပန္နော- ကျင့်သော ယောဂီရဟန်းကို၊ အဘိပ္ပမောဒယံ၊ပေ သိက္ခတီတိ-ဟူ၍၊ ဝုစ္စတိ၊ သမာဒဟံ စိတ္တန္တိ-ကား၊ ပဌမဇ္ဈာနာဒိဝသေန-ဖြင့်၊ အာရမ္မဏေ-၌၊ စိတ္တံ-ကို၊ သမာဒဟန္တော (သမံ+အာဒဟန္တော)-အညီအမျှထားလျက်၊ သမံ-အညီအမျှ၊ ထပေန္တော-

တတိယစတုက္ကေပိ ။ ။ ဒုတိယစတုက္ကဝယ် စိတ္တသင်္ခါရပဋိသံဝေဒိတာ၌ ဈာန် ၄ ပါး၏ အစွမ်းဖြင့် သိရသကဲ့သို့ ဤ တတိယစတုက္က၌လည်း စိတ္တပဋိသံဝေဒိတာကို ဈာန် ၄ ပါး၏အစွမ်းဖြင့် သိရသောကြောင့် (ဈာန် ၄ ပါးဖြင့် သိရခြင်းတူရကား) သမ္ပိဏ္ဍနတ္ထပိသဒ္ဒါဖြင့် "စတုက္ကေပိ"ဟု မိန့်သည်၊ ဈာန် ၄ ပါး၏အစွမ်းဖြင့် သိရပုံကိုလည်း " ဒွိဟာကာရေဟိ စိတ္တပဋိသံဝေဒိတာ ဟောတိ အာရမ္မဏတော အသမ္မောဟတောစ " စသည်ဖြင့် ပီတိပဋိသံဝေဒိတုန်းက စသွားအတိုင်း သိလေ၊ " စတ္တာရိ ဈာနာနိ"ဟု ဈာန် ၄ ပါးထည့်ရှိသာ ထူးသည်။

စိတ္တံ မောဒေန္တော။ ။ဈာန်ဝင်စားခိုက်၌ ဈာနသမ္ပယုတ်စိတ်ကို ယှဉ်ဘက်ပီတိဖြင့် ဝမ်းမြောက်စေလျက်၊ တနည်း-ထိုပီတိကို အာရုံပြုသော ဝိပဿနာစိတ်ကို အာရုံဖြစ်သောထိုပီတိဖြင့် ဝမ်းမြောက်စေလျက်။ [ပမောဒေန္တောစသည်တို့ကား ဝေဝုစ်ပရိယာယ်စကားတို့တည်း။]

သမံ ထပေန္တော။ ။သံကို သမံဟု၎င်း, အာပုဒ္ဒ မာမာတ်ကို ထပနအနက်ဟောဟု၎င်း ဖွင့်၏၊ ယထာ (အကြင်နည်းဖြင့် ထားလသော်) ဤသကမ္ပိ လီနပက္ခံ(တွန့်ဆုတ်ဘက်ကို၎င်း) ဥဒ္ဓစ္စပက္ခ အနုပဂမ္မ အနောနတံ (အောက်လည်း မညွတ်ဘဲ) အနုန္နတံ (အထက်လည်းမမြောက်ဘဲ)၊ [သမ္မဒေဝ ဌိတံ ဟောတိ-၌ လှမ်းစပ်၊] ယထာ ဣန္ဒြိယာနံ (သဒ္ဓါစသော ဣန္ဒြေတို့၏၊) သမတ္တပဋိပတ္တိယာ (ညီမျှသည်၏ အဖြစ်သို့ ရောက်ခြင်းအားဖြင့်) သမ္မဒေဝ ဌိတံ ဟောတိ၊ ဧဝံ အပ္ပနာဝသေန ထပေန္တော။

www.dhammaransi.com

ထားလျက်၊ ဝါပန–တနည်းကား၊ တာနိ ဈာနာနိ–တို့ကို၊ပေ၊သမ္ဘသတော–သုံးသပ်သော ယောဂီရဟန်း၏၊ ဝိပဿနာက္ခဏေ–၌၊ လက္ခဏပဋိဝေဓေန–အနိစ္စ အစရှိသောလက္ခဏာကို အသီးအသီး ထိုးထွင်း၍ သိခြင်းအားဖြင့်၊ [အနိစ္စာဒိကဿ လက္ခဏဿ ပဋိပဋိ ဝိဇ္ဈနေန , ခဏေ ခဏေ အဝဗောဓနေန။] ခဏိကစိတ္တေကဂ္ဂတာ – ခဏ ခဏ၌ဖြစ်သော စိတ္တေကဂ္ဂတာသည်၊ ဥပ္ပဇ္ဇတိ၊ ဧဝံ- သို့၊ ဥပ္ပန္နာယ–သော၊ ခဏိကစိတ္တေကဂ္ဂတာယ–၏၊ ဝသေနပိ၊ ပေ၊စိတ္တံ – ကို၊ သမာဒဟန္တော , သမံ ထပေန္တော – အညီအမျှထားသော ပုဂ္ဂိုလ်ကို၊ သမာဒဟံ၊ပေ၊သိက္ခတီတိ-ဟူ၍၊ ဝုစ္စတိ။

ဝိမောစယံ စိတ္တန္တိ–ကား၊ ပဌမဇ္ဈာနေန-ဖြင့်၊ နီဝရဏေဟိ–တို့မှ၊ စိတ္တံ–ကို၊ မောစေန္တော – လွတ်မြောက်စေလျက်၊ [ဝိက္ခမ္ဘန ဝိမုတ္တိ၏ အစွမ်းဖြင့် နီဝရဏစသည်တို့မှ ကင်းဆိတ်စေလျက်,နီဝရဏစသည်တို့ကို ပယ်စွန့်လျက်။] ဝိမောစေန္တော– အထူးအားဖြင့် လွတ်မြောက်စေလျက်၊ (အဿသိဿာမိ–အံ့၊ ပဿသိဿာမိ - အံ့၊ (ထည့်)၊ နောက်၌လည်းနည်းတူ။) ဒုတိယေန–ဒုတိယဈာန်ဖြင့်၊ ဝိတက္က ဝိစာရေဟိ- တို့မှ ၊ပေ၊ တတိယေန-ဖြင့်၊ ပီတိယာ–မှ ၊ပေ၊ စတုတ္ထေန- ဖြင့်၊ သုခဒုက္ခေဟိ- တို့မှ၊ [''သုခဿစ ပဟာနာ, ဒုက္ခဿစ ပဟာနာ''ဟု စတုတ္ထဈာန်ဂုဏ်ပုဒ်ကို ဟောတော်မူသည့်အတိုင်း ဒုက္ခမှလည်း လွတ်စေသည်။]၊ပေ၊ ဝါပန- သည်သာမကသေး၊ တာနိဈာနာနိ–တို့ကို၊ပေ၊ သမ္မသတိ-၏၊သော-ထို ယောဂီရဟန်းသည်၊ [အဿသတိ စေဝ ပဿသတိစ တို့၌စပ်။]ဝိပဿနာက္ခဏေ-ဘင်ကိုရှုသောဝိပဿနာခဏ၌၊ အနိစ္စာနုပဿနာယ-အနိစ္စဟု အဖန်ဖန်ရှုတတ်သော ဝိပဿနာဉာဏ်ဖြင့်၊နိစ္စသညာတော-နိစ္စဟု ဖြစ်သောအမှတ်သညာမှ၊ စိတ္တံ–ကို၊ မောစေန္တော ဝိမောစေန္တော–

ခဏိကစိတ္တေကဂ္ဂတာ။ ။ခဏမတ္တဋ္ဌိတိကော – တခဏမျှ၌ တည်ခြင်းရှိသော သမာဓိ၊ သောပိ ဟိ အာရမဏေ နိရန္တရံ ပဝတ္တမာနော (တခဏမျှတည်သော ထို သမာဓိသည်လည်း အာရုံ၌ အဆက်မပြတ်ဖြစ်လသော်၊) ပဋိပက္ခေန အနဘိဘူတော (ဆန့်ကျင်ဘက်နီဝရဏတို့သည် မလွှမ်းမိုးနိုင်ဘဲ) အပ္ပိတောဝိယ (အပ္ပနာသို့ ရောက်သကဲ့သို့) စိတ္တံ နိစ္စလံ ထပေတိ၊ တေန ဝုတ္တံ–ဧဝံ ဥပ္ပန္နာယာတိ အာဒိ။

ဝိပဿနာက္ခဏေ။ ။ဘင်္ဂါနုပဿနက္ခဏေ၊ဘင်္ဂေါ ဟိ နာမ အနိစ္စတာယ ပရမာ ကောဋိ = ပျက်ခြင်းမည်သည် အနိစ္စလက္ခဏာ၏ အလွန်ဆုံးအစွန်းတည်း၊ တသ္မာ တာယ (ထိုအနိစ္စာနုပဿနာဖြင့်) ဘင်္ဂါနုပဿကော ယောဂါဝစရော သဗ္ဗသင်္ခါရဂတံ အနိစ္စတော ပဿတိ,နောနိစ္စတော၊ အနိစ္စဿ ဒုက္ခတ္တာ,ဒုက္ခဿစ အနတ္တတာ တဒေဝ (ထို သင်္ခါရအားလုံးကိုပင်) ဒုက္ခတော အနုပဿတိ, နော သုခတော၊ အနတ္တတော အနုပဿတိ, နော အတ္တတော။

www.dhammaransi.com

လျက်၊(**အဿာသတိစေဝ-စေ၏၊ပဿာသတိစ-စေ၏**၊)ဒုက္ခာနုပဿနာယ-ဒုက္ခ ဟု အဖန်ဖန် ရှုတတ်သော ဝိပဿနာဉာဏ်ဖြင့်၊ သုခသညာတော – သုခ ဟု ဖြစ်သောအမှတ်သညာမှ ၊ပေ၊ အနတ္တာ နုပဿနာယ – အနတ္တဟု အဖန်ဖန် ရှုတတ်သော ဝိပဿနာဉာဏ်ဖြင့်၊ အတ္တသညာတော – အတ္တ ဟု ဖြစ်သော အမှတ်သညာမှ ၊ပေ၊ နိဗ္ဗိဒါ နုပဿနာယ – သင်္ခါရတို့၌ ငြီးငွေ့ခြင်းအားဖြင့် ဖြစ်သော အနုပဿနာဉာဏ်ဖြင့်၊ နန္ဒိတော-သင်္ခါရတို့၌ နှစ်သက်တတ်သော သပ္ပီတိကတဏှာမှ ၊ ပေ ၊ ဝိရာဂါနုပဿနာယ – သင်္ခါရတို့၌ စက်ဆုပ်ခြင်း အားဖြင့်ဖြစ်သော အနုပဿနာဉာဏ်ဖြင့်၊ ရာဂတော- သင်္ခါရတို့၌ တပ်မက် တတ်သော ရာဂမှ ၊ ပေ ၊ နိရောဓာနုပဿနာယ – သင်္ခါရတို့၏ ချုပ်ခြင်းကို အဖန်ဖန်ရှုတတ်သော ဝိပဿနာဉာဏ်ဖြင့်၊ သမုဒယတော – သင်္ခါရတို့၏ ဖြစ်ခြင်းမှ၊ (တနည်း) နိရောဓာနုပဿနာယ - သင်္ခါရတို့၏ နောက်ဘဝ၌ အသစ်မဖြစ်လောက်အောင် ချုပ်ခြင်းကို အဖန်ဖန် ရှုတတ်သော ဝိပဿနာ ဉာဏ်ဖြင့်၊ သမုဒယတော- အသစ်ဖြစ်ခြင်းမှ ၊ ပေ ၊ ပဋိနိသဂ္ဂါနုပဿနာယ- သင်္ခါရတို့ကိုစွန့်လွှတ်ခြင်းအားဖြင့်ဖြစ်သော အနုပဿနာဉာဏ်ဖြင့်၊ အာဒါန တော – နိစ္စ အစရှိသည်တို့၏ အစွမ်းဖြင့်ယူခြင်းမှ၊ ဝါ – ပဋိသန္ဓေ အားဖြင့် ယူခြင်းမှ၊ ပေ၊ တေန-ကြောင့်၊ ဝိမောစယံ၊ပေ၊ သိက္ခတီတိ-ဟူ၍၊ ဝုတ္တံ- ဟော တော်မူအပ်ပြီ၊ ဧဝံ–လျှင်၊ စိတ္တာနုပဿနာဝသေန-စိတ္တာနုပဿနာဘာဝနာ နည်း၏အစွမ်းဖြင့်၊ ဣဒံ စတုက္ကံ–ဤတတိယစတုက္ကကို၊ ဘာသိတံ-ဟောတော် မူအပ်ပြီ၊ ဣတိ, ဝေဒိတဗ္ဗံ-၏။

နိဗ္ဗိဒါနုပဿနာယ စသည်။ ။သင်္ခါရေသုနိဗ္ဗိန္ဒနာကာရေန ပဝတ္တာယ အနုပဿ နာယ၊ [နိဗ္ဗိဒါယ – ငြီးငွေ့ခြင်းအားဖြင့်+ပဝတ္တာ+အနုပဿနာ နိဗ္ဗိဒါနုပဿနာ– ဟု ပြု၊] နန္ဒိတောတိ သပ္ပီတိကတဏှာတော၊ ဝိရာဂါနုပဿနာယာတိ – တတ္ထ (ထို သင်္ခါရတို့၌) ဝိရဇ္ဇနာကာရေန ပတ္တာယ အနုပဿနာယ၊ [ဝိရာဂတော–စက်ဆုပ်ခြင်း အားဖြင့် + ပဝတ္တာ အနုပဿနာ ဝိရာဂါနုပဿနာ။]

နိရောဓာနုပဿနာယာတိ–သင်္ခါရာနံ နိရောဓဿ အနုပဿနာယ၊ [တနည်း– အကြင်နည်းဖြင့်ရှုလျှင် သင်္ခါရတို့ချုပ်၍ နောက်ထပ် ဘဝအဖြစ်ဖြင့် မဖြစ်ကုန်၊ ဤသို့ ရှုခြင်းကို နိရောဓာနုပဿနာ ဟု ခေါ်သည်၊ မှန်၏–နိရောဓာနုပဿနာ ဟု ခေါ်အပ် သော ဤအနုပဿနာသည် အားအစွမ်းသို့ရောက်သော မုစ္စိတုကမျတာဉာဏ်တည်း၊]

ပဋိနိသဇ္ဇနာကာရေန ပဝတ္တာအနုပဿနာ ပဋိနိသဂ္ဂါ နုပဿနာ၊ [ပဋိနိသဇ္ဇနံ– စွန့်လွှတ်ခြင်း၊ ပဋိနိသဂ္ဂေါ– ခြင်း၊ ပဋိနိသဂ္ဂတော – ဖြင့်၊ ပဝတ္တာ အနုပဿနာ ပဋိ နိသဂ္ဂါနုပဿနာ၊] အာဒါနတောတိ–အနိစ္စာဒိဝသေန ဂဟဏတော၊ ပဋိသန္ဓိဂ္ဂဟဏ တော ဝါ။

www.dhammaransi.com

ပန်–ကား၊ စတုတ္ထ စတုက္ကေ–၌၊ အနိစ္စာနုပဿီတိ ဧတ္ထ–အနိစ္စာနုပဿီ ဟူသော ဤပါဌ်၌၊ တာဝ–အစဉ်အတိုင်း၊ အနိစ္စံ-ကို၊ ဝေဒိတဗ္ဗံ၊ အနိစ္စတာ– အနိစ္စ၏ ဖြစ်ကြောင်းဖြစ်ရာကို၊ ဝေဒိတဗ္ဗာ–၏၊ အနိစ္စာနုပဿနာ- အနိစ္စဟု အဖန်ဖန် ရှုတတ်သောဉာဏ်ကို၊ ဝေဒိတဗ္ဗာ၊ အနိစ္စာနုပဿီ – အနိစ္စ ဟု အဖန်ဖန်ရှုလေ့ရှိသူကို၊ ဝေဒိတဗ္ဗော – ၏၊ တတ္ထ – ထို အနိစ္စံဝေဒိတဗ္ဗံ အစ ရှိသောစကားရပ်၌၊ အနိစ္စန္တိ–ကား၊ ပဉ္စက္ခန္ဓာ-ငါးပါးသော ခန္ဓာတို့တည်း၊ ကသ္မာ - နည်း၊ ဥပ္ပါဒ ဝယညထတ္တဘာဝါ - ဖြစ်ခြင်း , ပျက်ခြင်း , ဥပါဒ်မှ တပါးသော ရင့်ခြင်းဟူသောအပြား၏ အဖြစ်၏ထင်ရှားရှိခြင်းကြောင့်တည်း၊ အနိစ္စတာတိ- ကား၊ တေသညေဝ- ထို ခန္ဓာငါးပါးတို့၏ပင်၊ ဥပ္ပါဒ ဝယည ထတ္တံ–ဖြစ်ခြင်း , ပျက်ခြင်း , ဥပါဒ်မှတပါးသော ရင့်ခြင်းဟူသော အပြား၏ အဖြစ်တည်း၊ ဝါ–တနည်း၊ ဟုတွာ–ဖြစ်ပြီး၍၊ အဘာဝေါ–မရှိခြင်းတည်း၊ နိဗ္ဗတ္တာနံ – ဖြစ်ကုန်ပြီးသော ခန္ဓာငါးပါးတို့၏၊ တေနေဝါကာရေန – ထို ဖြစ်တိုင်းသော အခြင်းအရာအားဖြင့်ပင်၊ အဋ္ဌတွာ - မတည်မူ၍၊ ခဏဘင်္ဂေန– ခဏဘင်အားဖြင့်၊ ဘေဒေါ- ပျက်ခြင်းတည်း၊ ဣတိအတ္ထော- ဤကား ဟုတွာ အဘာဝေါ၏ အနက်တည်း၊ အနိစ္စာနုပဿနာတိ - ကား၊ တဿာ အနိစ္စ

ဥပ္ပါဒ၊ပေ၊ဘာဝါ။ ။ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ–ဥပါဒ်ခြင်း၊“ကံ စသောအကြောင်းတို့ကြောင့် သန်္တာန်အကျိုးတို့၏ဖြစ်ခြင်း”ဟူရာ၌ ဥပါဒ် ဋ္ဌီဘင် အားလုံးကိုပင် “ဥပ္ပါဒ”ဟု ခေါ်ရသော်လည်း ဤ ဥပ္ပါဒဝယ စသည်၌ “ ဥပ္ပါဒ ” ခေါ်သော ဖြစ်ခြင်းကား ထို ဖြစ်ခြင်းမျိုး မဟုတ်၊ သဘာဝအထည်ကိုတခုကို စ၍ရခြင်း, ဥပါဒ်ခြင်းတည်း၊ ဝိ+ အယနံ ဝယော – ပျက်ခြင်း၊ ဇရာယ – ရင့်ရော်ခြင်းအားဖြင့်၊ အညထာဘာဝေါ– ဖြစ်စမှ တပါးသောအပြား၏ အဖြစ်တည်း၊ အညထတ္တံ–ဖြစ်၊ ဝါ–ရင့်ခြင်း၊ (ဋ္ဌီအဖြစ်ဖြင့် တည်ခြင်း)၊ ဥပ္ပါဒဝယညထတ္တာနံ– တို့၏+ဘာဝေါ (သဗ္ဘာဝေါ)–ထင်ရှား ရှိခြင်းတည်း၊ ဥပ္ပါဒဝယညထတ္တဘာဝေါ – ခြင်း။

အနိစ္စတာ။ ။အနိစ္စာနံ–မမြဲကုန်သောခန္ဓာ ၅ ပါးတို့၏+ဘာဝေါ အနိစ္စတာ၊ အနိစ္စ ဟူသော နာမည်၏ ဖြစ်ကြောင်းကား ပြခဲ့သော ဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်း လက္ခဏာ ၃ပါးတည်း၊ ထို့ကြောင့်“တေသညေဝ ဥပ္ပါဒဝယညထတ္တံ”ဟု မိန့်ပြီးလျှင်, ထို ၃ ပါးတွင် ပျက်ခြင်းသည် အနိစ္စ အမည်ရခြင်း၏ ထူးခြားသော ပဝတ္တိနိမိတ် ဖြစ်သောကြောင့်“ဟုတွာ အဘာဝေါ ဝါ”ဟု တနည်းဖွင့်သည်၊ ဤ၌“ဟုတွာ”ဟု ထည့်ရခြင်းမှာ လိုရင်းမဟုတ်, “ အဘာဝ – အပျက် ”ဟူသမျှ၌ အဖြစ်က ရှေ့သွား ရှိသောကြောင့် ဟုတွာ ဟု အပိုထည့်ရခြင်းတည်း။ [အဘာဝေါကိုပင် “ နိဗ္ဗတ္တာနံ၊ပေ၊ဘေဒေါ”ဟု အဓိပ္ပါယတ္ထဖွင့်သည်၊ တေနေဝါကာရေနာတိ–နိဗ္ဗတ္တနာကာရေန၊ ခဏဘင်္ဂေနာတိ – ခဏိကနိရောဓေန = ခဏ၌ဖြစ်သော ချုပ်ခြင်းဖြင့်။]

www.dhammaransi.com

တာယ-ထို မမြဲကုန်သည်၏အဖြစ်၏၊ ဝသေန-ဖြင့်၊ ရူပါဒိသု-ရုပ် အစရှိသော ခန္ဓာငါးပါးတို့၌၊ အနိစ္စန္တိ-ဟူ၍၊ အနုပဿနာ-အဖန်ဖန် ရှုတတ်သောဉာဏ်တည်း၊ အနိစ္စာနုပဿီတိ-ကား၊ တာယ အနုပဿနာယ-ထို အနုပဿနာ ဉာဏ်နှင့်၊ သမန္နာဂတော - ပြည့်စုံသောပုဂ္ဂိုလ်တည်း၊ တသ္မာ - ကြောင့်၊ ဧဝံ ဘူတော-ဤသို့ အနိစ္စဟု အဖန်ဖန် ရှုတတ်သည်ဖြစ်၍ ဖြစ်သည်၊ (ဟုတွာ)၊ အဿသန္တော စ-ထွက်သက်ကိုဖြစ်စေသူကိုငှ်း၊ ပဿသန္တော စ-ဝင်သက်ကို ဖြစ်စေသူကိုငှ်း၊ ဣဓ- ဤ စတုတ္ထ စတုက္က၌၊ အနိစ္စာနုပဿီ၊ပေ၊ သိက္ခတီတိ-ဟူ၍၊ ဝေဒိတဗ္ဗော-၏။

ပန-ကား၊ ဝိရာဂါနုပဿီတိ ဧတ္ထ-၌၊ ဝိရာဂါ-တို့သည်၊ ခယဝိရာဂေါ စ- ခယဝိရာဂငှ်း၊ အစ္စန္တဝိရာဂေါ စ – အစ္စန္တဝိရာဂငှ်း၊ (ဣတိ) ဒွေ - ၂ ပါး တို့တည်း၊ တတ္ထ-ထို ၂ ပါးတို့တွင်၊ ခယဝိရာဂေါတိ-ကား၊ သင်္ခါရာနံ- တို့၏၊ **ခဏဘင်္ဂေါ**-ခဏဘင်တည်း၊ ဝါ-ဘင်ခဏ၌ ပျက်စီးခြင်းတည်း၊ အစ္စန္တဝိရာ ဂေါတိ-ကား၊ နိဗ္ဗာနံ-နိဗ္ဗာန်တည်း၊ ဝိရာဂါနုပဿနာတိ-ကား၊ တဒုဘယ ဒဿနဝသေန – ထို ၂ ပါးစုံသော ခယဝိရာဂ အစ္စန္တဝိရာဂကို ရှုခြင်း၏ **အစွမ်း**ဖြင့်၊ ပဝတ္တာ – ဖြစ်သော၊ ဝိပဿနာ စ – ငှ်း၊ မဂ္ဂေါ စ – မဂ်ငှ်း တည်း၊ ဒုဝိဓာယပိ– ၂ ပါးအပြားရှိလည်းဖြစ်သော၊ တာယအနုပဿနာယ– **ထို**အနုပဿနာဉာဏ်နှင့်၊ သမန္နာဂတော-သည်၊ ဟုတွာ, အဿသန္တော စ– ကိုငှ်း၊ ပဿသန္တော စ-ကိုငှ်း၊ ဝိရာဂါနုပဿီ၊ပေ၊သိက္ခတီတိ-ဟူ၍၊ ဝေဒိ တဗ္ဗော – ၏၊ [" ဝိရာဂါနုပဿီ - သင်္ခါရတို့၏ ဘင်ဟူသော ခယဝိရာဂကို ဝိပဿနာဉာဏ်ဖြင့်, နိဗ္ဗာန်ဟူသောအစ္စန္တဝိရာဂကို **မဂ်**ဉာဏ်ဖြင့် အဖန်ဖန် ရှုလေ့ရှိသည်၊ (တနည်း)ဝိရာဂါနုပဿီ- အာရုံပြုသောအားဖြင့် ခယဝိရာဂ

ခယ, အစ္စန္တဝိရာဂ။ ။ဝိရဇ္ဇနံ ဝိလုဇ္ဇနံ – ပျက်ခြင်း၊ ဝိရာဂေါ– ခြင်း၊ ရာဂါ၌ ရန္ဓဓာတ်သည် ဝိဥပသာရကြောင့် ဝိလုဇ္ဇနအနက်ကို ဟော၏၊ ခယောဧဝ–ပျက်ခြင်း သာလျှင် ဖြစ်သော၊ ဝိရာဂေါ – ဝိရာဂတည်း၊ **ခ**ယဝိရာဂေါ – ဂ၊ ပြဲခဲ့သော ခဏိက နိရောဓပင်တည်း၊ ဝိရဇ္ဇန္တိ နိရုဇ္ဈန္တိ သင်္ခါရာ ဧတ္ထာတိ ဝိရာဂေါ၊ အစ္စန္တံ + ဝိရာဂေါ အစ္စန္တဝိရာဂေါ၊ [ဤ ဝိရာဂသဒ္ဒါသည် ပျက်ခြင်း ချုပ်ခြင်းအနက်ကို ဟော၏။]

တဒုဘယ ဒဿနဝသေန ။ ။ ဝိပဿနာဖြင့် ခယဝိရာဂကို မြင်ခြင်း, မဂ်ဖြင့် အစ္စန္တဝိရာဂကိုမြင်ခြင်း,ဟု ခွဲပါ၊ တနည်း-ဝိပဿနာသည် သင်္ခါရတို့၏ ဘင်ဟူသော ခယဝိရာဂကို အာရုံပြုသောအားဖြင့်မြင်၏၊ ထိုသို့ ဘင်ကို အာရုံပြုခိုက် နိဗ္ဗာန်ကိုလည်း ညွတ်လျက် ရှိရကား နိဗ္ဗာန်ဟူသော အစ္စန္တဝိရာဂကိုလည်း နိန္န (ညွတ်ခြင်း) အားဖြင့် မြင်၏၊ မဂ်ကား ခယဝိရာဂကို အသမ္မောဟ (မတွေဝေသော) အားဖြင့်မြင်၏၊ အစ္စန္တ ဝိရာဂကိုကား အာရုံပြုသောအားဖြင့် မြင်သည်။

www.dhammaransi.com

ကို,ညွတ်သောအားဖြင့် အစ္စန္တဝိရာဂကို ဝိပဿနာဉာဏ်ဖြင့်၎င်း, အသမ္မော ဟ အားဖြင့် ခယဝိရာဂကို, အာရုံပြုသောအားဖြင့် အစ္စန္တဝိရာဂကို မဂ်ဉာဏ် ဖြင့်၎င်း, အဖန်ဖန်ရှုလေ့ရှိသည်" ဟု ပါဠိတော်၌ အနက်ပေးပါ။] နိရောဓာ နုပဿီပဒေပိ-ဿီပုဒ်၌လည်း၊ ဧသေဝ နယော-တည်း၊ ["ဒွေနိရောဓာ ခယ နိရောဓော အစ္စန္တနိရောဓောစ"စသည်ဖြင့် ဝိရာဂပုဒ်နေရာဝယ် နိရောဓပုဒ် သွင်း၍ ဤနည်းအတိုင်း သိပါ။]

ပဋိနိဿဂ္ဂါနုပဿီတိ ဧတ္ထာပိ-၌လည်း၊ [ဝိရာဂါနုပဿီနှင့် ၂ ပါးအပြား ချင်း တူသောကြောင့် " သမ္ပိဏ္ဍနပိသဒ္ဒါ"ကို ဆိုသည်။] ပဋိနိဿဂ္ဂါ - ပဋိ နိဿဂ္ဂတို့သည်၊ ပရိစ္စာဂပဋိနိဿဂ္ဂေါစ- ပရိစ္စာဂပဋိနိဿဂ္ဂ၎င်း၊ ပက္ခန္ဒနပဋိနိ ဿဂ္ဂေါစ-၎င်း၊ (ဣတိ- သို့) ဒွေ-တို့တည်း၊ ပဋိနိဿဂ္ဂေါယေဝ- စွန့်လွှတ်ခြင်း သည်ပင်၊ အနုပဿနာ - ရှေးရှေးဉာဏ်၏နောက်၌ ရှုခြင်းတည်း၊ ပဋိနိဿဂ္ဂါ နုပဿနာ - ခြင်း၊ တေံ - ဤ ပဋိနိဿဂ္ဂါနုပဿနာ ဟူသော အမည်သည်၊ ဝိပဿနာမဂ္ဂါနံ-ဝိပဿနာမဂ်တို့၏၊ အဓိဝစနံ- တည်း၊ ဟိ-ချဲ့၊ ဝိပဿနာ- ကို၊ (ဝုတ္တတိ၌စပ်၊)ဝါ-သည်၊ (ပရိစ္စဇတိ၌စပ်၊)တဒင်္ဂဝသေန-တဒင်္ဂပဟာန်၏ အစွမ်းဖြင့်၊ ခန္ဓာဘိသင်္ခါရေဟိ - ခန္ဓမာရ် အဘိသင်္ခါရမာရ် တို့နှင့်၊ သဒ္ဓိံ,

ပရိစ္စာဂပဋိနိဿဂ္ဂေါ။ ။ပရိစ္စဇနံ ပရိစ္စာဂေါ၊ ပဋိနိဿဇ္ဇနံ ပဋိနိဿဂ္ဂေါ၊ ၂ပုဒ် လုံးပင် စွန့်လွှတ်ခြင်းအနက်ကို ဟော၏၊ ပရိစ္စာဂေါယေဝ ပဋိနိဿဂ္ဂေါ ပရိစ္စာဂပဋိနိ ဿဂ္ဂေါ၊ ပဟာတဗ္ဗဿ — ပယ်ထိုက်သော တရားကို၊ တဒင်္ဂဝသေနဝါ — ဝိပဿနာ အခိုက်၌ တဒင်္ဂပဟာန်၏ အစွမ်းဖြင့်သော်၎င်း၊ သမုစ္ဆေဒဝသေနဝါ — မဂ်အခိုက်၌ သမုစ္ဆေဒပဟာန်၏ အစွမ်းဖြင့်သော်၎င်း၊ ပရိစ္စဇနံ — စွန့်ခြင်းသည်၊ ပရိစ္စာဂပဋိနိဿ ဂ္ဂေါ—မည်၏။

ပက္ခန္ဒန ပဋိနိဿဂ္ဂေါ။ ။ပက္ခန္ဒတီတိ ပက္ခန္ဒနံ—ပြေးဝင်တတ်သော ဝိပဿနာ, မဂ်၊ ထို ၂ ပါးလုံးကိုပင် "သဗ္ဗုပဓီနံ—အလုံးစုံသော (ခန္ဓုပဓိ ကိလေသုပဓိစသော) ဥပဓိတို့၏၊ ပဋိနိဿဂ္ဂဘူတေ—စွန့်ရာဖြစ်၍ဖြစ်သော၊ ဝိသင်္ခါရေ—သင်္ခါရတို့၏ ကင်းရာ ဖြစ်သောနိဗ္ဗာန်၌၊ အတ္တနော—မိမိဟူသော ဝိပဿနာဉာဏ်, မဂ်ဉာဏ်ကို၊ နိဿဇ္ဇနံ— စွန့်ခြင်းသဘောသည်၊ (တန္နိန္နတာယဝါ-ဝိပဿနာအခိုက်၌ ထိုနိဗ္ဗာန်သို့ ညွတ်သည်၏ အဖြစ်ဖြင့်သော်၎င်း၊ တဒါရမဏတာယဝါ-မဂ်အခိုက်၌ ထိုနိဗ္ဗာန်လျှင် အာရုံရှိသည်၏ အဖြစ်ဖြင့်သော်၎င်း၊ တတ္ထ-ထိုနိဗ္ဗာန်၌၊ ပက္ခန္ဒနံ-ပြေးဝင်ခြင်းသဘောသည်၊) ပက္ခန္ဒန ပဋိနိဿဂ္ဂေါ—မည်၏၊ ဤစကားအရ "ပက္ခန္ဒနမေဝ- နိဗ္ဗာန်သို့ ညွတ်သောအားဖြင့်၎င်း အာရုံပြုသောအားဖြင့်၎င်း ပြေးဝင်တတ်သော ဝိပဿနာဉာဏ် မဂ်ဉာဏ်သည်ပင် + ပဋိနိဿဂ္ဂေါ — မိမိဟူသော ဝိပဿနာဉာဏ် မဂ်ဉာဏ်ကို စွန့်လွှတ်တတ်သည်တည်း၊ ပက္ခန္ဒနပဋိနိဿဂ္ဂေါ—သည်"ဟု ပြု။

ကိလေသေ - ကိလေသာတို့ကို၊ ပရိစ္စဇတိ - စွန့်၏၊ **သင်္ခတ**ဒေါသဒဿနေန- **သင်္ခတ**တရား၏အပြစ်ကို မြင်ခြင်းကြောင့်၊ **တဗ္ဗိပရီတေ** - ထို **သင်္ခတ**တရား၏ ပြောင်းပြန် ဖြစ်သော၊ **နိဗ္ဗာနေစ** - ၌လည်း၊ တန္နိန္နတာယ — ထို နိဗ္ဗာန်၌ ညွတ်ကိုင်းသည်၏ အဖြစ်ဖြင့်၊ ပက္ခန္ဒတိ-ပြေးဝင်သကဲ့သို့ဖြစ်၏၊ ဣတိ-ကြောင့်၊ ပရိစ္စာဂပဋိနိဿဂ္ဂေါ (တိ)စေဝ - ဟူ၍၎င်း၊ ပက္ခန္ဒနပဋိနိဿဂ္ဂေါတိစ - ဟူ၍ ၎င်း၊ ဝုစ္စတိ၊ မဂ္ဂေါ-ကို၊ ဝါ-သည်၊ **သမုစ္ဆေဒဝသေန** - သမုစ္ဆေဒပဟာန်၏ အစွမ်းဖြင့် ၊ ပေ ၊ **အာရမဏကရဏေနစ** – အာရုံပြုခြင်း အားဖြင့်လည်း၊ နိဗ္ဗာနေ-၌၊ ပက္ခန္ဒတိ-၏၊ ဣတိ–ကြောင့်၊ ပရိစ္စာဂပဋိနိဿဂ္ဂေါ (တိ)စေဝ- ၎င်း ၊ပေ၊ **ပန** - ဆက်၊ **ဥဘယမ္ပိ** - နှစ်ပါးစုံသော ဝိပဿနာဉာဏ် မဂ်ဉာဏ် ကိုလည်း၊ ပုရိမပုရိမဉာဏာနံ- ရှေးရှေးဉာဏ်တို့၏၊ **အနုအနု**- နောက်နောက်၌၊ ပဿနတော- ရှုတတ်သည်၏အဖြစ်ကြောင့်၊ အနုပဿနာတိ- ဟူ၍၊ ဝုစ္စတိ- ၏၊ ဒုဝိဓာယ- သော၊ တာယ ပဋိနိဿဂ္ဂါနုပဿနာယ - နှင့်၊ သမန္နာဂတော ဟုတ္ဝာ, အဿသန္တော–ကို၎င်း ၊ပေ၊ ဝေဒိတဗ္ဗော–၏၊ [ဤအဖွင့်ကိုကြည့်၍ ''ပဋိနိဿဂ္ဂါနုပဿီ –ခန္ဓမာရ် အဘိသင်္ခါရမာရ်တို့နှင့်တကွ ကိလေသာတို့ကို တဒင်္ဂပဟာန်အားဖြင့် ပယ်စွန့်တတ် , ကိုင်းညွတ်သောအားဖြင့် နိဗ္ဗာန်သို့ ပြေးဝင်တတ်သော ဝိပဿနာဉာဏ်ဖြင့်၎င်း, ခန္ဓမာရ်အဘိသင်္ခါရမာရ်တို့နှင့်

သဒ္ဓိံ၊ပေ၊ကိလေသေ ။ ။ အနိစ္စာနုပဿနာသည် နိစ္စသညာကို စွန့်သောအခါ နိစ္စဟု မှတ်ယူတတ်သော ကိလေသာတို့ကို၎င်း, ထိုကိလေသာလျှင် အရင်းခံရှိသော ကံသင်္ခါရတို့ကို၎င်း, ထို သင်္ခါရအရင်းခံရှိသော ဝိပါက်ခန္ဓာတို့ကို၎င်း နောင်တဖန် မဖြစ်အောင် ပယ်စွန့်နိုင်သည်၊ ဒုက္ခာနုပဿနာစသည်တို့က သုခသညာစသည်တို့ကို စွန့်ရာ၌လည်း ဤနည်းပင်။

သင်္ခတ၊ပေ၊ ပက္ခန္ဒတိ။ ။သင်္ခတေ တေဘူမကသင်္ခါရဂတေ — သင်္ခတမည်သော တေဘူမကသင်္ခါရအပေါင်း၌၊ အနိစ္စတာဒိဒေါသဒဿနေန— မြင်ခြင်းကြောင့်၊ နိစ္စာဒိဘာဝေန တဗ္ဗိပရီတေ — နိစ္စ စသောအားဖြင့် ထို အနိစ္စ စသည်မှ ပြောင်းပြန်ဖြစ်သော၊ (နိဗ္ဗာနေ)၊ တန္နိန္နတာယာတိ—တဒဓိမုတ္တတာယ (ထို နိဗ္ဗာန်၌ လွတ်လွတ် ကျွတ်ကျွတ် သက်ဝင်သည်၏ အဖြစ်ဖြင့်)၊ ပက္ခန္ဒတီတိ အနုပဝိသတိ၊ အနုပဝိသန္တံ ဝိယ ဟောတိ— တကယ်ပြေး၍ မဝင်သော်လည်း ပြေးဝင်သကဲ့သို့ဖြစ်၏။

ဥဘယမ္ပိ၊ပေ၊ ဝုစ္စတိ။ ။ဝိပဿနာဉာဏ်သည် သမ္မသနစသော ရှေးရှေးဉာဏ်၏ နောက်၌ (ဥဒယဗ္ဗယ စသောအမည်ဖြင့်) ရှုတတ်သောကြောင့် အနုပဿနာ မည်၏၊ မဂ်ဉာဏ်ကား ဂေါတြဘုဉာဏ်၏နောက်၌ နိဗ္ဗာန်မြင်တတ်သောကြောင့် အနုပဿနာ မည်၏၊[အနုသဒ္ဒါသည် ပစ္ဆာအနက်ဟောတည်း၊]ဤစတုက္က စတုက္ကကိုလည်း အနိစ္စာနုပဿီစသည်ဖြင့် သမထမပါဘဲ ဝိပဿနာသက်သက်အားဖြင့် ဟောတော်မူသည်။

www.dhammaransi.com

တကွ ကိလေသာတို့ကို သမုစ္ဆေဒပဟာန် အားဖြင့် ပယ်စွန့်တတ် , အာရုံပြုသောအားဖြင့် နိဗ္ဗာန်သို့ ပြေးဝင်တတ်သော မဂ်ဉာဏ်ဖြင့်၎င်း, ရှေးရှေးဉာဏ်၏နောက်နောက်၌ ရှုလေ့ရှိသည်''ဟု ပါဠိတော်၌ပေးပါ။] ဧဝံ ဘာဝိတောတိ-ဟူး၊ ဧဝံ-သို့၊ သောဠသဟိ-န်သော၊ အာကာရေဟိ-တို့ဖြင့်၊ ဘာဝိတော - ဖြစ်စေအပ်သော၊ ဝါ – တိုးပွားစေအပ်သော၊ (အာနာပါနဿတိ သမာဓိ- သည်၊) သေသံ- ကြွင်းသော ပုဒ်အပေါင်းသည်၊ ဝုတ္တနယမေဝ။.... အာနာပါနဿတိသမာဓိကထာ - သည်၊ နိဋ္ဌိတာ။ [ဤ အာနာပါနဿတိ ဘာဝနာ၏အကျိုးများကို ၁-ဝိတက်ကိုငြိမ်းစေနိုင်၏၊ ၂-သတိပဋ္ဌာန် ၄ ပါး, ဗောဇ္ဈင် ၇ ပါးကိုပြည့်စေလျက် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရစေနိုင်၏၊ ၃-ရဟန္တာဖြစ်ပြီးပုဂ္ဂိုလ်မှာ ပရိနိဗ္ဗာန်စံခါနီးဆဲဆဲ၌ နေ့ဆုံး ထွက်သက်ကိုပင် ထင်ထင်ရှားရှား သိနိုင်၏၊ ဤသို့ ဝိသုဒ္ဓိမဂ်၌ပြထားသည်။]

ပန- ဆက်၊ [အာနာပါနကထာ၏ရှေ့က ပြတ်ပြီးကို ပြန်၍ဆက်သည်။] အထခေါ ဘဂဝါတိ အာဒိမှိ- ၌၊ အယံ-ကား၊ သင်္ခေပတ္ထော- အကျဉ်းချုပ်အနက်တည်း၊ ဧဝံ- လျှင်၊ ဘဂဝါ- သည်၊ အာနာပါနဿတိ သမာဓိကထာယ-ဖြင့်၊ ဘိက္ခူ – တို့ကို၊ သမဿာသေတွာ – သက်သာရာ ရစေတော်မူပြီး၍၊ အထ–ထိုမှနောက်၌၊ ဘိက္ခူနံ- တို့၏၊ အညမညံ-ချင်း၊ ဇီဝိတာ-မှ၊ ဝေါရောပနံ-ခွင်းခြင်းဟူသော၊ တတိယပါရာဇိကပညတ္တိယာ-တတိယပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူခြင်း၏၊ ယံ တံ နိဒါနဉ္စေဝ-အကြင်အကြောင်းသည်၎င်း၊ ယံတံ ပကရဏဉ္စ – အကြင် အရာသည်၎င်း၊ ဥပ္ပန္နံ - ဖြစ်ပြီ၊ တသ္မိံ နိဒါနေ- (မိမိအကျိုးကို အပ်နှင်းတတ်သော) ဤအကြောင်းကြောင့်၊ တသ္မိံ ပကရဏေ- (မိမိအကျိုးကို ပြုစီရင်တတ်သော) ဤအရာကြောင့်၊ ဘိက္ခုသံဃံ-ကို၊ သန္နိပါတာပေတွာ- စည်းဝေးစေတော်မူပြီး၍၊ ပဋိပုစ္ဆိတွာ–တဖန် မေးတော်မူပြီး၍၎င်း၊ ဝိဂရဟိတွာစ – ကဲ့ရဲ့တော်မူပြီး၍၎င်း၊ (ပညပေန္တော အာဟ၌စပ်၊) ယသ္မာ, တတ္ထ- ထို အကြောင်းအရာ၌၊ ဝါ- တွင်၊ အတ္တနာ-ကိုယ်တိုင်၊ အတ္တာနံ-ကို၊ ဇီဝိတာ–မှ၊ဝေါရောပနံ-သည်၎င်း၊ မိဂလဏ္ဍိကေန-သည်၊ ဝါ-ကို၊ ဝေါရောပါပနံစ–ခွင်းစေခြင်းသည်၎င်း၊ ပါရာဇိကဝတ္ထု-ပါရာဇိကဝတ္ထုသည်၊ နဟောတိ- မဟုတ်၊ တသ္မာ– ကြောင့်၊ (ကိုယ့်ကိုယ်ကို သတ်ခြင်း, မိဂလဏ္ဍိကကိုအသတ်ခိုင်းခြင်း၏ ပါရာဇိကဝတ္ထု မဟုတ်သည်၏အဖြစ်ကြောင့်၊) တံ – ထို ကိုယ့်ကိုယ်ကိုသတ်ခြင်း , မိဂလဏ္ဍိကကို အသတ်ခိုင်းခြင်းကို၊ ထပေတွာ-၍၊ ပါရာဇိကဿ-၏၊ ဝတ္ထုဘူတံ-အကြောင်းဖြစ်၍ဖြစ်သော၊ အညမညံ-

www.dhammaransi.com

ချင်း၊ ဇီဝိတာ—မှ၊ ဝေါရောပနမေဝ-ကိုသာ၊ ဂဟေတွာ-ယူတော်မူ၍၊ ပါရာဇိကံ-ပါရာဇိကသိက္ခာပုဒ်ကို၊ ပညပေန္တော- လိုသည်၊ (ဟုတ္ဘာ)၊ ယော ပန၊ ပေ၊မနုဿဝိဂ္ဂဟန္တိအာဒိ- ကို၊ အာဟ- မိန့်တော်မူပြီ၊ ပန-ဆက်၊ ဧတ္ထ- ဤသိက္ခာပုဒ်၌၊ သေကြသော ပုဂ္ဂိုလ်တို့၌၊ အရိယပုဂ္ဂလမိဿကတ္တာ - အရိယာပုဂ္ဂိုလ်တို့နှင့် ရောနေသည်၏ အဖြစ်ကြောင့်၊ မောဃပုရိသာတိ-ဟူ၍၊ အဝတွာ—မိန့်တော်မမူဘဲ၊ တေဘိက္ခူတိ-ဟူ၍၊ ဝုတ္တံ-ပြီ။

ဇဝံ- လျှင်၊ မူလစ္ဆေဇ္ဇဝသေန - သာသနာတော်ဝယ် အမြစ် အရင်းပြတ်ခြင်း၏အစွမ်းဖြင့်၊ [ဆိဇ္ဇနံ ဆေဇ္ဇံ၊ (ဆိဒ-ဈာပစ္စည်း၊) မူလဿ+ဆေဇ္ဇံ မူလစ္ဆေဇ္ဇံ။] ဒဠှံ-မြဲမြံစွာ၊ ကတွာ, တတိယပါရာဇိကံ-ကို၊ ပညတ္တွာ-ပြီးသော်၊ အပရမ္ပိ-သော၊ အနုပညတ္တတ္ထာယ- နောက်ထပ်ပညတ်ဘို့ အကျိုးငှါ၊ မရဏဝဏ္ဏ သံဝဏ္ဏနဝတ္ထုံ-သည်၊ ဥဒပါဒိ-ပြီ၊ တဿ- ထိုဝတ္ထု၏၊ ဥပ္ပတ္တိဒီပနတ္ထံ-ဖြစ်ပုံကိုပြခြင်းအကျိုးငှါ၊ တေန္ဒိ ဘဂဝတာတိ အာဒိ- ကို၊ (သံဂီတိကာရေဟိ) ဝုတ္တံ-ပြီ၊ တတ္ထ-ထို အနုပညတ်၏ဝတ္ထု၌၊ ပဋိဗဒ္ဓစိတ္တာတိ-ကား၊ ဆန္ဒရာဂေန-ဖြင့်၊ ပဋိဗဒ္ဓစိတ္တာ-စပ်ဖွဲ့သောစိတ် ရှိကုန်သည်၊ ဝါ- စွဲငြိသောစိတ်ရှိကုန်သည်၊ သာရတ္တာ- လွန်စွာတပ်မက်ကုန်သည်၊ အပေက္ခဝန္တော-ရှုငဲ့ခြင်းရှိကြကုန်သည်၊ ဣတ်အတ္ထော။ [ပဋိဗဇ္ဈတီတိ ပဋိဗဒ္ဓံ၊ ပဋိဗဒ္ဓံ+စိတ္တံ ယေသံတိ ပဋိဗဒ္ဓစိတ္တာ၊ မိန်းမ၏အပေါ်၌ ဖွဲ့မိသောစိတ်ဟူသည် ဆန္ဒရာဂဖြင့် တပ်မက်ချစ်ကြိုက်သောစိတ် , ဆန္ဒရာဂဖြင့် ငဲ့ကွက်နေသောစိတ်တည်း။] မရဏဝဏ္ဏံ သံဝဏ္ဏေမာတိ – ကား၊ ဇီဝိတေ - အသက်ရှင်ခြင်း၌၊ အာဒီနဝံ- အပြစ်ကို၊ ဒဿေတွာ—၍၊ မရဏဿ- ၏၊ ဂုဏံ-ကို၊ ဝဏ္ဏေမ- ချီးမွမ်းကြကုန်စို့၊ အာနိသံသံ-အကျိုးကို၊ ဒဿေမ-ပြကြကုန်စို့၊ ဣတိ (အတ္ထော)။

အရိယပုဂ္ဂလမိဿကတ္တာ။ ။အရိယာဖြစ်ပြီးသူတို့သည် ကိုယ်ကလည်း သူ့ကို မသတ် , မိမိကို သတ်ဘို့ရန်လည်း မခိုင်း, သတ်နေသည်ကိုလည်း သဘောမတူကြပါ၊ သို့သော် ထို ၃ မျိုးကြောင့် သေသူတို့တွင် အရိယာများလည်း ရောနှော ပါဝင်နေသောကြောင့် " အရိယပုဂ္ဂလ မိဿကတ္တာ "ဟု ဆိုသည်၊ တနည်း – ပုထုဇဉ်ဘဝတုန်းက မိမိကို အသတ်ခိုင်းပြီးနောက် မသေမီ အရိယာဖြစ်သူတို့ကို ရည်ရွယ်၍ "အရိယပုဂ္ဂလ မိဿကတ္တာ"ဟု မိန့်သည်။

မရဏ၊ပေ၊သံဝဏ္ဏေမ။ ။ ရှေးဦးစွာ အသက်ရှင်ရခြင်း၏အပြစ်ကို ပြမှ သေရခြင်း၏ အကျိုးကျေးဇူး ထင်ရှားသောကြောင့် "မရဏဝဏ္ဏံ သံဝဏ္ဏေမ" ကို ဖွင့်ရာ၌ "ဇီဝိတေ အာဒီနဝံ ဒဿေတွာ" ဟု အပိုထည့်၍ဖွင့်သည်၊ " ကိံ တုယှိမိနာ ပါပကေန ဒုဇ္ဇီဝိတေန "သည် အသက်ရှင်ခြင်း၌ အပြစ်ပြတည်း၊ မတံ တေ ဇီဝိတာသေယျော" စသည်ကား သေခြင်း၏ အကျိုးပြတည်း၊ ဝဏ္ဏံကို "ဂုဏံ "ဟု ဖွင့်သည်။

www.dhammaransi.com

ကတကလျာဏောတိ အာဒိသု-ပုဒ်တို့၌၊ အယံ-ကား၊ ပဒတ္ထော-တည်း၊ တယာ-သည်၊ ကလျာဏံ-ကောင်းသော၊ သုစိကမ္မံ-ကိလေသာတို့မှ စင်ကြယ်သောအမှုကို၊ ကတံ-ပြီ၊ ဣတိ-ကြောင့်၊ (ထိုသို့ ကောင်းသောကိလေသာတို့မှ စင်ကြယ်သောအမှုကို ပြုခဲ့သည်၏အဖြစ်ကြောင့်၊) (သော) တွံ-သည်၊ ကတကလျာဏော – ကတကလျာဏမည်သည်၊ အသိ- ၏၊ [ကလျာဏံကို "သုစိကမ္မံ"ဟု ဖွင့်၊ " ကတံ+ ကလျာဏံ ယေနတယာတိ ကတကလျာဏော"ဟု ပြုစေလို၏။] တထာ- တူ၊ တယာ, ကုသလံ အနဝဇ္ဇံ-အပြစ်မရှိသော၊ ကမ္မံ-တံကို၊ ကတံ - ပြီ၊ ဣတိ - ကြောင့်၊ (ထိုသို့ အပြစ်မရှိသောကံကို ပြုခဲ့သည်၏ အဖြစ်ကြောင့်၊) (သောတွံ)၊ ကတကုသလော, အသိ၊ [တထာဖြင့် "တွံခေါ အသိ" ကို ညွှန်းသည်၊ ကုသလံကို အနဝဇ္ဇံဟု ဖွင့်သည်။] မရဏကာလေ- သေခါနီးအခါသည်၊ သမ္ပတ္တေ – သော်၊ သတ္တာနံ – တို့၏၊ ဘယသန်္တာသာ- ကြောက်ခြင်းဟု ဆိုအပ်သော၊ ယာ ဘီရု- အကြင် ကြောက်ခြင်းသည်၊ ဥပ္ပဇ္ဇတိ- ၏၊ တယာ, တတော-ထို ကြောက်ခြင်းမှ၊ တာယနံ ရက္ခဏံ- စောင့်ရှောက်တတ်သော၊ [တာဓာတ်၏ ရက္ခဏအနက်ကိုဖွင့်။]ကမ္မံ-ကုသိုလ်ကံကို၊ ကတံ, ဣတိ- ကြောင့်၊ (ထိုသို့ ကြောက်ခြင်းမှ စောင့်ရှောက်တတ်သောကုသိုလ်ကံကို ပြုခဲ့သည်၏အဖြစ်ကြောင့်၊) (သောတွံ)၊ ကတဘီရုတ္တာဏော, အသိ၊ တယာ, ပါပံ လာမကံ-ယုတ်ညံ့သော၊ ကမ္မံ-အကုသိုလ်ကံကို၊ အကတံ၊ ဣတိ-ကြောင့်၊ (ထိုသို့ ယုတ်ညံ့သောအကုသိုလ်ကံကို မပြုခဲ့သည်၏အဖြစ်ကြောင့်၊) (သောတွံ)၊ အကတပါပေါ, အသိ၊ တယာ, လုဒ္ဒံ ဒါရုဏံ-ကြမ်းတန်းသော၊ ဒုဿီလျကမ္မံ – သီလမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်ကံကို၊ အကတံ၊ ဣတိ (ထိုသို့ ကြမ်းသောဒုဿီလျအမှုကို မပြုခဲ့သည်၏အဖြစ်ကြောင့်၊)(သော တွံ) အကတလုဒ္ဒေါ, အသိ၊ တယာ , လောဘာဒိကိလေသုဿဒံ- လောဘ အစ ရှိသော များသောကိလေသာရှိသော၊ ကိဗ္ဗိသံ သာဟသိကကမ္မံ – အဆော တလျင် ဖြစ်စေအပ်သောအမှုကို၊ ဝါ-အကြမ်းပတမ်း အရမ်းအမှုကို၊ အကတံ၊

ကတဘီရုတ္တာဏော။ ။ဘီဓာတ် ကြုပစ္စည်းဖြင့်ပြီးသော ဘီရုသဒ္ဒါသည် အချို့အရာ၌ ကြောက်လေ့ရှိသူကို ဟောသော်လည်း ဤနေရာ၌ ကြောက်ခြင်းကို ဟော၏ ဟု သိစေလို၍ "ဘယသန်္တာသာ"ဟု ထည့်သည်၊ [တာယနံ-တာဏံ၊ (တြာ-ဟု သက္ကတ၌ ရှိသောကြောင့် အနမှ နကို ဏပြု၊) ဘီရုတော+တာဏံ ဘီရုတ္တာဏံ၊ (ရ်ကြေသော ကြောင့် ဒွေဘော်လာ၊) ကတံ+ဘီရုတ္တာဏံ ယေန တယာတိ ကတဘီရုတ္တာဏော။

အကတ ကိဗ္ဗိသော ။ ။ ကိလဟူသော အမျယနောင် ဋီသစ် ပစ္စည်း, ဝုဓ်လာ၍ သက္ကတ၌"ကိဗ္ဗိသ"ဟု ရှိ၏၊ ပါပ၏ပရိယာယ်တည်း၊ ဤ၌ကား သာမန်မကောင်းသော အမှုကိုမဟော၊ လောဘဒေါသအားကြီး၍ အဆောတလျင်(မုဒိမ်းမှုလုသတ်မှုစသော)

www.dhammaransi.com

ဣတိ-ကြောင့်၊(အဆောတလျှင်ဖြစ်သော အကြမ်းပတမ်းအရမ်းအမှုကိုမပြုခဲ့သည်၏အဖြစ်ကြောင့်၊) (သောတွံ) အကတကိဗ္ဗိသော,အသိ၊ ကသ္မာ, ဣဒံ-၌ ကတကလျာဏော အစရှိသောစကားကို၊ ဝုစ္စတိ - ငါတို့ဆိုအပ်သနည်း၊ [ဤစကားသည် ဆဗ္ဗဂ္ဂီတို့၏စကားတည်း၊ "ဘာ့ကြောင့် ဤသို့ဆိုနိုင်သလဲ" ဟု သင်ကမေးလျှင်-ဟူလို။] ယသ္မာ, တယာ, သမ္ဗုပ္ပကာရမ္ပိ - အလုံးစုံသော အပြားရှိသည်လည်းဖြစ်သော၊ ကလျာဏံ-ကောင်းမှုကို၊ ကတံ- ပြီ၊ တယာ, ပါပံ- ကို၊ အကတံ- အပ်၊ တေန- ကြောင့်၊ တံ-ထို ကတကလျာဏော အစရှိသောစကားကို၊ ဝဒါမ-ငါတို့ဆိုကုန်၏။

တုယှံ – အား၊ ရောဂါဘိဘူတဿ – ရောဂါနှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်၊လာမကေန-ယုတ်ညံ့သော၊ ဒုက္ခဗဟုလတ္တာ-များသောဒုက္ခရှိသည်၏အဖြစ်ကြောင့်၊ ဒုက္ခေန-ဆင်းရဲသော၊ ဣမိနာဇီဝိတေန-ဤ အသက်ရှင်နေရခြင်းဖြင့်၊ ကိံ-အဘယ်အကျိုးရှိအံ့နည်း၊ [တချို့စာ၌ "ဒုဇ္ဇီဝိတေန"ဟုရှိ၏။] မတံတေ၊ပေ၊သေယျောတိ-ကား၊ တဝ-၏၊မရဏံ-သည်၊ [မတံ၌ တပစ္စည်းကို ဘောဟောဟု သိစေလို၍"မရဏံ"ဟု ဖွင့်သည်။]ဇီဝိတာ-ထက်၊သုန္ဒရတရံ-သာ၍ကောင်းပါသေး၏၊ ကသ္မာ၊ ယသ္မာ, တွံ - သည်၊ ဣတော- ဤဘဝမှ၊ ကာလင်္ကတော ကတကာလော-ပြုအပ်ပြီးသော သေရာကာလရှိသည်၊ ဝါ- ပြုအပ်ပြီးသော သေခြင်းရှိသည်၊ ဟုတွာ,ကာလံ-သေချိန်ကို၊ဝါ-သေခြင်းကို၊ ကတွာ-ပြုပြီး၍၊ မရိတွာ-သေပြီး၍၊ ဣတိအတ္ထော-၌ကား ဥဇုကတ္တတည်း၊ ကာယဿ – ဥပါဒိန္နကခန္ဓာကိုယ်၏၊ ဘေဒါ – ပျက်ခြင်းဟူသော ၊ပေ၊ ဥပပဇ္ဇိဿသိ-လတ္တံ့၊ ဇဝံ-သို့၊ ဥပပန္နော-ဖြစ်ပြီးသည်၊(ဟုတွာ)စ-လည်း၊ တတ္ထ-ထို နတ်ပြည်၌၊ ဒိဗ္ဗေဟိ -- နတ်ပြည်၌ ဖြစ်ကုန်သော၊ [ဒိဝေ+ဘဝါ ဒိဗ္ဗာ။]

မကောင်းမှုကိုဟော၏၊ သဟာသာ– အဆောတလျှင်+နိဗ္ဗတ္တံ (ဖြစ်စေအပ်သော အမှုတည်း၊) သာဟသိကံ၊ [လောဘာဒီနံ အတိဝိယ ဥဿန္နတ္တာ အနုပပရိက္ခိတွာ (မစူးစမ်းဘဲ) ကတံ သာဟသိကကမ္မံ ကိဗ္ဗိသန္တိ ဝုစ္စတိ။]

ကာလံကတော။ ။"ကတကာလော"ဟု ဖွင့်၏၊ ထိုသို့ဖွင့်သဖြင့်"ကတဟူသော ဝိသေသနပုဒ် နေခဲ့ကျသည်–ဟု ပြ၏၊ ကတကာလော၌ ကာလသဒ္ဒါသည်"ကာလော သမယမစ္စုသု"ဟူသော အဘိဓာန်တွင် သမယအနက်ကိုယူ၍"ကတမရဏကာလော" ဟုငင်း , မစ္စုအနက်ကိုယူ၍ " ကတမရဏော " ဟု ငင်း ဋီကာ၌ ၂ နည်း ဖွင့်သည်၊ ကတော+ ကာလော ယေနတယာတိ " ကာလကတော " ဟု ဖြစ်သင့်လျက် နိဂ္ဂဟိတ်လာ၍ "ကာလံကတော"ဟု ပြီးသည်၊ ဟုတွာ–ဟု ပါဌသေသလည်း ထည့်ပါ၊ ထိုသို့ ထည့်၍ "ကာလံကတွာ"ဟု ကြိယာ ဝိသေသနအနက်နှင့် ညီမျှပါစေ၊ ကာလံကတွာ၌လည်း "မရိတွာ"ဟု ဥဇုကတ္တမှတ်ပါ–ဟု သိစေလို၍ အဆင့်ဆင့်ဖွင့်ပြသည်။

www.dhammaransi.com

ဒေဝလောကေ - ၌၊ ဥပ္ပန္နေဟိ - နှ်သော၊ ပဉ္စဟိ - နှ်သော၊ ကာမဂုဏေဟိ- ကာမအစုတို့နှင့်၊ ဝါ-တို့သည်၊ မနာပိယ ရူပါဒိကေဟိ-စိတ်၏မြတ်နိုးဘွယ်ကို ဖြစ်စေတတ်သော ရူပါရုံ အစရှိကုန်သော၊ ပဉ္စဟိ - နှ်သော၊ ဝတ္ထုကာမ ကောဋ္ဌာသေဟိ-ဝတ္ထုကာမ အစုတို့နှင့်၊ ဝါ-တို့သည်၊[ပဉ္စဟိ ကာမဂုဏေဟိ ကို "မနာပိယရူပါဒိကေဟိ ပဉ္စဟိ ဝတ္ထုကာမကောဋ္ဌာသေဟိ"ဟု ဖွင့်သည်၊ ကာမဂုဏေဟိ၌ "ဂုဏ" သဒ္ဒါသည် "ကောဋ္ဌာသ" အနက်ဟော-ဟူလို။] သမပ္ပိတော (သံ+အပ္ပိတော)-ကောင်းစွာ ရောက်အပ်သည်၊ သမင်္ဂီဘူတော (သံ + အင်္ဂီဘူတော)- ကောင်းစွာ ကိုယ်အင်္ဂါကဲ့သို့ဖြစ်၍ ဖြစ်သည်၊ ဝါ- ပြည့်စုံသည်၊(ဟုတွာ)[ဋီကာ၌"သမ္မဒေဝ ဧကီဘာဝံဂတော=ကာမဂုဏ်တွေ နှင့် ခန္ဓာကိုယ်သည် တခုထည်း တပေါင်းတည်း အဖြစ်သို့ ရောက်သည် " ဟု ဖွင့်၏။] ပရိစရိဿသိ - ထိုထို၌၌ လှည့်လည်ရလတံ့၊ ဝါ - မွေ့လျော်ရ လတံ့၊ သမ္ဗယုတ္တော - ယှဉ်သည်၊ သမောဓာနဂတော - ပေါင်းဆုံခြင်းသို့ ရောက်သည်၊ ဟုတွာ,ဣတော စ-ဤအာရုံသို့ဝင်း၊ ဣတောစ-ဝင်း၊ စရိဿသိ ဝိစရိဿသိ-လတံ့၊ ဝါ-နည်း၊ အဘိရမိဿသိ-လတံ့၊ ဣတိအတ္ထော၊(တသ္မာ, သုန္ဒရတရံ-၏-ဟု ပြန်လှည့်စပ်။)[ပါဠိတော်စာအုပ်များ၌"ပရိစာရေဿသိ" ဟု ကာရိတ်ပါနေသည်မှာ ဤအဖွင့်နှင့် မညီ။]

အသပ္ပါယာနီတိ - ကား၊ ယာနိ - အကြင်ဘောဇဉ် အစရှိသည်တို့သည်၊ နိပ္ပမေဝ - လျင်စွာသာလျှင်၊ ဇီဝိတက္ခယံ - အသက်ကုန်ခြင်းသို့၊ ပါပေန္တိ- ရောက်စေနိုင်ကုန်၏၊ အဟိတာနိ - စီးပွားမဟုတ်ကုန်သော၊ အဝုဒ္ဓိကရာနိ- ကြီးပွားခြင်းကို မပြုတတ်သော၊(တာနိ-ထို ဘောဇဉ်အစရှိသည်တို့ကို၊"ဘုဉ္ဇိ- စားပြီ"ဟုပါဠိတော်၌ထည့်၍စပ်။)သဥ္ဇိစ္စာတိ-သဥ္စိစ္စဟူသော၊အယံ-ဤသဒ္ဒါ

ပရိစရိဿသိ၊ ပေ၊ အဘိရမိဿသိ။ ။သမ္ဗယုတ္တော သမောဓာနဂတောတို့သည် သမပ္ပိတော သမင်္ဂီဘူတောတို့၏ အဓိပ္ပါယ်ဖွင့်၊ " ဟုတွာ " ကား ပရိစရိဿသိပုဒ်၏ ကြိယာဝိသေသနထည့်ပါ၌တည်း၊ဣတောစိတောစကား ပရိ၏အဖွင့်၊ဝိစရိဿသိကား စရိဿသိ၏ အနက်ဖွင့်၊"ကျင့်ရလတံ့" ဟု ပေးမည်စိုး၍ "ဝိစရိဿသိ"ဟု ဖွင့်သည်၊ "လှည့်လည်ရလတံ့"ဟု အနက်ပေးပါ"ဟူလို၊တနည်း-ပရိစရိဿသိကို"အဘိရမိဿ သိ-မွေ့လျော်ရလတံ့ "ဟု အဓိပ္ပါယ်ဖွင့်သည်။

အဟိတာနိ ။ ။ "ဟိတ - စီးပွား " ဟူသည် အကျိုးမဟုတ်, ကြီးပွားခြင်း၏ အကြောင်းတည်း၊ "ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟိတံ"ဟု ပြု၊ ထို့ကြောင့် ဟိတနှင့် ဝုဒ္ဓိကရသည် ပရိယာယ်တည်း၊ [ဟိတ-အကျိုးတရား၏ ဖြစ်ကြောင်း၊ ဝုဒ္ဓိ ကရ - ကြီးပွားမှုကိုပြုတတ်သော အကြောင်း၊] ထို့ကြောင့် အဟိတာနိကို "အဝုဒ္ဓိ ကရာနိ"ဟု ပရိယာယ်ပြုသည်။

www.dhammaransi.com

သည်၊ သဉ္စိစ္စမနုဿဝိဂ္ဂဟန္တိ - ဟူ၍၊ မာတိကာယ - မာတိကာ ပါဠိတော်၌၊ ဝုတ္တဿ - ဟောတော်မူအပ်သော၊ သဉ္စိစ္စပဒဿ - သဉ္စိစ္စပုဒ်၏၊ ဥဒ္ဓါရော- အတ္ထုဒ္ဓါရတည်း၊ ဝါ- အနက်ကို ထုတ်ပြကြောင်း သဒ္ဒါတည်း၊ တတ္ထ – ထို သဉ္စိစ္စဟူသော ပုဒ်၌၊ သန္တိ– သံဟူသောပုဒ်သည်၊ ဥပသဂ္ဂေါ - ဥပသာရပုဒ် တည်း၊ တေန-ထို သံဥပသာရနှင့်၊ သဒ္ဓိံ - တကွ၊ စိစ္စာတိ- စိစ္စဟူသော၊ ဧတံ- ဤသဒ္ဒါသည်၊ ဥဿုက္ကာဝစနံ –ဥဿုက္ကအနက်ကို ဟောသော သဒ္ဒါတည်း၊ တဿ-ထို သံဥပသာရနှင့် တကွဖြစ်သောစိစ္စသဒ္ဒါ၏၊ ဝါ-ထို သဉ္စိစ္စသဒ္ဒါ၏၊ သဉ္စေတေတွာ,သုဋ္ဌုစေတေတွာ-ကောင်းစွာစေ့ဆော်၍၊ ဇာတိအတ္ထော၊ ပန- ဆက်၊ ယသ္မာ,ယော–အကြင်ရဟန်းသည်၊ သဉ္စိစ္စ–သတွာဟု သိသော သညာ နှင့်တကွစေ့ဆော်၍၊ ဝေါရောပေတိ–၏၊ သော–ထိုရဟန်းသည်၊ ဇာနန္တော- သတွာဟု သိသည်၊ သဉ္ဇာနန္တော – ဇီဝိတိန္ဒြေမှ ခွင်းနေ၏ ဟု ကောင်းစွာ သိသည်၊ ဟောတိ၊ အဿ-ထိုရဟန်း၏၊ တဉ္စ ဝေါရောပနံ-သည်လည်း၊ စေစ္စ- စေ့ဆော်၍၊ အဘိဝိတရိတွာ-ဆုံးဖြတ်သောအားဖြင့်လွှမ်းမိုး၍၊ ဝိတိက္ကမော- လွန်ကျူးခြင်းသည်၊ ဟောတိ-၏၊ တသ္မာ, ဗျဉ္ဇနေ-သဒ္ဒါ၌၊ အာဒရံ-အလေး ဂရုကို၊ အကတွာ – ပြုတော်မမူဘဲ၊ အတ္ထမေဝ - အနက်အဓိပ္ပါယ် ကိုသာ၊ ဒဿေတုံ - ငှါ၊ ဇာနန္တော ၊ပေ၊ ဝိတိက္ကမောတိ - ဟူ၍၊ အဿ - ထို သဉ္စိစ္စ ဟူသောပုဒ်၏၊ ပဒဘာဇနံ–ပဒဘာဇနီကို၊ (ဘဂဝတာ)ဝုတ္တံ။

တေန၊ပေ၊စိစ္စာတိ ။ ။ စိစ္စ၌ စိတ်ခတ်, တွာ ပစ္စည်းတည်း၊ " တေန သဒ္ဓိံ–ထို သံဥပသာရနှင့်အတူ"ဟု ဆိုသောကြောင့် " စိစ္စာတိ " ဟုသာ ရှိသင့်သည်၊ ယခု စာအုပ်များ၌ " သဉ္စိစ္စာတိ "ဟု ရှိသည်၊ " ဥဿုက္ကာဝစနံ "ဟူသည် ဝေါရောပေယျ ဟူသော နောင်ကြိယာ၌စပ်ဘို့ရန် မျှော်ပါရှိနေသောပုဗ္ဗကာလကြိယာဝိသေသနတည်း၊ မှန်၏–ရှေ့နောင် ကြိယာ ၂ ပါးရှိရာတွင် နောက်ကြိယာ၌စပ်ဘို့ရန် မျှော်ပါရှိနေသော ရှေ့ကြိယာကို " ဥဿုက္ကဝစန "ဟု အခေါ်အဝေါ် ပြုကြသည်၊ ထို့ကြောင့် "သဉ္စေတေတွာ"ဟု ပုဗ္ဗကာလကြိယာဝိသေသန ဖွင့်သည်၊ သုဋ္ဌုကား သံ၏အနက်ဖွင့်တည်း၊ ကင်္ခါအဋ္ဌကထာ၌ကား "သဉ္စိစ္စာတိ သံစေတေတွာ, သဒ္ဓိံ စေတေတွာ၊ ပါဏောတိ သညာယ သဒ္ဓိံယေဝ ဝဓာမိ နံတိ ဝဓကစေတနာယ စေတေတွာ "ဟု သံအတွက် သဟအနက်ကို ဖွင့်သည်။

ယသ္မာပန၊ပေ၊ဝုတ္တံ။ ။"သဉ္စေတေတွာ"ဟု ပုဗ္ဗကာလကြိယာဝိသေသနအနက် ဖြစ်သင့်ပါလျက် အဘယ်ကြောင့် ပဒဘာဇနီ ပါဠိတော်၌ ဇာနိတွာစသည် မဖွင့်ဘဲ " ဇာနန္တော " စသည်ဖြင့် ပုဂ္ဂိုလ်ကို အရကောက်ရသော နာမဝါစကပုဒ်ဖြင့် ဖွင့်ပါသနည်း-ဟု မေးဘွယ်ရှိ၍"ယသ္မာ ပန"စသည်မိန့်၊ ပါဠိတော်၌ သဒ္ဒါနည်းကို အလေး ဂရု မပြုဘဲ အနက်အဓိပ္ပါယ်ပေါ်အောင်သာ ဟောတော်မူသည်–ဟူလို။

www.dhammaransi.com

တတ္ထ – ထိုပဒဘာဇနီ၌၊ ဇာနန္တောတိ–ကား၊ ပါဏောတိ– သတ္တာဟူ၍၊ ဇာနန္တော - လျက်၊ သဥ္ဇာနန္တောတိ – ကား၊ ဇီဝိတာ–မှ၊ ဝေါရောပေမိ–ခွင်းနေ၏၊ ဣတိ - သို့၊ သဥ္ဇာနန္တော - လျက်၊ တေနေဝ ပါဏဇာနနာကာရေန-ထို သတ္တာ ဟုသိပုံအခြင်းအရာနှင့်ပင်၊ သဒ္ဓိံ, ဇာနန္တော – လျက်၊ ဣတိအတ္ထော၊ [ဤ "တေနေဝ ၊ပေ၊ ဇာနန္တော" ကိုကြည့်၍ သဥ္စိစ္စ၌ သံ ဥပသရကို "သတ္တာဟု သိသော သညာနှင့်တကွ" ဟု ပေးရသည်။] စေတ္တာတိ–ကား၊ ဝဓကစေတနာဝသေန-သတ်ကြောင်း စေတနာ၏အစွမ်းဖြင့်၊ စေတေတ္တာ-စေ့ဆော်၍၊ ပကပ္ပေတွာ-သတ်အံ့ ဟု စိတ်ဖြင့် ပိုင်းဖြတ်၍၊[ဝဓာမိနံတိ-ဒိအကောင်ကိုသတ်အံ့ဟု၊ ဧဝံ စိတ္တေန ပရိစ္ဆိန္ဒိတွာ၊ ကပ္ပဓာတ်၏ ဆေဒနအနက်ကို ဖွင့်သောဋီကာ။] အဘိဝိတရိတွာတိ – ကား၊ ဥပက္ကမဝသေန –အားထုတ်ခြင်း၏ အစွမ်းဖြင့်၊ [သာဟတ္ထိကာဒိဥပက္ကမဝသေန။] မဒ္ဒန္တော–နှိမ်နင်းလျက်၊ နိရာသင်္ကစိတ္တံ-ရွံ့ရှားခြင်းကင်း, ရဲတင်းသောစိတ်ကို၊ ပေသေတွာ- စေလွှတ်၍၊ [အဘိဝိတရိတွာတိ သန္နိဋ္ဌာနံကတွာ၊ တေနေဝါဟ - နိရာသင်္ကစိတ္တံပေသေတွာတိ။]ဝီတိက္ကမောတိ-ကား၊ ဧဝံ-သို့၊ပဝတ္တဿ-ဖြစ်သောရဟန်း၏၊ ယော ဝီတိက္ကမော–သည်၊ (အတ္ထိ)၊ အယံ–ဤလွန်ကျူးခြင်းသည်၊ သဉ္စိစ္စသဒ္ဒဿ–သဉ္စိစ္စသဒ္ဒါ၏၊ သိခါပတ္တော–အထွဋ်အထိပ်သို့ ရောက်သော၊ အတ္ထော - တည်း၊ ဣတိ ဝုတ္တံ ဟောတိ။

ဣဒါနိ–(သဉ္စိစ္စပုဒ်၏ ပဒဘာဇနီကို ပြတော်မူပြီးရာ) ယခုအခါ၌၊ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျာတိ ဧတ္ထ–ဤပါဌ်၌၊ ဝုတ္တံ- ဟောတော်မူအပ်ပြီးသော၊ မနုဿတ္တဘာဝံ–လူ၏ အတ္တဘောကို၊ အာဒိတော- မှ၊ ပဋ္ဌာယ, ဒဿေတုံ–ငှါ၊ မနုဿဝိဂ္ဂဟောနာမာတိအာဒိံ–မနုဿဝိဂ္ဂဟောနာမ အစရှိသော ပဒဘာဇနီကို၊ (ဘဂဝါ) အာဟ၊ တတ္ထ - ထို ပဒဘာဇနီ၌၊ ဂဗ္ဘသေယျကာနံ– ဂဗ္ဘသေယျကသတ္တာတို့၏၊ ဝါ – အမိဝမ်းဟူသော ကိန်းရာရှိကုန်သော သတ္တာတို့၏၊ ဝသေန၊ [သယန္တိ ဧတ္ထာတိ သေယျာ၊ ဂဗ္ဘော + သေယျာ ဧတေသန္တိ ဂဗ္ဘသေယျကာ၊ အဥ္ဍဇဇင်း, သားအိမ်၌ဇင်းဖြစ်သော သတ္တာများ။]သဗ္ဗသုခုမအတ္တဘာဝဒဿနတ္ထံ–အလုံးစုံအတ္တဘောတို့အောက် သိမ်မွေ့ သေးငယ်သော အတ္တဘောကို ပြတော်မူခြင်းငှါ၊ ယံ မာတုကုစ္ဆိ

သိခါပတ္တော အတ္ထော။ ။"သဉ္စိစ္စ" ကို ဝေါရောပေယျနှင့်စပ်၍ "သတ်လိုသော ဝဓကဖြင့် စိတ်ထည်း၌လုံ့ဆော်နေမှုသာ မက, ထိုစေတနာဖြင့် ကိုယ်မှုနှုတ်မှုဖြစ်သော လွန်ကျူးမှုတိုင်အောင် ယူပါ" ဟု ပြလိုသောကြောင့် " ဝီတိက္ကမော " ဟု ဖွင့်သည်၊ ထို့ကြောင့် ဝီတိက္ကမောကို သဉ္စိစ္စ၏အဆုံးရောက်အနက် ဟု မှတ်ပါ–ဟူလို။

www.dhammaransi.com

သမ္ဗိ ံတိ - ဟူ၍၊ ဝုတ္တံ၊ ပဌမံစိတ္တန္တိ - ကား၊ ပဌမံ- ရှေးဦးစွာသော၊ ပဋိသန္ဓိစိတ္တံ-ပဋိသန္ဓေစိတ်သည်၊ ဥပ္ပန္နန္တိ-ကား၊ ဇာတံ-ဖြစ်ပြီ၊ ပဌမံဝိညာဏံ ပါတုဘူတံတိ ဣဒံ-ပဌမံဝိညာဏံပါတုဘူတံဟူသော ဤစကားသည်၊ တဿေဝ-ထိုပဌမံ စိတ္တံ ဥပ္ပန္နံဟူသော စကား၏ပင်၊ ဝေဝစနံ-ဝေဝုစ်ပရိယာယ်စကားလှယ်တည်း၊ စ-ဆက်၊ ဧတ္တ-ဤ ယံ မာတုကုစ္ဆိသ္မိံ အစရှိသော စကားရပ်၌၊ မာတုကုစ္ဆိသ္မိံ ပဌမံစိတ္တန္တိဝစနေန – စကားဖြင့်၊ သကလာပိ - သော၊ ပဉ္စဝေါကာရပဋိသန္ဓိ-ပဉ္စဝေါကာရပဋိသန္ဓေသည်၊ဝါ-ကို၊ ဒဿိတာ ဟောတိ၊ တဿာ,တဇ္ဇ ပဌမစိတ္တံ–ထို ရှေးဦးစွာဖြစ်သော ပဋိသန္ဓေစိတ်ဖြင်း၊ တံ သမ္ပယုတ္တာ–ထိုပဋိသန္ဓေစိတ်နှင့် ယှဉ်ကုန်သော၊ တယော-န်သော၊ အရူပက္ခန္ဓာ စ- နာမ်ခန္ဓာတို့ဖြင်း၊ တေန – ထိုပဋိသန္ဓေစိတ်နှင့်၊ သဟ, နိဗ္ဗတ္တံ- ဖြစ်သော၊ ကလလရူပံ စ – ကလလရုပ်ဖြင်း၊ ဣတိ အယံ – ဤသည်ကား၊ သဗ္ဗပဌမော-အလုံးစုံသော လူ့ကိုယ်၏ ရှေးဦးစွာဖြစ်သော၊ မနုဿဝိဂ္ဂဟော-တည်း။

တတ္ထ– ထိုလူ့ကိုယ်၌၊ ကလလရူပန္တိ-ကား၊ ဣတ္ထိပုရိသာနံ-တို့၏၊ ကာယဝတ္ထုဘာဝဒသကဝသေန- ကာယဒသက, ဝတ္ထုဒသက, ဘာဝဒသကတို့၏ အစွမ်းဖြင့်၊ သမတိ ံသ – အတိအကျ ၃၀ သော၊ ရူပါနိ – ရုပ်တို့သည်၊ (ဟောန္တိ)၊ နပုံသကာနံ-နပုံးပုဂ္ဂိုလ်တို့၏၊ ကာယဝတ္ထုဒသကဝသေန–ဖြင့်၊ ဝီသတိ (ရူပါနိ) (ဟောန္တိ)၊ တတ္ထ - ထို လူ့ကိုယ်၌၊ ဣတ္ထိပုရိသာနံ- တို့၏၊ ကလလရူပံ-သည်၊ ဇာတိဥဏ္ဏာယ-မွေးခါစသိုးကလေး အမွေး၏၊ ကေန-

သကလာပိ ။ ။ ပဌမံ စိတ္တံ ဟု စိတ်ကိုသာပြသော်လည်း ထိုစိတ်နှင့် မကင်းကောင်းသော စေတသိက်တို့ကိုဖြင်း,စိတ်ကိုထောက်ပံ့တတ်သော ရုပ်တို့ကိုဖြင်း အဝိနာဘာဝနည်းဖြင့် ယူရ၏၊ (စေတသိက်ကိုယူရာ၌ ပဓာနနည်းလည်း ရ၏၊) ဤသို့ယူ၍ ခန္ဓာ ၅ ပါးစုံသောကြောင့်“သကလာပိ”ဟု မိန့်သည်။

ဇာတိ ဥဏ္ဏာယ။ ။တဒဟုဇာတဿ ဧဠကဿ လောမံ ဇာတိဥဏ္ဏာတိကေစိ–ထိုနေ့၌မွေးသောသိုးကလေး၏ အမွေးကို ဇာတိဥဏ္ဏာခေါ်သည်ဟု ကေစိတို့ ဆိုကြ၏၊ ဟိမဝန္တပ္ပဒေသေ ဇာတိမန္တဧဠကလောမံ ဇာတိဥဏ္ဏာတိ အပရေ – ဟိမဝန္တာ၌ ဇာတ်နှင့်ပြည့်စုံသော သိုး၏အမွေးကို ဇာတိဥဏ္ဏာ ခေါ်သည် ဟု အပရေဆရာတို့ ဆိုကြ၏၊ ဂဗ္ဘံ ဖါလေတွာ ဂဟိတဧဠကလောမံ ဇာတိဥဏ္ဏာတိ အညေ– ကိုယ်ဝန်ကို ခွဲထုတ်၍ယူအပ်သော သိုးကလေး၏အမွေးကို ဇာတိဥဏ္ဏာ ခေါ်သည်ဟု အညေဆရာတို့ ဆိုကြ၏၊ ထိုဆရာ အားလုံးပင် ဥဏ္ဏာသဒ္ဒါ၏ " သိုးမွေး " ဟူသော အနက်ကို ဟောကြောင်းကား သဘောတူလျက်ရှိ၏၊ ထို့ကြောင့်“ကေန အံသုနာ”နှင့် သမ္ဗန်+ သမ္ဗန္ဓီကွဲအောင် “ဇာတိဥဏ္ဏာယ”၌ သိုးမွေးအပေါင်းကိုယူ၍ “ကေန အံသုနာ”၌ ထိုအပေါင်းမှ တချောင်းကိုယူပါ၊ တနည်း–အဘေဒဘေဒူပစာကြံပါ။

www.dhammaransi.com

တချောင်းသော၊ အံသုနာ- အမွေးဖြင့်၊ ဥဒ္ဓဂ္ဂတေလဗိန္ဒုမတ္တံ- ထုတ်ဆောင် အပ်သောဆီပေါက်မျှရှိသည်၊ အစ္ဆံ - ကြည်လင်သည်၊ ဝိပ္ပသန္နံ- အထူးသဖြင့် ကြည်လင်သည်၊ဟောတိ၊ ဟိ-သာမကကား၊ အဋ္ဌကထာယံ-၌၊(သမ္မောဟ ဝိနောဒနီ ခန္ဓဝိဘင်း အဋ္ဌကထာ၌၊) တိလတေလဿ ၊ ပေ ၊ ပဝုစ္စတီတိ - ဟူသော၊ ဧတံ -- ၌ ဂါထာစကားကို၊ ဝုတ္တံ၊ [တိလတေလဿ - နှမ်းဆီ၏၊ ဗိန္ဒု - အပေါက်သည်၊ (ဟောတိ) ယထာ - ရှိသကဲ့သို့ရင်း၊ အနာဝိလေ- မနောက်ကျုသော၊ သပ္ပိမဏ္ဍော-ထောပတ်ကြည်သည်၊ (ဟောတိ)ယထာ- ၎င်း၊ ဧဝံဝဏ္ဏပ္ပဋိဘာဂံ - ဤသို့သောအဆင်း, ဤသို့သော ပုံသဏ္ဌာန်ရှိသော ရုပ်အပေါင်းကို၊ ကလလန္တိ - ကလလရုပ်ဟူ၍၊ ပဝုစ္စတိ-၏။] ဧဝံ-သို့၊ ပရိတ္တ ကံ - သေးငယ်သော၊ ဝတ္ထုံ - ကလလရုပ်ဟူသော ဝတ္ထုကို၊ အာဒိံကတွာ, ပကတိယာ - ပင်ကိုယ်အားဖြင့်၊ ဝီသဝဿသတာယုကဿ - အသက် ၁၂၀ ရှည်သော၊ သတ္တဿ-၏၊ ယာဝ-လောံ၊ မရဏကာလော-သေရာအခါသည်၊ (အတ္ထိ)၊ ဧတ္ထန္တရေ-၌ကလလရုပ်မှစ၍ သေရာကာလအတွင်း၌၊ အနုပုဗ္ဗေ န-အစဉ်အားဖြင့်၊ ဝုဍ္ဍိပ္ပတ္တော-ကြီးပွားခြင်းသို့ ရောက်သော၊ အတ္တဘာဝေါ- အတ္တဘောသည်၊ (အတ္ထိ-၏၊) သော-ဤအတ္တဘောသည်၊ မနုဿဝိဂ္ဂဟော နာမ - မနုဿဝိဂ္ဂဟမည်၏၊ [ဝီသဝဿသတာယုကဿာတိ- နိဒဿနမတ္တံ၊ (" အသက် ၁၂၀ ရှိသူ " ဟူသောစ ကားသည် နိဒဿနနည်းမျှသာ ဖြစ်၏၊ ဘာ့ကြောင့်နည်း) တဒေတာ ဥ၊နာဓိကမနဿာနမ္ပိ သတ္တာဝတော။]

သပ္ပိမဏ္ဍော ။ ။ ပသန္နသပ္ပိ၊ ရှေ့ပုဒ်မှ ယထာကိုလည်း ဤ ပုဒ်၌လိုက်စေ၊ ထို သပ္ပိမဏ္ဍကိုလည်း ပမာဏအားဖြင့် ဆိုအပ်ပြီးသော တေလဗိန္ဒု ပမာဏရှိသော သပ္ပိ မဏ္ဍကိုပင် ယူရသည်။

ဧဝံဝဏ္ဏ ပတိဘာဂံ ။ ။ ဧဝံဝဏ္ဏံ ဧဝံသဏ္ဌာနဥ္စ၊ ဤအလို ပဋိဘာဂသဒ္ဒါသည် တူသော ပုံသဏ္ဌာန်အနက်ကို ဟော၏ဟု ယူ၊ " ဤသို့သော အဆင်း , ဤသို့သော ပုံသဏ္ဌာန်ရှိသော ရုပ်အပေါင်း"ဟု ပေး၊ ကလလရေကြည်သည် အဆင်းအားဖြင့် ဆီ- ထောပတ်အဆင်းရှိ၍ ပုံသဏ္ဌာန်အားဖြင့်လည်း ဆီပေါက် ထောပတ်ပေါက် ပုံသဏ္ဌာန် ရှိသည်-ဟူလို၊ ပဋိဘဇနံဝါ ပဋိဘာဂေါ၊ သဒိသတာဘဇနံ သဒိသတာပတ္တိ၊ ["ပတိ- တူသည်၏အဖြစ်သို့+ဘာဂေါ-ကပ်ရောက်ခြင်း၊ ပတိဘာဂေါ-ခြင်း"ဟု ရှေးဦးစွာ ပြု၍, ထိုနောင်မှ"ဧဝံဝိဓော+ဝဏ္ဏပတိဘာဂေါ တေဿာတိ ဧဝံဝဏ္ဏပတိဘာဂံ"ဟု ပြု၊ ဝဏ္ဏသဒ္ဒါလည်း အဆင်းကိုရင်း,ပုံသဏ္ဌာန်ကိုရင်း ၂ နက်ဟော၊"ဝဏ္ဏောစ ဝဏ္ဏောစ ဝဏ္ဏာ"ဟု ကေသေသ်ပြု၊"ဤသို့သော အဆင်းပုံသဏ္ဌာန်အားဖြင့် တူသည်၏အဖြစ်သို့ ရောက်ခြင်းရှိသော"ဟု ပေး၊ နိဿယ၌ ပဌမနည်းကိုသာ ပေးထားသည်။]

www.dhammaransi.com

ဇီဝိတာ ဝေါရောပေယျာတိ-ကား၊ ကလလကာလေပိ-ကလလရေကြည်အခါ၌လည်း၊ တာပန မဒ္ဒနေဟိ ဝါ – ပူစေခြင်း , နှိပ်ခြင်းတို့ဖြင့် သော်၎င်း၊ [သန္ဓေပျက်အောင် ဗိုက်ကို ကျက်ထုပ်ထိုးခြင်း, လက်ဖြင့်နှိပ်ခြင်း – ဟူလို။] ဘေသဇ္ဇသမ္ပဒါနေန ဝါ–ကိုယ်ဝန်ကျဆေး ပေးခြင်းဖြင့်သော်၎င်း၊ တတော– ထို ကလလရေကြည်အခါမှ၊ ဥဒ္ဓမ္ပိ – အထက်ဖြစ်သော အဗ္ဗုဒစသည်ဖြစ်ရာအခါ၌လည်း၊ တဒနုရူပေန-ထိုအဗ္ဗုဒစသောရုပ်အားလျော်သော၊ ဥပက္ကမေန ဝါ - လုလ္လဖြင့်သော်၎င်း၊ ဇီဝိတာ – ဇီဝိတိန္ဒြေမှ၊ ဝိယောဇေယျ – ခွင်းအံ့၊ ဧတိအတ္ထော၊ ပန–ဆက်၊ ယသ္မာ– ကြောင့်၊ ဇီဝိတာ- မှ၊ ဝေါရောပနံနာမ- ခွင်းခြင်းမည်သည်၊ အတ္ထတော – သဘာဝတ္ထအားဖြင့်၊ ဇီဝိတိန္ဒြိယုပစ္ဆေဒန မေဝ–ဇီဝိန္ဒြေကိုဖြတ်ခြင်းသည်သာ၊ ဟောတိ၊ တသ္မာ, တေသ–ဤ ဇီဝိတာ ဝေါရောပေယျ ပုဒ်၏၊ ပဒဘာဇနေ - ၌၊ ဇီဝိတိန္ဒြိယံ၊ ပေ၊ ဝိကောပေတီတိ- ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ၊ တတ္ထ - ထို ဇီဝိတိန္ဒြိယံ ဥပစ္ဆိန္ဒတိအစရှိသော ပါဠိရပ်၌၊ ဇီဝိတိန္ဒြိယဿ–၏၊ ပဝေဏိဃဋနံ - အစဉ်အဆက်အားဖြင့် ဆက်စပ်ခြင်းကို၊ ဥပစ္ဆိန္ဒန္တော၁စ-ချက်ခြင်းဖြတ်သည်လည်းဖြစ်သော၊ ဥပရောဓေန္တော၁ စ – တဖြေးဖြေး ချုပ်စေသည်လည်းဖြစ်သော၊ (ဘိက္ခု – ကို၊) ဇီဝိတိန္ဒြိယံ ဥပစ္ဆိန္ဒတိ ဥပရောဓေတိ– ဟူ၍၊ ဝုစ္စတိ၊ သွာယမတ္ထော- ထို ဆိုအပ်ပြီးသော ဤအနက်ကို၊ (ဇီဝိတိန္ဒြေ၏ အစဉ်အဆက်ဖြတ်သူ ချုပ်စေသူကို ဇီဝိတိန္ဒြေ ဖြတ်သူဟု ဆိုအပ်၏ ” ဟူသော ထိုအနက်ကို။) သန္တတိံ ဝိကောပေတီတိ ပဒေန- ဖြင့်၊ ဒဿိတော - ပြတော်မူအပ်ပြီ၊ ဝိကောပေတီတိ- ကား၊ ဝိယော ဇေတိ–ခွင်း၏။

ကလလ၊ပေ၊ ဥဒ္ဓံ။ ။“ ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ ” ဟု၎င်း,“သတ္တာဟံ ကလလံ ဟောတိ”ဟု၎င်း, ဇာန္တကသံယုတ်ပါဠိတော်၌ ဟောတော်မူသောကြောင့် ပဌမ ၇ ရက်ကို “ကလလကာလ”ဟု ၎င်း, ထိုနောက် အဗ္ဗုဒ စသည်ဖြစ်ရာ ဒုတိယ ၇ ရက်စသည်ကို “တတော ဝါဥဒ္ဓံ”ဟု၎င်း ဆိုသည်။

ပဝေဏိ၊ပေ၊ဝုစ္စတိ။ ။အစဉ်အဆက်ဖြစ်ပျက်နေသော ရုပ်ကလာပ်တို့တွင် ပါဝင်သော ဖြစ်တည်ဆဲ ဇီဝိတိန္ဒြေသည် မိမိချုပ်သွားသောအခါ နောံနောက်၌ အလားတူကမ္မဇရုပ်ကလာပ်ဖြစ်အောင် ကျေးဇူးပြု၏၊ [ဇီဝိတိန္ဒြေအဖွင့်ကို ကြည့်ပါ။] ထိုသို့ ကျေးဇူးပြုလျက် ဆက်ကာဆက်ကာ ဖြစ်နေရာဝယ် တည်ဆဲ မဟာဘုတ်တို့ကို ဒါးဖြင့် ခုတ်လိုက်သောအခါ ထိုမဟာဘုတ်တို့နှင့်တကွ မဟာဘုတ်ကိုမှီသော ဇီဝိတရုပ်လည်း ၁၇ ချက် ရုပ်သက်စေ့၍ ထုံးစံအတိုင်း ချုပ်ရိုးချုပ်၏၊ သို့သော် နောက်နောက် မဟာဘုတ်နှင့် ဇီဝိတရုပ်များ အလားတူ အကြာကြီးဖြစ်အောင်ကား ကျေးဇူးမပြုနိုင်တော့၊ ထို့ကြောင့် ထုံးစံအတိုင်း ကြာအောင် မဖြစ်တော့ဘဲ ဒဏ်ရာလိုက်၍ အနေးနှင့်အမြန် အဆက်ပြတ်ရတော့သည်။

www.dhammaransi.com

တတ္တ - ထို ဇီဝိတိန္ဒြိယံ ဥပစ္ဆိန္ဒတိအစရှိသော ပါဠိရပ်၌၊ (လဗ္ဘမာနံ-သော၊) ဇီဝိတိန္ဒြိယံ-သည်၊ ရူပဇီဝိတိန္ဒြိယံ-ရုပ်ဇီဝိတိန္ဒြေဟုဝင်း၊ အရူပဇီဝိတိန္ဒြိယဥ္စ-နာမ်ဇီဝိတိန္ဒြေဟုဝင်း၊ (ဣတိ) ဒုဝိဓံ-၏၊ တေသု-ထို ၂ ပါးတို့တွင်၊ အရူပဇီဝိတိန္ဒြိယေ-၌၊ ဥပက္ကမော-ဖြတ်ဘို့ရန် လုံ့လပြုနိုင်ခြင်းသည်၊ နတ္ထိ၊ တံ-ထို နာမ်ဇီဝိတိန္ဒြေကို၊ ဝေါရောပေတုံ-ခွင်းခြင်းငှါ၊ နသက္ကာ၊ ပန-ကား၊ ရူပဇီဝိတိန္ဒြိယေ - ၌၊ (ဥပက္ကမော)အတ္ထိ၊ တံ - ထို ရုပ်ဇီဝိတိန္ဒြေကို၊ ဝေါရောပေတုံ-ငှါ၊သက္ကာ၊ ပန-ဆက်၊တံ-ထို ရုပ်ဇီဝိတိန္ဒြေကို၊ ဝေါရောပေန္တော-လသော်၊ အရူပဇီဝိတိန္ဒြိယမ္ပိ – နာမ်ဇီဝိတိန္ဒြေကိုလည်း၊ ဝေါရောပေတိ – ခွင်းသည်မည်၏၊ ဝါ–ခွင်းရာရောက်၏၊ ဟိ-မှန်၏၊ တေနေဝ–ထို ရုပ်ဇီဝိတိန္ဒြေနှင့်ပင်၊ သဒ္ဓိံ, တံ-ထိုနာမ်ဇီဝိတိန္ဒြေသည်၊ နိရုဇ္ဈတိ-ချုပ်ရ၏၊ (ကသ္မာ)၊ တဒါယတ္တဝုတ္တိတော – ထို ရုပ်ဇီဝိတိန္ဒြေနှင့် စပ်သောဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်တည်း၊ [ရုပ်ဇီဝိတိန္ဒြေအစဉ်ကို ဖြတ်လိုက်လျှင် ထို ရုပ်ဇီဝိတိန္ဒြေနှင့် တကွ ဟဒယဝတ္ထုပါပြတ်သဖြင့် ထိုဟဒယဝတ္ထုကိုမှီသော နာမ်ဇီဝိတိန္ဒြေလည်း ပြတ်ရတော့သည်–ဟူလို။]

ပန-ဆက်၊ တံ-ထိုရုပ်ဇီဝိတိန္ဒြေကို၊ ဝေါရောပေန္တော–ခွင်းသောရဟန်းသည်၊ အတီတံ–အတိတ်ရုပ်ဇီဝိတိန္ဒြေကို၊ ဝေါရောပေတိ ကိံ –ခွင်းသလော၊ အနာဂတံ - အနာဂတ်ရုပ်ဇီဝိတိန္ဒြေကို၊ (ဝေါရောပေတိ ကိံ)၊ ပစ္စုပ္ပန္နံ–ပစ္စုပ္ပန်ရုပ်ဇီဝိတိန္ဒြေကို၊(ဝေါရောပေတိ ကိံ)၊ ဣတိ-ဤကားအမေးတည်း၊ အတီတံ– ကို၊ နေဝ (ဝေါရောပေတိ) - မခွင်းနိုင်၊ အနာဂတံ – ကိုလည်း၊ န (ဝေါရောပေတိ)–နိုင်၊ ဟိ–ချဲ့၊ တေသု-ထို ၂ မျိုးတို့တွင်၊ ဧကံ-တမျိုးသော အတိတ်ရုပ်ဇီဝိတိန္ဒြေသည်၊ နိရုဒ္ဓံ–ချုပ်ပြီ၊ ဧကံ– တမျိုးသော အနာဂတ်ရုပ်ဇီဝိတိန္ဒြေသည်၊ အနုပ္ပန္နံ–မဖြစ်သေး၊ ဣတိ– ထို့ကြောင့်၊ ဥဘယမ္ပိ– ၂ ပါးစုံသော အတိတ်အနာဂတ်ရုပ်ဇီဝိတိန္ဒြေသည်လည်း၊ အသန္တံ - ထင်ရှားမရှိ၊ အသန္တတ္တာ - ထင်ရှားမရှိသည်၏ အဖြစ်ကြောင့်၊ ဥပက္ကမော - သတ်ဘို့ရန် လုလ္လပြုခြင်းသည်၊ နတ္ထိ–နိုင်၊ ဥပက္ကမဿ- ၏၊ နတ္ထိတာယ – ကြောင့်၊ ဧကမ္ပိ-တခုသော ရုပ်ဇီဝိတိန္ဒြေကိုလည်း၊ ဝေါရောပေတုံ– ငှါ၊ နသက္ကာ- ကောင်း၊ စ-သာဓကကား၊ အတီတေ စိတ္တက္ခဏေ၊ပေ၊န ဇီဝိဿတီတိ-ဟူသော၊ ဧတံ ဝိ-ဤစကားကိုလည်း၊ (ဘဂဝတာ)ဝုတ္တံ-ပြီ၊[အတီတေ-သော၊ စိတ္တက္ခဏေ-၌၊ ဇီဝိတ္ထ - အသက်ရှင်ပြီ၊ န ဇီဝတိ – အသက်ရှင်ဆဲမဟုတ်၊ န ဇီဝိဿတိ–အသက် ရှင်လတ္တံ့မဟုတ်၊ အနာဂတေ စိတ္တက္ခဏေ , ဇီဝိဿတိ - လတ္တံ့၊ န ဇီဝိတ္ထ - အသက်ရှင်ပြီးမဟုတ်၊ န ဇီဝတိ- မဟုတ်၊ ပစ္စုပ္ပန္နေ, စိတ္တက္ခဏေ-၌၊

www.dhammaransi.com

ဇီဝတိ- အသက်ရှင်ဆဲ၊ န ဇီဝိတ္ထ- မဟုတ်၊ န ဇီဝိဿတိ - အသက်ရှင်လတ္တံ့ မဟုတ်၊(ခုဒ္ဒကနိကာယ်, မဟာနိဒ္ဒေသပါဠိတော်, ဂုဟဋ္ဌကသုတ်။)]တသ္မာ- ကြောင့်၊ (အတိတ်အနာဂတ် ဇီဝိတိန္ဒြေ ၂မျိုးတွင် တမျိုးကိုမျှ မခွင်းနိုင်သည်၏ အဖြစ်ကြောင့်၊) ယတ္ထ-အကြင်ပစ္စုပ္ပန်စိတ္တက္ခဏ၌၊ ဇီဝတိ-ဆဲ၊ တတ္ထ-ထို ပစ္စုပ္ပန်စိတ္တက္ခဏ၌၊ ဥပက္ကမေ-လုံ့လပြုခြင်းသည်၊ ယုတ္တော-သင့်၏၊ ဣတိ- ကြောင့်၊ ပစ္စုပ္ပန္နံ-ပစ္စုပ္ပန်ရုပ်ဇီဝိတိန္ဒြေကို၊ ဝေါရောပေတိ-ခွင်းသည်မည်၏။

စ-ဆက်၊ တေံ ပစ္စုပ္ပန္နံ-သည်၊ ခဏပစ္စုပ္ပန္နံ - ခဏပစ္စုပ္ပန်ဟု၎င်း၊ သန္တတိ ပစ္စုပ္ပန္နံ- ၎င်း၊ အဒ္ဓါပစ္စုပ္ပန္နံ - ၎င်း၊ ဣတိ, တိဝိဓံ-ရှိ၏၊ တတ္ထ-ထို ၃ ပါး တို့တွင်၊ ခဏပစ္စုပ္ပန္နံနာမ- သည်၊ ဥပ္ပါဒဇရာဘင်္ဂသမင်္ဂိ - ဥပါဒ်, ဌီ, ဘင်နှင့် ပြည့်စုံသော ဇီဝိတိန္ဒြေတည်း၊ [နပုလ္လိင်ဖြစ်၍ "သမင်္ဂိ" ဟု ရသဖြင့်ရှိစေ။] တံ-ထိုခဏပစ္စုပ္ပန်ဖြစ်သော ရုပ်ဇီဝိတိန္ဒြေကို၊ ဝေါရောပေတုံ-ငှါ၊ နသက္ကာ၊ ကသ္မာ, သယမေဝ-အလိုလိုသာလျှင်၊ နိရုဇ္ဈနတော-ချုပ်ခြင်းကြောင့်တည်း၊ သန္တတိပစ္စုပ္ပန္နံ နာမ- သည်၊ သတ္တဋ္ဌ ဇဝနဝါရမတ္တံ- ၇ ကြိမ် ၈ ကြိမ်သော ဇောဝါရမျှ၊ သဘာဂသန္တတိဝသေန - သဘောတူသော နာမ်ဇီဝိတိန္ဒြေ အစဉ်၏ အစွမ်းဖြင့်၊ ပဝတ္တိတွာ-ပြီး၍၊ နိရုဇ္ဈနကံ - ချုပ်လတ္တံ့သော နာမ်ဇီဝိ တိန္ဒြေတည်း၊ [ဤစကားသည် အရူပသန္တတိကို ပြသောစကားတည်း၊ သတ္တဋ္ဌ ဇဝနဝါရမတ္တံကို ခုဒ္ဒကဘာဏကထေရ်တို့ အလိုအားဖြင့် ဆိုသည်၊ သံယုတ္တ ဘာဏက, မဇ္ဈိမဘာဏကထေရ်တို့၏ အလိုမှာ တမျိုးရှိ၏၊ ဋီကာ၌ ရှုပါ။]

ယာဝတာ-အကြင်မျှလောက်သောအတိုင်းအရှည်ဖြင့်၊ ဥဏှတော-နေပူမှ၊ အာဂန္တွာ-၍၊ ဩဝရကံ-အခန်းတွင်းသို့၊ ပဝိသိတွာ-၍၊ နိသိန္နဿ-ထိုင်သော ပုဂ္ဂိုလ်၏၊ အန္ဓကာရံ- အမိုက်မှောင်သည်၊ ဟောတိ- ဖြစ်သေး၏၊ [အပြင် ဘက် အလင်းရောင်မှ အခန်းတွင်းသို့ ဝင်သောအခါ ရုတ်တရက် မမြင်ရ သေးဘဲ မှောင်မိုက်နေသည်-ဟူလို။]သီတတော ဝါ-သောပြင်ဘက်အရပ်မှ မူလည်း၊ အာဂန္တွာ, ဩဝရကေ, နိသိန္နဿ-၏၊ ယာဝ-လောံ၊ ဝိသဘာဂ ဥတုပါတုဘာဝေန - သဘောမတူသော အပူငွေ့၏ ထင်ရှားဖြစ်ခြင်းကြောင့်၊ ပုရိမကော- ရှေ့၌ဖြစ်သော၊ ဥတု- အငွေ့သည်၊ နပ္ပဋိပ္ပဿမ္ဘတိ - မငြိမ်းသေး၊ ဝါ-မပျောက်သေး၊ ဧတ္ထန္တရေ - ဤအတွင်း၌၊ သန္တတိပစ္စုပ္ပန္နန္တိ- သန္တတိပစ္စုပ္ပန်ဟူ၍၊ ဝါ-အစဉ်အတန်း ပစ္စုပ္ပန်ဟူ၍၊ ဝုစ္စတိ-၏၊[ယာဝတာ ဥဏှတော အာဂန္တွာတိ- အာဒိနာ ပန ရူပသန္တတိံ (ရုပ်၏သန္တတိပစ္စုပ္ပန် ကို) ဒဿေတိ၊ စာအုပ်များ၌ "ယာဝ ဝါ"ဟု ရှိသည်ကား မကောင်း။]

www.dhammaransi.com

ပန-ကား၊ ပဋိသန္ဓိတော-မှ၊ ယာဝ-လောက်၊ စုတိ-စုတိသည်၊ (အတ္ထိ)၊ တော- ဤ ပဋိသန္ဓေမှ စုတိစိတ်တိုင်အောင် **ကာလသည်**၊ အဒ္ဓါပစ္စုပ္ပန္နံနာမ-မည်၏၊ ဝါ - **ကာလပစ္စုပ္ပန်မည်၏**၊ [သန္တတိပစ္စုပ္ပန်သည် အဋ္ဌကထာတို့၌ လာ၏၊ အဒ္ဓါပစ္စုပ္ပန်**ကား** ဘဒ္ဒေကရတ္တသုတ်၌ လာသည်။] တဒုဘယမ္ပိ- ထို ၂ ပါးစုံသော သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန် ဇီဝိတိန္ဒြေကိုလည်း၊ ဝေါရောပေတုံ-ငှါ၊ သက္ကာ-၏၊ ကထံ-အဘယ်သို့ ခွင်းနိုင်သနည်း၊ ဟိ - အဖြေ**ကား**၊ တသ္မိံ-ထိုရုပ်ဇီဝိတိန္ဒြေ၌၊ ဥပက္ကမေ- သတ်ဖြတ်မှု လုံ့လကို၊ ကတေ-ပြုအပ်သော်၊ ဝါ-ပြုလိုက်လျှင်၊ လဒ္ဓုပက္ကမံ-ရအပ်သောလုံ့လရှိသော၊[သတ်ဖြတ်မှု လုံ့လကို အပြုခံရသော၊] ဇီဝိတနဝကံ - ဇီဝိတနဝကကလာပ်သည်၊ နိရုဇ္ဈ-မာနံ-သော၊ ဒုဗ္ဗလ**ဿ**- **အား**မရှိသော၊ ပရိဟီနဝေဂဿ-ယုတ်လျော့သော အဟုန်ရှိသော၊ သန္တာန**ဿ**- ရုပ်အစဉ်အား၊ ပစ္စယော-ကျေးဇူးပြုရသည်၊ **ဟောတိ**-၏၊ တတော- ထို့ကြောင့်၊ သန္တတိပစ္စုပ္ပန္နံဝါ- သန္တတိ ပစ္စုပ္ပန် သည်သော်၎င်း၊ အဒ္ဓါ ပစ္စုပ္ပန္နံဝါ - အဒ္ဓါပစ္စုပ္ပန်သည် သော်၎င်း၊ ယထာပရိစ္ဆိန္နကာလံ - အကြင်အကြင် ပိုင်းခြားအပ်သော ကာလသို့၊ (တဘဝ၌ သူ့အတွက် အရှည်ဆုံးသော ကာလသို့၊) အပတွာ-မရောက်မူ၍၊ အန္တရာဝ-အကြား၌သာလျှင်၊ နိရုဇ္ဈတိ- ချုပ်ရတော့၏၊ ဧဝံ-ဤနည်းဖြင့်၊ တဒုဘယမ္ပိ-ထို ၂ ပါးစုံသော သန္တတိပစ္စုပ္ပန် အဒ္ဓါပစ္စုပ္ပန်ရုပ်ဇီဝိတိန္ဒြေကိုလည်း၊ ဝေါ ရောပေတုံ-ငှါ၊ သက္ကာ၊ တသ္မာ-ကြောင့်၊ တဒေဝ-ထို ၂ ပါးသောဇီဝိတိန္ဒြေ ကိုပင်၊ သန္ဓာယ-၍၊ သန္တတိံ ဝိကောပေတီတိ ဣဒံ-ဟူသော ဤ ပဒဘာဇနီ စကားကို၊ (ဘဂဝတာ) ဝုတ္တံ၊ ဣတိ ဝေဒိတဗ္ဗံ။

ပန-ဆက်၊ ဣမဿ အတ္ထဿ-ဤ သင်္ခိတ္တ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရော ပေယျဟူသော ပါဠ်၏အနက်ကို၊ အာဝိဘာဝတ္ထံ - ထင်စွာ ဖြစ်စေခြင်းအကျိုး ငှါ၊ ပါဏော-ပါဏကို၊ ဝေဒိတဗ္ဗော၊ ပါဏာတိပါတော-ပါဏာတိပါတကို၊ ဝေဒိတဗ္ဗော၊ ပါဏာတိပါတီ-ပါဏာတိပါတီကို၊ ဝေဒိတဗ္ဗော၊ ပါဏာတိ ပါတဿ-ပါဏာတိပါတ၏၊ ပယောဂေါ-ပယောဂကို၊ ဝေဒိတဗ္ဗော၊ တတ္တ-

ပစ္စယော ဟောတိ။ ။ဇီဝိတိန္ဒြေကို " ပဝတ္တသန္တတိအဓိပတေယျံ – အဆက် မပြတ်ဖြစ်နေသော ခန္ဓာအစဉ်၏ အကြီးအကဲ အအုပ်အချုပ်၏ အဖြစ်ဟူသောသတ္တိ ရှိ၏ " ဟု အဋ္ဌကထာတို့၌ဆို၏၊ ထို့ကြောင့် " ရှေးရှေး ဇီဝိတိန္ဒြေသည် ဥပါဒ် ဋ္ဌီဘင် စေ့၍ ချုပ်သောအခါ အလားတူ နောံနောံ ဇီဝိတိန္ဒြေနှင့်တကွ ရုပ်ကလာပ် ဖြစ်အောင် ကျေးဇူးပြုသွားလေ့ရှိ၏ " ဟု ဆိုခဲ့သည်၊ [အချို့ဆရာတို့သည် ကာမဘုံ၌ " ဇီဝိတ နဝကကလာပ် မရထိုက် "ဟု ဆိုကြ၏၊ ထိုအဆိုကို "လဒ္ဓုပက္ကမံ ဇီဝိတနဝကံ"ထေခံ၍ စဉ်းစားပါ။]

www.dhammaransi.com

ထို ပါဏအစရှိသည်တို့တွင်၊ ပါဏောတိ-ကား၊ ဝေါဟာရတော-ခေါ်ဝေါ်အပ်သော ပညတ်အားဖြင့်၊ သတ္တော – သတ္တဝါတည်း၊ ဝါ-အကောင်တည်း၊ [ခန္ဓာအစဉ်ကို ''သတ္တဝါ''ဟု နာမည်တပ်၍ ပညတ်ကြသည်။] ပရမတ္ထတော–ပရမတ္ထအားဖြင့်၊ ဇီဝိတိန္ဒြိယံ – ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေတည်း၊ ဟိ – မှန်၊ ဇီဝိတိန္ဒြိယံ-ကို၊ အတိပါတေန္တော–လျင်မြန်စွာကျစေသူကို၊ ဝါ-ဒါးစသော လက်နက်တို့ဖြင့် လွှမ်းမိုး၍ကျစေသူကို၊ ပါဏံ အတိပါတေတီတိ-ဟူ၍၊ ဝုစ္စတိ၊ တံ-ထို ဇီဝိတိန္ဒြေကို ကျစေပုံအစီအစဉ်သည်၊ ဝုတ္တပ္ပကာရမေဝ- ဆိုအပ်ပြီးသောအပြားရှိသည်သာ၊ ပါဏာတိပါတောတိ–ကား၊ ယာယ စေတနာယ-အကြင် ဝဓကစေတနာဖြင့်၊ ဇီဝိတိန္ဒြိယုပစ္ဆေဒကံ – ဇီဝိတိန္ဒြေကို ဖြတ်တတ်သော၊ ပယောဂံ-ပယောဂကို၊ သမုဋ္ဌာပေတိ-ဖြစ်စေ၏၊ သာ ဝဓကစေတနာ-ကို၊ ပါဏာတိပါတောတိ-ဟူ၍၊ ဝုစ္စတိ၊ ဝုတ္တစေတနာသမင်္ဂီ-ဆိုအပ်ပြီးသော စေတနာနှင့်ပြည့်စုံသော၊ ပုဂ္ဂလော-ပုဂ္ဂိုလ်ကို၊ ပါဏာတိပါတီတိ-ဟူ၍၊ ဒဌ္ဌဗ္ဗော၊ ပါဏာတိပါတဿ ပယောဂေါတိ– ကား၊ ပါဏာတိပါတဿ- ၏၊ ပယောဂါ-တို့သည်၊ သာဟတ္ထိကော – သာဟတ္ထိကပယောဂရင်း၊ ဝါ-မိမိလက်ဖြင့် ဖြစ်စေအပ်သော ပယောဂရင်း၊ အာဏတ္တိယော – အာဏတ္တိယပယောဂရင်း၊ ဝါ – စေခိုင်းခြင်းဖြင့် ဖြစ်စေအပ်သော ပယောဂရင်း၊ နိဿဂ္ဂိယော – နိဿဂ္ဂိယပယောဂရင်း၊ ဝါ – ပစ်လွှင့်ခြင်းဟူသော ပယောဂရင်း

ဇီဝိတိန္ဒြိယံ။ ။ရူပါရူပဇီဝိတိန္ဒြိယံ၊ ထို ဇီဝိတိန္ဒြေ ၂ မျိုးကို ကျစေပုံအစီအစဉ်ကို "တံ ပန ဝေါရောပေန္တော အရူပဇီဝိတိန္ဒြိယံပိ ဝေါရောပေတိ" စသည်ဖြင့် ပဌမပုပ္ပန် ဇီဝိတိန္ဒြေကို ခွင်းပုံတိုင်အောင် ဆိုခဲ့ပြီ၊ ထို့ကြောင့်"တံ ဝုတ္တပ္ပကာရမေဝ"ဟု ဆိုသည်၊ [တံ ဇီဝိတိန္ဒြိယာတိပါတနဝိဓာနံ။]

ပါဏာတိပါတ။ ။ သရသေနေဝ–မိမိသဘောအားဖြင့်ပင်၊ ပတနသဘာဝဿ– ကျခြင်းသဘောရှိသော ပါဏကို၊ အန္တရာဝေ– အကြား၌သာလျှင်၊ အတိဝ–လျင်စွာသာလျှင်၊ ပါတနံ– ကျစေခြင်း (ကျအောင် လုလ္လပြုကြောင်းစေတနာ) သည်၊ အတိပါတော–မည်၏၊ [အတိသဒ္ဒါသည် သီဃအနက်ကို ဟော၏၊] ဇီဝိတိန္ဒြေသည် သူ့သဘောအတိုင်းတည်ရလျှင် အသက်တရာနေရမည်-ဟု ဆိုကြစို့၊ သို့သော် အသက်တရာမပြည့်မီ အကြား၌ ဒါးခုတ်မှု ပယောဂကြောင့် အသက် ၅၀ လေ့မှာ ဇီဝိတိန္ဒြေ ပြတ်စဲရခြင်းကို (အနှစ် ၅၀ ခန့် လျင်မြန်စွာ ပြတ်သောကြောင့်) "လျင်မြန်စွာ ကျစေခြင်း"ဟု ခေါ်ရသည်၊ တနည်း–အတိသဒ္ဒါသည် အတိက္ကမ္မအနက်ကို ဟော၏၊ အတိက္ကမ္မ–ဒါးစသည်ဖြင့် လွှမ်းမိုး၍+ပါတနံ အတိပါတော၊ ပါဏဿ-ကို+အတိပါတော ပါဏာတိပါတော၊ပုဂ္ဂိုလ်ရအောင်ကား"ပါဏာတိပါတော ယဿ အတ္ထီတိ ပါဏာတိပါတီ"ဟု ပြု။

www.dhammaransi.com

[နိသဇ္ဇနံ နိသဇ္ဇေါ၊ နိသဇ္ဇေါဧဝ နိသဇ္ဇယော၊] ထာဝရော-ထာဝရပယောဂ ၎င်း၊ ဝါ-ခိုင်မြဲသောပယောဂ၎င်း၊ ဝိဇ္ဇာမယော- ဝိဇ္ဇာမယပယောဂ၎င်း၊ ဝါ- အတတ်ပညာ ဂါထာမန္တာန်ကို စီရင်ခြင်းဟူသောပယောဂ၎င်း၊ ဣဒ္ဓိ မယော-ဣဒ္ဓိမယပယောဂ၎င်း၊ ဝါ-ကမ္မဇိဒ္ဓိကိုအသုံးပြုခြင်းဟူသော ပယောဂ ၎င်း၊ ဣတိ-သို့၊ ဆ-တည်း။

တတ္ထ – ထို ၆ ပါးတို့တွင်၊ **သာဟတ္ထိကော**တိ- ကား၊ သယံ – ကိုယ်တိုင်၊ မာရေန္တဿ - သေစေသူ၏၊ ဝါ - သတ်သူ၏၊ **ကာယေန**ဝါ- ဖြင့်သော်၎င်း၊ ကာယပဋိဗဒ္ဓေန ဝါ - ကိုယ်နှင့်စပ်သော လက်နက်ဖြင့်သော်၎င်း၊ ပဟရဏံ- ပုတ်ခတ်ခြင်းတည်း၊**အာဏတ္တိယော**တိ-ကား၊ အညံ-အခြားသူကို၊**အာဏာ ပေန္တဿ**–စေခိုင်းသူ၏၊ ဧဝံ-သို့၊ ဝါ-သည်ပုံသည်နည်း၊ ဝိဇ္ဈိတွာ-ထိုးဖေါက် ပစ်ခတ်၍၊ မာရေဟိ-သတ်လော၊ ဣတိဝါ-သို့သော်၎င်း၊ ပဟရိတွာ-ပုတ်ခတ် ၍၊ မာရေဟိ- လော့၊ ဣတိဝါ-၎င်း၊ အာဏာပနံ- စေခိုင်းခြင်းတည်း၊ နိသဂ္ဂိ ယောတိ–ကား၊ ဒူရေ–၌၊ ဌိတံ-တည်သူကို၊ မာရေတု**ကာမဿ**– သေစေလို သူ၏၊ ဝါ-သတ်လိုသူ၏၊ ကာယေနဝါ,ကာယပဋိဗဒ္ဓေနဝါ-ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်သော်၎င်း၊ ဥသုသတ္တိယန္တပါသာဏာဒီနံ - မြား , လှံ , ယန္တရား ကျောက်တုံး အစရှိသည်တို့ကို၊ နိသဇ္ဇနံ- ပစ်လွှတ်ခြင်းတည်း၊ ထာဝရောတိ- ကား၊ အသဉ္စာရိမေန - လှုပ်လည်ခြင်းဖြင့် ဖြစ်စေအပ်သည်မဟုတ်သော၊ ဝါ- ပြောင်းရွှေ့၍မရစကောင်းသော၊ [သဉ္စာရေန+နိဗ္ဗတ္တံ သဉ္စာရိမံ၊ န+ သဉ္စာရိမံ အသဉ္စာရိမံ။] ဥပကရဏေန – အဆောက်အဦးဖြင့်၊ မာရေတု ကာမဿ-၏၊ ဩပါတ အပဿေန ဥပနိက္ခိပနံ-တွင်းတူးခြင်း, တံကဲမှီပျဉ်ချပ် ကို စီရင်ခြင်း , လက်နက်ကို အနီး၌ချထားခြင်း၎င်း၊ [ဥပနိက္ခိပနန္တိ – အသိ အာဒီနံ တဿ (ထိုသူ၏) ဥပနိက္ခိပနံ။] ဘေသဇ္ဇသံဝိဓာနံ – သေဆေးကို စီရင်ခြင်း၎င်းတည်း၊ စတ္တာရောပိ – ၄ ပါးလည်း ဖြစ်ကုန်သော၊ တေ– ထို ပယောဂတို့သည်၊ ပရတော – နောက်၌၊ ပါဠိဝဏ္ဏနာယမေဝ – ပါဠိတော် အဖွင့်၌ပင်၊ ဝိတ္ထာရတော-အကျယ်အားဖြင့်၊ အာဝိ- ထင်ရှားစွာ၊ ဘဝိဿန္တိ- ဖြစ်ကုန်လတ္တံ့။

ပဟရဏံ, အာဏာပနံ ။ ။ ကာယဝိညတ်နှင့်တကွဖြစ်သော ဝဓကစေတနာဖြင့် (အလိုရှိအပ်သော သတ်ဖြတ်မှုအကျိုးကို ပြီးစေတတ်သော) ပုတ်ခတ်မှု ထိုးခုတ်မှုကို "ပဟရဏ"ဟု ခေါ်၏၊ ဝစီဝိညတ်နှင့်တကွဖြစ်သော ဝဓကစေတနာဖြင့် အလိုရှိအပ် သော သတ်ဖြတ်မှုအကျိုးကို ပြီးစေတတ်သော စေခိုင်းမှုကို "အာဏာပန"ဟု ခေါ်၏၊ [သာဟတ္ထိကစသည်တို့၏ ဝစနတ္ထကို သဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ။]

www.dhammaransi.com

ပန–ကား၊ ဝိဇ္ဇာမယ ဇုန္ဒိမယာ – ဝိဇ္ဇာမယပယောဂ ဇုန္ဒိမယပယောဂတို့သည်၊ ပါဠိယံ– ပါဠိတော်၌၊ အနာဂတာ– မလာကုန်၊ တေ–ထိုပယောဂတို့ကို၊ ဧဝံ-သို့၊ ဝေဒိတဗ္ဗာ–န်၏၊ ဟိ–ချဲ့၊ သဒ္ဓေပတော-အားဖြင့်၊ မာရဏတ္ထံ-သေစေခြင်းအကျိုး၄ါ၊ ဝိဇ္ဇာပရိဇပ္ပနံ – အတတ်ပညာဂါထာမန္တာန်ကို စုပ်ခြင်းသည်၊ [မန္တပရိဇပ္ပနံ၊ ဝိဇ္ဇာဟူသည် မန္တာန် အတတ်တည်း၊ ထို မန္တာန်စုတ်ခြင်းကို"ဝိဇ္ဇာပရိဇပ္ပန"ဟု ခေါ်၏။]ဝိဇ္ဇာမယော- ဝိဇ္ဇာမယမည်သော၊ ပယောဂေါ–ပယောဂတည်း၊ ပန-ဆက်၊ အဋ္ဌကထာသု–ရှေးအဋ္ဌကထာတို့၌၊(ဝုတ္တာနိ၌စပ်၊) ကတမော၊ပေ၊ ကရောန္တီတိ- ဟူ၍၊ ဧဝံ–သို့၊ ဝိဇ္ဇာမယံ–ဝိဇ္ဇာမယမည်သော၊ ပယောဂံ-ကို၊ ဒဿေတွာ–ပြီး၍၊ အာထဗ္ဗဏိကေဟိစ-အထဗ္ဗနဝေဒကို တတ်သိသော ဆရာတို့သည်၄င်း၊ ဝိဇ္ဇာဓရေဟိစ – ဂါထာမန္တာန်ကို ဆောင်ကုန်သော ပုဂ္ဂိုလ်တို့သည်၄င်း၊ မာရိတာနံ-သတ်အပ်သောသတ္တာတို့၏၊ ဗဟူနိ-ကုန်သော၊ ဝတ္ထူနိ–ဝတ္ထုတို့ကို၊ ဝုတ္တာနိ–န်ပြီ၊ [ဝိဇ္ဇာမယော - မည်သော၊ ပယောဂေါ - ပယောဂဟူသည်၊ ကတမော - နည်း၊ အာထဗ္ဗဏိကာ–အထဗ္ဗဏဝေဒကို တတ်သိကုန်သောဆရာတို့သည်၊ အာထဗ္ဗဏံ-အာထဗ္ဗဏမန္တာန်ကို၊ပယောဇေန္တိ-ယှဉ်စေကြကုန်၏၊ ဝါ-အသုံးပြုကြကုန်၏၊ [အသုံးပြုပုံကို ပြလို၍"နဂရေ" စသည် မိန့်၊] နဂရေ–ကို၊ ရုဒ္ဓေဝါ-တဘက် စစ်တပ်က ပိတ်ဆို့အပ်သော်၄င်း၊ သင်္ဂါမေ–စစ်ပွဲသည်၊ ပစ္စုပဋ္ဌိတေဝါ-ရင်ဆိုင်တည်သော်၄င်း၊ ပဋိသေနာယ–တဘက် စစ်တပ်၌၊ ပစ္စတ္ထိကေသု-ဆန့်ကျင်ဘက်ကို အလိုရှိကုန်သော၊ ပစ္စာမိတ္တေသု – ရန်သူတို့၌၊ ဤတိံ–အနည်းငယ်သော ဘေးရန်ကို၊ ဥပ္ပါဒေန္တိ–ဖြစ်စေကြကုန်၏၊ ဥပဒ္ဒဝံ - ကပ်၍နှိပ်စက်တတ်သော ကြီးကျယ်သော ဘေးရန်ကို၊ ဥပ္ပါဒေန္တိ၊ ရောဂံ–အနာရောဂါကို၊ ဥပ္ပါဒေန္တိ၊ ပဇ္ဇရကံ – အပြင်းအထန်ဖျားခြင်းကို၊ ဥပ္ပါဒေန္တိ၊

အာထဗ္ဗဏိကာ။ ။ဝေဒ (ဗေဒ) ၄ ပုံတွင် အာထဗ္ဗဏဝေဒပါ၏၊ ထိုဝေဒကိုတတ်သူကို"အာထဗ္ဗဏိက"ဟု ခေါ်၏၊ အာထဗ္ဗဏံ ဝိဒန္တိ ဇာနန္တီတိ အာထဗ္ဗဏိကာ၊ ထို ဆရာတို့သည် ၇ ရက်တိတိ ဆားမပါသော ထမင်းကို စား၍ နေစာမြက် ခင်းထားအပ်သော မြေပေါ်၌အိပ်လျက် အကျင့်ကိုကျင့်ကြရ၏၊ ၇ ရက် မြောက်၌ သုသာန်မြေကိုပြင်ဆင်၍ ၇ လှမ်းလောက်ကရပ်ပြီးလျှင် လက်ကိုဝင့်ကာဝင့်ကာ အာထဗ္ဗဏကျမ်းလာမန္တာန်ကို မန်းမှုတ် စုတ်ကြလေသည်၊ ထိုအခါ သူတို့၏ အလုပ်သည် ထမြောက်အောင်မြင်သတတ်။

ဤတိံ ဥပ္ပါဒေန္တိစသည်။ ။ကိုက်၍သေအောင် ကင်းခြေများစသော သတ္တာကိုလွှတ်၍ သေးငယ်သော နှိပ်စက်မှုကို " ဤတိ " ဟု ခေါ်၏၊ ထိုထက် ကြီးကျယ်သောနှိပ်စက်မှုကို"ဥပဒ္ဒဝ" ဟု ခေါ်၏၊ [ယခုခေတ်စစ်ပွဲများ၌ရောဂါပိုးများကို လေယာဉ်

www.dhammaransi.com

သူစိကံ-အပ်ဖြင့် ထိုးဆွသကဲ့သို့ ဖြစ်သော လေတံကျင်ရောဂါကို၊ ကရောန္တိ-နှ်၏၊ ဝိသူစိကံ-ကိုက်ခဲခြင်း ရှိသော အစာမကြေဝမ်းရောဂါကို၊ ကရောန္တိ၊ ပက္ခန္ဒိယံ-သွေးပါသော ဝမ်းရောဂါကို၊ ကရောန္တိ၊ ဧဝံ-လျှင်၊ပေ၊ဝိဇ္ဇာခရော-ဂါထာမန္တာန်ကို ဆောင်ကုန်သော ဆရာတို့သည်၊ ဝိဇ္ဇံ- ဂါထာမန္တာန်ကို၊ ပရိဝတ္တေတွာ - နှုတ်ထည်း၌ အဘန်ဘန်လည်စေ၍၊ ဝါ- မန်းမှုတ်၍ ၊ ပေ ၊ ကရောန္တိ။] တေဟိ - ထိုများစွာသော ဝတ္ထုတို့ဖြင့်၊ ကိံ - အဘယ် အကျိုးရှိအံ့နည်း၊ ဟိ-အချုပ်ကား၊ ဧတ္တ- ၌ ဝိဇ္ဇာမယပယောဂ၌၊ ဣဒံ-၌ဆိုအပ်လတ့ံကား၊ လက္ခဏံ - အမှတ် အသားတည်း၊ မာရဏာယ - သေစေခြင်းအကျိုး၄ါ၊ ဝိဇ္ဇာပရိဇပ္ပနံ-သည်၊ ဝိဇ္ဇာမယော-သော၊ ပယောဂေါ- တည်း၊ ဣတိ-၌ဆိုအပ်ပြီးကား၊ (လက္ခဏံ-တည်း။)

ကမ္မဝိပါကဇာယ-တံ၏ အကျိုးကြောင့် ဖြစ်သော၊ ဣဒ္ဓိယာ-ကို၊ ပယောဇနံ-ယှဉ်စေခြင်းသည်၊ ဣဒ္ဓိမယော-သော၊ ပယောဂေါ- မည်၏၊ စ-ဆက်၊ သော ကမ္မဝိပါကဇိဒ္ဓိနာမ- ၍ကမ္မဝိပါကဇိဒ္ဓိမည်သည်၊ နာဂါနံ- မြွေနဂါးတို့၏၊ နာဂိဒ္ဓိ-နဂါးတို့၏တန်ခိုးဃင်း၊ သုပဏ္ဏာနံ-ဂဠုန်တို့၏၊ သုပဏ္ဏိဒ္ဓိ-ဂဠုန်တို့၏တန်ခိုးဃင်း၊ ယက္ခာနံ—တို့၏၊ ယက္ခိဒ္ဓိ—ဃင်း၊ ဒေဝါနံ— တို့၏၊ ဒေဝိဒ္ဓိ—ဃင်း၊ ရာဇူနံ - လူမင်းတို့၏၊ ရာဇိဒ္ဓိ - မင်းတို့၏ တန်ခိုးဃင်း၊ ဣတိ - သို့၊ ဗဟုဝိဓာ-များသော အပြားရှိ၏၊ တတ္ထ-ထိုတန်ခိုးတို့တွင်၊ ဒိဋ္ဌ ဒဋ္ဌ ဖုဋ္ဌဝိသာနံ-ကြည့်အပ်သည်ရှိသော် ဖြစ်သောအဆိပ်ရှိကုန်,ကိုက်အပ်သည်ရှိသော် ဖြစ်သောအဆိပ်ရှိကုန်, ထိအပ်သည်ရှိသော် ဖြစ်သောအဆိပ်ရှိကုန်သော၊ နာဂါနံ-မြွေနဂါးတို့၏၊ ဒိသွာ- ကြည့်၍ဃင်း၊ ဍံသိတွာ - ကိုက်၍ဃင်း၊ ဖုသိတွာစ— ထိ၍ဃင်း၊ (အစဉ်အတိုင်း ဒိသွာစသည်ကိုပြသည်၊) ပရူပဃာတကရဏေ- သူတပါးကို သတ်ဖြတ်မှုကို ပြုခြင်း၌၊ နာဂိဒ္ဓိ- ကို၊ ဝေဒိတဗ္ဗာ – ၏၊ သုပဏ္ဏာနံ - တို့၏၊

ဖြင့် သွန်ချခြင်းမျိုးတည်း။] ပဇ္ဇရံ၌ ပသည် အပြင်းအထန် အနက်ဟော၊ အပြင်းဖျားသော (ပလိပ်ရောဂါမျိုးကို) "ပဇ္ဇရ"ဟုခေါ်၊]ပဇ္ဇရန္တိ-ဝိသပဇ္ဇရံ=အဆိပ်ရှိသောအဖျား၊] ကိုယ်လက်တို့ကို အပ်ဖြင့် ထိုးဆွသကဲ့သို့ ကိုက်ခဲသော လေတံကျင် ရောဂါကို "သူစိက" ဟု ခေါ်၊ [သူစိကန္တိ – သူစိဟိဝိယ ဝိဇ္ဈမာနံ သူလံ၊ (ဝိမတိ)၊] ကိုက်ခဲ၍ အစာမကြေသော ဝမ်းရောဂါကို "ဝိသူစိက"ဟု ခေါ်၏၊ [သသူလံ အာမာတိသာရံ၊], သွေးပါသော ဝမ်းရောပါကို "ပက္ခန္ဒိယ"ဟု ခေါ်၊ [ရတ္တာတိသာရံ။]

ဝိဇ္ဇံ ပရိဝတ္တေတွာ ။ ။ ဂန္ဓာရဝိဇ္ဇာဒိကံ အတ္တနော ဝိဇ္ဇံ ကတုပစာရံ (ပြုအပ်ပြီးသော ပြင်ဆင်မှုရှိသည်ဖြစ်၍) မန္တပဋ္ဌနက္ကမေန ပရိဇပ္ပိတွာ (မန္တာန်ရွတ်စဉ်အားဖြင့် မန်းမှုတ် ရုတ်ပြီး၍။)

www.dhammaransi.com

မဟာသမုဒ္ဒတော-မှ၊ ဒွတ္တိဗျာမသတပ္ပမာဏနာဂုဒ္ဓရဏော-အလံနှစ်ရာသုံးရာပမာဏရှိသော နဂါးတို့ကို ထုတ်ဆောင်ခြင်း၌၊ [မဟာကာယေ နိမ္မိနိတွာ ဒွိတာနံ မဟာနာဂါနံ ဥဒ္ဓရဏေ - အလံ ၂ ရာ ၃ ရာ ဖန်ဆင်း၍ နေသော နဂါးတို့ကို ထုတ်ယူခြင်း၌။] သုပဏ္ဏိဒ္ဓိ ဝေဒိတဗ္ဗာ၊ ပန-ကား၊ ယက္ခာ-တို့ကို၊ အာဂစ္ဆန္တာ-လာနေသည်တို့ကို၊ နေဝဒိဿန္တိ-မမြင်အပ်ကုန်၊ ပဟရန္တာ-ပုတ်ခတ်လိုက်သည်တို့ကို၊ န ဒိဿန္တိ၊ ပန - ထိုသို့ပင် မမြင်အပ်ပါ ကုန်သော်လည်း၊ တေဟိ- ထိုဘီလူးတို့သည်၊ ပဟဋသတ္တာ- ပုတ်ခတ်အပ်သော သတ္တာတို့သည်၊ တသ္မိံ ယေဝ ဌာနေ-၌သာလျှင်၊ မရန္တိ- န်၏၊ တတြ-ထိုသို့ဖြစ်ရာ၌၊ နေသံ- ထိုဘီလူးတို့၏၊ ယက္ခိဒ္ဓိ-ကို၊ ဒဋ္ဌဗ္ဗာ-၏၊

ဝေဿဝဏ္ဏဿ - ဝေဿဝဏ် နတ်မင်း၏၊ သောတာပန္နကာလတော - သောတာပန်ဖြစ်ရာအခါမှ၊ ပုဗ္ဗေ-၌၊ နယနာဝုဓေန-မျက်လုံးတည်းဟူသော လက်နက်ဖြင့်၊ ဩလောကိတ ကုမ္ဘဏ္ဍာနံ - ကြည့်အပ်သော ကုမ္ဘဏ်တို့၏၊ [ကုမ္ဘ-အိုးပမာဏရှိသော၊ အဏ္ဍံ - ဥဒွေးစေ့သည်၊ ယေသံတိ ကုမ္ဘဏ္ဍာ။] မရဏေ-၌၎င်း၊ အညေသံ- ကုန်သော၊ ဒေဝါနံ - တို့၏၊ ယထာသကံ ဇုဒ္ဓါနုဘာဝေစ - အကြင် အကြင် မိမိဥစ္စာဖြစ်သော တန်ခိုး၏ အာနုဘော်၌၎င်း၊ ဒေဝိဒ္ဓိ-ကို၊ ဝေဒိတဗ္ဗာ၊[ယာယာ+သကာ- မိမိဥစ္စာဖြစ်သော တန်ခိုးတည်း၊ ယထာသကံ၊ ယထာသကံစ + တံ + ဣဒ္ဓိစာတိ ယထာသကံဣဒ္ဓိ၊ သကံ၌ နိဂ္ဂဟိတ်လာ။] စက္ကဝတ္တိဿ- စကြာရတနာကို လည်စေနိုင်သော၊ သပရိသဿ - ပရိသတ်နှင့် တကွဖြစ်သော၊ ရညော - ၏၊ အာကာသဂမနာဒိသု - ကောင်းကင်၌သွားခြင်းအစရှိသည်တို့၌၎င်း၊ အသောကဿ-အသောကမင်း၏၊ ဟေဋ္ဌာ-၌၎င်း၊ ဥပရိစ-၌၎င်း၊ ယောဇနေ-တယူဇနာ၌၊ အာဏာပဝတ္တနာဒိသု-အာဏာကို ဖြစ်စေခြင်း အစရှိသည်တို့၌၎င်း၊ [အာဒိဖြင့် ရှေ့၌ ပြခဲ့သော အသောကမင်း၏ တန်ခိုးများကို ယူ။]သီဟဠ နရိန္ဒဿ-သီဟိုဠ်မင်းဖြစ်သော၊ ပိတုရညော-ပိတုမင်း၏၊ ဒါဌာကောဋနေန- အစွယ်ကို ခေါက်ခြင်းဖြင့်၊ စူဠသုမနကုဋုမ္ဗိယဿ- စူဠသုမန သူကြွယ်၏၊ မရဏေစ- သေခြင်း၌၎င်း၊ ရာဇဒ္ဓိ-ကို၊ ဒဋ္ဌဗ္ဗာ-၏၊ ဣတိ-သို့၊[" ဗဟုဝိဓာ-၏၊" ဟု ပြန်လှည့်။]

ပန-ဝါဒန္တရကား၊ ကေစိ-တို့သည်၊[ကေစီတိ မဟာသံဃိကာ။]ဘိက္ခဝေ, ပုနစ-လည်း၊ ပရံ-တမျိုးကား၊ ဣဒ္ဓိမာ-တန်ခိုးရှိသော၊ စေတောဝသိပ္ပတ္တော-စိတ်၏စွမ်းရည်သတ္တိရှိသူ၏ အဖြစ်သို့ရောက်သော၊ [" စေတော ဝသိဘာဝ ပတ္တော" ဟု ဆိုလိုလျက် "ဘာဝ" အကြေကြီ။] သမဏောဝါ-သည်သော်၎င်း၊ ဗြာဟ္မဏောဝါ- သည်သော်၎င်း၊ အညိဿာ-အခြားမိန်းမ၏၊ ကုစ္ဆိဂတံ-

www.dhammaransi.com

ဝမ်း၌ရောက်သော၊ ဂဗ္ဘံ - ကိုယ်ဝန်ကို၊ ပါပကေန – သော၊ မနသာ – ဖြင့်၊ အနုပေက္ခိတာ– စူးစူးစိုက်စိုက်ကြည့်သည်၊ ဟောတိ၊ (ကိံ – အဘယ်သို့ကြံ၍ ကြည့်သနည်း၊) ကုစ္ဆိဂတံ - သော၊ယံ တံဂဗ္ဘံ- သည်၊(အတ္ထိ၊ တံ- ထိုကိုယ်ဝန် သည်၊) သောတ္ထိနာ-ချမ်းသာသဖြင့်၊ န အဘိနိက္ခမေယျ-မထွက်နိုင်ပါမူကား၊ အဟောဝတ–ဩော် ကောင်းလေစွ၊(တနည်း)အယံ-ဤမိန်းမသည်၊ ကုစ္ဆိဂတံ-သော၊ တံ ဂဗ္ဘံ- ကို၊ သောတ္ထိနာ-ဖြင့်၊ နအဘိနိက္ခာမေယျ-မထွက်စေနိုင်ပါမူကား၊ ဝါ-မဖွားနိုင်ပါမူကား၊ အဟောဝတာ-စွ၊ ဣတိ–ဤသို့ကြံ၍၊ (အနုပေက္ခိတာ ဟောတိ၊) ဘိက္ခဝေ– တို့၌၊ ဧဝံပိ- ဤနည်းအားဖြင့်လည်း၊ ကုဋုမ္ဗသ – ကိုယ်ဝန်ကို၊ ဝါ – အမျိုးကို၊ ဥပဃာတော– သတ်ခြင်းသည်၊ ဟောတိ – ၏၊ ဣတိ အာဒိကာနိ - နှ်သော၊ သုတ္တာနိ – တို့ကို၊ ဒဿေတွာ– ပြပြီး၍၊ ဘာဝနာမယိဒ္ဓိယာပိ - ဘာဝနာမယိဒ္ဓိဖြင့်လည်း၊ ပရူပဃာတကမ္မံ- သူတပါးကိုသတ်မှုကို၊ ဝဒန္တိ –နှ်၏။

စ–ဆက်၊ ပရူပဃာတကရဏေန–သူတပါးကိုသတ်မှုကိုပြုခြင်းနှင့်၊ သဟ- တပြိုင်နက်၊ အာဒိတ္တဃရူပရိ–မီးလောင်အပ်သော အိမ်၏အပေါ်၌၊ ခိတ္တဃ– ပစ်ချအပ်သော၊ ဥဒကဃဋသ-၏၊ ဘေဒနမိဝ-ကွဲခြင်းကိုကဲ့သို့၊ ဣဒ္ဓိဝိနာသဉ္စ- တန်ခိုး၏ပျက်ခြင်းကိုလည်း၊ ဣစ္ဆန္တိ-နှ်၏၊ [ရေအိုးကွဲခြင်းနှင့်တန်ခိုးပျက်ခြင်း, မီးငြိမ်းမှုကိစ္စထမြောက်ခြင်းနှင့် သူတပါးသတ်မှုကိစ္စထမြောက်ခြင်းသည်တူ၏။] တံ-ထိုအယူသည်၊ တေသံ-ထိုကေစိဆရာတို့၏၊ ဣစ္ဆာမတ္တမေဝ-အယူမျှသာ တည်း၊ [သူတို့အယူမျှသာဖြစ်သည်၊ " ထို ဘာဝနာမယိဒ္ဓိဖြင့် မသတ်နိုင် " ဟူလို။] ကသ္မာ၊ ယသ္မာ, ကုသလဝေဒနာ ဝိတက္ကပရိတ္တတ္တိကေဟိ- ကုသလ တိက်၊ပေ၊ ပရိတ္တတိက်တို့နှင့်၊ နသမေတိ-မညီညွတ်၊ (တသ္မာ-တည်း၊)ကထံ- အဘယ်သို့မညီညွတ်သနည်း၊ ဟိ-ချဲ့ဦးအံ့၊ အယံ ဘာဝနာမယိဒ္ဓိနာမ-သည်၊ ကုသလတ္တိကေ- ကုသလတိက်၌၊ ကုသလာစေဝ-သည်ရင်း၊ အဗျာကတာစ- သည်ရင်း၊(ဟောတိ)၊[“ဣဒ္ဓိပုဒ်ကိုငဲ့၍ဣတ္ထိလိင်ဖြင့် ကုသလာ အဗျာကတာ” ဟု ထားသည်။] ပါဏာတိပါတော–သည်၊ အကုသလော–တည်း၊ ဝေဒနာ

အဟောဝတာယံ တံ။ ။“ကုစ္ဆိဂတံ ယံတံ ဂဗ္ဘံ”ဟုတွဲ၊“ဤနည်းကောင်းသည်” ဟုဋီကာဖွင့်သည်၊ သို့သော် ဂဗ္ဘပုဒ်ကပုလ္လိင်ဖြစ်၍ စဉ်းစားသင့်၏၊ ဤနည်း၌ ဂဗ္ဘံသည် ကတ္တားဖြစ်သောကြောင့် “ အဘိနိက္ခမေယျ ”ဟု ရှိစေ၊ “ အဟောဝတာယံ တံ”ဟု ရှိလျှင် “အယံဣတ္ထီ”ဟု စွဲ၍ “ တံ ဂဗ္ဘံ–ကို ” ဟု ကံထား၍ “ န အဘိနိက္ခာမေယျ” ဟု ကာရိတ် ပါရမည်။ [ကုလုမ္ဗဿာတိ ဂဗ္ဘဿ၊ ကုလဿေဝဝါ၊ ကုဋုမ္ဗဿာတိ ဝုတ္တံ ဟောတိ၊ ကုလဿဟူရာ၌ “ဥဒ္ဓာ”ကိုပင် ကုလ ဟု ဆိုလိုသည်–ဟူလို။]

www.dhammaransi.com

တ္တိကေ–၌၊ အဒုက္ခမသုခသမ္ပယုတ္တာ–အဒုက္ခမသုခဝေဒနာနှင့်ယှဉ်၏၊ ပါဏာတိပါတော – သည်၊ ဒုက္ခသမ္ပယုတ္တော – ၏၊ ဝိတက္ကတ္တိကေ – ၌၊ အဝိတက္ကဝိစာရာ- အဝိတက္ကဝိစာရတည်း၊ ပါဏာတိပါတော, သဝိတက္ကသဝိစာရော- တည်း၊ ပရိတ္တတ္တိကေ – တိက်၌၊ မဟဂ္ဂတာ - မဟဂ္ဂုတ်တည်း၊ ပါဏာတိပါတော, ပရိတ္တော- ပရိတ္တတရားတည်း၊ ဣတိ- ဤသို့၊ (န သမေတိ)။ [ဤသို့ ကုသလတိက်စသည်သို့သွင်းကြည့်သောအခါ ဘာဝနာမယိဋ္ဌိသည်အဘိညာဉ် ကိစ္စတပ်သော ရူပပဉ္စမဈာန်ဖြစ်၍ ကုသိုလ်-ကြိယာ,အဒုက္ခမသုခါ သမ္ပယုတ္တ စသည်ဖြစ်၏၊ ပါဏာတိပါတကား အကုသိုလ်, ဒုက္ခသမ္ပယုတ္တ စသည်ဖြစ်၏၊ ဤသို့ သဘောချင်း မညီမျှသောကြောင့် သူတို့အယူမျှသာ ဖြစ်သည်–ဟူလို။]

သတ္ထဟာရကံဝါဿ ပရိယေသေယျာတိ ဧတ္ထ-၌၊ (ဝစနတ္ထော-ကို၊ ဧဝံ-ဖြင့်၊ ဝေဒိတဗ္ဗော၊) ဟရတိ – ဆောင်တတ်၏၊ ဣတိ - ကြောင့်၊ ဟာရကံ–မည်၏၊ ကိံ-ကို၊ ဟရတိ–သနည်း၊ ဇီဝိတံ–အသက်ကို(ဟရတိ-၏၊)အထဝါ-ကား၊ ဟရိတဗ္ဗံ-ဆောင်ယူ ချထားထိုက်၏၊ ဣတိ–ကြောင့်၊ ဟာရကံ-မည်၏၊ ဥပနိက္ခိပိတဗ္ဗံ--အနီး၌ချထားထိုက်၏၊ ဣတိအတ္ထော-နက်၊ သတ္ထဉ္စ-လက်နက် လည်းဟုတ်၏၊ တံ-ထိုလက်နက်ဟူသည်၊ ဟာရကဉ္စ-အသက်ကိုဆောင်တတ် သည်လည်း ဟုတ်၏၊ ဝါ – ဆောင်ယူ၍ အနီး၌ ချထားထိုက် သည်လည်း ဟုတ်၏၊ ဣတိ-ကြောင့်၊သတ္ထဟာရကံ-မည်၏၊ အဿာတိ-ကား၊ မနုဿဝိဂ္ဂဟဿ–လူ့ကိုယ်၏အနီး၌၊ ပရိယေသေယျာတိ–ကား၊ ယထာ-အကြင်အခြင်း အရာအားဖြင့် ပြုအပ်သော်၊ လဗ္ဘတိ– အလွယ်တကူ ရအပ်ရနိုင်၏၊(ဋီကာ၌ " လဗ္ဘတိ " ဟု ရှိ၏၊) တထာ - ထို အခြင်းအရာအားဖြင့်၊ ကရေယျ - အံ့၊ ဥပနိက္ခိပေယျ - အနီး၌ချထားအံ့၊ ဣတိအတ္ထော၊ [ဤအတိုင်း ကင်္ခါ၌လည်း ဖွင့်၏၊ ထို့ကြောင့် အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။]

ဟရိတဗ္ဗန္တိ ဟာရကံ။ ။ဤနည်း၌ ဟရဓာတ်, ဏွုပစ္စည်းကို ကံဟောဟု ကင်္ခါ ဋီကာ ကြံ၏၊ သာရတ္ထ၌ကား " ဟရိတဗ္ဗန္တိ ဟာရံ "ဟု ဏပစ္စည်းသက်ပြီးမှ သွတ္ထ၌ ကပစ္စည်း သက်၍ " ဟာရမေဝ ဟာရကံ" ဟု ဖွင့်လေသည်၊ [ထို့နောက် သတ္ထနှင့် သမာသ်တွဲ၊ "ဟာရကသတ္ထံ"ဟု ဆိုလိုလျက် ဝိသေသနနောက်ချ၍ "သတ္ထဟာရကံ" ဟု ဖြစ်ရသည်။

ဥပနိက္ခိပိတဗ္ဗံ။ ။ နောက်၌ ပရိယေသေယျကို ဥပနိက္ခိပေယျ ဟု ဖွင့်လတံ့ ဖြစ်၍ ဤဟာရကံ၌လည်း "ဆောင်ယူ"ဟူသော အနက်မျှတွင် မရပ်ဘဲ"ဆောင်ယူ၍သေစေ လိုအပ်သူ၏ အနီး၌ ချထား" တိုင်အောင် ယူပါ ဟု သိစေလို၍ " ဥပနိက္ခိတဗ္ဗံ " ဟု သိခါပတ္တ (အဆုံးရောက်) အနက်ကို ဖွင့်သည်။

www.dhammaransi.com

ဧတေန-ဤ ပရိယေသေယျ ဟူသောပါဠိဖြင့်၊ ထာဝရပယောဂံ-ထာဝရပယောဂကို၊ ဒဿေတိ-၏၊ ဟိ-လဒ္ဓဒေါသထင်ရှားပြအံ့၊ ဧတရထာ-ဤသို့မဟုတ်လျှင်၊ ပရိယိဋ္ဌမတ္တေနေဝ-ရှာမှီးအပ်ကာမျှဖြင့်သာလျှင်၊ ပါရာဇိကော-သည်၊ ဘဝေယျ၊ တံစ-ဤရှာမှီးအပ်ကာမျှဖြင့်ပါရာဇိကကျခြင်းသည်လည်း၊ နယုတ္တံ-မသင့်၊ ပန-ဆက်၊ ပါဠိယံ-၌၊ သမ္ဘ-သော၊ ဗျဥ္ဇနံ-သဒ္ဒါကို၊ အနာဒိယိတွာ-မယူမူ၍၊ ဝါ-ဂရုမစိုက်မူ၍၊ [သတ္ထဟာရကံဝါဿ ပရိယေသေယျ၏ အနက်ကို သဒ္ဒါအားလျော်စွာ ပဒဘာဇနီ၌ အပြည့်အစုံမဟောသောကြောင့် "ဗျဥ္ဇနံ အနာဒိယိတွာ" ဟု ဆိုသည်။] ဧတ္ထ- ဤ သတ္ထဟာရကံဝါဿ ပရိယေသေယျဟူသော ပါဠိ၌၊ ထာဝရပ္ပယောဂသင်္ဂဟိတံ- ထာဝရပယောဂ၌ သွင်းယူအပ်သော၊ ယံ သတ္ထံ- သည်၊ (အတ္ထိ)၊ တဒေဝ-ထို လက်နက်ကိုသာ၊ ဒဿေတုံ - ငှါ၊ အသိံ ဝါ၊ပေ၊ ရဇ္ဇုံ ဝါတိ - ဟူ၍၊ ပဒဘာဇနံ - ကို၊ ဝုတ္တံ- ပြီ၊ တတ္ထ - ထို ပဒဘာဇနီ၌၊ ဝုတ္တာဝသေသံ- တိုက်ရိုက် ဟောတော်မူအပ်သော လက်နက်တို့မှ ကြွင်းသော၊ ယံကိဉ္စိ-အမှတ်မရှိ အလုံးစုံသော၊ သမုခံ-အဉ္ုး အသွားနှင့်တကွသော လက်နက်ကို၊ သတ္ထန္တိ-ဟူ၍၊ ဝေဒိတဗ္ဗံ-၏၊ စ-ဆက်၊ လဂုလပါသာဏဝိသရဇ္ဇုနံ – လက်ရိုက်ဒုတ်, ကျောက်, အဆိပ်,ကြိုးတို့ကို၊ ဇီဝိတ ဝိနာသနဘာဝတော – အသက်ကို ဖျက်ဆီးတတ်ကုန်သည်၏ အဖြစ်ကြောင့်၊ သတ္ထသင်္ဂဟော – သတ္ထ၌သွင်းယူခြင်းကို၊ ["သတ္ထဟာရကံဝါဿ ပရိယေသေယျ"ဟူသော မာတိကာ၏သတ္ထ၌ သွင်းယူခြင်းကို။]ဝေဒိတဗ္ဗော။

မရဏာဝဏ္ဏံဝါတိ ဧတ္ထ-၌၊ ယသ္မာ,ယောတွံ-သည်၊ ပဏီတာနိပိ- န်သော၊ ဘောဇနာနိ-တို့ကို၊ ဘုဥ္ဇိတုံ-စားခြင်းငှါ၊ ဝါ-စားခွင့်ကို၊ နလဘာသိ၊(တဿ) တုယှံ – အား၊ ဝါ – ၏၊ ပါပကေန – ယုတ်ညံ့သော၊ ဧမိနာ ဒုဇ္ဇီဝိတေန-ဤ ဆင်းရဲစွာ အသက်ရှင်နေရခြင်းဖြင့်၊ ကိံ – အဘယ်အကျိုးရှိအံ့နည်း၊ ဧတိ အာဒိနာ-သော၊ နယေန-ဖြင့်၊ ဇီဝိတေ-အသက်ရှင်ရခြင်း၌၊ အာဒီနဝံ- ကို၊ ဒဿေန္တောပိ-ပြသူသည်ငှါး၊ [သံဝဏ္ဏေတိ၌စပ်။] ဥပါသက-ဥပါသကာ၊ တွံ- သည်၊ ကတကလျာဏော- သည်၊ အသိ - ၏၊ပေ၊ [ပါဠိတော်ကို မြှုပ်ထားသည်။]တယာ-သည်၊ ပါပံ-ကို၊ အကတံ၊ တေ-အား၊ ဝါ-၏၊ ဇီဝိတာ-ထက်၊ မတံ-သည်၊ သေယျော-၏၊ တွံ-သည်၊ ဧတော-ဤလူ့ဘဝမှ၊ ကာလ

ဧတရထာ ဟိ။ ။ဥပနိက္ခိပေယျအနက်တိုင်အောင်မယူလျှင် ရထိုက်သောအပြစ်ဒေါသကိုပြလို၍ "ဧတရထာ ဟိ" စသည်မိန့်၊ ပရိယေသေယျအတွက် ဥပနိက္ခိပေယျ တိုင်အောင် အနက်ကိုမယူလျှင် ရှာမှီးကာမျှဖြင့် ပါရာဇိကကျရခြင်းဟူသော အယုတ္တိ ဒေါသ သင့်ရာ၏-ဟူလို။

www.dhammaransi.com

က်တော-ပြုအပ်ပြီးသော သေချိန်ကာလရှိသည်၊ ဝါ-ပြုအပ်ပြီးသောသေခြင်း ရှိသည်၊(သမာနော-သော်၊)ပရိစရိဿသိ- ထက်ဝန်းကျင် လှည့်လည်ရလတံ့၊ ဝါ – မွေ့လျော်ရလတံ့၊ [" ပရိစရိဿသိ "ကိုပင် ဖွင့်ပြလို၍ "အစ္ဆရာပရိဝုတော "စသည်မိန့်။] အစ္ဆရာပရိဝုတော - နတ်သမီးအပေါင်း ခြံရံအပ်သည်၊ (ဟုတွာ) နန္ဒနဝနေ- နန္ဒဝန်ဥယျာဉ်၌၊ သုခပ္ပတ္တော-ချမ်းသာသို့ ရောက်သည်၊ (ဟုတွာ) ဝိဟရိဿသိ-နေရလတံ့၊ ဣတိ အာဒိနာ–သော၊ နယေန-ဖြင့်၊ မရဏေ–သေခြင်း၌၊ ဝဏ္ဏံ-ဂုဏ်ကျေးဇူးကို၊ ဘဏန္တော ပိ-ပြောဆိုသူသည်ပင်း၊ မရဏဝဏ္ဏမေဝ-သေခြင်း၌ ဂုဏ်ကျေးဇူးကိုသာ၊ သံဝဏ္ဏေတိ- ချီးမွမ်းသည် မည်၏၊ တဿ, ဒွိဓာ - ၂ ပါးအပြားအားဖြင့်၊ ဘိန္ဒိတွာ-ခွဲ၍၊ ဇီဝိတေ၊ပေ၊ ဘဏတီတိ-ဟူ၍၊ ပဒဘာဇနံ–ကို၊ (ဘဂဝတာ) ဝုတ္တံ-ပြီ။

မရဏာယဝါ သမာဒါပေယျာတိ–ကား၊ မရဏတ္ထာယ- သေခြင်းအကျိုး ငှါ၊ ဥပါယံ-နည်းလမ်းကို၊ ဂါဟာပေယျ- ယူစေအံ့၊ စ- ဆက်၊ သတ္ထံဝါ အာ ဟရာတိအာဒိသု - တို့၌၊ သောဗ္ဘေ ဝါ နရကေ ဝါ ပပါတေ ဝါ ပပတာတိ အာဒိ-သော ဗ္ဘေဝါ နရကေဝါ ပပါတေဝါ ပပတအစရှိသော၊ ယမ္ပိ-အကြင် စကားကိုလည်း၊ နဝုတ္တံ - ဟောတော် မမူအပ်၊ တံ သဗ္ဗံ - ထို အလုံးစုံသော စကားကို၊ ပရတော - နောက်နိဂုံး၌၊ ဝုတ္တနယတ္တာ - ဟောတော်မူအပ်သော နည်းရှိသည်၏ အဖြစ်ကြောင့်၊ အတ္ထတော – အနက်အားဖြင့်၊ ဝုတ္တမေဝ - ဟောတော်မူအပ်သည်သာ၊ ဣတိ- သို့၊ ဝေဒိတဗ္ဗံ- ၏၊ ဟိ- မှန်၊ တနည်း–ဟိ

မရဏတ္ထာယ ၊ပေ၊ ပေယျ ။ ။ မရဏာယ၌ အာယကို တဒတ္ထသမ္ပဒါန် အနက် ဟောဟု ပြလို၍"မရဏတ္ထာယ"ဟုဖွင့်၏၊ သမာဒါပေယျ၌ သံ+အာ+ဒါ+ဏာပေကို "ဂါဟာပေယျ"ဟု ဖွင့်၍ ကံမပါသောကြောင့်"ဥပါယံ" ဟု ကံထည့်၍ဖွင့်သည်၊ ထိုသို့ "နည်းလမ်းကိုယူစေခြင်း"ဟူသည် "သတ္ထံဝါ အာဟရ– လက်နက်ဖြင့် ကိုယ့်ကိုယ်ကို သတ်သေပါလား" စသည်ဖြင့် သေဘို့ရန် နည်းပေးခြင်းတည်း။

သတ္ထံဝါ အာဟရာတိအာဒိသု။ ။ပါဠိတော်၌ "မရဏာယဝါ သမာဒါပေယျ" ဟူသော ဤ ရှေ့ပိုင်းမာတိကာ၏ ပဒဘာဇနီ၌ "သောဗ္ဘေဝါ နရကေဝါ ပပါတေဝါ ပပတ"ဟု မပါ၊ နောက်ပိုင်း နိဂုံးမာတိကာ၏အဖွင့်၌သာ ပါ၏၊ ထို့ကြောင့် နောက် လာမည့် "မရဏာယဝါ သမာဒါပေယျ"၏ ပဒဘာဇနီကို ရည်ရွယ်၍ "ပရတော ဝုတ္တ နယတ္တာ"ဟု ဆိုသည်၊ [ပါဠိတော်ကိုကြည့်ပါ၊] ထိုနောက်၌ပြသော ပဒဘာဇနီက ဤရှေ့၌လည်း အနက်ကိုပြစွမ်းနိုင်ခြင်းကို " အတ္ထတော " ဟု ဆိုသည်၊ နည်းအားဖြင့် ကား (ဤရှေ့ပိုင်း၌ တစိတ်တချို့ကိုသာ ဖွင့်ပြသဖြင့်) နိဒဿနနည်းတည်း၊ [အတ္ထ တော ဝုတ္တမေဝါတိ မရဏူပါယဿ ဗဟုဝိဓတ္တာ နိဒဿနတ္ထံ တတ္တော့ ကေဒေသေ ဒဿိတေ သဗ္ဗံ ဝုတ္တမေဝ ဟောတီတိ အဓိပ္ပါယော။]

www.dhammaransi.com

(ယသ္မာ)- ကြောင့်၊ သဗ္ဗံ-အလုံးစုံသော သေကြောင်းနည်းလမ်းကို၊ သရူပေ နေဝ- သရုပ်အားဖြင့်သာ၊ ဝတ္တုံ- ဆိုခြင်းငှါ၊ နသက္ကာ-မတတ်နိုင်၊ (တသ္မာ အတ္ထတော ဝုတ္တမေဝါတိ ဝေဒိတဗ္ဗံ။)

ဣတိစိတ္တမနောတိ- ကား၊ ဣတိစိတ္တော-ဤသို့စိတ်ရှိသည်၊ ဣတိမနော- ဤသို့မနရှိသည်၊ မတန္တေ ဇီဝိတာသေယျောတိဧတ္တေ- ၌၊ ဝုတ္တမရဏစိတ္တော- ဟောတော်မူအပ်ပြီးသော သေခြင်း၌ စိတ်ရှိသည်၊ မရဏမနော- သေခြင်း၌ မနရှိသည်၊ (ဟုတွာ)၊ ဣတိ အတ္တော၊ [ဣတိသဒ္ဒါသည် မတံ တေ ဇီဝိတာ သေယျော၌ ဆိုအပ်ပြီးသော သေခြင်းကို ညွှန်ပြသော နိဒဿန အနက်ရှိ၏၊ ထို့ကြောင့် "ဝုတ္တမရဏ"ဟု ဖွင့်သည်။] ပန-ဆက်၊ ယသ္မာ, ဧတ္တ-၌ စိတ္တ မနောဟူသော ပါဌ်၌၊ မနော-မနသဒ္ဒါကို၊ စိတ္တသဒ္ဒဿ-စိတ္တသဒ္ဒါ၏၊ အတ္တ ဒီပနတ္ထံ - အနက်ကို ပြခြင်းအကျိုးငှါ၊ ဝုတ္တော – ဟောတော်မူအပ်ပြီ၊ [စိတ္တ သဒ္ဒါက ဝိစိတ္တစသော အနက်ကိုလည်းဟောသောကြောင့် ဤနေရာ၌"စိတ်" ဟူသောအနက်ကိုသာ ယူစေလို၍"မန"ဟု(ဝိသေသနပြု၍)ပြ၏၊ ထို့ကြောင့် မနသဒ္ဒါကို အပိုဆိုခြင်းကြောင့်"ပုနရုတ္တိဒေါသ"မရောက်ပါ-ဟူလို၊] ပန- ဆက်၊ အတ္ထတော-အားဖြင့်၊ ဧတံ ဥဘယမ္ပိ-ဤနှစ်ပါးစုံသော စိတ္တ မနသဒ္ဒါ သည်လည်း၊ ဧကမေဝ- တမျိုးတည်းသာလျှင်၊ (ဟောတိ)၊ တသ္မာ, တဿ- ထို စိတ္တ မနသဒ္ဒါ၏၊ အတ္ထတော–အားဖြင့်၊ အဘေဒံ-မကွဲပြားပုံကို၊ ဒဿေ တုံ -ငှါ၊ ယံစိတ္တံ၊ပေ၊စိတ္တန္တိ-ဟူ၍၊ဝုတ္တံ၊ ပန-ဆက်၊ ဣတိသဒ္ဒံ-ဣတိသဒ္ဒါကို၊ ဥဒ္ဓရိတွာပိ – ထုတ်ပြ၍လည်း၊ အတ္ထော – ဣတိသဒ္ဒါ၏ အနက်ကို၊ န တာဝ ဝုတ္တော- ဟောတော်မမူအပ်သေး၊ [နေ့ံ "စိတ္တသက်ပွေါ"ပုဒ်၏ ပဒဘာဇနီ

မှတ်ချက်။ ။ ယခုစာအုပ်များ၌ "နရကေဝါ ပပါတေဝါ ပပတာတိ အာဒိ"ဟု တွေ့ရ၏၊ ဋီကာ၌ကား"နရကေဝါ ပပတာတိဧတ္တ အာဒိသဒ္ဒေန ပပါတေဝါ ပပတာတိ ပရတော ဝုတ္တံ(ဆိုအပ်သည်လည်းဖြစ်သော)အဝုတ္တံစ ရုက္ခတောဝါ ပပတာဒိ(သစ်ပင် ပေါ်မှ ခုန်ချပါလား–အစရှိသော တိုက်ရိုက်မဆိုအပ်သည်လည်းဖြစ်သော) သဗ္ဗံ မရ ဏူပါယံ သင်္ဂဏှာတိ"ဟု ရှိ၏၊ ထို့ကြောင့် "ပပါတေဝါ"သည် နေ့ံမှထည့်ပါဌ်သာ ဖြစ်ဟန်တူ၏။

ဣတိသဒ္ဒ်ပန၊ပေ၊ဝုတ္တော။ ။ပဒဘာဇနီ၌"ဣတိစိတ္တ မနောတိ"ဟု ဣတိသဒ္ဒါကို (တည်ပါဌ်၌) ထုတ်ပြထား၏၊ သို့သော် အနက်ဖွင့်ရာ၌ကား ဣတိအတွက် အနက် မဖွင့်ဘဲ "ယံ စိတ္တံ, တံ မနော"စသည်ဖြင့် စိတ္တနှင့် မနတို့၏အနက် တူကြောင်းကိုသာ ဖွင့်သွားသည်၊ န တာဝဝုတ္တော၌ တာဝသဒ္ဒါဖြင့် "ဤနေရာ၌သာ မဖွင့်ဘဲထားသည်၊ စိတ္တသက်ပွေါ၏ ပဒဘာဇနီ၌ကား ဣတိကိုလိုက်စေ၍ ထိုဣတိအတွက် "မရဏသညီ" စသည်ဖြင့် ဖွင့်ပါလိမ့်မည်" ဟူသောအဓိပ္ပါယ်ကို ထင်ရှားစေသည်။

www.dhammaransi.com

ကျမှ ဟောတော်မူလိမ့်မည် - ဟူလို။] စိတ္တသက်ပွေါတိ ဣမသ္မိံပဒေ - ၌၊ အဓိကာရဝသေန-အဓိကာရနည်း၏အစွမ်းဖြင့်၊ ဣတိသဒ္ဒေါ-ကို၊ အာဟရိတဗ္ဗော- ဆောင်ယူထိုက်၏၊ ဟိ- မှန်၊ ဣဒံ - ဤ ဣတိသဒ္ဒါသည်၊ ဝါ- ကို၊ ဣတိစိတ္တသက်ပွေါတိ-ဟူ၍၊ ဧဝံ- သို့၊ အဝုတ္တံ-တိုက်ရိုက် ဟောတော်မမူအပ်သည်၊(သမာနံ)ပိ,အဓိကာရတော-အားဖြင့်၊ ဝုတ္တမေဝ-သာ၊ ဟောတိ-၏၊ ဣတိ ဝေဒိတဗ္ဗံ၊ တထာဟိ - ထိုစကား မှန်၏၊ အဿ - ထို ဣတိ သဒ္ဒါ၏၊ တမေဝအတ္ထံ-ထိုဆိုအပ်ပြီးသောမရဏာအနက်ကိုပင်၊ဒဿေန္တော(ဟုတ္វာ), မရဏာသညီတိအာဒိံ - ကို၊ အာဟ- ဟောတော်မူပြီ။

စ-ဆက်၊ ယသ္မာ,တွေ-၌ မရဏာသညီအစရှိသောပါဠိရပ်၌၊ သက်ပွေါတိ ဣဒံ – သက်ပွေါဟူသော ဤအမည်သည်၊ ဝိတက္ကဿ – ဝိတက်တခုတည်း၏ သာလျှင်၊ န နာမံ-အမည်မဟုတ်၊ အထခေါ-စင်စစ်ကား၊ ဧတံ-ဤ သက်ပွေါ ဟူသောအမည်သည်၊ သံဝိဒဟနမတ္တဿ–သံဝိဒဟနသာမည၏၊ အဓိဝစနံ-အမည်တည်း၊ တဉ္စ သံဝိဒဟနံ-ထို သံဝိဒဟနသည်လည်း၊ ဣမသ္မိံအတ္ထေ-၌ စိတ္တသက်ပွေါဟူသော ပုဒ်၏အနက်၌၊ သညာစေတနာ ဓိပ္ပါယေဟိ-သညာ, စေတနာ, အဓိပ္ပါယတို့ဖြင့်၊ သင်္ဂဟံ – သိမ်းယူအပ်သည်၏အဖြစ်သို့၊ ဂစ္ဆတိ-၏၊ တသ္မာ , အဿ – ထိုရဟန်း၏၊ စိတ္တော - ထူးဆန်းသော၊ နာနပ္ပကာရကော-အထူးထူးသော အပြားရှိသော၊ သက်ပွေါ-အကြံသည်၊(အတ္ထိ)၊ ဣတိ, (သော) စိတ္တသက်ပွေါ – မည်၏၊ ဣတိဧဝံ, အတ္ထော ဒဋ္ဌဗ္ဗော၊ တထာဟိ- ထိုစကားမှန်၏၊ အဿ- ထို စိတ္တသက်ပွေါပုဒ်၏၊ ပဒဘာဇနမ္ပိ- ကိုလည်း၊ သညာစေတနာဓိပ္ပါယဝသေန-ဖြင့်၊ ဝုတ္တံ၊ စ-ဆက်၊ တွေ-၌သညာစေတနာ အဓိပ္ပါယတို့တွင်၊ ဝိတက္ကော- ကို၊ အဓိပ္ပါယေ၁တိ-ဟူ၍၊ ဝေဒိတဗ္ဗော။

သက်ပွေါတိ ၊ပေ၊ ဒဋ္ဌဗ္ဗော ။ ။ အခြားနေရာ၌ သက်ပ္ပဟူသော အမည်သည် ဝိတက်၏အမည်သာဖြစ်သော်လည်း ဤနေရာ၌ ဝိတက်၏အမည်သာ မဟုတ်၊ ဝိတက်လည်း ပါဝင်သော သံဝိဒဟန၏အမည်ဖြစ်သည်၊ သံဝိဒဟန–ဟူသည်လည်း (အခြားနေရာ၌ဟောရိုးဖြစ်သော)စီမံခြင်းအနက်မဟုတ်၊ သညာ စေတနာ အဓိပ္ပါယ ၃နက်ကို ဟောသောပုဒ်တည်း၊ ထို ၃ နက်နှင့် ဆက်ဆံသောကြောင့် " သံဝိဒဟန မတ္တဿ"ဟု သာမညတ္ထ မတ္တသဒ္ဒါဖြင့် ဖွင့်သည်၊ စိတ္တသက်ပွေါ၌ စိတ္တသဒ္ဒါလည်း ဝိစိတ္တ အနက်ဟောတည်း၊ ထို့ကြောင့် စိတ္တောကို " နာနပ္ပကာရကော "ဟု ဖွင့်သည်။

အဓိပ္ပါယောတိ ဝိတက္ကော။ ။အဓိပ္ပါယသဒ္ဒါသည်"အလို"ဟူသောအနက်ကို ဟော၏၊ အလိုဟူသည်လည်း (အခြားနေရာ၌ကဲ့သို့ အဇ္ဈာသယဆန္ဒမဟုတ်) သတ်လိုသောအကြံတည်း၊ ထို့ကြောင့် "ဝိတက္ကော ဝေဒိတဗ္ဗော"ဟု မိန့်သည်၊ ဤစကားဖြင့် "စိတ္တသက်ပွေါ၌ သက်ပ္ပအရတွင် ဝိတက်လည်း ပါဝင်၏ " ဟု မှတ်။

www.dhammaransi.com

ဥစ္စာဝစေဟိ အာကာရေဟီတိ- ကား၊ မဟန္တာမဟန္တေဟိ- မြတ်ကုန် ယုတ်ကုန်သော၊ ဝါ- ထင်ရှားကုန် မထင်ရှားကုန်သော၊ ဥပါယေဟိ- အကြောင်းတို့ဖြင့်၊ တတ္ထ - ထို ဥစ္စ အဝစတို့တွင်၊ တာဝ - စွာ၊ မရဏာဝဏ္ဏ သံဝဏ္ဏနေ–မရဏာဝဏ္ဏသံဝဏ္ဏနန၌၊ ဇီဝိတေ–အသက်ရှင်နေရခြင်း၌၊ အာဒီနဝဒဿနဝသေန-ဖြင့်၊ အဝစာကာရတာ-ယုတ်ညံ့သောအကြောင်း၏အဖြစ်ကို၊ (ဝေဒိတဗ္ဗာ)၊ မရဏေ–၌၊ ဝဏ္ဏဘဏနဝသေန–ဂုဏ်ကျေးဇူးကိုပြောဆိုခြင်း၏ အစွမ်းဖြင့်၊ ဥစ္စာကာရတာ – မြင့်မြတ်သောအကြောင်း၏ အဖြစ်ကို၊ ဝေဒိတဗ္ဗာ၊ ပန - ကား၊ သမာဒါပနေ- သေဘို့ရာနည်းလမ်းကို ယူစေခြင်း၌၊ မုဋ္ဌိဇာဏု နိပေါဠနာဒီဟိ-လက်သီးဖြင့်ထိုးခြင်း,ဒူးဖြင့်တိုက်ခြင်း အစရှိသည် တို့ဖြင့်၊ မရဏာသမာဒါပနဝသေန-သေဘို့ရာနည်းလမ်းကို ယူစေခြင်း၏အစွမ်း ဖြင့်၊ ဥစ္စာကာရတာ- ထင်ရှားသောအကြောင်း၏ အဖြစ်ကို၊ (ဝေဒိတဗ္ဗာ)၊ ကေတော-တပေါင်းတည်း၊ဘုဥ္ဇန္တဿ-စားစဉ်၊ နခေဝိသံပက္ခိပိတွာ မရဏာ ဒိသမာဒါပနဝသေန-လက်သည်း၌ အဆိပ်ကိုထည့်၍ သေခြင်း အစရှိသည်၏ နည်းလမ်းကို ယူစေခြင်း၏ အစွမ်းဖြင့်၊ အဝစာကာရတာ– မထင်ရှားသော အကြောင်း၏အဖြစ်ကို၊ ဝေဒိတဗ္ဗာ။

သောဗ္ဘေဝါ နရကေဝါ ပပါတေဝါတိတ္တေ– ၌၊ သမန္တတော-ပတ်ဝန်း ကျင်၌၊ ဆိန္နတဋ္ဌေ-ပြတ်သောနခမ်းရှိသော၊ ဂမ္ဘီရော-သော၊ အာဝါဋ္ဌော- တွင်းသည်၊ သောဗ္ဘောနာမ – ၏၊ တတ္ထတတ္ထ - ထိုထိုအရပ်၌၊ ဖလန္တိယာ- ကွဲသော၊ ဘူမိယာ- ၌၊ သယမေဝ – အလိုလိုသာလျှင်၊ နိဗ္ဗတ္တာ- ဖြစ်သော၊ မဟာဒရီ- ကြီးစွာသောချောက်သည်၊ နရကောနာမ- နရက်ချောက်မည်၏၊

ဥစ္စာဝစေဟိ။ ။အခြားနေရာ၌ ဥစ္စကို "အမြတ်" အဝစကို "အယုတ်အညံ့" ဟု ဆိုရသော်လည်း ဤနေရာ၌ ထိုသို့မဟုတ် "မဟန္တ+အမဟန္တ"ဟု အနက်မှတ်ပါ ဟု ပြလို၍ " မဟန္တာ မဟန္တေဟိ" ဟု ဖွင့်သည်၊ မဟန္တဟူသည် ပါကဋ (ကြီးမား ထင်ရှားခြင်း) ဩဠာရိက (ကြမ်းတန်းခြင်း) တည်း၊ အမဟန္တဟူသည် အပါကဋ အနောဠာရိကတည်း၊ [အပါကဋတ္တာ အနောဠာရိကတ္တာစ အဝစာကာရတာ။]

နခေ၊ပေ၊သမာဒါပနဝသေန ။ ။ မရဏာဒိ၌ အာဒိသည် ဝိသံ ပက္ခိပိတွာ၏ အာဒိတည်း၊ ထို့ကြောင့် ထိုပုဒ်တို့ကို တပေါင်းတည်း အနက်ပေးလိုက်သည်၊ ထမင်း အတူစားနေစဉ် လက်သည်း၌အဆိပ်ထည့်၍ ထိုသူမသိအောင် ထမင်းထည်း ဟင်း ထည်း၌ အဆိပ်ခတ်လိုက်ခြင်းကို "အဝစာကာရ မရဏာသမာဒါပန=မထင်ရှားသော သေနည်းကိုပေးခြင်း" ဟု ဆိုသည်။ [မဟာဝါ – စမ္မာပဗ္ဗောတဝတ္ထု၌ ဇီဝကသည် လက်သည်းထည်း၌ ဝမ်းလျှောဆေးကိုထည့်၍ ရှစ်ရှားသီး၌ တို့လိုက်ပြီးမှ လိုက်လာ သောကျွန်အား ရှစ်ရှားသီးကိုကျွေး၏၊ ဤနည်းမျိုးတည်း။]

www.dhammaransi.com

[ကြီးပုံကိုပြလို၍ "ယတ္ထ"စသည်မိန့်။] ယတ္ထ-ယင်းနရက်ချောက်၌၊ ဟတ္ထိပိ-ဆင်တို့သော်မှလည်း၊ ပတန္တိ-ကျနိုင်ကုန်၏၊ စောရာပိ-တို့သည်လည်း၊ နိလီနာ-ပုန်းအောင်းကုန်လျက်၊ တိဋ္ဌန္တိ-တည်နိုင်ကုန်၏၊(ယော-အကြင်ကမ်းပါးပြတ်သည်၊) ပဗ္ဗတန္တရေဝါ-တောင်၏အကြား၌သော်၎င်း၊ ထလန္တရေဝါ-ကုန်း၏အကြား၌သော်၎င်း၊ ကေတော-တဘက်၌၊ ဝါ-တဘက်က၊ ဆိန္နော-ပြတ်သည်၊ ဟောတိ-၏၊ (သော- ထို ကမ်းပါးပြတ်သည်၊) ပပါတော-တိ-ပပါတမည်၏၊ ပုရိမေ ဥပါဒါယာတိ-ကား၊ မေထုန်ဓမ္မ-ကို၊ ပဋိသေဝိတွာ-၎င်း၊ အဒိန္န-မပေးအပ်သောဥစ္စာကို၊ အာဒိယိတွာစ-ယူ၍၎င်း၊ ပါရာဇိကံ-သော၊ အာပတ္တိံ-သို့၊ အာပန္နေ-န်သော၊ ပုဂ္ဂလေ-တို့ကို၊ ဥပါဒါယ-ဉာဏ်ဖြင့်ယူ၍၊ ဝါ-ထောက်စာ၍၊ (အယမ္ပိတိ- အယမ္ပိဟူ၍၊ ဝုစ္စတိ- ပိသဒ္ဒါနှင့်တကွ မိန့်တော်မူအပ်၏၊) သေသံ - ကြွင်းသောပုဒ်အပေါင်းသည်၊ ပုဗ္ဗေ - ၌၊ ဝုတ္တနယတ္တာ-၎င်း၊ ဥတ္တာနတ္ထတ္တာစ-၎င်း၊ ပါကဋမေဝ-သာ၊ ဟုတိ-အပြီးတည်း။

ဧဝံ-ဤ ဆိုအပ်ပြီးသောနည်းဖြင့်၊ ဥဒ္ဒိဋ္ဌသိက္ခာပဒံ-သရုပ်အားဖြင့် ထုတ်ပြအပ်သော သိက္ခာပုဒ်ကို၊ ပဒါနုက္ကမေန - ပုဒ်အစဉ်အားဖြင့်၊ ဝိဘဇိတွာ - ဝေဘန်တော်မူပြီး၍၊ ဣဒါနိ-၌၊ (ယသ္မာပုဒ်ပြင်ဘက်က ဣဒါနိကို တသ္မာပုဒ်ပြင်ဘက်က ဒဿေန္တော အာဟ၌စပ်။) ယသ္မာ - ကြောင့်၊ (ဒဿိတံ, ထပိတာ, န သက္ကောန္တိ, ဟောတိတို့၌စပ်၊) ဟေဋ္ဌာ - ၌၊ ပဒဘာဇနီယမှိ - ၌၊ သခေ်ပေနေဝ-သာလျှင်၊မနုဿဝိဂ္ဂဟပါရာဇိကံ-မနုဿဝိဂ္ဂဟပါရာဇိကကို၊ ဒဿိတံ- ပြီ၊ ဝိတ္ထာရေန- အားဖြင့်၊ အာပတ္တိံ -သို့၊ အာရောပေတွာ-၍၊ တန္တိ-ပါဠိတော်ကို၊ န ထပိတာ- ထားတော်မမူအပ်သေး၊ စ- ဆက်၊ အတ္တေ-ကို၊ သခေ်ပဒဿိတေ- အကျဉ်းချုပ်အားဖြင့် ပြအပ်သော်၊ သဗ္ဗာကာရေနေဝ-အလုံးစုံသောအခြင်းအရာအားဖြင့်သာလျှင်၊ ဘိက္ခူ-တို့သည်၊ နယံ-နည်းကို၊ ဂဟေတုံ - ငှါ၊ န သက္ကောန္တိ၊ အနာဂတေစ - နောင်အခါ၌လည်း၊ ပါပပုဂ္ဂလာနံပိ-တို့၏လည်း၊ ဩကာသော-ကျူးလွန်ခွင့်သည်၊ ဟောတိ-ဖြစ်နိုင်၏၊

သောဘ္ဘ, နရက, ပပါတ ။ ။သွတြဲခံတတ်, ဆိဒ္ဒကရဏ – အပေါက်ပြုခြင်း အနက်ဟောရှိ၏၊ ယဉ်ပစ္စည်း၊ ပါဋိ၌ သောဗ္ဘဓာတ် အပစ္စည်း ဟု ကြံ၊ ဤနေရာ၌ ပတ်ဝန်းကျင် တွင်း၏ဘေးနားခမ်း ပျက်နေသောတွင်းကို (ကျင်းကို) သောဗ္ဘဟု ခေါ်၊ နရဓာတ် အကပစ္စည်းကြံ၊ နရန္တိ ပါပုဏန္တိသတ္တာ ဧတ္ထာတိနရကော–သတ္တဝါတို့ ကျရောက်ရာချောက်၊ ဤနေရာ၌ မြေကြီး၏ အက်ကွဲနေရာအရပ်ကို"နရက"ဟု ခေါ်။ ပပတန္တိ ဧတ္ထာတိ ပပါတော–သတ္တဝါတို့ကျရာချောက်၊ [ပပုဗ္ဗ ပတဓာတ်,ဏပစ္စည်း။] ဤနေရာ၌ တောင်, ကုန်းတို့၏အကြားကို "ပပါတ"ဟု ခေါ်။

www.dhammaransi.com

တသ္မာ, ဘိက္ခုနံ-တို့၏၊ သမ္ဘာကာရေန-ဖြင့်၊ နယဂ္ဂဟဏတ္ထံစ-နည်းယူခြင်းအကျိုးငှါလည်း၊ အနာဂတေ, ပါပပုဂ္ဂလာနံ-တို့၏၊ ဩကာသပဋိဗာဟနတ္ထံစ-ကျူးလွန်ခွင့်ကိုတားမြစ်ခြင်းအကျိုးငှါလည်း၊ ပုန,သာမံ အဓိဋ္ဌာယာတိအာဒိနာ-သော၊ နယေန-ဖြင့်၊ မာတိကံ - ခေါင်းစဉ်ကို၊ ထပေတွာ- ထားတော်မူပြီး၍၊ ဝိတ္ထာရတော, မနုဿဝိဂ္ဂဟပါရာဇိကံ- ကို၊ ဒဿေန္တော (ဟုတွာ)၊ သာမန္တိ သယံ ဟနတီတိအာဒိံ-ကို၊ အာဟ၊ တတြ-ထို သာမန္တိ သယံ ဟနတိ အစရှိသော ပါဠိရပ်၌၊ အယံ – ကား၊ အနုတ္တာနပဒဝဏ္ဏနာယ- မပေါ်လွင်သောပုဒ်တို့၏ အဖွင့်နှင့်၊ သဒ္ဓိံ, ဝိနိစ္ဆယကထာ-တည်း။

ကာယေနာတိ-ကား၊ ဟတ္ထေနဝါ-ဖြင့်သော်လည်း၊ ပါဒေနဝါ,မုဋ္ဌိနာဝါ-လက်သီးဖြင့်သော်လည်း၊ ဇာဏုနာဝါ-ဒူးဖြင့်သော်လည်း၊ ယေနကေနစိ-သော၊ အင်္ဂပစ္စင်္ဂေန-ကိုယ်အင်္ဂါအစိတ်အပိုင်းဖြင့်၊ (ဟနတိ-သတ်အံ့၊) [ကာယအရ တကိုယ်လုံး ရသော်လည်း ကိုယ်၏ အစိတ်အပိုင်းဖြစ်သော လက် စသည်ကို ဧကဒေသျူပစာရအားဖြင့် "ကာယ" ဟု ခေါ်နိုင်သည်။] ကာယပဋိဗဒ္ဓေနာတိ- ကား၊ ကာယတော – မှ၊ အမောစိတေန – မလွှတ်စေအပ်သော၊ အသိအာဒိနာ- သန်လျက်အစရှိသော၊ ပဟရဏေန- ပုတ်ခတ်ကြောင်းလက်နက်ဖြင့်၊ [ပဟရတိ ဧတေနာတိ ပဟရဏံ၊ ကာယေန-ကိုယ်နှင့်+ပဋိဗဒ္ဓံ-စပ်နေသော (မလွှတ်ဘဲ ဆက်၍နေသော) လက်နက်တည်း။] နိဿဂ္ဂိယေနာတိ- ကား၊ ကာယတောစ-မှသော်လည်း၊ ကာယပဋိဗဒ္ဓတောစ-ကိုယ်နှင့်စပ်သော ဝတ္ထုမှသော်လည်း၊ မောစိတေန – လွှတ်စေအပ်သော၊ ဥသုသတ္တိအာဒိနာ-မြှား, လှံ အစရှိသောလက်နက်ဖြင့်၊ (ဟနတိ-အံ့၊) [မြှားကိုပစ်ရာ၌ ကိုယ်နှင့်စပ်သော လေးမှလွှတ်ရသည်၊ လှံကို လွှတ်ရာ၌ကား ကိုယ်မှ လွှတ်ရသည်။] ဧတ္တာဝတာ - ဤမျှ အတိုင်းအရှည်ရှိသော ကာယေန အစရှိသော ပါဌ်ဖြင့်၊ သာဟတ္ထိယောစ – သာဟတ္ထိယပယောဂလည်း၊ နိဿဂ္ဂိယောစ - လည်း၊ ဣတိ, ဒွေ- နှစ်သော၊ ပယောဂါ- တို့သည်၊ ဝါ–တို့ကို၊ ဝုတ္တာ ဟောန္တိ။

တတ္ထ-ထို ၂ပါးသောပယောဂတို့တွင်၊ ဧကမေကော-တပါးတပါးသော ပယောဂသည်၊ ဥဒ္ဒေသာနုဒ္ဒေသဘေဒတော- ရည်ရွယ်ခြင်း မရည်ရွယ်ခြင်း၏ အပြားအားဖြင့်၊ တနည်း– ဥဒ္ဒိဿာနုဒ္ဒိဿဘေဒတော- ရည်ရွယ်၍ဖြစ်ခြင်း ရှိသောပယောဂ မရည်ရွယ်ဘဲ ဖြစ်ခြင်းရှိသော ပယောဂ၏ အပြားအားဖြင့်၊

ဥဒ္ဒိဿာနုဒ္ဒိဿ။ ။နေ၌ "ဥဒ္ဒေသိကေ"ဟု ရှိသောကြောင့်"ဥဒ္ဒေသာနုဒ္ဒေသ- ရည်ရွယ်ခြင်း, မရည်ရွယ်ခြင်း "ဟု ရှိသင့်၏၊ ကန်ိဋ္ဌကာ၌ကား " ဥဒ္ဒိဿာနုဒ္ဒိဿ " ဟုပင် တွာပစ္စယန္တပါဌ်ကို ယူ၍ ဖွင့်သွားသည်။

www.dhammaransi.com

ဒုဝိဓော၊ တတ္ထ-ထို ၂ ပါးတို့တွင်၊ ဥဒ္ဒေသိကေ-ရည်ရွယ်ခြင်းရှိသော ပယောဂ၌၊ ယံ-အကြင်သူ့ကို၊ ဥဒ္ဒိဿ-ရည်ရွယ်၍၊ ပဟရတိ-၏၊ တဿေဝ-ထိုသူ၏သာလျှင်၊ မရဏေန- ကြောင့်၊ ကမ္မုနာ - ပါရာဇိကံသည်၊ ဗဇ္ဈတိ-ဖွဲ့အပ်၏၊ [ပါရာဇိကံ အထမြောက်သည် - ဟူလို။] ယောကောစိ-သည်၊ မရတု-သေပစေ၊ ဧတိစံ-သို့၊ အနုဒ္ဒေသိကေ-ရည်ရွယ်ခြင်း မရှိသော ပယောဂ၌၊ ပဟာရပ္ပစ္စယာ - ပုတ်ခတ်ခြင်းဟူသော အကြောင်းကြောင့်၊ ယဿ ကဿစိ- ၏၊ မရဏေန ကမ္မုနာ ဗဇ္ဈတိ၊ စ - ဆက်၊ ဥဘယထာပိ- ဥဒ္ဒေသ အနုဒ္ဒေသ ၂ ပါးစုံ အပြားအားဖြင့်လည်း၊ [ဥဘယထာပိတိ-ဥဒ္ဒေသာနုဒ္ဒေသာနံ စသည်။] ပဟရိတမတ္တေဝါ - ပုတ်ခတ်အပ်ကာမျှ၌ မူလည်း၊ မရတု-သေပစေ၊ ပစ္ဆာဝါ-နောက်၌မူလည်း၊ တေနေဝ ရောဂေန-ထိုရောဂါကြောင့်ပင်၊ (မရတု)၊ ပဟရိတမတ္တေယေဝ-ပုတ်ခတ်အပ်ပြီးကာမျှ၌သာလျှင်၊ ကမ္မုနာ ဗဇ္ဈတိ။

စ-ဆက်၊ မရဏာဓိပ္ပါယေန- သေခြင်း၌ဖြစ်သော အလိုဖြင့်၊ ဝါ-သေစေလိုသဖြင့်၊ ပဟာရံ-ကို၊ ဒတွာ-ပေးပြီး၍၊ တေန-ထိုပုတ်ခတ်ခြင်းကြောင့်၊ အမတဿ - မသေသူအား၊ ပုန, အညစိတ္တေန - မရဏာဓိပ္ပါယမှ တပါးသော စိတ်ဖြင့်၊ [စိတ်ဆိုး၍ ပုတ်ခတ်ခြင်းစသည်ကို ဆိုလိုသည်။]ပဟာရေ-ကို၊ ဒိန္နေ-သော်၊ ပစ္ဆာပိ - လည်း၊ ပဌမပ္ပဟာရေနေဝ - ပဌမပုတ်ခတ်ခြင်းကြောင့်သာလျှင်၊ ယဒိမရတိ-အကယ်၍သေအံ့၊ တဒါဧဝ-ထို ပဌမပုတ်ခတ်ရာအခါ၌သာ၊ ကမ္မုနာ-သည်၊ ဗဒ္ဓေါ-ဖွဲ့အပ်၏၊ အထ-သို့မဟုတ်၊ ဒုတိယပ္ပဟာရေန- ကြောင့်၊ (ယဒိ)မရတိ၊ (ဧဝံသတိ)၊ ပါရာဇိကံ နတ္ထိ- သည်၊နတ္ထိ၊ [ဒုတိယပ္ပဟာရ၌ မရဏာဓိပ္ပါယ မရှိသောကြောင့်တည်း။] ဥဘယေဟိ - ၂ ပါးစုံသောပုတ်ခတ်ခြင်းတို့ကြောင့်မတေပိ-သေသော်လည်း၊ပဌမပ္ပဟာရေနေဝ-ကြောင့်သာလျှင်၊ ကမ္မုနာ ဗဒ္ဓေါ၊ ဥဘယေဟိ- ၂ ပါးသော ပုတ်ခတ်ခြင်းတို့ကြောင့်၊ အမတေ-မသေလသော်၊ ပါရာဇိကံ ပါတော- သည်၊ နေဝတ္ထိ-မရှိသည်သာ၊ ဗဟူဟိပိ-များစွာသောရဟန်းတို့သည်လည်း၊ ဧကဿပိ-တယောက်သော သူအားလည်း၊ ပဟာရေ- ကို၊ ဒိန္နေ - ပေးအပ်သော်၊ သေနယော- တည်း၊(ကဿ-ကြောင့်၊ သေနယော-သည်၊ ဟောတိ-နည်း၊)ဟိ(ယဿ)-

ပဌမပ္ပဟာရေနေဝ။ ။"ပယောဂေါ, တေန စ မရဏံ- လုလ္လပြုခြင်း, ထိုလုလ္လကြောင့်ပင် သေခြင်း" ဟူသော အင်္ဂါနှင့်ညီသောကြောင့် ပဌမပ္ပဟာရ အတွက်သာ ပါရာဇိကံ ထိုက်သည်၊ ဒုတိယပ္ပဟာရကား ပဌမကံ အားရှိအောင် အကူအညီသာ ဖြစ်၍ ဒုတိယပ္ပဟာရကြောင့် ပါရာဇိကံ မထိုက်။

www.dhammaransi.com

ကြောင့်၊ တတြာပိ-ထိုသို့ အများဝိုင်း၍ပုတ်ခတ်ကြရာ၌လည်း၊ ယဿ-အကြင် ရဟန်း၏၊ ပဟာရေန – ကြောင့်၊ မရတိ – ၏၊ တဿေဝ – ထိုသေအောင် ပုတ်ခတ်သော ရဟန်း၏ အပေါ်၌သာလျှင်၊ ကမ္မုနာ ဗဒ္ဓေါ ဟောတိ၊ ဣတိ– ကြောင့်၊ (သေနယော, ဟောတိ-၏)။ [အများဝိုင်း၍သတ်ရာ၌ (၁)တရားခံ မျိုးတည်း။]

စ–ဆက်၊ ဧတ္ထ-၌ ကိုယ်တိုင်သတ်ရာ၌၊ ကမ္မာပတ္တိဗျတ္တိဘာဝတ္ထံ– အနန္တ ရိယစသော ကံအပြား,ပါရာဇိကစသောအာပတ်အပြား၏ ထင်ရှားဖြစ်ခြင်း အကျိုးငှါ၊ ဧဠကစတုက္ကံပိ - ဧဠကစတုက္ကကိုလည်း၊ဝေဒိတဗ္ဗံ၊ဟိ–ချဲ့၊ ယော– အကြင်ရဟန်းသည်၊ ဧဠကံ-သိုးကို၊ ကေသ္မိံ ဌာနေ-၌၊ နိပန္နံ-အိပ်နေသည်ကို၊ ဥပဓာရေတိ–မှတ်ထား၏၊ (ကိံ- အဘယ်သို့ကြံ၍ မှတ်ထားသနည်း၊) ရတ္တိံ - ၌၊ အာဂန္တွာ, ဝဓိဿာမိ - သတ်အံ့၊ ဣတိ-ဤသို့ကြံ၍၊ (ဥပဓာရေတိ–၏၊) စ- ဆက်၊ ဧဠကဿ – ၏၊ နိပန္နောကာသေ - အိပ်ရာအရပ်၌၊ တဿ-ထို ရဟန်း၏၊ မာတာဝါ–သည်သော်၎င်း၊ပေ၊ပဏ္ဍုကာသာဝံ-ဖျော့တော့သော သင်္ကန်းကို၊ [သိုးမွေးအဆင်းနှင့် တူသောသင်္ကန်းကို – ဟူလို။] ပါရုပိတွာ – ခြုံ၍၊ နိပန္နော-သည်၊ ဟောတိ-၏၊ သော–ထို ရဟန်းသည်၊ ရတ္တိဘာဂေ–၌၊ အာဂန္တွာ[မာရေတိ၌စပ်၊]ဧဠကံ, မာရေမိ- အံ့၊ ဣတိ- ဤသို့ကြံ၍၊ မာတရံ ဝါ - ကိုသော်၎င်း၊ ပေ၊မာရေတိ - သတ်မိအံ့၊ ဣမံ ဝတ္ထုံ – ဤ အိပ်နေသော ဝတ္ထုကို၊ မာရေမိ– အံ့၊ ဣတိ စေတနာယ - ဤသို့သော စေတနာ၏၊ အတ္ထိ ဘာဝတော-ထင်ရှားရှိသည်၏ အဖြစ်ကြောင့်၊ ဃာတကောစ - သတ်တတ်သူ သည်လည်း၊ ဟောတိ - ၏၊ အာနန္တရိယကမ္မဉ္စ – အာနန္တရိယကံ သို့လည်း၊ ဖုသတိ–ထိရောက်၏၊ပါရာဇိကဉ္စ- သို့လည်း၊ အာပဇ္ဇတိ–၏၊ အညော–သော၊ ကောစိ-သော၊အာဂန္တုကော- အာဂန္တုကရဟန်းသည်၊နိပန္နော ဟောတိ၊ ဧဠကံ, မာရေမိ-အံ့၊ ဣတိ-၍၊ တံ-ထို အာဂန္တုက ရဟန်းကို၊ မာရေတိ-အံ့၊ ပေ၊ယက္ခောဝါ–ဘီလူးသည်သော်၎င်း၊ ပေတောဝါ–ပြိတ္တာသည်သော်၎င်း၊

ကမ္မာပတ္တိဗျတ္တိဘာဝတ္ထံ။ ။အာနန္တရိယစသောကံ အပြား, ပါရာဇိကစသော အာပတ်အပြားကို " ကမ္မာပတ္တိ "ဟု ဆိုသည်၊ ဗျတ္တိဘာဝကား ဝိဘာဝနနှင့် အနက်တူတည်း၊ [ကမ္မဉ္စ+ အာပတ္တိစ ကမ္မာပတ္တိ၊ တဿာ + ဗျတ္တိဘာဝေါ ကမ္မာပတ္တိဗျတ္တိ ဘာဝေါ။]

ဣမံ၊ပေ၊အတ္ထိဘာဝတော ။ ။ " သိုးကိုသတ်အံ့ "ဟု ကြံသော စေတနာသည် ပုဗ္ဗစေတနာဖြစ်၏၊"ဤဝတ္ထုကိုသတ်၏"ဟူသော ဆုံးဖြတ်ကြောင်းစေတနာသည်သာ လိုရင်းဖြစ်သောကြောင့် ဤစေတနာအတွက် မိဘရဟန္တာကို သတ်မိလျှင် အာနန္တရိယ ကံ ထိုက်၍, အခြားသူကိုသတ်မိလျှင် ပုဂ္ဂိုလ်အလိုက် ပါရာဇိကစသည် ဖြစ်၏။

www.dhammaransi.com

နိပန္နော,ဟောတိ-အံ့၊ ဋ္ဌေကံ,မာရေမိ-အံ့၊ ဣတိ-၍၊ တေ-ထိုဘီလူးပြိတ္တာတို့ကို၊ မာရေတိ-အံ့၊ ဃာတကော၀-သတ်တတ်သူသည်သာလျှင်၊ ဟောတိ၊ အာနန္တရိယံစ- သို့လည်း၊ န ဖုသတိ၊ ပါရာဇိကံစ- သို့လည်း၊ န အာပဇ္ဇတိ၊ ပန – အန္တယကား၊ ထုလ္လစ္စယံ ဟောတိ၊ အညော - သော၊ ကောစိ- သော၊ နိပန္နော-သည်၊ နတ္ထိ-အံ့၊ ဋ္ဌေကော၀ - သိုးသည်သာ၊ ဟောတိ-ရှိအံ့၊ တံ-ထိုသိုးကို၊ မာရေတိ – အံ့၊ ဃာတကောစ ဟောတိ၊ ပါစိတ္တိယဉ္စ အာပဇ္ဇတိ၊ မာတာပိတု အရဟန္တာနံ-တို့တွင်၊ အညတရံ-တယောက်ယောက်ကို၊ မာရေမိ-သတ်အံ့၊ ဣတိ-၍၊ တေသံယေ၀-ထိုမိဘ ရဟန္တာတို့တွင်ပင်၊ အညတရံ- ကို၊ မာရေတိ-၏၊ပေ၊တေသံ-ထိုမိဘ ရဟန္တာတို့တွင်၊ အညတရံ-ကို၊မာရေဿာမိ-အံ့၊ ဣတိ- ၍၊ အညံ- သော၊ အာဂန္တုကံ- ကို၊ မာရေတိ- အံ့၊ ယက္ခံ၀ါ- ကိုသော်၎င်း၊ပေ၊ဋ္ဌေကံ၀ါ – ကိုသော်လည်း၊ မာရေတိ-အံ့၊ ပုဗ္ဗေ ဝုတ္တနယေန ဝေဒိတဗ္ဗံ၊ [ထိုက်သည်အားလျော်စွာ ပါရာဇိက, ထုလ္လစ္စည်း, ပါစိတ်များ သင့်ကြသည်–ဟူလို၊] ပန-ထိုသို့ပင် အာနန္တရိယကံ မထိုက်ပါသော်လည်း၊ ဣဓ-ရဟန္တာကိုသတ်မည်ဟု ကြံ၍ အာဂန္တုကစသူကို သတ်မိရာ၌၊ စေတနာ-သည်၊ ဒါရုဏာ-ကြမ်းတန်းသည်၊ ဟောတိ-၏၊ ဣတိ-သို့၊ (''ဝေဒိတဗ္ဗံ-၏'' ဟု ဋ္ဌေကစတုက္ကမှ် ဝေဒိတဗ္ဗံ၌ ပြန်စပ်။)

ဧတ္ထ – ဤ ကိုယ်တိုင်သတ်ရာ၌၊ အညာနိပိ– ဋ္ဌေကစတုက္ကမှ အခြားလည်းဖြစ်ကုန်သော၊ ပလာလပုဉ္ဇာဒိဝတ္ထူနိ-ပလာလပုဉ္ဇ အစရှိသောဝတ္ထုတို့ကို၊ ဝေဒိတဗ္ဗာနိ၊ ဟိ-ချဲ့၊ ယော-အကြင် ရဟန်းသည်၊ လောဟိတကံ-သွေးတို့ဖြင့်လိမ်းကျံအပ်သော၊ [လောဟိတမက္ခိတံ။] အသိံ ၀ါ-ကိုသော်၎င်း၊ သတ္တိံ ၀ါ-လှံကိုသော်၎င်း၊ ပုဋ္ဌိဿာမိ-သုတ်အံ့၊ ဣတိ-၍၊ ပလာလပုဉ္ဇေ-ကောက်ရိုးပုံ၌၊ ပဝေသေန္တော– သွင်းလသော်၊ [သွေးပြောင်အောင် ကောက်ရိုးပုံထည်း၌ သွင်းလသော်။] တတ္ထ– ထိုကောက်ရိုးပုံထည်း၌၊ နိပန္နံ- သော၊ မာတရံ-ကိုသော်၎င်း၊ပေ၊မာရေတိ-သေစေအံ့၊ ဝေါဟာရဝသေန– ခေါ်ဝေါ်ပြောဆိုရိုး၏ အစွမ်းဖြင့်၊ ဃာတကောတိ - သတ်သူဟူ၍၊ ဝုစ္စတိ- ၏၊ ပန - ထိုသို့ပင်ဆိုအပ်ပါသော်လည်း၊ ဝဓကစေတနာယ–သတ်ကြောင်းစေတနာ၏၊ အဘာ

ဩပါတခနကော–တွင်းတူးသောရဟန်းသည်၊ ဩပါတံ- ကို၊ အညဿ– အား၊ ဝိက္ကိဏာတိဝါ– ရောင်းမူလည်း ရောင်းလိုက်အံ့၊ မုဓာဝါ–အချည်းနှီး မူလည်း၊ ဝါ- အဖိုးမဲ့မူလည်း၊ ဒေတိ - ပေးလိုက်အံ့၊ ယောယော - အကြင် အကြင်သူသည်၊ ပတိတွာ မရတိ၊ တပ္ပစ္စယာ – ထိုထိုသူ၏ သေခြင်းဟူသော အကြောင်းကြောင့်၊ တဿေဝ-ထို တွင်းတူးသောရဟန်းကိုသာ၊ ဝါ-၏သာ၊ အာပတ္တိစ-သည်ငင်း၊ ကမ္မဗန္ဓေါစ-ကံဖြင့်ဖွဲ့ခြင်းသည်ငင်း၊ (ဟောတိ)၊ ယေန- အကြင်ရဟန်းသည်၊ (ဩပါတော- တွင်းကို၊) လဒ္ဓေါ- ရအပ်ပြီ၊ သော- ထို ရသောရဟန်းသည်၊ နိဒ္ဒေါသော- အပြစ်မရှိ၊ အထ-သို့မဟုတ်၊ သောပိ–ထို ရသောရဟန်းသည်လည်း၊ ဝံ-ဤသို့ပြုလသော်၊ ပတိတာ-ကျပြီးသောသတ္တာ တို့သည်၊ ဥတ္တရိတုံ – တွင်းပေါ်သို့တက်ခြင်းငှါ၊ အသက္ကောန္တာ – န်သည်၊

www.dhammaransi.com

(ဟုတွာ) နသဓိသန္တိ-ပျက်စီးကုန်လတ္တံ့၊ သုဥဒ္ဓရာ ဝါ-လွယ်ကူစွာထုတ်ဆယ် အပ်ကုန်သည်မူလည်း၊ န ဘဝိဿန္တိ-နိလတ္တံ့၊ ဣတိ- ဤသို့ကြံ၍၊ တံ ဩပါတံ-မိမိရအပ်သောထိုတွင်းကို၊ဂန္ဓိရတရံ ဝါ-သာ၍နက်အောင်သော်၎င်း၊ဥတ္တာန တရံ ဝါ - သာ၍ တိမ်အောင်သော်၎င်း၊ ဒီဃတရံ ဝါ - သာ၍ ရှည်အောင် သော်၎င်း၊ ရဿတရံ ဝါ- သာ၍ တိုအောင်သော်၎င်း၊ ဝိတ္ထတတရံ ဝါ- သာ၍ ကျယ်ပြန့်အောင်သော်၎င်း၊ သမ္ဗာဓတရံ ဝါ - သာ၍ ကျဉ်းအောင်သော်၎င်း၊ ကရောတိ-အံ့၊ ဥဘိန္နံပိ- ၂ ပါးသော ရဟန်းတို့ကိုလည်း၊ [တွင်းတူးသူ, တွင်း ရသူ ၂ယောက်လုံး-ဟူလို။] အာပတ္တိစ ကမ္မဗန္ဓေါစ (ဟောတိ)။

ဗဟူ- များစွာကုန်သော သတ္တာတို့သည်၊ မရန္တိ- နိ၏၊ ဣတိ- ဤသို့ကြံ၍၊ ဝိပ္ပဋိသာရေ- နှလုံးမသာမယာခြင်းသည်၊ ဥပ္ပန္နေ-သော်၊ ဩပါတံ-ကို၊ ပံသု နာ-မြေမှုံဖြင့်၊ ပူရေတိ- ပြည့်စေအံ့၊ ဝါ- ဖို့အံ့၊ ကောစိ- တစုံတယောက်သည်၊ ပံသုမှိ-၌၊ ပတိတွာ-၍၊ သစေပိမရတိ၊ [ဤဝါကျမျိုး၌ ပိသဒ္ဒါပါသင့်၏၊ နေဒံ အဒုဟလကထာ၌ ပိပါသည်။] (ဝေံသတိ) ပူရေတွာပိ-၍လည်း၊ မူလဋ္ဌော-သည်၊ (တွင်းတူးသောရဟန်းသည်)၊ န မုစ္စတိ၊ ဒေဝေ - မိုဃ်းသည်၊ ဝဿ န္တေ-သော်၊ ကဒ္ဒမော- ညွန်သည်၊ ဟောတိ- အံ့၊ (ဖို့အပ်သောတွင်းထည်း၌ မြေမှုန်တွေက ညွန်ဖြစ်နေအံ့၊) တတ္ထ-ထိုညွန်၌၊ လဂ္ဂိတွာ-ငြိကပ်၍၊ မတေပိ-သော်လည်း၊ (မူလဋ္ဌော န မုစ္စတိ၊) ပတန္တော- လည်းသော၊ ရုက္ခော ဝါ-သည်သော်၎င်း၊ ဝါတော ဝါ - လေသည် သော်၎င်း၊ ဝဿောဒကံ ဝါ - မိုဃ်းရေသည် သော်၎င်း၊ ပံသုံ - ကို၊ ဟရတိ - ပို့ဆောင်အံ့၊ ဝါ - ဖို့အံ့၊ [တွင်းထည်း၌ဖို့ပြီးသားဖြစ်သွားအံ့၊] ကန္ဒမူလတ္ထံ- သစ်ဉ သစ်မြစ်အကျိုးငှါ၊ ပထဝိံ - ကို၊ ခဏန္တာ ဝါ - တူးသူတို့သည်သော်လည်း၊ တတ္ထ- ထိုအရပ်၌၊ (မြေဖို့နေသော တွင်းဟောင်းအရပ်၌၊) အာဝါဋံ - ကို၊ ကရောန္တိ - နိအံ့၊ တတ္ထ-ထိုတွင်း၌၊ ကောစိ- သည်၊ လဂ္ဂိတွာ ဝါ - ၍သော်၎င်း၊ ပတိတွာ ဝါ-၍သော်၎င်း၊ သစေ မရတိ- အံ့၊ (ဝေံသတိ)၊ မူလဋ္ဌော- သည်၊ န မုစ္စတိ။

ပန- အနွယကား၊ တသ္မိံ ဩကာသေ - ထိုတွင်းအရပ်၌၊ မဟန္တံ – သော၊ တဠာကံ-တဘက်ဆည်းကန်ကို၊ ကာရေတွာ ဝါ- ပြုစေပြီး၍သော်၎င်း၊ ဝါ- မှသော်၎င်း၊ ပေါက္ခရဏိံ-လေးထောင့်ကန်ကို၊ ကာရေတွာ ဝါ, စေတိယံ-ကို၊ ပတိဋ္ဌာပေတွာ ဝါ-တည်စေပြီး၍သော်၎င်း၊ ဝါ- မှသော်၎င်း၊ ဗောဓိံ - ဗောဓိပင်ကို၊ ရောပေတွာ ဝါ - စိုက်ပြီး၍ သော်၎င်း၊ ဝါ – မှသော်၎င်း၊ အာဝါသံ-နေရာကျောင်းကို၊ ကာရေတွာ ဝါ၊ သကဋမဂ္ဂံ-ကို၊ ကာရေတွာ ဝါ, မုစ္စတိ၊ ယဒါပိ-အကြင်အခါ၌လည်း၊ ထိရံ-အောင်၊ ကတွာ,ပူရိတေ-ပြည့်စေ

www.dhammaransi.com

အပ်သော၊ ဩပါတေ-၌၊ ရုက္ခာဒီနံ-တို့၏၊ မူလာနိ-အမြစ်တို့သည်၊ ဝါ-တို့ကို၊ မူလေဟိ-တို့သည်၊ သံ သိဗ္ဗိတာနိ-ချုပ်စပ်အပ်ကုန်သည်၊ ဝါ-ရောယှက်ကုန်သည်၊ ဟောန္တိ-န်၏၊ ဇာတပထဝီ-ဇာတပထဝီသည်၊ ဝါ-မြေကြီးအစစ်သည်၊ ဇာတာ-ဖြစ်လေပြီ၊ [ခိုင်မြဲစွာ ဒင်ဆောင့်၍ဖို့ထားသောကြောင့် သစ်မြစ်များရောယှက်နေသည့်အတွက် ဖို့ထားသောမြေမှုန့်တွေ မြေကြီးအစစ်ဖြစ်နေပြီ – ဟူလို။] တဒါပိ–၌လည်း၊ မုစ္စတိ၊ နဒီ– သည်၊ အာဂတ္ဝာ– ၍၊ ဩပါတံ-ကို၊ သစေပိ ဟရတိ–အကယ်၍မူလည်း ဆောင်သွားအံ့၊ [မြစ်ရေစား၍ တွင်းပျက်သွားအံ့။] ဝေမ္ဗိ–ဤသို့ဆောင်သွားပြန်သော်လည်း၊ မုစ္စတိ–၏၊ ဣတိ-အပြီးတည်း၊ အယံ–ဤဆိုအပ်ပြီးကား၊ တာဝ-ပါသကထာစသည်တို့မှရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာ-သော၊) ဩပါတကထာ- ဩပါတကထာတည်း၊ ဝါ- တွင်းနှင့်စပ်သော စကားတည်း။

ပန-ဆက်၊ ဩပါတသော၀ - အားသာလျှင်၊ အနုလောမေသု–လျော်ကုန်သော၊ ပါသာဒီသုပိ-ကျောင်းအစရှိသော ဝတ္ထုတို့၌လည်း၊(အတ္တော ဧဝံ ဝေဒိတဗ္ဗော)၊ ယော – အကြင်ရဟန်းသည်၊ တာဝ - ဖိကျောက်စသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌံ)၊ ပါသံ – ကို၊ ဩဍ္ဍေတိ - ရှေးရှုထားအံ့၊ ဝါ- ထောင်ထားအံ့၊(ကိံ-အဘယ်သို့ကြံ၍ ထောင်ထားသနည်း၊)ဣတ္ထ- ဤကျောင်း၌၊ ဗဇ္ဈိတွာ - ဖွဲ့မိ၍၊ သတ္တာ – တို့သည်၊ မရိဿန္တိ - တံ့၊ ဣတိ- ၍၊ (ဩဍ္ဍေတိ)၊ အဝဿံ၊ ဗဇ္ဈနကသတ္တာနံ – ဖွဲ့မိလတံ့သော သတ္တဝါတို့၏၊ ဝသေန - ဖြင့်၊ ဟတ္တာ - မှ၊ မုတ္တမတ္တေ – လွတ်ပြီးကာမျှ ဖြစ်လသော်၊ ပါရာဇိကာနန္တရိယာ ထုလ္လစ္စယ ပါစိတ္တိယာနိ – ပါရာဇိကအာပတ် , အာနန္တရိယကံ, ထုလ္လစ္စည်း အာပတ်, ပါစိတ်အာပတ်တို့ကို၊ ဝေဒိတဗ္ဗာနိ– ကုန်၏၊ [လူမိ၍သေလျှင် ပါရာဇိက, မိဘ ရဟန္တာ မိ၍သေလျှင် အာနန္တရိယ, နတ် နဂါး ဂဠုန်မိ၍ သေလျှင် ထုလ္လစ္စည်း, တိရစ္ဆာန် မိ၍သေလျှင် ပါစိတ်-ဟု သိပါ။] ဥဒ္ဒိဿ- ၍၊ ကတေ–သော်၊ ဝါ- ပြုအပ်သော ကျောင်း၌၊ ယံ- အကြင်သူ့ကို၊ ဥဒ္ဒိဿ- ၍၊ ဩဍ္ဍိတော–ထောင်အပ်ပြီ၊ တတော–ထိုသူမှ၊ အညေသံ– အခြားသူတို့၏၊ ဗဇ္ဈနေ-ဖွဲ့မိခြင်း၌၊ [ဗန္ဓနေ - ဟုလည်း ရှိ၏၊ မကောင်း၊] အနာပတ္တိ- သည်၊ (ဟောတိ)၊ ပါသေ-ကို၊ မူလေနဝါ-အဖိုးဖြင့် သော်ငင်း၊ မုဓာဝါ-အချည်းနှီးသော်ငင်း၊ ဒိန္နေပိ- ပေးအပ်ပါသော်လည်း၊ မူလဋ္ဌဿေဝ– ၏သာ၊ ကမ္မဗဒ္ဓေါ - ဖွဲ့စပ်အပ်သော ပါဏာတိပါတကံသည်၊ (ဟောတိ)၊ [ထောင်ထားသော ကျောင်းကိုပေးသည့်အတွက် ရသူ၏ပယောဂလည်းမပါသေးသောကြောင့် ကျောင်းရှင်ရဟန်း၌သာ အပြစ်ဖြစ်သည်-ဟူလို။]

www.dhammaransi.com

ယေန-အကြင်ရဟန်းသည်၊ (ပါသော- ကို၊) လဒ္ဓေါ- ပြီ၊ သော- သည်၊ ဥဂ္ဂဋ္ဌိတံ - အထက်သို့ လျှော့တက်သော၊ ပါသံဝါ - ကိုမူလည်း၊ သစေ သဏ္ဌပေတိ–အကယ်၍ ကောင်းစွာတည်စေအံ့၊ ပသေယန- နံဘေးဖြင့်၊ ဂစ္ဆန္တေ-သွားသော သတ္တာတို့ကို၊ ဒိသွာ- ၍၊ ဝတိ° - စည်းရိုးကို၊ ကတွာ – ၍၊ ပါသမုခေ– ကျော့ကွင်း၏ ရှေးရှု၌၊ ဝါ - ကျော့ကွင်းလမ်းပေါက်၌၊ သစေ ပဝေသေတိ-အကယ်၍ ဝင်စေအံ့၊ ထဇ္ဇတရံ–သာ၍ သန်မာအောင်၊ ပါသယဋ္ဌိ°ဝါ-ကျော့ကွင်းတံကို မူလည်း၊ သစေ ထပေတိ - အကယ်၍ထားအံ့၊ [ကျော့ကွင်းတပ်ထားရာ ဒုတ်တံကို သာ၍သန်မာအောင် အခြားတချောင်းဖြင့် ပြောင်းလဲတပ်ထားအံ့၊] ဒဠှတရံ-သာ၍ခိုင်မြဲအောင်၊ ပါသရဇ္ဇုံဝါ-ကျော့ကွင်းကြိုးကို မူလည်း၊ သစေ ဗန္ဓတိ - အံ့၊ [သာ၍ခိုင်အောင် ပြင်၍ ဖွဲ့ချည်ထားအံ့၊] ထိရတရံ– သာ၍မြဲအောင်၊ ခါဏုကံဝါ - ငုတ်တိုင်ကိုမူလည်း၊ သစေ အာကောဋေတိ-အကယ်၍ ရိုက်နှက်အံ့၊[နဂိုရှိစိုက်ထားသောငုတ်ကို သာ၍ခိုင်မြဲအောင် ထပ်၍ရိုက်နှက် စိုက်အံ့၊]ဥဘောပိ-တို့သည်လည်း၊[ပဌမပြုလုပ်သော ရဟန်း, နောက်မှပြုပြင်သော ရဟန်း ၂ ပါး တို့သည်လည်း၊] နမုစ္စန္တိ၊ ဝိပ္ပဋိသာရေ-သည်၊ ဥပ္ပန္နေ - သော်၊ ပါသံ - ကို၊ ဥဂ္ဂဋ္ဌာပေတွာ - လျှောတက်စေ၍၊ ဝါ-ဖြုတ်၍၊ သစေပိ ဂစ္ဆတိ- အံ့၊ တံ - ထို ကျော့ကွင်းကို၊ ဒိသွာ–၍၊ ပုန-ဖန်၊ အညေ – အခြားသူတို့သည်၊ သစေပိ သဏ္ဌပေန္တိ - န်အံ့၊ ဗဒ္ဓါ ဗဒ္ဓါ - ဖွဲ့မိကုန်, ဖွဲ့မိကုန်သောသတ္တာတို့သည်၊ သစေပိ မရန္တိ၊ (ဧဝံသတိပိ)၊ မူလဋ္ဌော-သည်၊ န မုစ္စတိ။

ပန-ဆက်၊ ယေန - ထိုရဟန်းသည်၊ ပါသယဋ္ဌိ-သည်၊ ဝါ-ကို၊ သယံ–တိုင်၊ အကတာ-သည်၊ သစေ ဟောတိ၊(ဧဝံသတိ)၊ ဂဟိတဋ္ဌာနေ-ယူအပ်ရာအရပ်၌၊ ထပေတွာ - ပြန်ထားပြီး၍၊ ဝါ-ပြီးသော်၊မုစ္စတိ၊ တတ္ထဇာတကယဋ္ဌိ°-ထိုထောင်ရာအရပ်၌ဖြစ်သောဒုတ်တံကို၊ ဆိန္ဒိတွာ-ပြီး၍၊ ဝါ–ပြီးသော်၊ မုစ္စတိ၊ ပန-ဗျတိရိက်ကား၊ သယံ, ကတယဋ္ဌိ°–ကို၊ ဂေါပေန္တော ပိ-လုံခြုံစေပါသော်လည်း၊ ဝါ-သိမ်းထားပါသော်လည်း၊ န မုစ္စတိ၊ ဟိ-မှန်၏၊(တနည်း)၊ဟိ-ချဲ့၊ [ဂေါပေန္တောပိ နမုစ္စတိကို ချဲ့ပြလိုသောကြောင့် " ယဒိ ဟိ " စသည်မိန့်၊] တံ– ထိုကျော့ကွင်းတံကို၊ အညော-သည်၊ ဂဏှိတွာ၊ ပါသံ–ကို၊ ယဒိ သဏ္ဌပေတိ–အံ့၊ တပ္ပစ္စယာ - ထို ကျော့ကွင်း၌ မိခြင်းဟူသောအကြောင်းကြောင့်၊ မရန္တေသု - န်လသော်၊ မူလဋ္ဌော-သည်၊ [ကျော့ကွင်းတံပြုလုပ်သော ရဟန်းသည်၊]န မုစ္စတိ၊ တံ– ထိုကျော့ကွင်းတံကို၊ ဈာပေတွာ- မီးရှို့၍၊ အလာတံ-မီးစကို၊ ကတွာ, သစေ ဆဍ္ဍေတိ - အံ့၊ (ဧဝံသတိ) ယေန အလာတေန- ဖြင့်၊

www.dhammaransi.com

ပဟာရံ- ကို၊ လဒ္ဓါ–ရ၍၊ မရန္တေသုပိ- သေကုန်သော်လည်း၊ န မုစ္စတိ၊ ပန-
အန္တယကား၊ သမ္ဗသော - ကြွင်းမဲ့ဥဿုံ, အလုံးစုံအားဖြင့်၊ ဈာပေတွာဝါ-
မီးရှို့ပြီး၍သော်၎င်း၊ ဝါ - ပြီးမှသော်၎င်း၊ နာသေတွာဝါ- ဖျက်ဆီးပြီး၍
သော်၎င်း၊ ဝါ-ပြီးမှသော်၎င်း၊ မုစ္စတိ၊ ပါသရဇ္ဇုမ္ပိ – ကိုလည်း၊ အညေဟိ–
တို့သည်၊ ဝဋ္ဋိတံစ-ကျစ်အပ်သော ကျော့ကွင်းကြိုးကိုလည်း၊ ဂဟိတဋ္ဌာနေ-၌၊
ထပေတွာ မုစ္စတိ၊ ရဇ္ဇုကေ - ကြိုးငယ်တို့ကို၊ လဘိတွာ သယံ, ဝဋ္ဋိတံ-လုံးစေ
အပ်သောကြိုးကို၊ ဝါ - ကျစ်အပ်သောကြိုးကို၊ ဥဗ္ဗေဋ္ဌေတွာ - အလွန်းကိုဖြေ၍
၎င်း၊ ဝါကေ-လျှော်တို့ကို၊ လဘိတွာ, ဝဋ္ဋိတံ-ကို၊ ဟီရံ ဟီရံ-အမျှင်အမျှင်ကို၊
ကတွာ-ပြီး၍၎င်း ၊မုစ္စတိ၊ ပန-ဆက်၊ အရညတော-မှ၊ သယံ, ဝါကေ–တို့ကို၊
အာဟရိတွာ-၍၊ ဝဋ္ဋိတံ-ကို၊ ဂေါပေန္တောပိ-သော်လည်း၊ န မုစ္စတိ၊ပန-အန္တ
ယကား၊ သမ္ဗသော, ဈာပေတွာဝါ နာသေတွာဝါ မုစ္စတိ။

အဒုဟလံ-ဖိကို၊ [လာသောသတ္တာကို ဖိ၍သေစေတတ်သောကြောင့်"ဖိ=
ဘိ" ဟု ခေါ်အပ်သော ညှောင်စောင်းကို။] သဇ္ဇေန္တော - စီစဉ်သောရဟန်း
သည်၊ စတူသု - ၄ ဘက်ကုန်သော၊ ပါဒေသု – ခြေတို့၌၊ အဒုဟလမဉ္စံ -
ဖိညှောင်စောင်းကို၊ ထပေတွာ - ၍၊ ပါသာဏေ – တို့ကို၊ အာရောပေတိ -
တင်အံ့၊ [လေးအောင် ကျောက်ခဲတွေကိုတင်အံ့။] ပယောဂေ ပယောဂေ -
တိုင်း၌၊ ဒုက္ကဋံ (ဟောတိ)၊ သမ္ဗသဇ္ဇံ - အလုံးစုံပြင်ဆင်အပ်သည်ကို၊ ကတွာ-
ပြုပြီး၍၊ ဟတ္ထတော - မှ၊ မုတ္တ မတ္တေ- သော် ၊အဝသံ၊ အဇ္ဈောတ္ထရိတဗ္ဗက
သတ္တာနံ - လွှမ်းဖိထိုက်သော သတ္တာတို့၏၊ ဝသေန - ဖြင့်၊ ဩဒိဿကာနော
ဒိဿကာနုရူပနေ- ရည်မှန်းအပ်သော သတ္တာ, မရည်မှန်းအပ်သော သတ္တာ
တို့အား လျော်သဖြင့်၊ ပါရာဇိကာဒီနိ - ပါရာဇိကအစရှိသော အပြစ်တို့ကို၊
ဝေဒိတဗ္ဗာနိ - န်၏၊ အဒုဟလေ- ကို၊ ပေ၊ ကမ္မဗန္ဓော - သည်၊ (ဟောတိ)၊
ယေန–အကြင်ရဟန်းသည်၊ (အဒုဟလံ-ကို၊) လဒ္ဓံ-ပြီ၊ သော-သည်၊ ပတိတံ
ဝါ - ကျနေသော ဖိကိုမူလည်း၊ သစေ ဥက္ခိပတိ– အကယ်၍ မြှောက်တင်အံ့၊
အညေ–မူလကျော့်မှ အခြားကုန်သော၊ ပါသာဏေပိ–တို့ကိုလည်း၊ အာရော
ပေတွာ- ၍၊ ဂရုကတရံဝါ – သာ၍ လေးသည်ကိုမူလည်း၊ သစေကရောတိ၊
ပဿေန- ဖြင့်၊ ဂစ္ဆန္တေ- တို့ကို၊ ဒိသွာ–၍၊ ဝတိံ –ကို၊ ကတွာဝါ-မူလည်း၊
အဒုဟလေ–၌၊ ဝါ– ဖိကျော့်ရှိရာလမ်း၌၊ သစေ ပဝေသေတိ၊ (ဧဝံသတိ)၊
ဥဘောပိ–တို့သည်လည်း၊ နမုစ္စန္တိ- န်၊ ဝိပ္ပဋိသာရေ– သည်၊ ဥပ္ပန္နေ - သော်၊
အဒုဟလံ– ကို၊ ပါတေတွာ– ၍၊ သစေပိ ဂစ္ဆတိ–ဉုးတော့၊ (ဧဝံသတိပိ)၊
တံ-ထိုဖိကို၊ ဒိသွာ–၍၊ အညော-သည်၊ သဏ္ဌာပေတိ-အံ့၊ မူလဋ္ဌော နမုစ္စတိ၊

www.dhammaransi.com

ပန- အန္ဒယကား၊ ပါသာဏေ - တို့ကို၊ ဂဟိတဋ္ဌာနေ - ၌၊ ထပေတွာ - ၍၊ အဒုဟာလပါဒေစ- တို့ကိုလည်း၊ ပါသယဋ္ဌိယံ-ကျော့ကွင်းတံ၌၊ ဝုတ္တနယေန- ဖြင့်၊ ဂဟိတဋ္ဌာနေ- ၌၊ ထပေတွာဝါ-ငှင်း၊ ဈာပေတွာဝါ-ငှင်း၊ မုစ္စတိ။

သူလံ - တံကျင်ကို၊ ရောပေန္တဿာပိ – စိုက်သော ရဟန်း၏လည်း၊ သဗ္ဗ သဏ္ဌံ–အလုံးစုံပြင်ဆင်အပ်သည်ကို၊ ကတွာ,ဟတ္ထတော-မှ၊ မုတ္တမတ္တေ-သော်၊ သူလမုခေ–တံကျင် အဥုး၌၊ ဝါ-တံကျင်ဖျား၌၊ ပတိတွာ အဝသံ, မရဏက သတ္တာနံ-တို့၏၊ပေ၊သော-ထိုတံကျင်ရသော ရဟန်းသည်၊ ကေပ္ပဟာခေနေဝ- တပြိုက်နက်ထည်းဖြင့် သာလျှင်၊ မရိဿန္တိ-န်လတ့်၊ ဣတိ-ဤသို့ကြံ၍၊ တိခိဏ တရံဝါ-သာ၍ထက်အောင် သော်လည်း၊ သစေ ကရောတိ၊ ဒုက္ခံ–ဆင်းဆင်း ရဲရဲ၊ မရိဿန္တိ၊ ဣတိ, ကုဏ္ဌတရံဝါ– သာ၍ တုံးအောင်သော်လည်း၊ သစေ ကရောတိ၊ ဥစ္စံ-မြင့်နေ၏၊ ဣတိ-သို့၊ သလ္လက္ခေတွာ-မှတ်သား၍၊ နီစတရံဝါ- သာ၍ နိမ့်အောင်သော်ငှင်း၊ နီစံ-နိမ့်နေ၏၊ ဣတိ သလ္လက္ခေတွာ,ဥစ္စတရံဝါ- သာ၍ မြင့်အောင်သော်ငှင်း၊ ပုန - တဖန်၊ ဝါ - ပြင်၍၊ ရောပေတိ – စိုက်အံ့၊ ဝင်္က - ကောက်သော တံကျင်ကို၊ ဥဇုကံဝါ– ဖြောင့်အောင်သော်ငှင်း၊ အတိ ဥဇုကံ – အလွန်ဖြောင့်သော တံကျင်ကို၊ ဤသကံ – စဉ်းငယ်၊ ပေါဏံ ဝါ- ကိုင်းအောင်သော်ငှင်း၊ သစေ ကရောတိ ၊ပေ၊ ပန - ဆက်၊ အဌာနေ - မတည် သင့်သော အရပ်၌၊ ဌိတံ – တည်နေ၏၊ ဣတိ - ဤသို့ကြံ၍၊ အညသ္မိံ ဌာနေ- အခြားအရပ်၌၊ သစေ ထပေတိ၊တံ-ထိုတံကျင်သည်၊ ဝါ-ကို၊ မာရဏတ္ထာယ- သေစေခြင်းအကျိုးငှါ၊ အာဒိတော, ပဘုတိ – ၍၊ ပရိယေသိတွာ – ၍၊ ကတံ- ပြုအပ်သည်၊ စေဟောတိ၊(ဧဝံသတိ)၊ပေ၊ ပန-အန္ဒယကား၊ အပရိယေသိတွာ, ကတမေဝ–ပြုအပ်ပြီးသော တံကျင်ကိုသာ၊ လဘိတွာ–၍၊ ရောပိတေ-သော်၊ မူလဋ္ဌော မုစ္စတိ၊ဝိပ္ပဋိသာရေ–သည်၊ပေ၊ မုစ္စတိ။

အပဿေနေ သတ္တိံဝါတိ ဧတ္ထ–အပဿေနေ သတ္ထံဝါဟူသော ဤပါဌ်၌၊ အပဿေနံနာမ – န မည်သည်၊ နိစ္စပရိဘောဂေ – အမြဲသုံးစွဲအပ်သော၊ မဉ္စေဝါ- သည်သော်ငှင်း၊ ပီဌေဝါ- သည်သော်ငှင်း၊ အပဿေန ဖလကံဝါ- မှီအပ်သော ပျဉ်ချပ်သည်သော်ငှင်း၊ ဒိဝါဋ္ဌာနေ-နေ့နေရာအရပ်၌၊ နိသိန္နဿ-

အပဿေနံ။ ။အပ+သိ–ယ၊ အပဿိယတေ–ဆွဲမှီအပ်၏၊ ဣတိ အပဿေနံ= ညောင်စောင်း , အင်းပျဉ် , တကဲမှီပျဉ်ချပ် , သစ်ပင် , တိုင်စသော ဆွဲကိုင်စရာ မှီစရာ နေစရာအားလုံးတည်း၊ ထိုအားလုံးသည် အမြဲသုံးစွဲအပ်သော ဝတ္ထုဖြစ်မှု အမှတ်တမဲ့ ထိုင်မိတတ် မှီမိတတ်၏၊ ထိုအခါ ထိုးမိ စူးမိမည်ဖြစ်သောကြောင့် “ နိစ္စပရိဘောဂ” ဟု ဝိသေသနပြုသည်။

www.dhammaransi.com

နေသောရဟန်း၏၊ ဝါ-နေသောရဟန်းအတွက်၊ အပဿေနကထမ္ဘော ဝါ-မှီအပ်သောတိုင်သည်သော်၎င်း၊တတ္ထဇာတကရုက္ခော ဝါ-ထိုနေ့နေရာအရပ်၌ပေါက်သောသစ်ပင်သည်သော်၎င်း၊စက်မေ-၌၊အပဿာယ-မှီ၍၊တိဋ္ဌန္တဿ-၏၊ ဝါ-တွက်၊ အာလမ္ဗန ရုက္ခော ဝါ - ဆွဲကိုင်အပ်သော သစ်ပင်သည် သော်၎င်း၊ အာလမ္ဗန ဖလကံ ဝါ - ဆွဲကိုင်အပ်သော ပျဉ်ချပ်သည်သော်၎င်း တည်း၊ စေတံ သဗ္ဗံ-၌ အလုံးစုံသောဝတ္ထုသည်၊ အပဿယနီယဋ္ဌေန- ဆွဲမှီတည်နေအပ်သည်၏ အဖြစ်ကြောင့်၊ အပဿေနံနာမ-နမည်၏။

တသ္မိံ အပဿေနေ-ထို ဆွဲမှီတည်နေအပ်သော ဝတ္ထု၌၊ ယထာ-အကြင်အခြင်းအရာအားဖြင့် ပြုလသော်၊အပဿယန္တံ-ဆွဲမှီတည်နေသောရဟန်းကို၊ ဝိဇ္ဈတိ ဝါ- ထိုးသော်လည်း ထိုးမိ၏၊ ဆိန္ဒတိ ဝါ- ဖြတ်သော်လည်း ဖြတ်မိ၏၊ တထာ- ဖြင့်၊ (ထိုးမိ ဖြတ်မိ လောက်အောင်သော အခြင်းအရာ အားဖြင့်၊) ကတွာ-၍၊ ဝါသိ၊ပေ၊ ကာဒိနံ-ပဲ့ခွပ်,ပေါက်ဆိန်,လှံ,အပ်,ဆူးအစရှိသည်တို့တွင်၊ အညတရံ-သော၊ သတ္ထံ-လက်နက်ကို၊ ထပေဟိ-အံ့၊ ဒုက္ကဋံ ဟောတိ၊ မုဝပရိဘောဂ ဋ္ဌာနေ - အမြဲသုံးစွဲအပ်သော အရပ်၌၊ [အမြဲသုံးစွဲအပ်သော ညောင်စောင်း စသောအရပ်၌၊] နိရာသင်္ကဿ-ယုံမှားခြင်းမရှိသည် ဖြစ်၍၊ နိသီဒတော ဝါ - ထိုင်သည်မှုသည်း ဖြစ်သော၊ နိပဇ္ဇတော ဝါ - လျောင်းသည်မှုလည်းဖြစ်သော၊အပဿယန္တဿ ဝါ-မှီသည်မှုလည်းဖြစ်သော (ဘိက္ခုနော-၏)၊ သတ္ထသမ္ဖဿပစ္စယာ - လက်နက်၏ တွေ့ထိခြင်းဟူသော အကြောင်းကြောင့်၊ ဒုက္ခုပ္ပတ္တိယာ- ကြောင့်၊ ထုလ္လစ္စယံ ဟောတိ၊ မရဏေန- ကြောင့်၊ ပါရာဇိကံ ဟောတိ။

တံ - ထို ညောင်စောင်းစသည်ကို၊ အညောပိ - အခြားလည်း ဖြစ်သော၊ တဿ- ထို ရည်မှန်းအပ်သော ရဟန်း၏၊ ဝေရိဘိက္ခု- ရန်သူ ရဟန်းသည်၊ ဝိဟာရစာရိတံ-ကျောင်းဒေသစာရီကို၊ စရန္တော-စဉ်၊ ဒိသွာ-၍၊ ဣမဿ-၌ရဟန်း၏၊ မရဏတ္ထာယ- သေခြင်းအကျိုးငှါ၊ ဣဒံ- ၌ ဝတ္ထုကို၊ နိက္ခိတ္တံ မညေ-ထားအပ်၏ဟု ထင်၏၊ သာဓု-ပြီ၊ သုဋ္ဌု-စွာ၊ မရတု-သေပစေ၊ ဣတိ-သို့၊ အဘိနန္ဒန္တော- အလွန်နှစ်သက်လျက်၊ ဂစ္ဆတိ၊ ဒုက္ကဋံ (ဟောတိ)၊ ပန-ဆက်၊ သောပိ - ထိုမြင်သော ရဟန်းသည်လည်း၊ တတ္ထ - ထို ညောင်စောင်းစသည်၌၊ ဝေံ-သို့၊ကတေ-သော်၊သုကတံ-ကောင်းစွာပြုအပ်သည်၊ဘဝိဿတိ-လတံ့၊ ဣတိ-ကြံ၍၊ တိခိဏဓာရာဒိကရဏေန - ထက်သောအသွား ရှိသော လက်နက်စသည်ကို ပြုခြင်းဖြင့်၊ ကိဉ္စိ - သော၊ ကမ္မံ - ကို၊ သစေ ကရောတိ၊ (ဝေံသတိ)၊တဿာပိ-ထိုရဟန်း၏လည်း၊ ပါရာဇိကံ(ဟောတိ)၊ ပန-ဆက်၊

www.dhammaransi.com

အဌာနေ-မသင့်သောနေရာ၌၊ ဌိတံ-၏၊ ဉတိ-ဤသို့ကြံ၍၊ ဥဒ္ဓရိတွာ-ထုတ်နှုတ်၍၊ အညသ္မိံ - သော၊ ဌာနေ- ၌၊ ထပေတိ- အံ့၊ တဒတ္ထမေဝ- ထိုသေခြင်းအကျိုးရှိသည်ကိုသာလျှင်၊ ကတွာ-၍၊ ထပိတေ-သော်၊ မူလဋ္ဌော န မုစ္စတိ၊ ပါကတိကံ – ပကတိ လက်နက်ဟောင်းကို၊ လဘိတွာ – ၍၊ ထပိတံ– သည်၊ ဟောတိ၊(မူလဋ္ဌော)မုစ္စတိ၊ [ထိုလက်နက်သည် မူလဋ္ဌပုဂ္ဂိုလ်လုပ်ထားသောလက်နက်မဟုတ်၊နဂိုရ်လက်နက်တည်း၊ ထိုလက်နက်ကို မူလဋ္ဌပုဂ္ဂိုလ်ထားရာအရပ်မှ အခြားနေရာ၌ရွှေ့ထားလျှင် မူလဋ္ဌပုဂ္ဂိုလ်မှာ အပြစ်မှလွတ်သည်၊] တံ-ထိုလက်နက်ကို၊(မူလဋ္ဌပုဂ္ဂိုလ်ထားအပ်သော လက်နက်ကို)၊အပနေတွာ-ဖယ်ရှား၍၊ အညံ - သော၊ တိခိဏတရံ – သာ၍ထက်သော လက်နက်ကို၊ ထပေတိ–အံ့၊ မူလဋ္ဌော-သည်၊ မုစ္စတေဝ–သည်သာ။

ဝိသမက္ခနေပိ- အဆိပ်သုတ်လိမ်းခြင်း၌လည်း၊ ယာဝ–လောက်၊ မရဏာဘိနန္ဒနေ – သေခြင်းကို နှစ်သက်ခြင်း၌၊ ဒုက္ကဋံ – သည်၊ (အတ္ထိ)၊ တာဝ–ထိုမရဏာဘိနန္ဒန ဒုက္ကဋ်တိုင်အောင်၊သေဝနယော–ပင်တည်း၊[သတ္တ၌ ဆိုအပ်ခဲ့သည့်အတိုင်းပင်။] ပန– ဆက်၊ သောပိ - ထိုမြင်သော ရဟန်းသည်လည်း၊ ဝိသမဏ္ဍလံ-အဆိပ်ဝိုင်းသည်၊ ခုဒ္ဒကံ–ငယ်၏၊ [အဆိပ်သုတ်ထားရာ အရပ်ကသေးငယ်သည်၊] ဉတိ – သို့၊ သလ္လက္ခေတွာ - ၍၊ မဟန္တတရံဝါ – သာ၍ကျယ်အောင်မူလည်း၊ ကရောတိ - အံ့၊ မဟန္တံ - ကျယ်သော အဆိပ်ဝိုင်းကို၊ [ခုဒ္ဒကံ ကရောတိ၌ စပ်။] အတိရေကံ - ပိုနေသည်၊ ဟောတိ- ၏၊ ဉတိ–သို့၊ (သလ္လက္ခေတွာ)ခုဒ္ဒကံဝါ–ငယ်အောင်မူလည်း၊ ကရောတိ၊ တနုကံ-ပါးသောအဆိပ်ဝိုင်းကို၊ ဗဟလံဝါ- ထူအောင်သော်၎င်း၊ ဗဟလံ- ထူသော အဆိပ်ဝိုင်းကို၊ တနုကံဝါ-၎င်း၊ ကရောတိ-အံ့၊ အဂ္ဂိနာ–ဖြင့်၊ တာပေတွာ- ပူစေ၍၊ ဟေဋ္ဌာဝါ - အောက်၌သော်၎င်း၊ ဥပရိဝါ - ၎င်း၊ သမ္မာရေတိ–ရွှေ့စေအံ့၊ ဝါ-ရွှေ့အံ့၊ [အဆိပ်သည် အနာနှင့်ထိမှ ဒုက္ခပေးနိုင်၏၊ ထို့ကြောင့် အဆိပ်နှင့်အနာ တဲ့တဲ့ဖြစ်အောင် အထက် , သို့မဟုတ် အောက်သို့ ရွှေ့ထားအံ့၊] တဿာပိ- ၏လည်း၊ ပါရာဇိကံ ဟောတိ။

ဌာဒံ- ဤအဆိပ်ဝိုင်းသည်၊ အဌာနေ-၌၊ ဌိတံ-၏၊ ဉတိ(သလ္လက္ခေတွာ)၊ သဗ္ဗမေဝ – အလုံးစုံသော အဆိပ်ဝိုင်းကိုပင်၊ တစ္ဆေတွာ – ဒါးစသည်ဖြင့်ခြစ်၍၊ ပုဉ္ဆိတွာ – သုတ်၍၊ အညသ္မိံဌာနေ- ၌၊ ထပေတိ၊ အတ္တနာ – သည်၊ (မူလဋ္ဌကိုယ်တိုင်)၊ ဘေသဇ္ဇာနံ-တို့ကို၊ ယောဇေတွာ–ယှဉ်စပ်၍၊ ဝါ-ဖော်၍၊ ကတေ-သော်၊ မူလဋ္ဌော နမုစ္စတိ၊ [မိမိကိုယ်တိုင် ဖော်စပ်အပ်သော အဆိပ်ဆေးဖြစ်လျှင် ငယ်သောအဆိပ်ဝိုင်းကို ကြီးအောင်ဖြစ်စေ,ကြီးသော အဆိပ်

www.dhammaransi.com

ဝိုင်းကို ငယ်အောင်ဖြစ်စေ, အခြားရဟန်းက ပြုပြင်ထားရာဝယ် မူလအဆိပ် ဖေါ်စပ်သော ရဟန်းမှာ အပြစ်မလွတ်။] အတ္တနာ–သည်၊ အကတေ-သော်၊ (မူလဋ္ဌော) မုစ္စတိ၊ [မိမိကိုယ်တိုင် ဖေါ်စပ်ထားအပ်သော အဆိပ်ဆေး မဟုတ်လျှင်ကား မူလဋ္ဌရဟန်းမှာ အပြစ်မရှိ–ဟူလို။] ပန–ဆက်၊ သော-ထို ရန်သူရဟန်းသည်၊ ဧဒံ ဝိသံ-သည်၊ အတိပရိတ္တံ-အလွန်နည်း၏၊ ဣတိ(သလ္လ က္ခေတွာ)၊ အညမ္ပိ–အခြား အဆိပ်ကိုလည်း၊ အာနေတွာ - ဆောင်၍၊ သစေ ပက္ခိပတိ–အကယ်၍ထည့်အံ့၊ ယဿ– အကြင် ရဟန်း၏၊ ဝိသေန – ကြောင့်၊ မရတိ-၏၊ တဿ-ထိုရဟန်း၏၊ ပါရာဇိကံ(ဟောတိ)၊ ဥဘိန္နမ္ပိ– ၂ ပါးသော ရဟန်းတို့၏လည်း၊ သန္တကေန–ဥစ္စာဖြစ်သော အဆိပ်ကြောင့်၊ သစေ မရတိ၊ (ဧဝံ သတိ) ဥဘိန္နမ္ပိ ပါရာဇိကံ(ဟောတိ)၊ ဧဒံ ဝိသံ-သည်၊ နိဗ္ဗိသံ-အဆိပ် မဟုတ်၊ ဣတိ (သလ္လက္ခေတွာ)၊ တံ - ထို မူလအဆိပ်ကို၊ အပနေတွာ – ၍၊ အတ္တနော-၏၊ ဝိသမေဝ–အဆိပ်ကိုသာလျှင်၊ ထပေတိ၊ တဿေဝ-ထို အဆိပ် အစစ်ထားသော ရဟန်း၏သာ၊ ပါရာဇိကံ(ဟောတိ)၊ မူလဋ္ဌော မုစ္စတိ။

ဒုဗ္ဗလံဝါ ကရောတီတိ– ကား၊ မဥ္စပီဌံ – ကို၊ အင္ဂနိယာ - အငံပေါင်၏၊ (ဘောင်၏)၊ ဟေဋ္ဌာဘာဂေ–၌၊ ဆိန္ဒိတွာ ဝါ–၍သော်ငင်း၊ ဝိဒလေဟိဝါ- ကြိမ်တို့ဖြင့်သော်ငင်း၊ ရဇ္ဇုကေဟိဝါ - ငင်း၊ ယေဟိ –အကြင် ဝတ္ထုတို့ဖြင့်၊ ဝီတံ–ယက်အပ်သည်၊ ဟောတိ–၏၊ တေ-ထို ဝတ္ထုတို့ကို၊ ဆိန္ဒိတွာဝါ–ငင်း၊ အပ္ပါဝသေသမေဝ-အနည်းငယ်ကြွင်းကျန်သည်ကိုသာ၊ ကတွာ-၍၊ ဟေဋ္ဌာ- ၌၊ အာဝုဓံ-လက်နက်ကို၊ နိက္ခိပတိ-ထားအံ့၊(ကိံ)၊ တွေ့–၍လက်နက်ပေါ် ၌၊ ပတိတွာ-၍၊ မရိဿတိ–တံ့၊ ဣတိ–၍(နိက္ခိပတိ)၊ အပဿေန ဖလကာဒီ နမ္ပိ–တကဲမှီ ပျဉ်ချပ် အစရှိသည်လည်း ဖြစ်ကုန်သော၊ စက်မေ–၌၊ အာလမ္ဗန ၊ပေ၊ သာနာနံပိ – ဆွဲကိုင်အပ်သော သစ်သားပျဉ် အဆုံးရှိသော ဝတ္ထုတို့၏ လည်း၊ ပရဘာဂံ–နေ့ံဘက် အဘိုကို၊ ဆိန္ဒိတွာ–၍၊ ဟေဋ္ဌာ-၌၊ အာဝုဓံ-ကို၊ နိက္ခိပတိ–အံ့၊ သောဗ္ဘာဒီသု–ထုံးအိုင် အစရှိသည်တို့၌၊ မဥ္စံဝါ-ကိုသော်ငင်း၊ ပီဌံဝါ- ငင်း၊ အပဿေန ဖလကံဝါ - ငင်း၊ အာနေတွာ – ၍၊ ထပေတိ-အံ့၊ ယထာ - အကြင် အခြင်းအရာအားဖြင့် ပြုလသော်၊ တတ္ထ–ထိုညောင်စောင်း စသည်၌ နိသိန္နမတ္တော-ထိုင်ကာမျှသည်၊ ဟုတွာဝါ-၍သော်ငင်း၊ အပဿေန မတ္တော–မှီကာမျှသည်၊ ဟုတွာဝါ-ငင်း၊ ပတတိ–ကျ၏၊ သောဗ္ဘာဒီသုဝါ- တို့၌မူလည်း၊ သဥ္စရဏာသေတု-လှည့်လည်ကြောင်း တံတားသည်၊ ဟောတိ– ၏၊ တံ-ထို တံတားကို၊ ဒုဗ္ဗလံ-အောင်၊ ကရောတိ-၏၊ ဧဝံ-သို့၊ ကရောန္တဿ- ပြုသော ရဟန်း၏၊ ကရဏေ-ကြောင့်၊ ဒုက္ကဋံ ဟောတိ၊ ဣတရဿ - အခြား

www.dhammaransi.com

သော ရဟန်း၏၊ ဒုက္ခုပ္ပတ္တိယာ - ကြောင့်၊ ထုလ္လစ္စယံ၊ မရဏာ - ကြောင့်၊ ပါရာဇိကံ။

ဘိက္ခုံ-ကို၊ အာနေတွာ-၍၊ သောဗ္ဘာဒိနံ-တို့၏၊ တဋ္ဋေ- ကမ်းပါးပြတ်၌၊ ထပေတိ၊ (ကိ°)၊ ဒိသွာ-ချောက်ကမ်းပါးကို မြင်၍၊ ဘယေန-ကြောက်ခြင်း ကြောင့်၊ ကမ္ပန္တော-တုန်လျက်၊ ပတိတွာ-၍၊ မရိသသတိ၊ ဉတိ(ထပေတိ)၊ ဒုက္ကဋံ(ဟောတိ)၊ သော-ထိုရဟန်းသည်၊တထေဝ-ထိုရည်မှန်းသည့်အတိုင်း ပင်၊ ပတတိ-အံ့၊[စာအုပ်များ၌ " တဋ္ဋေဝ"ဟု ရှိ၏၊ " ထို ချောက်ကမ်းပါး ပြတ်၌ပင်"ဟု ပေး။]ဒုက္ခုပ္ပတ္တိယာ-ကြောင့်၊ ထုလ္လစ္စယံ(ဟောတိ)၊မရဏာ- ကြောင့်၊ ပါရာဇိကံ၊ သယံဝါ, ပါတေတိ-ကျစေအံ့၊ ဝါ-တွန်းချအံ့၊ အညေန ဝါ-သည်မူလည်း၊ ဝါ- ကိုမူလည်း၊ ပါတာပေတိ - ကျပစေ ဟု စေခိုင်းအံ့၊ (တွန်းချခိုင်းအံ့)၊ အညော - သည်၊ အဝုတ္တော - မပြောအပ်ဘဲ၊ အတ္တနော ဓမ္မတာယဝါ ပါတေတိ၊ အမနုဿော- ဘီလူးသည်၊ ပါတေတိ၊ ဝါတပ္ပဟာ ရေန-လေတိုက်ခတ်ခြင်းကြောင့်၊ ပတတိ-ကျသွားအံ့၊ အတ္တနော ဓမ္မတာယ ပတတိ၊[တွန်းချခြင်းစသည် မပြုဘဲ သူ့အလိုလိုကျအံ့၊]သဗ္ဗတ္ထ- အလုံးစုံသော ကျခြင်းတို့၌၊ မရဏာ-ကြောင့်၊ ပါရာဇိကံ၊ ကသ္မာ,တဿ-ထိုမူလ ရဟန်း၏၊ ပယောဂေန-ကြောင့်၊ ["ဘိက္ခုံ အာနေတွာ" ဟု ဆိုခဲ့သည့်အတိုင်း ခေါ်၍ ထားခြင်းဟူသော ပယောဂကြောင့်။] သောဗ္ဘာဒိ တဋ္ဋေ - ထုံးအိုင် အစရှိ သည်တို့၏ ကမ်းပါး၌၊ ဌိတတ္တာ-တည်နေသည်၏ အဖြစ်ကြောင့်တည်း။

ဥပနိက္ခိပနံ နာမ- မည်သည်၊ သမီပေ - ၌၊ နိက္ခိပနံ – ချထားခြင်းတည်း၊ တတ္ထ–ထို အနီးဝယ် ချထားခြင်း၌၊ (အဋ္ဌော ဧဝံ ဝေဒိတဗ္ဗော)၊ ယော- အကြင်သူသည်၊ ဥမိနာ အသိနာ-ဖြင့်၊ မတော-သေ၏၊ သော-သည်၊ ဓနံဝါ- ကိုမူလည်း၊ လဘတိ–ရတတ်၏၊ ဉတိအာဒိနာ–သော၊ နယေန–ဖြင့်၊ မရဏာ ဝဏ္ဏံ–သေခြင်း၏ ဂုဏ်းကျေးဇူးကို၊ သံဝဏ္ဏေတွာဝါ - ချီးမွမ်း၍သော်ငင်း၊ ဉမိနာ - ဤ သန်လျက်ဖြင့်၊ မရဏတ္ထိကာ - သေခြင်းကို အလိုရှိသူတို့သည်၊ မရန္တု - သေပါစေကုန်၊ မာရဏတ္ထိကာ – သတ်ခြင်းကို အလိုရှိသူတို့သည်၊ မာရေန္တု-သတ်ပါစေကုန်၊ ဉတိ-သို့၊ ဝတွာဝါ-ပြော၍သော်ငင်း၊အသိံ-ကို၊ ဥပနိက္ခိပတိ-အနီး၌ ချထားအံ့၊ တဿ-ထို ရဟန်း၏၊ ဥပနိက္ခိပနေ–ကြောင့်၊ ဒုက္ကဋံ (ဟောတိ)၊ မရိတုကာမောဝါ - သေခြင်းငှါ အလိုရှိသူသည်မူလည်း၊ တေန-ထို သန်လျက်ဖြင့်၊ အတ္တာနံ-မိမိကို၊ ပဟရတု-ပုတ်ခတ်ပစေ၊ မာရေတု ကာမောဝါ-သတ်ခြင်းငှါအလိုရှိသူ သည်မူလည်း၊ အညံ-အခြားသူကို၊ပဟရ တု-စေ၊ ဥဘယထာပိ - ဖြင့်မူလည်း၊ ပရဿ - ၏၊ ဒုက္ခုပ္ပတ္တိယာ - ကြောင့်၊

www.dhammaransi.com

ဥပနိက္ခေပကဿ - အနီး၌ ချထားသောရဟန်း၏၊ ထုလ္လစ္စယံ (ဟောတိ)၊ မရဏ-ကြောင့်၊ ပါရာဇိကံ(ဟောတိ)၊ အနောဒိဿ-၍၊ နိက္ခိတ္တေ - ချထားအပ်သော်၊ ဗဟူနံ-များစွာသော သတ္တာတို့၏၊ မရဏ-ကြောင့်၊ အကုသလ ရာသိ- သည်၊ (ဟောတိ)၊ ပါရာဇိကာဒိဝတ္ထူသု-ပါရာဇိက အစရှိသည်တို့၏ ဝတ္ထုတို့၌၊ ပါရာဇိကာဒိနိ-က အစရှိသော အပြစ်တို့သည်၊(ဟောန္တိ)၊ ဝိပ္ပဋိ သာရေ-သည်၊ ဥပ္ပန္နေ- သော်၊ အသိံ - ကို၊ ဂဟိတဋ္ဌာနေ-၌၊ ထပေတွာ-၍၊ ဝါ-ပြီးမှ၊ မုစ္စတိ။

ကိဏိတွာ - ၍၊ ဂဟိတော - သည်၊ ဟောတိ - အံ့၊ အသိဿာမိကာနံ- သန်လျက် အရှင်တို့အား၊ အသိံ-ကို၊ (ဒတွာ-ပြန်ပေးပြီး၍ငင်း၊ ဝါ-မှငင်း)၊ ယေသံ-အကြင်သူတို့၏၊ ဟတ္ထတော-မှ၊မူလံ-ကို၊ ဂဟိတံ-ပြီ၊ တေသံ-တို့အား၊ မူလံ-ကို၊ဒတွာ-ငင်း၊ မုစ္စတိ၊ လောဟပိဏ္ဍိံ ဝါ-သံခဲကိုသော်ငင်း၊ ဖါလံဝါ- ထယ်သွားကိုသော်ငင်း၊ ကုဒါလံဝါ-ပေါက်တူးကိုသော်ငင်း၊ ဂဟေတွာ-၍၊ အသိ-သည်၊ ဝါ- ကို၊ ကာရာပိတော - ပြုစေအပ်သည်၊ သစေ ဟောတိ-အံ့၊ (ဧဝံ သတိ)၊ယံဘဏ္ဍံ-ကို၊ ဂဟေတွာ-၍၊ ကာရိတော-ပြုစေအပ်ပြီ၊ တဒေဝ- ထို ဘဏ္ဍာကိုသာ၊ ကတွာ - ပြီး၍၊ ဝါ - မှ၊ မုစ္စတိ၊ ကုဒါလံ ဂဟေတွာ , ကာရိတံ-ပြုစေအပ်သော သန်လျက်ကို၊ ဝိနာသေတွာ - ဖျက်ဆီး၍၊ ဖါလံ- ကို၊ သစေ ကရောတိ၊(ဧဝံ သတိ)၊ဖါလေန-ဖြင့်၊ ပဟာရံ-ကို၊ လဘိတွာ-၍၊ မရန္တေသုပိ-သေပြန်ကုန်သော်လည်း၊ ပါဏာတိပါတတော နမုစ္စတိ။

ပန-ဆက်၊ လောဟံ-သံကို၊ သမုဋ္ဌာပေတွာ-ထွက်ပေါ်စေ၍၊ [သံထွက် သော နေရာမှ သံကို တူးဖေါ်၍။] ဥက္ခိပနတ္ထမေဝ - အနီး၌ ချထားခြင်း အကျိုးငှါသာလျှင်၊ ကာရိတော-သည်၊ သစေ ဟောတိ၊(ဧဝံသတိ)၊အရေန- တစဉ်းဖြင့်၊ ဃံသိတွာ-ပွတ်တိုက်၍၊ စုဏ္ဏဝိစုဏ္ဏံ- မှုန့်မှုန့်ညက်ညက်ကို၊ ကတွာ, ဝိပ္ပကိဏ္ဏေ-ဖရို ဖရဲ ဖြန့်ကြဲအပ်ပြီးသော်၊ ဝါ-မှ၊ မုစ္စတိ၊ သံဝဏ္ဏနာပေါတ္ထ ကောဝိယ-ချီးမွမ်းစာကို ရေးရာ ပေစာကဲ့သို့၊ ဗဟူဟိ-များစွာသော ရဟန်း တို့သည်၊ ဧကဇ္ဈာသယေဟိ - တူသော အဇ္ဈာသယရှိကုန်သည်၊ (ဟုတွာ)၊ ကတော-သည်၊ သစေပိ ဟောတိ-မူလည်း ဖြစ်အံ့၊(ဧဝံ သတိ)၊ ပေါတ္ထကေ- ပေစာ၌၊ ဝုတ္တနယေနေဝ-ဖြင့်သာ၊ ကမ္မဗဒ္ဓဝိနိစ္ဆယော- ကမ္မဗဒ္ဓဝိနိစ္ဆယကို၊ ဝေဒိတဗ္ဗော၊ သတ္တိ ဘိန္ဒိသု-လှန်, ခရင်းတို့၌၊ သေနယော-တည်း၊ လဂုဠေ- ဆောက်ပုတ်၌၊ ဝါ-လက်ရိုက်၌၊ ပါသယဋ္ဌိသဒိသော-ကျော့ကွင်းတံ၌ အဆုံး အဖြတ်နှင့် တူသော၊ ဝိနိစ္ဆယော (ဟောတိ)၊ ပါသာဏေ-၌၊ တထာ-ထို့ အတူတည်း၊ သတ္ထေ-ကြွင်းသော လက်နက်၌၊ အသိသဒိသောဝ-သန်လျက်၌

www.dhammaransi.com

အဆုံးဖြတ်နှင့် တူသည်သာလျှင်ဖြစ်သော၊(ဝိနိစ္ဆယော ဟောတိ)၊ဝိသံ ဝါတိ-ကား၊ ဝိသံ - ကို၊ ဥပနိက္ခိပန္တဿ – အနီး၌ ချထားသော ရဟန်း၏၊ ပေ ၊ ကိဏိတွာ–ဝယ်၍၊ ထပိတေ- ထားအပ်သော အဆိပ်၌၊ ပုရိမနယေန – ဖြင့်၊ [''ယေသံ ဟတ္ထတော မူလံ ဂဟိတံ''စသည်ဖြင့် ဆိုအပ်ပြီးသော နည်းဖြင့်။] ပဋိပါကတိကံ - တဖန် ပင်ကိုယ်သဘော ရှိသည်ကို၊ ကတွာ မုစ္စတိ၊ သယံ, ဘေသဇ္ဇေဟိ- တို့ဖြင့်၊ ယောဇိတေ – ယှဉ်စေအပ်သော အဆိပ်၌၊ အဝိသံ- အဆိပ် မဟုတ်သည်ကို၊ ကတွာ မုစ္စတိ၊ ရဇ္ဇုယာ–၌၊ ပါသရဇ္ဇုသဒိသော၀-ကျော့ကွင်း ကြိုး၌ အဆုံးအဖြတ်နှင့် တူသည်သာလျှင် ဖြစ်သော၊ ဝိနိစ္ဆယော (ဟောတိ)။

ဘေသဇ္ဇေ-ဆေး၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)၊ ယောဘိက္ခု-သည်၊ ဝေရိဘိက္ခုဿ-ရန်သူရဟန်း၏၊ ပဇ္ဇရကောဝါ-ပြင်းထန်သော အဖျားရောဂါ သည်သော်၎င်း၊ [ရှေးက " ယင်းနာ, ပလိပ်ကပ်ရောဂါ " ဟု ပေးကြသည်၊] ဝိသဘာဂ ရောဂေါဝါ - သဘောမတူသော နူနာစသော ရောဂါသည်သော်၎င်း၊ [ခန္ဓာကိုယ်ကို ဖေါက်ပြန်အောင် ပြုတတ်သောကြောင့် နူနာစသည်ကို "ဝိသဘာဂရောဂါ"ဟုဆိုသည်၊ သရီရဿ ဝိရူပဘာဝကရဏတော ကုဋ္ဌာဒိ ဝိသဘာဂရောဂါနာမ၊] ဥပ္ပန္နေ – သော်၊ အသပ္ပါယာနိပိ – မလျော်ကပတ် သည်လည်း ဖြစ်ကုန်သော၊ သပ္ပိအာဒီနိ - ထောပတ်အစရှိသည်တို့ကို၊ သပ္ပါယာနိတိ- လျော်ကပတ်ကုန်၏ ဟူ၍၊ (ဝတွာ–ပြော၍)၊ မရဏာဓိပ္ပါယော-သေခြင်း၌ အလိုသည်၊ ဝါ – သေစေလိုသည်၊ (ဟုတွာ)၊ဒေတိ၊ အညံ - ထောပတ်စသည်မှ အခြားသော၊ ကိဥ္စိ – သော၊ ကန္ဒမူလ ဖလံဝါ- သစ်ဥ, သစ်မြစ်, သစ်သီးကိုမူလည်း ၊ဒေတိ၊ တဿ - ထိုရဟန်း၏၊ ဧဝံ-သို့၊ ဘေသဇ္ဇ ဒါနေ-ဆေးပေးခြင်းကြောင့်၊ ဒုက္ကဋံ (ဟောတိ)၊ ပရဿ-၏၊ ဒုက္ခုပ္ပတ္တိယံ-ကြောင့်၎င်း၊ မရဏေစ - ကြောင့်၎င်း၊ ထုလ္လစ္စယ ပါရာဇိကာနိ - တို့သည်၊ (ဟောန္တိ)၊ အာနန္တရိယဝတ္ထုမှိ-၌၊ အာနန္တရိယံ-သည်၊(ဟောတိ)၊ ဧတိ-သို့၊ ဝေဒိတဗ္ဗံ-၏။

ရူပူပဟာရေ-ရူပူပဟာရ၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)၊ ဥပသံဟရတီတိ-ကား၊ ပရံ– မိမိမှတပါးသော၊ အမနာပရူပံဝါ – စိတ်ကို မတိုးပွားစေ တတ်သော ရူပါရုံကို သော်လည်း၊ ဝါ – မမြတ်နိုးထိုက်သော ရူပါရုံကို သော်လည်း၊ တဿ – ထိုရဟန်း၏၊ သမီပေ-၌၊ ထပေတိ- ဖို့၊ အတ္တနာဝါ-ကိုယ်တိုင်သော်လည်း၊ ယက္ခပေတာဒိဝေသံ - ဘီလူး ပြိတ္တာအစရှိသည်တို့၏ အသွင်ကို၊ ဝါ- ဘီလူးယောင် ပြိတ္တာယောင် အစရှိသည်ကို၊ ဂဟေတွာ-ယူ၍၊

www.dhammaransi.com

ဝါ-အယောင်ဆောင်၍၊ တိဋ္ဌတိ-အံ့၊ တဿ-ထိုရဟန်း၏၊ ဥပသံဟာရမတ္တေ-
အနီးသို့ ဆောင်ခြင်းမျှ၌၊ ဒုက္ကဋံ (ဟောတိ)၊ ပရဿ-တပါးသော ရဟန်း၏၊
တံ ရူပံ-ထိုအဆင်းကို၊ ဒိသွာ, ဘယုပ္ပတ္တိယံ-ကြောက်ခြင်း၏ ဖြစ်ခြင်းကြောင့်၊
ပေ၊ ပန-ဆက်၊ တဒေဝ ရူပံ-ထိုအဆင်းသည်ပင်၊ ကေစဿ-အချို့ပုဂ္ဂိုလ်၏
သန္တာနံ၌၊ မနာပံ- စိတ်ကို တိုးပွားစေတတ်သည်၊ ဝါ- မြတ်နိုးထိုက်သည်၊
သစေ ဟောတိ၊ အလာဘကေနစ - မရခြင်းကြောင့်လည်း၊ သုဿိတွာ -
ခြောက်ကပ်၍၊ သစေ မရတိ - အံ့၊ (ဧဝံသတိ) ဝိသင်္ကေတော (ဟောတိ)၊
မနာပိယေပိ - စိတ်ကို တိုးပွားစေတတ်သော ရူပါရုံ၌လည်း၊ ဝါ - မြတ်နိုး
ထိုက်သော ရူပါရုံ၌လည်း၊ ဧသေဝနယော၊ ပန-ဆက်၊ တတ္ထ-ထို မနာပိယ
ရူပါရုံ၌၊ ဝိသေသေန-အားဖြင့်၊ ဣတ္ထီနံ-တို့၏၊ ပုရိသရူပံ-ယောကျ်ားအဆင်း
သည်ငှင်း၊ ပုရိသာနံ-တို့၏၊ ဣတ္ထိရူပံစ - သည်ငှင်း၊ မနာပံ (ဟောတိ)၊ တံ-
ထိုအဆင်းကို၊ အလက်ရိတွာ - ၍၊ ဥပသံဟရတိ - အနီးသို့ ဆောင်ပို့အံ့၊ ဒိဋ္ဌ
မတ္တကမေဝ-မြင်အပ်ကာမျှကိုသာ၊ ကရောတိ-အံ့၊ အတိစိရံ-စွာ၊ ပဿိတုံပိ-
ကြည့်ခြင်းငှါလည်း၊ ဝါ-ကြည့်ခွင့်ကိုလည်း၊ နဒေတိ၊ [''ပဿိတုမ္ပိ''၌ ပိသဒ္ဒါ
သည် သမ္ဘာဝနာ ဇောတကတည်း၊ တွေ့ထိဘို့ကို မဆိုထားနှင့် ကြာကြာ
ကြည့်ခွင့်တောင်မှ မပေး - ဟူလို။] ဣတရော- အခြားသော သေစေလိုအပ်
သူသည်၊ ပေ၊ ဥတ္တသိတွာ - လန့်၍၊ သစေ မရတိ၊ (ဧဝံသတိ)၊ ဝိသင်္ကေတော
(ဟောတိ)၊ ပန - သို့မဟုတ်၊ ဥတ္တသိတွာ, (မရတု - စေ၊) ဣတိဝါ - ၍သို့
သော်ငှင်း၊ အလာဘကေန - ကြောင့်၊ (မရတု)၊ ဣတိဝါ- ငှင်း၊ အဝိစာရေ
တွာ-မစိစစ်မူ၍၊ ကေဝလံ, ပဿိတွာ-မြင်၍၊ မရိဿတိ၊ ဣတိ - ၍သို့ကြံ၍၊
အထ ဥပသံဟရတိ၊ (ဧဝံသတိ)၊ ဥတ္တသိတွာဝါ-သော်ငှင်း၊ သုဿိတွာဝါ-
သော်ငှင်း၊ မတော-သော်၊ ပါရာဇိကမေဝ - ပင်တည်း၊ ဧတေနေဝူပါယေန-
၍နည်းဖြင့်ပင်၊ သဒ္ဒူပဟာရာဒယောပိ-သဒ္ဒူပဟာရအစရှိသည်တို့ကိုလည်း၊
ဝေဒိတဗ္ဗာ။

ဟိ-မှန်၊ (တနည်း) ဟိ- ဗိုးဇဥ်းအနည်းငယ် ဆိုဘွယ်အထူးကား၊ ဧတ္ထ-
၍ သဒ္ဒူပဟာရ အစရှိသည်တို့၌၊ ကေဝလံ - ဥပသံဟရဏာစသည်မဘက်
သက်သက်၊ အမနုဿသဒ္ဒါဒယော - ဘီလူးသံအစရှိသည်တို့သည်၊ ဥတြာသ
ဇနကာ- ထိတ်လန့်ခြင်းကိုဖြစ်စေတတ်ကုန်သော၊ အမနာပသဒ္ဒါ- မနာပ၏
ဆန့်ကျင်ဘက် အသံတို့တည်း၊ ပုရိသာနံ - တို့၏၊ ဣတ္ထိသဒ္ဒ မဓုရ ဂန္ဓဗ္ဗသဒ္ဒါ
ဒယော - မိန်းမအသံ, သာယာ နာပျော်ဘွယ်ကောင်းသော စောင်းသံ အစ
ရှိသည်တို့သည်၊ စိတ္တဿာဒကရာ- စိတ်၏သာယာခြင်းကို ပြုတတ်ကုန်သော၊

www.dhammaransi.com

မနာပသဒ္ဒါ– မြတ်နိုးဘွယ်ကောင်းသော အသံတို့တည်း၊ ဟိမဝန္တေ– ၌၊ ဝိသ ရုက္ခာနံ– အဆိပ်ပင်တို့၏၊ မူလာဒိဂန္ဓာ–အမြစ် အစရှိသည်တို့၏အနံ့တို့သည် ၎င်း၊ ကုဏပဂန္ဓာစ- မြွေသေကောင်ပုတ် အစရှိသည်တို့၏ အနံ့တို့သည်၎င်း၊ အမနာပဂန္ဓာ - မနာပ၏ ဆန့်ကျင်ဘက် အနံ့တို့တည်း၊ ကာဠာနုသာရီမူလ ဂန္ဓာဒယော-အကျော်နက်ပင်အမြစ်၏အနံ့ အစရှိသည်တို့သည်၊ မနာပဂန္ဓာ- မြတ်နိုးဘွယ်ကောင်းသော အနံ့တို့တည်း၊ ပဋိကူလမူလရသာဒယော- စက် ဆုပ်ဘွယ်ကောင်းသော အမြစ်တို့၏ အရသာအစရှိသည်တို့သည်၊ အမနာပ ရသာ- တို့တည်း၊ အပ္ပဋိကူလမူလ ရသာဒယော–ပဋိကူလ၏ ဆန့်ကျင်ဘက် (နှစ်သက်ဘွယ်ကောင်းသော)အမြစ်တို့၏အရသာအစရှိသည်တို့သည်၊မနာပ ရသာ- တို့တည်း၊ ဝိသဖဿ မဟာကစ္ဆုဖဿာဒယော - အဆိပ်၏အတွေ့, ဝဲကြီးနာ၏အတွေ့ အစရှိသည်တို့သည်၊ အမနာပဖောဋ္ဌဗ္ဗာ - တို့တည်း၊ စိန ပဋ္ဋ ဟံသပုပ္ဖ တူလိကဖဿာဒယော-စိန့်တိုင်း၌ဖြစ်သောအဝတ်,ဟင်္သာပန်း, လဲအဆာရှိသောဝတ္ထုတို့၏ အတွေ့ အစရှိသည်တို့သည်၊ မနာပဖောဋ္ဌဗ္ဗာ – တို့တည်း၊ ဣတိ-သို့၊ ဝေဒိတဗ္ဗာ-၏။ [ဟံသာဒီနံ ပက္ခလောမံ သန္ဓာယ ဝဒတိ- ဟင်္သာတောင်တို့၏အမွေးကို ရည်ရွယ်၍ "ဟံသပုပ္ဖ"ဟု ဆိုသည်။]

ဓမ္မူပဟာရေ- ဟာရ၌၊ ဒေသနာဓမ္မော– ဒေသနာတရားကို၊ ဓမ္မောတိ– ဓမ္မဟူ၍၊ ဝေဒိတဗ္ဗော – ၏၊ ဝါ- တနည်း၊ ဒေသနာဝသေန- ဟောခြင်း၏ အစွမ်းဖြင့်၊ နိရယေစ – နိရဲ၌၎င်း၊ သဂ္ဂေစ – နတ်ပြည်၌၎င်း၊ ဝိပတ္တိ သမ္ပတ္တိ ဘေဒံ-ပျက်စီးခြင်း ပြည့်စုံခြင်းအပြားရှိသော၊ ဓမ္မာရမဏမေဝ-ဓမ္မာရုံကိုပင်၊ (ဓမ္မောတိ-ဟူ၍၊ ဝေဒိတဗ္ဗော-၏၊) [ရူပူပဟာရစသည်တို့၌ ရူပါရုံစသည်တို့ ကဲ့သို့ အာရုံချင်းတူသောကြောင့်"ဓမ္မာရမဏမေဝ"ဟု သန္နိဋ္ဌာနဝ ဓာရဏ ဝေဖြင့်ပြသည်၊] နေရယိကသာတိ – ကား၊ ဘိန္နသံဝရဿ - ပျက်စီးသော စောင့်စည်းခြင်းရှိသော၊ ကတပါပဿ–ပြုအပ်ပြီးသော မကောင်းမှုရှိသော၊ နိရယေ-၌၊ နိဗ္ဗတ္တနာရဟဿ–ဖြစ်ခြင်းကိုထိုက်သော၊ သတ္တဿ-၏၊ ပဉ္စဝိဓ ဗန္ဓနကမ္မကာရဏာဒိနိရယကထံ-၅ပါးအပြားရှိသောနှောင်ဖွဲ့ခြင်းဟူသော ညှဥ်းပန်းနှိပ်စက်မှုအစရှိသော ငရဲနှင့်စပ်သောစကားကို၊ ကထေတိ-ဟောအံ့၊ [နေရယိကဿ "နိရယေ နိဗ္ဗတ္တနာရဟဿ" ကိုကြည့်၍ "နိရယေ နိဗ္ဗတ္တိတုံ+ အရဟတီတိ နေရယိကော"ဟု ပြု၊ (တနည်း)ဒက္ခိဏေယျောကဲ့သို့"နိရယံ+ အရဟတီတိ နေရယိကော"ဟု ပြု။]တံ-ထို နိရယကထာကို၊ သုတွာ-၍၊ သော- ထိုသူသည်၊ ဥတ္တသိတွာ – ထိတ်လန့်၍၊ စေ မရတိ – အံ့၊ (ဝေ်သတိ)၊ ကထိ ကဿ – ပြောသောရဟန်း၏၊ ပါရာဇိကံ – သည်၊ (ဟောတိ)၊ ပန- ဆက်၊

www.dhammaransi.com

သော–သည်၊ သုတွာပိ-၍လည်း၊ ဝါ-ကြားရပါသော်လည်း၊ အတ္တနော-၏၊ ဓမ္မတာယ - သဘောအားဖြင့်၊ သစေ မရတိ – အံ့၊ (ဧဝံသတိ)၊ အနာပတ္တိ (ဟောတိ)၊ ဇာနံ(ဇာမံ)-၍ နိရယကထာကို၊ သုတွာ-၍၊ ဝေရူပံ-သော၊ ပါပံ-ကို၊ န ကရိဿတိ-လတ့်၊ သြရမိဿတိ-ရှောင်ကြဉ်လတ့်၊ ဝိရမိဿတိ-အထူးရှောင်ကြဉ်လတ့်၊ ဣတိ- ဤသို့ကြံ၍၊ နိရယကထံ- ငရဲနှင့်စပ်သောစကားကို၊ ကထေတိ-အံ့၊ တံ-ကို၊ သုတွာ-၍၊ ဣတရော-ပြောသူမှတပါးသော နားထောင်သူသည်၊ ဥတ္တသိတွာ- ၍၊ သစေ မရတိ- အံ့၊ (ဧဝံသတိ)၊ အနာပတ္တိ- သည်၊ (ဟောတိ)။

သဂ္ဂကထန္တိ-ကား၊ ဒေဝနာဋကာဒီနံ-နတ်ကချေသည် အစရှိသူတို့၏ငှင်း၊ နန္ဒနဝနာဒီနဥ္စ – နန္ဒနဥယျာဉ် အစရှိသည်တို့၏ငှင်း၊ သမ္ပတ္တိကထံ - ပြည့်စုံပုံစကားကို၊ (ကထေတိ-အံ့၊) တံ-ထို သမ္ပတ္တိကထာကို၊ သုတွာ , ဣတရော-ပြောသူမှတပါး အခြား နားထောင်သူသည်၊ သဂ္ဂါဓိမုတ္တော – နတ်ပြည်၌ လွတ်လွတ် ကျွတ်ကျွတ် သက်ဝင်သည်၊ ဝါ-နတ်ပြည်၌ စွဲလမ်းသည်၊(ဟုတွာ) သီဃံ, တံ သမ္ပတ္တိံ - ထို စည်းစိမ်သို့၊ ပါပုဏိတုကာမော (ဟုတွာ)၊ သတ္ထာဟရဏာပေ၊ သန္ဓိရုန္ဓနာဒီဟိ - လက်နက်ကိုဆောင်ခြင်း, အဆိပ်ကို စားခြင်း, အစာကို ဖြတ်ခြင်း , ထွက်သက် ဝင်သက်ကို ပိတ်ဆို့ ချုပ်တည်းခြင်း အစရှိသည်တို့ဖြင့်၊ ဒုက္ခံ ဥပ္ပါဒေတိ၊ပေ၊ပန–ဆက်၊ သော-ထိုနားထောင်သူသည်၊ သုတွာပိ, ယာဝတာယုကံ– အသက် အပိုင်းအခြားအတိုင်း၊ ဌတွာ-တည်၍၊ အတ္တနော ဓမ္မတာယ သစေ မရတိ၊ (ဧဝံသတိ)၊ အနာပတ္တိ၊ ဇာမံ- ဤစကားကို၊ပေ၊အဓိမုတ္တော- သည်၊ ဝါ- သည်၊(ဟုတွာ)၊ ကာလံ-သေချိန်ကို၊(သစေ) ကရောတိ၊ (ဧဝံသတိ)၊ အနာပတ္တိ။

အာစိက္ခနာယံ-ပြန်ပြောခြင်း၌၊ ပုဋ္ဌော ဘဏတီတိ–ကား၊ ဘန္တေ-အရှင်ဘုရား၊ ကထံ-အဘယ်သို့၊ (ဘယ်ပုံဘယ်နည်း)၊ မတော-သေသူသည်၊ ခနံ့ဝါ-ကိုမူလည်း၊ လဘတိ - ရတတ်ပါသနည်း၊ သဂ္ဂေဝါ – ၌မူလည်း၊ ဥပ္ပဇ္ဇတိ-ဖြစ်တတ်ပါသနည်း၊ [''သဂ္ဂံ ဝါ ဥပပဇ္ဇတိ'' သော်လည်းရှိစေ။] ဣတိဧဝံ-ဤသို့၊ ပုဋ္ဌော - မေးအပ်သည်၊ (ဟုတွာ – ၍)၊ ဘဏတိ - ပြန်ပြောအံ့။.... အနုသာသနိယံ–သွန်သင်ခြင်း၌၊ အပုဋ္ဌောတိ-ကား၊ ဧဝံ-သို့၊ (ဘန္တေ ကထံ မတော ခနံ့ဝါ လဘတိ၊ သဂ္ဂေဝါ ဥပ္ပဇ္ဇတိဟူ၍)၊အပုဋ္ဌော-မမေးအပ်ဘဲ၊ သာမံယေဝ – ကိုယ်တိုင်သာလျှင်၊ ဘဏတိ – အံ့။.... သင်္ကေတကမ္မ နိမိတ္တကမ္မာနိ-ချိန်ခါနေရပ် အမှတ်အသားကိုပြုခြင်း, အရိပ်နိမိတ်ကိုပြုခြင်းတို့ကို၊ အဒိန္နာဒါနကထာယံ- ကထာ၌၊ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာနိ။

www.dhammaransi.com

စေဝံ - ဤသို့လျှင်၊ နာနပ္ပကာရတော — အထူးထူးသော အပြားအားဖြင့်၊ အာပတ္တိဘေဒံ - ကို၊ ဒဿေတွာ - မူပြီး၍၊ ဣဒါနိ- ၌၊ အနာပတ္တိဘေဒံ-ကို၊ ဒဿေန္တော-(ဟုတ္တာ)၊ အနာပတ္တိ အသဉ္စိစ္စာတိအာဒိံ-ကို၊ အာဟ-မူပြီ၊ တတ္ထ- ထို အနာပတ္တိအသဉ္စိစ္စ အစရှိသောစကားရပ်၌၊ အသဉ္စိစ္စာတိ-ကား၊ ဣမိနာဥပက္ကမေန- ဤလုံ့လဖြင့်၊ ဣမံ-ဤသူကို၊ မာရေမိ-သေစေအံ့၊ ဣတိ- သို့၊ အစေတေတွာ-မစေ့ဆော်မူ၍၊ [သံအနက်မရှိ၊] စ - ဆက်၊ ဧဝံ- ဤသို့၊ အစေတေတွာ - မူ၍၊ ကတေန - သော၊ ဥပက္ကမေန- ကြောင့်၊ ပရေ-သူတပါး သည်၊ မတေပိ-သေပါသော်လည်း၊ အနာပတ္တိ(ဟောတိ)၊စ-သာဓကကား၊ အနာပတ္တိ၊ပေ၊ အသဉ္စိစ္စာတိ-ဟူ၍၊ ဝုတ္တံ-မိန့်တော်မူလတ့ံ၊ [''အသဉ္စိစ္စ- မစေ့ဆော်မူ၍၊(ဥပက္ကမန္တဿ-လုလ္လပြုသောရဟန်း၏)၊အနာပတ္တိ ဟောတိ'' ဟု ပါဠိတော်၌ပေး။] အဇာနန္တဿာတိ-ကား၊ ဣမိနာ- ဤလုလ္လကြောင့်၊ အယံ- ဤသူသည်၊ မရိဿတိ၊ ဣတိ-သို့၊ အဇာနန္တဿ-မသိသော ရဟန်း၏ ၊ပေ၊ စ - သာဓကကား၊ ဝိသဂတပိဏ္ဍပါတဝတ္ထုသ္မိံ - ဝိသဂတပိဏ္ဍပါတ ဝတ္ထု၌၊ ဝါ-အဆိပ်ပါသော ဆွမ်းကိုပေးမိသော ရဟန်း၏ဝတ္ထု၌၊အနာပတ္တိ ၊ပေ၊ အဇာနန္တဿာတိ - ဟူ၍၊ ဝုတ္တံ၊ [''အဇာနန္တဿ- ဤ လုလ္လကြောင့်

တတ္ထ အသဉ္စိစ္စာတိ။ ။အသဉ္စိစ္စ, အဇာနန္တ,နမရဏာဓိပ္ပါယ ၃ ပါး၏ ထူးခြား ပုံကို အကျယ်ပြလို၍ ''တတ္ထ'' စသည်မိန့်၊ တစုံတခုပယောဂ (လုံ့လ) ပြုသော်လည်း သူတပါးသေစေလိုသော စေတနာမပါဘဲ ပြုခြင်းကို ''အသဉ္စိစ္စ''ဟု ခေါ်သည်၊ ထိုသို့ ပြုခြင်းကြောင့် သူတပါးသေသော်လည်း အနာပတ္တိ၊ ရဟန်းတပါးသည် ရွာတွင်းရှိ ဆွမ်းစားစရပ်ဝယ် နေရာခင်းသော အခါ (အချင်းချင်းမှီ၍ ထောင်ထားသော) ကျည်ပွေ့ (ဂျပွေ့) ၂ ခုတွင် တခုကို ယူလိုက်လေရာ , ကျန်တခုလည်း၍ (လဲ၍) ကလေးငယ်၏ ဦးခေါင်းပေါ်ကျသဖြင့် ကလေးသေသွားလေ၏၊ သို့သော် ကျည်ပွေ့ တခုကိုယူမှု လုလ္လပြုစဉ်က, ''ငါပြုသောလုလ္လကြောင့် ကလေးသေလိမ့်မည်''ဟု အမှတ် မထားမိသောကြောင့် အာပတ်မသင့်ပါ။ [အသဉ္စိစ္စာတိဣဒံ မရဏသံဝတ္တနိကဥပက္ကမ သ—ကို၊ အသလ္လက္ခဏံ— သေစေလိမ့်မည် ဟု အမှတ်မထားခြင်းကို၊ သန္ဓာယ ဝုတ္တံ။]

အဇာနန္တဿ ။ ။ ''ဤ အရာဝတ္ထုသည် သေစေတတ်၏ '' ဟု မသိခြင်းကို ''အဇာနန္တဿ''ဟု ခေါ်၏၊ တစုံတရာလုလ္လကြောင့် သူတပါး သေသွားသော်လည်း အနာပတ္တိ၊ ရဟန်းတပါးသည် အဆိပ်ခတ်ထားသော ဆွမ်းကိုရခဲ့၏၊ အဆိပ်ခတ်ထား မှန်းကား မသိရှာ၊ ဆွမ်းစားကျောင်း ယူလာခဲ့၍ ရဟန်းတို့အား ဦးဦးဖျားဖျားကို လှူလေသည်၊ စားမိသော ရဟန်းအားလုံး သေကြ၏၊ သို့သော် '' ဤဆွမ်း၌ အဆိပ် ပါကြောင်း''မသိသောကြောင့် လှူသောရဟန်းမှာ အာပတ်မသင့်။ [အဇာနန္တဿာတိ ဣဒံ မရဏသံဝတ္တနိက ဥပကရဏဿ—သေခြင်းကိုဖြစ်စေတတ်သော အဆောင်အဉီးကို၊ အဇာနနံ—မသိခြင်းကို၊ သန္ဓာယ ဝုတ္တံ။]

www.dhammaransi.com

သေလိမ့်မည်ဟု မသိသည်ဖြစ်၍၊ (ဥပက္ကမန္တဿ)အနာပတ္တိ''ဟု ပါဠိတော်၌ ပေး။]န မရဏာဓိပ္ပါယဿာတိ-ကား၊ မရဏံ-ကို၊ အနိစ္ဆန္တဿ-အလိုမရှိသည်ဖြစ်၍၊ (ဥပက္ကမန္တဿ-၏၊ အနာပတ္တိ ဟောတိ၊) ဟိ- မှန်၊ ယေန ဥပက္ကမေန-ကြောင့်၊ ပရော-သည်၊ မရတိ- ၏၊ တေနဥပက္ကမေန- ကြောင့်၊ တဿ-ထိုသူကို၊ မာရိတေပိ - သေစေအပ်ပါ သော်လည်း၊ န မရဏာဓိပ္ပါယဿ-သေခြင်း၌ဖြစ်သော အလိုမရှိသောရဟန်း၏၊အနာပတ္တိ(ဟောတိ)၊စ-ကား၊ အနာပတ္တိ ဘိက္ခု၊ န မရဏာဓိပ္ပါယဿာတိ-ဟူ၍၊ ဝုတ္တတိ၊ဥမ္မတ္တကာဒယော-ဥမ္မတ္တကအစရှိသောပုဂ္ဂိုလ်တို့သည်၊ ပုဗ္ဗေ- ၌၊ [ပဌမပါရာဇိကအဖွင့်၌။] ဝုတ္တနယာဝေ- န်သည်သာ၊ ပန - အထူးကား၊ ဣဓ- ဤတတိယပါရာဇိကသိက္ခာပုဒ်၌၊ အာဒိကမ္မိကာ- အာဒိကမ္မိက ပုဂ္ဂိုလ်တို့သည်၊ အညမညံ, ဇီဝိတာ- မှ၊ ဝေါရောပိတ (ဝေါရောပက) ဘိက္ခူ - ခွင်းသော ရဟန်းတို့တည်း၊ တေသံ- ထို အာဒိကမ္မိကပုဂ္ဂိုလ်တို့၏၊ အနာပတ္တိ(ဟောတိ)၊ အဝသေသာနံ-အချင်းချင်း သတ်သော ရဟန်းတို့မှ ကြွင်းကုန်သော၊ မရဏဝဏ္ဏ သံဝဏ္ဏနကာနံ-သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းသော ရဟန်းတို့၏၊ အာပတ္တိယေဝ-ပင်တည်း၊ ဣတိ - အပြီးတည်း၊ [သိက္ခာပုဒ်၏ ဝတ္ထုကြောင်း၌ မရဏဝဏ္ဏ သံဝဏ္ဏနကဝတ္ထုအပြင် အခြားဝတ္ထု မရှိ၊ ဝိနီတဝတ္ထုများနှင့်လည်း မဆိုင်သောကြောင့် "မရဏဝဏ္ဏသံဝဏ္ဏနကာဒီနံ" ဟု အာဒိ ပါနေသည်ကား မကောင်း။] ပဒဘာဇနီယဝဏ္ဏနာ-သည်၊ နိဋ္ဌိတာ။

သမုဋ္ဌာနာဒီသု-သမုဋ္ဌာန်အစရှိသည်တို့၌၊(ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)၊ ဣဒံ သိက္ခာပဒံ- သည်၊ တိသမုဋ္ဌာနံ - ၃ ပါးသော သမုဋ္ဌာန်ရှိ၏၊ ကာယစိတ္တတော စ- ကိုယ်စိတ်ကြောင့်၎င်း၊ ဝါစာစိတ္တတော စ- ၎င်း၊ ကာယဝါစာစိတ္တတော စ-၎င်း၊ သမုဋ္ဌာတိ-ဖြစ်၏၊ ကြိယံ-မပြုထိုက်သော လွန်ကျူးမှုကိုပြုခြင်းရှိသောသိက္ခာပုဒ်တည်း၊သညာဝိမောက္ခံ- ဝီတိက္ကမသညာ၏မရှိခြင်းကြောင့် အာပတ်မှ လွတ်မြောက်ခြင်းရှိသော သိက္ခာပုဒ်တည်း၊ သစိတ္တကံ-စိတ်နှင့်တကွ ဖြစ်သောသိက္ခာပုဒ်တည်း၊ လောကဝဇ္ဇံ-လောက၌အပြစ်ရှိ၏၊ ကာယကမ္မံ-

န မရဏာဓိပ္ပါယဿ။ ။သူတပါး၏သေခြင်းကို အလိုမရှိဘဲ လုလ္လပြုမိ၍သူတပါး သေသော်လည်း အနာပတ္တိ၊ ရဟန်းတပါးသည် ကိုယ်ဝန် မတည်သော မိန်းမ၏ တောင်းပန်မှုကြောင့် ကိုယ်ဝန်တည်ဆေး ပေးလေ၏၊ ထိုမိန်းမ သေရှာလေသည်၊ ဤ ဝတ္ထု၌ ရဟန်း၏ပယောဂလည်း ပါ၏၊ ထို ပယောဂပြုခြင်းကိုလည်း သိ၏၊ သို့သော် သေစေလိုသော စိတ်မရှိသောကြောင့် အာပတ်မသင့်။ [န မရဏာဓိပ္ပါယဿာတိ ဣဒံ ဥပက္ကမံ ဇာနန္တဿာပိ မရဏာဓိပ္ပါယဿ အာဘာဝံ သန္ဓာယ ဝုတ္တံ။]

www.dhammaransi.com

ကာယကံရှိ၏၊ ဝစီကမ္မံ - ရှိ၏၊ အကုသလစိတ္တံ - စိတ်ရှိ၏၊ ဒုက္ခဝေဒနံ - ဒုက္ခဝေဒနာရှိ၏၊ ဟိ-မှန်၊ သိရီသယနံ-အသရေရှိသော အိပ်ရာသို့၊ အာရုဠှော-တက်ရောက်သော် ရဇ္ဇသမ္ပတ္တိသုခံ-မင်း၏ဥစ္စာဖြစ်သောစည်းစိမ်ချမ်းသာကို၊ အနုဘဝန္တော-ခံစားသော၊ ရာဇာ-သည်၊ (ဘဏာတိ-၌စပ်)၊ ဒေဝ-အရှင်မင်းမြတ်၊ စောရော-ကို၊အာနီတော-ဆောင်အပ်ပါပြီ၊ ဣတိ-သို့၊ ဝုတ္တေ-မသော်၊ ဂစ္ဆထ-န်လော၊ နံ-ထို ခိုးသူကို၊ မာရေထ-သတ်ကြကုန်လော၊ ဣတိ-ဤသို့၊ ဟာသမာနော၀-ပြုံးလျက်သာလျှင်၊ သစေပိ ဘဏာတိ-ဥုးတော့၊(ဓဝံသတိပိ)၊ ဒေါမနဿစိတ္တေနေဝ-ဖြင့်သာလျှင်၊ ဘဏာတိ-၏၊ ဣတိ-သို့၊ ဝေဒိတဗ္ဗော-၏၊ ပန- ထိုသို့ပင် ဒေါမနဿစိတ်ဖြင့် ပြောပါသော်လည်း၊ သုခဝေါကိဏ္ဏတ္တာ-ဒေါမနဿစိတ်၏ ရှေ့နောက်တို့၌ သုခဝေဒနာဖြင့် ရောပြွမ်းနေသည်၏အဖြစ်ကြောင့်၊ဝါ-နေသည့်အတွက်၊ အနုပ္ပဗန္ဓာဘာဝါ-ဒေါမနဿစိတ်၏ အဆက်မပြတ်ဖွဲ့စပ်မှု၏ မရှိခြင်းကြောင့်၊ [စ – မလို၊] တံ – ဤ ဒေါမနဿစိတ်ဖြင့် ပြောဆိုခြင်းကို၊ ပုထုဇ္ဇနေဟိ-တို့သည်၊ ဒုဇ္ဇာနံ-ခဲယဉ်းသဖြင့် သိအပ်၏၊ ဝါ–သိနိုင်ခဲ၏၊ ဣတိ–ဤသို့ မှတ်အပ်၏။

ဝိနီတဝတ္ထု[ကထာသု - ဝိနီတဝတ္ထု]ကထာတို့၌၊ (ဝိနီစ္ဆယော ဇဝံ ဝေဒိတဗ္ဗော၊ ယောဇနာ၌ "ဝိဇ္ဇမာနေ – ထင်ရှားသော" ဟု ထည့်၍ ပဌမ

သစေပိဟိ၊ပေ၊ ဝေဒိတဗ္ဗော။ ။"ဒုက္ခဝေဒနံ"ဟူသောစကားကို ခိုင်မြဲစေလို၍ "သစေပိဟိ"စသည်ကိုမိန့်၊ ပြုံးခြင်းကိုဖြစ်စေသော စိတ်သည် သောမနဿစိတ်တည်း၊ သတ်ခြင်းကို ဖြစ်စေသောစိတ်ကား ဒေါမနဿစိတ်တည်း၊ ရှင်ဘုရင်သည် စည်းစိမ်ခံစားရ၍ သောမနဿစိတ်အစဉ်ဖြင့် " သတ်လိုက် " ဟု အမိန့်ချသောစိတ်ဖြစ်၏၊ ထိုစိတ်သည် ဒေါမနဿစိတ်ဖြစ်၍ ဒုက္ခဝေဒနာပါရှိသည်–ဟူလို။

သုခဝေါ၊ ပေ၊ ပုထုဇ္ဇနေဟိ ။ ။ ထိုသို့ ဒေါမနဿစိတ်ဖြင့် အမိန့်ချလျှင် အဘယ်ကြောင့် ဒေါမနဿမထင်ရှားသနည်း–ဟု မေးဘွယ်ရှိ၍"သုခဝေါကိဏ္ဏတ္တာ" စသည်မိန့်၊ ဒေါမနဿစိတ်၏ ရှေ့နောက်တို့၌ သုခ (သောမနဿစိတ်) ရောယှက်နေသည့်အတွက် ဒေါမနဿစိတ်ကဆက်ကာဆက်ကာ မဖြစ်နိုင်သောကြောင့် ဒေါမနဿစိတ်ဖြစ်နေမှန်းကို ပုထုဇဉ်များ မသိနိုင်ဘဲရှိရသည် – ဟူလို။ [ပုဗ္ဗာပရိယဝသေန–ဒေါမနဿစိတ်၏ ရှေ့နောက်၌ ဖြစ်ခြင်း၏အစွမ်းဖြင့်၊ ဥဘောသု ပဿေသု ဥပ္ပဇ္ဇနကသုခေဟိ အာကိဏ္ဏတ္တာ, ဥပ္ပန္နဿစ ဒေါမနဿဿ – ဖြစ်သောဒေါမနဿ၏လည်း၊ အနုပ္ပဗန္ဓနေန–အဆက်မပြတ် ဖွဲ့စပ်ခြင်းအားဖြင့်၊ ပဝတ္တိယာ အဘာဝတော, တဒါ-ထိုသတ်မိန့်ပေးရာအခါ၌၊ ဥပ္ပန္နံပိ ဒေါမနဿံ–သည်၊ န ပကာသတိ–မထင်ရှား၊ ဣတိ အတ္ထော၊(ဋီကာ)၊အဋ္ဌကထာ၌ ဝေါကိဏ္ဏတ္တာသည် ဟိတ်ကူသာ ဖြစ်နိုင်သောကြောင့် "ဘာဝါစ"ဟု စပါသည်မှာ ပိုဟန်တူသည်၊ ဝိမတိ၌လည်း (စ) မပါ။]

ဝတ္ထုသို့ ၌စပ်၏။) ပဌမဝတ္ထုသ္မိံ - ၌၊ ကာရုညေနာတိ - ကား၊ တေဘိက္ခူ- တို့သည်၊ တဿ-ထို ဂိလာနရဟန်း၏၊ မဟန္တံ-ကြီးစွာသော၊ ဝေလညဒုက္ခံ- မကျန်းမာခြင်းကြောင့်ဖြစ်သော ဆင်းရဲကို၊ ဒိသွာ-မြင်ရ၍၊ ကာရုညံ-သနား ခြင်းကို၊ ဥပ္ပါဒေတွာ - ၍၊ တွံ - အရှင်ဘုရားသည်၊ သီလဝါ- သီလရှိ၏၊ ကတ ကုသလော-ပြုအပ်ပြီးသောကုသိုလ်ရှိ၏၊ကသ္မာ,မီယမာနော-သေလတံ့သည်၊ (ဟုတွာ-၍၊ ဝါ-ဒကြောင့်၊) ဘာယသိ ကြောက်ရဘိသနည်း၊ [''မီယမာနာ- သေလတံ့ခြင်းမှ၊ ဘာယသိ - နည်း''ဟု ရှေးနိဿယများ၌ ပေးသည်။]သီလ ဝတော - ၏၊ သဂ္ဂေါနာမ- နတ်ပြည်မည်သည်ကို၊ န ဒုလ္လဘော နနု- ခဲယဉ်း သဖြင့် မရအပ်သည် မဟုတ်ပါလော၊ ဝါ - မခဲယဉ်းသည် မဟုတ်ပါလော၊ မရဏမတ္တ ပဋိဗဒ္ဓေါယေဝ-သေခြင်းမျှနှင့် စပ်သည်သာလျှင်၊ (ဟောတိနနု- လော၊) [သေလျှင်သေခြင်း နတ်ပြည်ရောက်ရမည် မဟုတ်ပါလော - ဟူလို။] ဣတိ ဧဝံ-သို့၊ မရဏတ္ထိကာဝ-သေခြင်းကို အလိုရှိကုန်သည်သာလျှင်၊ ဟုတ္ဂာ- ၍၊ ဝါ-ပါလျက်၊ မရဏတ္ထိကဘာဝံ - သေခြင်းကို အလိုရှိသူတို့၏ အဖြစ်ကို၊ အဇာနန္တာ-နှ်သည်၊(ဟုတွာ)၊မရဏဝဏ္ဏံ-ကို၊ သံဝဏ္ဏေသုံ-နှ်ပြီ၊ သောပိဘိက္ခု, တေသံ-ထိုရဟန်းတို့၏၊ သံဝဏ္ဏနာယ-ကြောင့်၊ အာဟာရုပစ္ဆေဒံ-အာဟာရ ဖြတ်မှုကို၊ ကတွာ, အန္တရာဝ-သေချိန်မရောက်မီအကြား၌သာလျှင်၊ ကာလံ- ကို၊ အကာသိ - ပြီ၊ တသ္မာ , အာပတ္တိံ - သို့၊ အာပန္နာ - နှ်ပြီ၊ ပန - ဆက်၊ ဝေါဟာရဝသေန - ပြောရိုးဆိုစဉ်၏အစွမ်းဖြင့်၊ ကာရုညေန ၊ပေ၊ သံဝဏ္ဏေ သုန္တိ-ဟူ၍၊ (သံဂီတိကာရေဟိ) ဝုတ္တံ။ [ပြောရိုးဆိုစဉ်အားဖြင့် ''သနားခြင်း ကြောင့်''ဟု ဆိုသော်လည်း သေစေလိုသော စေတနာပါနေသည် - ဟူလို။] တသ္မာ, ဣဒါနိပိ-လည်း၊ ပဏ္ဍိတေန, ဘိက္ခုနာ-သည်၊ ဂိလာနဿ-သော၊ ဘိက္ခုနော - ရဟန်း၏အထံ၌၊ ဧဝံ- ဤသို့၊ မရဏဝဏ္ဏော- ကို၊ န သံဝဏ္ဏေ တဗ္ဗော - ထိုက်၊ ဟိ - တားမြစ်သင့်၏၊ တဿ - ထို ရဟန်း၏၊ သံဝဏ္ဏနံ- ချီးမွမ်းကြောင်းစကားကို၊ သုတွာ,အာဟာရုပစ္ဆေဒါဒိနာ-အာဟာရဖြတ်မှု အစရှိသော၊ ဥပက္ကမေန-ကြောင့်၊အာယုသ္မိံ-သည်၊ဧကဇဝနဝါရာဝသေသေ- ဇောတကြိမ် အကြွင်းအကျန်ရှိသေးသည်၊ (သမာနေပိ-သော်လည်း၊)အန္တရာ ကာလံ သစေကရောတိ၊(ဧဝံသတိ)၊ဣမိနာဝ-၍ရဟန်းသည်သာ၊မာရိတော- သေစေအပ်သည်၊ ဟောတိ။

ပန-ဆက်၊ ဣမိနာ နယေန-ဖြင့်၊ အနုသိဋ္ဌိ-သွန်သင်ခြင်းကို၊ ဒါတဗ္ဗာ-၏၊ (ကိံ)၊ သီလဝတော-၏၊ မဂ္ဂဖလုပ္ပတ္တိနာမ - မဂ်ဖိုလ်၏ဖြစ်ခြင်း မည်သည်ကို၊ အနစ္ဆရိယာ-မအံ့ဩအပ်ပါ၊ ဝါ- မအံ့ဩလောက်ပါ၊ တသ္မာ ဝိဟာရာဒီသု,

www.dhammaransi.com

အာသတ္တိံ - ငြိကပ်တွယ်တာမှုကို၊ အကတွာ, ဗုဒ္ဓဂတံ - ဘုရား၌ရောက်သည်လည်းဖြစ်သော၊ ဝါ-ဘုရားအာရုံရှိသည်လည်း ဖြစ်သော၊ ဓမ္မဂတံ-တရား၌ရောသည်လည်း ဖြစ်သော၊ ဝါ- တရားအာရုံရှိသည်လည်း ဖြစ်သော၊ သံဃဂတံ- အရိယာသံဃာ၌ ရောက်သည်လည်းဖြစ်သော၊ ဝါ – အရိယာသံဃာ အာရုံရှိသည်လည်း ဖြစ်သော၊ ကာယဂတံစ – ဆံ အစရှိသော ကောဋ္ဌာသ အပေါင်း၌ ရောက်သည်လည်း ဖြစ်သော၊ ဝါ - ဆံ အစရှိသော ကောဋ္ဌာသ အပေါင်းဟူသော အာရုံရှိသည်လည်းဖြစ်သော၊ သတိံ – ကို၊ ဥပဋ္ဌပေတွာ – ဖြစ်စေ၍၊ မနသိကာရေ-ကမ္မဋ္ဌာန်းနှလုံးသွင်းမှု၌၊ အပ္ပမာဒေါ-မမေ့မလျော့ခြင်းကို၊ ကာတဗ္ဗော – ပြုထိုက်ပါ၏၊ ဣတိ (ဒါတဗ္ဗာ)၊ စ – ဆက်၊ မရဏဝဏ္ဏော–ကို၊ သံဝဏ္ဏိတောပိ-ချီးမွမ်းအပ်ပါသော်လည်း၊ ယော–အကြင်ရဟန်းသည်၊ တာယ သံဝဏ္ဏနာယ – ကြောင့်၊ ကိဉ္စိ-သော၊ ဥပက္ကမံ–ကို၊ အကတွာ အတ္တနော, ဓမ္မတာယ (ဧဝ)-သာလျှင်၊ ယထာယုနာ (ဧဝ)- အကြင်အကြင် အသက် အပိုင်းအခြားဖြင့် သာလျှင်၊ ယထာနုသန္ဓိနာဝ – အကြင် အကြင် အဆက်မပြတ် ဖွဲ့စပ်ခြင်းဖြင့်သာလျှင်၊ မရတိ-၏၊ (တဿ-ထိုရဟန်း၏၊) တပ္ပစ္စယာ-ထိုမိမိသဘောအတိုင်း သေခြင်းဟူသော အကြောင်းကြောင့်၊ သံဝဏ္ဏနကော - ချီးမွမ်းသော ရဟန်းကို၊ အာပတ္တိယာ- ဖြင့်၊ နကာရေတဗ္ဗော-မပြုစေထိုက်၊ ဝါ-မဆုံးဖြတ်ထိုက်၊ ဣတိ-ဤသို့ မှတ်အပ်၏။

ဒုတိယဝတ္ထုသ္မိံ - ၌၊ နစ ဘိက္ခဝေ အပ္ပဋိဝေက္ခိတွာတိ ဧတ္ထ–၌၊ ကီဒိသံ–အဘယ်ကဲ့သို့ ရှုအပ်သော၊ အာသနံ– နေရာကို၊ ပဋိဝေက္ခိတဗ္ဗံ-ဆင်ခြင်ထိုက်သနည်း၊ ကီဒိသံ (အာသနံ) န ပဋိဝေက္ခိတဗ္ဗံ၊ ယံ-အကြင်နေရာသည်၊ သုဒ္ဓံ-သက်သက်သော၊ [အခင်းမပါသော။] အာသနမေဝ-နေရာထိုင်ခုန်ချည်းသာ၊ ဟောတိ- ၏၊ အပစ္စတ္ထရဏကံ - အခင်းမရှိ၊ [သုဒ္ဓံကိုပင် အပစ္စတ္ထရဏကံ ဟု ဖွင့်သည်၊ ဤပါဌ်မပါလျှင်လည်း ကောင်း၏။] ယဉ္စ– အကြင်နေရာကိုလည်း၊ အာဂတွာ, ဌိတာနံ – ရပ်နေကုန်သော ရဟန်းတို့သည်၊ ပဿတံယေဝ – မြင်ကုန်စဉ်ပင်၊ အတ္ထရိယတိ-ခင်းအပ်၏၊ တံ–ထိုနေရာ ၂ မျိုးကို၊ နပစ္စဝေက္ခိ

ယထာယုနာ ယထာနုသန္ဓိနာဝ ။ ။ ယထာနုသန္ဓိနာသည် ယထာယုနာ၏ ပရိယာယ်တည်း၊ ယထာနုသန္ဓိနာ (တဘာဝအတွက် အဆက်ဆက်ဖြစ်သော အသက် အပိုင်းအခြားဖြင့်၊) အထဝါ, ယထာနုသန္ဓိနာတိ ယထာနုပ္ပဗန္ဓေန (အကြင်အကြင် အဆက်မပြတ် ဖွဲ့စပ်ခြင်းဖြင့်) ယာဝ တသ္မိံဘဝေ သန္တာနဿ(ရုပ်နာမ်အစဉ်၏) အနုပ္ပဗန္ဓော (အဆက်မပြတ် ဖွဲ့စပ်ခြင်းသည်) အဝိစ္ဆိန္နပဝတ္တိ (မပြတ်မစဲ ဖြစ်ခြင်း မည်သည်) ဟောတိ၊ တာဝ ဌတွာတိ ဝုတ္တံ ဟောတိ။

www.dhammaransi.com

တမ္ဗံ–မဆင်ခြင်ထိုက်၊ ဝါ-ဆင်ခြင်ဘွယ်မလို၊ နိသီဒိတုံ-မဆင်ခြင်ဘဲ ထိုင်ခြင်းငှါ၊ဝဋ္ဋတိ၊ယမ္ပိ–အကြင်နေရာကိုလည်း၊ မနုဿာ–တို့သည်၊ သယံ-ကိုယ်တိုင်၊ ဟတ္ထေန-ဖြင့်၊ အက္ကမိတွာ-လွှမ်းဖိ၍၊ ဘန္တေ-တို့၊ ဣဓ-ဤနေရာ၌၊ နိသီဒထ–န်၊ ဣတိ–ဤသို့ လျှောက်၍၊ ဒေန္တိ–ပေးလှူတတ်ကြကုန်၏၊ [“အရှင်ဘုရားတို့ ကြွတော်မူကြပါ, ဤနေရာ၌ သီတင်းသုံးတော်မူကြပါ”ဟု လက်ဖြင့် နေရာကို ဖိ၍ (ပုတ်ပြ၍)ထိုင်ဘို့ရန် နေရာပေးတတ်ကြသည်-ဟူလို။] တမ္ပိ-ထိုနေရာမျိုး၌လည်း၊ (နိသီဒိတုံ) ဝဋ္ဋတိ၊ ပဌမမေဝ– မိမိတို့၏ ရှေးဦးစွာသာလျှင်၊ ဝါ – အလျှင်သာလျှင်၊ အာဂန္တွာ – ရောက်နှင့်၍၊ နိသိန္နာ – ထိုင်ကုန်သော ရဟန်းတို့သည်၊ ပစ္ဆာ– မှ၊ (အာဂတာနံ – လာကုန်သော ရဟန်းတို့အား၊ ဩကာသဒါနတ္ထံ– အခွင့်ပေးခြင်းအကျိုးငှါ၊) ဥဒ္ဓံဝါ– အထက်သို့သော်၎င်း၊ အဓောဝါ – အောက်သို့သော်၎င်း၊ သစေပိ သင်္ကမန္တိ – အကယ်၍မူလည်း ရွှေ့ပေးကုန်အံ့၊ (ဧဝံသတိ)၊ ပစ္စဝေက္ခနကိစ္စံ – ဆင်ခြင်ဘွယ်ကိစ္စသည်၊နတ္ထိ၊ [ပစ္ဆာ ပါသောကြောင့် “အာဂတာနံ ဩကာသဒါနတ္ထံ” ဟု ဋီကာပါဌ်ကို ထည့်ပေးသည်၊ “ပစ္ဆာ”မပါဘဲလည်း အဓိပ္ပါယ်ပြည့်စုံပါ၏။]

ယံပိ- အကြင်နေရာကိုလည်း၊ တနုကေန-ပါးလှပ်သော၊ ဝတ္ထေန-အဝတ်ဖြင့်၊(ပဋိစ္ဆန္နံ ဟောတိ၌စပ်၊) ယထာ–အကြင်အခြင်းအရာအားဖြင့် ဖုံးထားအပ်သော်၊ တလံ– အောက်အပြင်ကို၊ ဒိဿတိ – မြင်အပ်၏၊ ဧဝံ-ဤ အခြင်းအရာအားဖြင့်၊ ပဋိစ္ဆန္နံ–ဖုံးလွှမ်းအပ်သည်၊ဟောတိ၊[“အာသန် မဉ္စ ပီဌာဒိ” အရ ညောင်စောင်းအင်းပျဉ်ကို “ အာသန ”ဟု ခေါ်၏၊ ထို အာသန၏ အပေါ်၌ အဝတ်ပါးပါးဖြင့် ဖုံးလွှမ်းထားသည်ကို ဆိုသည်။] အသ္မိမ္ပိ – ထိုနေရာ၌လည်း၊ပေ၊ ပန-ဆက်၊ ယံ- အကြင်နေရာသည်၊ ဝါ–ကို၊ ပဋိကစ္ဆဝ–စောစောကပင်၊ ပါဝါရကောဇဝါဒီဟိ - ခြုံထည် ကော်ဇောအစရှိသည်တို့ဖြင့်၊ အတ္ထတံ - ခင်းအပ်သည်၊ ဟောတိ၊ တံ - ထိုနေရာကို၊ ဟတ္ထေန ပရာမသိတွာ, သလ္လက္ခေတွာ –(ခြုံထည် ကော်ဇောအောက်၌ ကလေးရှိ – မရှိကို) မှတ်သား၍၊ နိသီဒိတမ္ဗံ – ရာ၏၊ ဝါ- နိုင်၏၊ ပန - ဝါဒန္တရကား၊ မဟာပစ္စရိယံ – ၌၊ ဃနသာဋကေနာပိ – ထူထဲသော အဝတ်ဖြင့်လည်း၊ အတ္ထတေ–သော၊ ယသ္မိံ-အကြင်နေရာ၌၊ ဝလိ- အတွန့်သည်၊ နပညာယတိ- မထင်ရှား၊ တံ- ထိုနေရာကို၊ နပ္ပဋိဝေက္ခိတမ္ဗံ– မဆင်ခြင်ထိုက်၊ ဝါ - ဆင်ခြင်ဘွယ် မလို၊ ဣတိ–ဤသို့၊ ဝုတ္တံ– ပြီ။ [“ဤသို့ နေရာကို ဆင်ခြင်၍ ထိုင်ရမည် ” ဟု ပညတ်ရာ၌ လူတို့၏ နေရာကိုသာ ရည်ရွယ်သည် ဟု မှတ်၊ “ပဋိဝေက္ခနဥ္စေဒံ ဂိဟီနံ သန္တကေယေဝါတိ ဒဋ္ဌဗ္ဗံ”- ဋီကာ။]

www.dhammaransi.com

မုသလဝဂ္ဂေသွ် – မုသလဝဂ္ဂ၌၊ အသဉ္စိစ္စောတိ-ကား၊ အဝဓကစေတနော–သတ်ကြောင်း စေတနာ မရှိပါ။ [" သံစေတနံ – စေ့ဆော်ခြင်း၊ ဝါ- စေ့ဆော်ကြောင်းစေတနာ၊ သဉ္စိစ္စံ-ခြင်း၊ ဝါ - နာ၊ သံ+ စိတ – ဏျပစ္စည်း၊ နတ္ထိ သဉ္စိစ္စံ ယဿာတိ အသဉ္စိစ္စော " ဟု ပြုစေလိုသောကြောင့် " အသဉ္စိစ္စောတိ အဝဓကစေတနော"ဟု ဖွင့်သည်။] **ဟိ**-မှန်၊ **သော**-ထို ရဟန်းသည်၊ ဝိရဒ္ဓပယောဂေါ- ချွတ်ယွင်းသောပယောဂရှိ၏၊ ဝါ-ပြုလုပ်ပုံလွဲ၏၊ [ကျည်ပွေ့ ၂ ချောင်း ပူး၍ ထောင်ထားရာဝယ် ၂ ချောင်းစလုံး တပြိုင်နက် ယူရမည် ဖြစ်ပါလျက် တချောင်းကိုသာ ဆွဲယူခြင်းကြောင့် " ဝိရဒ္ဓပယောဂေါ " ဟု ဆိုသည်၊] တေန– ကြောင့်၊ အသဉ္စိစ္စော အဟန္တိ-ဟူ၍၊ **အာဟ**-လျှောက်ပြီ၊ ဥဒုက္ခလဝဂ္ဂ – သည်၊ ဥတ္တာနမေဝ၊ ဝုမ္မူပဗ္ဗဇိတဝဂ္ဂေသု - တို့တွင်၊ **ပဌမ** ဝဂ္ဂေသွ်–၌၊ ဘိက္ခုသံဃဿ–၏၊ ပဋိဗန္ဓံ-ဆွမ်းစားခြင်း၏ အနှောက်အရှက်ကို၊ **မာ အကာသိ** - လင့်၊ **ဣတိ**-ဤသို့ ပြော၍၊ **ပဏာမေသိ** - တွန်းလိုက်ပြီ၊ ဒုတိယဝဂ္ဂေသွ်-၌၊ သံဃမဇ္ဈေပိ-၌ငှင်း၊ ဂဏမဇ္ဈေပိ–၌ငှင်း၊ မဟလ္လကတ္ထေရဿ - သက်ကြီးထေရ်၏၊ ပုစ္ဆော– တည်း၊ **ဣတိ-သို့**၊ ဝုစ္စမာနော- ပြောဆိုအပ်သည်၊ ဝါ - အပြောခံရသည်၊ (ဟုတွာ)၊ တေနဝစနေန- သည်၊ အနိစ္စိယ မာနော – နှိပ်စက်အပ်သည်၊ (ဟုတွာ)၊ အယံ– ဤ **အဘရဟန်းကြီးသည်**၊ မရတု - သေပါစေ၊ ဣတိ - ဤသို့ကြံ၍၊ ပဏာမေသိ၊ တတိယဝဂ္ဂေသွ် – ၌၊ တဿ- ထိုရဟန်း၏၊ **ဒုက္ခုပ္ပါဒနေန** - ဒုက္ခကို ဖြစ်စေခြင်းကြောင့်၊ ထုလ္လစ္စယံ (ဟောတိ)၊ **တတော**- ထိုဝဂ္ဂမှ၊ ပရာနံ-န်သော၊ တီဏိ ဝဂ္ဂါနိ- တို့သည်၊ ဥတ္တာနတ္ထာနေဝ–န်သည်သာ။

ဝိသဂတပိဏ္ဍပါတဝဂ္ဂေသွ် - ၌၊ သာရဏီယဓမ္မပူရကော– သာရဏီယ **အကျင့်ကို** ဖြည့်ကျင့်သော၊ သောဘိက္ခု–သည်၊ အဂ္ဂပိဏ္ဍံ - ဥုးဥုးဖျားဖျား ဆွမ်းကို၊ သမြဟ္မစာရီနံ–တို့အား၊ ဒတွာဝ–လှူပြီး၍သာလျှင်၊ ဝါ-မှသာလျှင်၊

ပတိဗန္ဓံ။ ။ပတိဗန္ဓန္တိ ဘောဇနပတိဗန္ဓံ (ဆွမ်းစားခြင်း၏ အနှောက်အရှက်ကို၊ ဘောဇနန္တရာယန္တိ ဝုတ္တံ ဟောတိ၊–ဋီကာ၊ "ဆွမ်းမစားဘဲ စောင့်နေရသော ရဟန်း တို့အား ဆွမ်းစားခြင်း၏ အန္တရာယ်ကို မပြုပါနှင့် " ဟူလို၊ "ပတိပုဗ္ဗ ဗန္ဓဓာတ်သည် ကာရိယပတိဃာတ– အလုပ်ကိစ္စကို (အကျိုးကို) တားမြစ် နှောက်ရှက်ခြင်း အနက် ဟော"ဟု ထောမနိမိ ဖွင့်၏။

သာရဏီယဓမ္မပူရကော။ ။မိမိ ဆွမ်းခံရသော ဆွမ်းကို သူတပါးအား မထေရ် ကြီးမှ စ၍ လှူရ၏၊ အားလုံးကုန်သွားလျှင် ထပ်၍ ဆွမ်းခံရ၏၊ ပြန်လာလျှင် ထပ်၍ လှူရ၏၊ အားလုံး မယူဘဲ ကျန်နေသော ဆွမ်းကိုသာ စားရသည်၊ ဤသို့ ကျင့်သူကို သာရဏီယအကျင့်ဖြည့်သူ ဟု ခေါ်သည်၊ သာရီယတေ-ရှည်သော ကာလသို့ ရောက်စေ

www.dhammaransi.com

ဘုဥ္ဇတိ-၏၊တေန-ကြောင့်၊အဂ္ဂကာရိကံ အဒါသိတိ-ဟူ၍၊(သံဂီတိကာရေဟိ) ဝုတ္တံ၊ အဂ္ဂကာရိကန္တိ-ကား၊ အဂ္ဂကိရိယံ-ဦးဦးဖျားဖျား ပြုခြင်းကို၊ ပဌမံ-စွာ၊ လဒ္ဓပိဏ္ဍပါတံ - ကို၊ (ဒေတိ)၊ ဝါ - တနည်း၊ အဂ္ဂံ - အမွန် အမြတ်ဖြစ်သော၊ ပဏီတပဏီတံ-သော၊ ပိဏ္ဍပါတံ (ဒေတိ၊) ဣတိ အတ္ထော၊ ပန - ဆက်၊ တဿ-ထိုရဟန်း၏၊ ဒါနသဒ္ဒါတာ-ပေးခြင်း ဟု ဆိုအပ်သော၊ ယာ အဂ္ဂကိရိယာ-အကြင်ဦးဦးဖျားဖျားပြုခြင်းသည်၊ (အတ္ထိ)၊ သာ-ထိုဦးဦးဖျားဖျားပြုခြင်းသည်၊ ဝါ-ကို၊ ဒါတုံ - ၄ါ၊ နသက္ကာ၊ [ရှေ့နည်း၌ အဂ္ဂသဒ္ဒါ ဦးဦးဖျားဖျား အနက်ဟော၊ နောက်နည်း၌ အမွန်အမြတ်ဟောတည်း။] ဟိ - မှန်၊ ပိဏ္ဍပါတံ - ကို၊ သော - ထိုရဟန်းသည်၊ ထေရာသနတော-ထေရ်ကြီး၏ နေရာမှ၊ ပဋ္ဌာယ အဒါသိ - လှူပြီ၊ တေဘိက္ခူတိ-ကား၊ ထေရာသနတော ပဋ္ဌာယ-၍၊ ပရိဘုတ္တပိဏ္ဍပါတာ-သုံးဆောင်အပ်ပြီးသော ဆွမ်းရှိကုန်သော၊ဝါ-ဆွမ်းသုံးဆောင်ပြီးကုန်သော၊တေဘိက္ခူ-တို့သည်၊[ပါဠိတော် "ကာလမကံသု"၌စပ်၊] သဗ္ဗေပိ- န်သော၊ တေ- ထိုရဟန်းတို့သည်၊ ကာလံ-ကို၊ အကံသုကိရ - ပြုကြကုန်သတတ်၊ ဧတ္ထ - ဤဝတ္ထု၌၊ သေသံ- ကြွင်းသော ပုဒ်အပေါင်းသည်၊ ဥတ္တာနမေဝ-သည်သာ။

ပန-ဆက်၊ အသဒ္ဓေသု-သဒ္ဓါမရှိကုန်သော၊ မိစ္ဆာဒိဋ္ဌိကေသု-မိစ္ဆာအယူရှိကုန်သော၊ ကုလေသု-အမျိုးတို့၌၊သက္ကစ္စံ-ကောင်းစွာပြု၍၊ ပဏီတဘောဇနံ-ကို၊ လဘိတွာ-၍၊ ဝါ-လသော်၊ အနုပပရိက္ခိတွာ- မစူးစမ်းမူ၍၊ အတ္တနာ-

အပ်၏၊ ဣတိ သာရဏီယော – ရက်အနည်းငယ်မျှ ကျင့်၍ မပြီး, ၁၂ နှစ်ကြာအောင် ကျင့်ရသဖြင့် ရှည်သောကာလသို့ ရောက်စေအပ်သော (နှစ်ရှည် ကျင့်ရသော) အကျင့်တည်း၊ တနည်း – သရိတဗ္ဗောတိ သာရဏီယော – အမြဲမပြတ် အမှတ်ရလျက် မမေ့မလျော့ ကျင့်အပ်သော အကျင့်, တရက်တလေ မကျင့်မိလျှင် အစက ပြန်၍ကျင့်ရသော အကျင့်တည်း။

အဂ္ဂကာရိကံ။ ။ကရဏံ– ပြုခြင်း၊ ကာရိကာ– ခြင်း၊ (ဈာပစ္စည်း ဘောအနက်သက်, ယကို ကပြု၊) ဤသို့ ဘာဝသာဓနကိုပြလို၍ "အဂ္ဂကိရိယံ"ဟု ဖွင့်ပြီးလျှင်, ထိုအမှုအရာကြိယာကို ပေးလှူ၍မဖြစ်,ထို ပေးလှူခြင်းကြိယာနှင့် ယှဉ်နေသောဆွမ်းကိုသာ ပေးလှူ၍ဖြစ်၏၊ ထို့ကြောင့် ဌာနီ ပေးလှူခြင်းကြိယာကို ဌာနဆွမ်းပေါ်တင်စား၍ ဌာန်ျပစာ–အဝိနာဘာဝနည်းအားဖြင့် ဆွမ်းကိုအရကောက်ပါ။ [အဂ္ဂဿ–ဦးဦးဖျားဖျားကို+ကာရိကာ အဂ္ဂကာရိကာ၊ အဂ္ဂကာရိကန္တိ ဧတ္ထ ကာရိကာသဒ္ဒဿ ဘာဝဝစနတ္တာ အဂ္ဂကြိယန္တိ အတ္ထံ ဝတွာပိ ယသ္မာ ကြိယံ ဒါတုံ နသက္ကာ၊ တသ္မာ ဒါနသဒ္ဒါတာယ အဂ္ဂကြိယာယ ယုတ္တံ ပိဏ္ဍပါတမေဝ ဣဓ ဥပစာရဝုတ္တိယာ အဂ္ဂကိရိယာတိ ဂဟေတဗ္ဗန္တိ အာဟ ပဌမံ လဒ္ဓပိဏ္ဍပါတန္တိ အာဒိ။–ဋီကာ။]

www.dhammaransi.com

ကိုယ်တိုင်လည်း၊ နေဝ ပရိဘုဥ္ဇိတဗ္ဗံ - မသုံးဆောင်ရာ၊ ပရေသံ - သူတပါးတို့အားလည်း၊ န ဒါတဗ္ဗံ-မပေးရာ၊ အာဘိဒေါသိကံ- သိုးလေပြီးသော၊ ယမ္ပိ ဘတ္တံဝါ - အကြင်ဘောဇဉ်ကိုသော်၎င်း၊ ယမ္ပိ ခဇ္ဇကံဝါ - အကြင်ခဲဘွယ်ကိုသော်၎င်း၊ တတော - ထိုမိစ္ဆာဒိဋ္ဌိအမျိုးမှ၊ လဗ္ဘတိ - ရအပ်၏၊ တမ္ပိ - ထိုဘောဇဉ်ခဲဘွယ်ကိုလည်း၊ န ပရိဘုဥ္ဇိတဗ္ဗံ-ရာ၊ ဟိ- တားမြစ်သင့်၏၊ အပိဟိတဝတ္ထုမ္ပိ-မပိတ်အပ်သော ဝတ္ထုလည်းဖြစ်သော၊ ဝါ- ပိတ်အပ်သောဝတ္ထု မရှိသည်လည်းဖြစ်သော၊ သပ္ပဝိစ္ဆိကာဒီဟိ - မြွေ, ကင်းမြီးကောက် အစရှိသော အဆိပ်ရှိသောသတ္တဝါတို့သည်၊ အမိသယိတံ - ကိန်းအောင်းအပ်သော၊ ဆန္ဒနီယမ္ပိ-စွန့်ပစ်ထိုက်သောသဘောရှိသော ခဲဘွယ်ဘောဇဉ်ကို၊ တာနိ ကုလာနိ-ထို မိစ္ဆာဒိဋ္ဌိအမျိုးတို့သည်၊ ဒေန္တိ-န်၏၊ ဂန္ဓဟလိဒ္ဒါဒိမက္ခိတောပိ-နံ့သာနနွင်းအစရှိသည်တို့ဖြင့် သုတ်လိမ်းအပ်သည်လည်းဖြစ်သော၊ တတော - ထိုမိစ္ဆာဒိဋ္ဌိအမျိုးမှ၊ ပိဏ္ဍပါတော - ကို၊ န ဂဟေတဗ္ဗော - ထိုက်၊ (ကသ္မာ-ကြောင့်၊ န ဂဟေတဗ္ဗော-နည်း)၊ဟိယသ္မာ-ကြောင့်၊ သရီရေ-၌၊ ရောဂဋ္ဌာနာနိ - ရောဂါရှိသောအရပ်တို့ကို၊ ပုဉ္ဆိတွ - သုတ်ပြီး၍၊ ထပိတဘတ္တမ္ပိ- ထားအပ်သောထမင်းကိုလည်း၊ တာနိ - ထို မိစ္ဆာဒိဋ္ဌိလူမျိုးတို့သည်၊ ဒါတဗ္ဗံ - (ရဟန်းတို့အား) ပေးထိုက်၏ဟူ၍၊ မညန္တိ - မှတ်ထင်တတ်ကုန်၏၊ ဣတိ-ကြောင့်၊ (န ဂဟေတဗ္ဗော-ထိုက်)။

ဝိမံသန ဝတ္ထုသ္မိံ - ဝတ္ထု၌၊ ဂိမံသမာနော- စူးစမ်းလသော်၊ ဝါ-စူးစမ်းသော ရဟန်းသည်၊ ဒွေ- ၂ မျိုးတို့ကို၊ ဝိမံသတိ - ၏၊ ဣဒံ- ဤအဆိပ်သည်၊ မာရေတုံ - သေစေခြင်းငှါ၊ သက္ကောတိနုခေါ - စွမ်းနိုင်လေသလော၊ နော (သက္ကောတိနုခေါ) - လော၊ ဣတိ- သို့၊ ဝိသံဝါ- အဆိပ်ကိုသော်လည်း၊ ဝိမံသတိ—၏၊ အယံ-ဤရဟန်းသည်၊ ဣမံဝိသံ- ကို၊ ခါဒိတွာ-ပြီး၍၊ မရေယျနုခေါ- သေရာအံ့လော၊ နော(မရေယျနုခေါ)-လော၊ ဣတိ-သို့၊ ပုဂ္ဂလံဝါ-လည်း၊ ဝိမံသတိ-၏၊ ဉဘယထာပိ-ဖြင့်လည်း၊ ဝိမံသာဓိပ္ပါယေန-စူးစမ်းခြင်း၌ဖြစ်သော အလိုဖြင့်၊ ဒိန္နေ- ပေးအပ်သော်၊ မရတုဝါ-သေမူလည်း သေပစေ၊ မာ(မရတု) ဝါ- စေ၊ ထုလ္လစ္စယံ (ဟောတိ)၊ ပန-ကား၊ ဣဒံဝိသံ -သည်၊ ဧတံ-ဤရဟန်းကို၊ မာရေတု-သတ်ပါစေ၊ ဣတိ ဧဝံဝါ-ဤသို့သော်၎င်း၊ ဣမံ ဝိသံ- ကို၊ ခါဒိတွာ- ၍၊ အယံ- ဤရဟန်းသည်၊ မရတု—သေပါစေ၊ ဣတိ ဧဝံ ဝါ-သော်၎င်း၊ ဒိန္နေ-သော်၊သစေ မရတိ-အံ့၊(ဧဝံသတိ)၊ပါရာဇိကံ၊ နောစေ မရတိ - အံ့၊ (ဧဝံသတိ)၊ ထုလ္လစ္စယံ၊ ဣတော-ဤဝတ္ထုမှ၊ ပရာနိ- နောက်ဖြစ်ကုန်သော၊ တီဏိ-န်သော၊ သိလာဝတ္ထုနိ- သိလာဝတ္ထုတို့သည်၎င်း၊ တီဏိ-

www.dhammaransi.com

၃ ခုစီကုန်သော၊ ဇာဋ္ဌက၊ပေ၊ဝတ္ထုနိစ - ဇာဋ္ဌကဝတ္ထု, ဝါသိဝတ္ထု , ဂေါပါနသီဝတ္ထုတို့သည်ဖွင်း၊ ဥတ္တာနတ္ထာနေဝ – သာ၊ စ- ဆက်၊ ကေဝလံ- ဒဏ္ဍမုဂ္ဂရစသည်မဘက် သက်သက်၊ သိလာဒီနိယေဝ-ကျောက် အစရှိသည်တို့၏သာ၊ ဝသေန-ဖြင့်၊ အယံ အာပတ္တာနာပတ္တိဘေဒေါ-၍အာပတ် အနာပတ်အပြားသည်၊ ဟောတိ-ဖြစ်သည်ကား၊ န-မဟုတ်သေး၊ ဒဏ္ဍမုဂ္ဂရနိခါဒန ဝေမာဒီနမ္ပိ-ဆောက်ပုတ်, ဆောက်, လက်ခတ် အစရှိသည်တို့၏လည်း၊ ဝသေန-ဖြင့်၊ (အယံ အာပတ္တာနာပတ္တိဘေဒေါ-သည်၊)ဟောတိယေဝ-သည်သာ၊ တသ္မာ-ကြောင့်၊ ပါဠိယံ - ၌၊ အနာဂတမ္ပိ- မလာသော ဒဏ္ဍမုဂ္ဂရ စသည်ကိုလည်း၊ အာဂတနယေနေဝ–လာသော သိလာစသည်တို့၏ နည်းဖြင့်သာလျှင်၊ ဝေဒိတဗ္ဗံ- ၏။ [ဆောက်ကို ပုတ်ခတ်ကြောင်းဖြစ်သော လက်ရိုက်ကို ဒဏ္ဍမုဂ္ဂရ (ဆောက်ပုတ်)ဟု ခေါ်သည်၊ ဒဏ္ဍမုဂ္ဂရန္တိ နိခါဒနမုဂ္ဂရံ၊– ဋီကာ၊ "ဒဏ္ဍ- ဒုတ်လှံတံ၊ မုဂ္ဂရ-ဆောက်ပုတ်"ဟု အရာဝတ္ထု ၂ မျိုးခွဲ၍လည်း ဖွင့်ကြသေး၏။]

အန္ဓကဝတ္ထုသု – တို့၌၊ ဝေဟာသမဏ္ဍော – ကောင်းကင်၌တည်သော ဈောင်စောင်းကို၊ (မြင့်သောအရပ်၌တည်သော ဈောင်စောင်း-ဟူလို။) ဝါ-ငြမ်းကို၊ အန္ဓကောတိ- ဟူ၍၊ ဝုစ္စတိ– ၏၊ ယံ- ယင်းငြမ်းကို၊ သေတကမ္မ၊ပေ၊ ကမ္မာဒီနံ-ဆေးဖြူသုတ်မှု, ပန်းပြောက်ပြုမှု,နွယ်ကြောင်းပြုမှု အစရှိသည်တို့၏၊ အတ္ထာယ- ငှါ၊ ဗန္ဓန္တိ- ဖွဲ့ကုန်၏၊ တတ္ထ- ထိုဝတ္ထုတို့၌၊ အာဝုသော၊ပေ၊ ဗန္ဓာဟီတိ-ကား၊ မရဏာဓိပ္ပါယော-သေခြင်း၌ဖြစ်သောအလိုရှိသည်၊ (ဟုတွာ)၊ ယတြ- အကြင်အရပ်၌၊ ဌိတော- တည်သောရဟန်းသည်၊ ဝါ-ကို၊ ပတိတွာ-လိမ့်ကျ၍၊ ခါဏုနာဝါ – သစ်ငုတ်သည်သော်လည်း၊ ဘိဇ္ဇေယျ – ဖေါက်ခွဲအပ်ရာ၏၊ သောဘ္ဘ ပပါတာဒီသုဝါ–ထုံးအိုင် ကမ်းပါးပြတ်အစရှိသည်တို့၌သော်လည်း၊ မရေယျ-သေရာ၏၊ပေ၊စ-ဆက်၊ တတ္ထ-၍သို့ပြောရာ၌၊ ကောစိ-အချို့ရဟန်းသည်၊ ဥပရိ-၌၊ ဌာနံ-အရပ်ကို၊ နိယာမေတိ-မှတ်သား၏၊ (ကိံ) ဣတော–၍အရပ်မှ၊ ပတိတွာ-၍၊ မရိဿတိ၊ ဣတိ- ၍သို့၊ (နိယာမေတိ)၊ ကောစိ–သည်၊ ဟေဋ္ဌာ–၌၊ ဌာနံ (နိယာမေတိ)၊ (ကိံ)၊ ဣဓ- ၍အရပ်၌၊ ပတိတွာ မရိဿတိ၊ ဣတိ - သို့၊ (နိယာမေတိ)၊ ကောစိ– သည်၊ ဥဘယမ္ပိ- အထက်အောက် ၂ ရပ်လုံးကိုလည်း၊ (နိယာမေတိ)၊ (ကိံ)၊ ဣတော - မှ၊ ဣဓ- သို့၊ ပတိတွာ မရိဿတိ၊ ဣတိ (နိယာမေတိ)၊ တတြ- ထိုသို့ မှတ်သားရာ၌၊ ယော-အကြင်ရဟန်းသည်၊ ဥပရိ-၌၊ နိယမိတဋ္ဌာနာ-မှတ်သားအပ်သောအရပ်မှ၊ အပတိတွာ-၍၊ အညတော-အခြားအရပ်မှ၊ ပတတိ-အံ့၊ ဟေဋ္ဌာ-၌၊ နိယမိတဋ္ဌာနေဝါ-မှတ်သားအပ်သောအရပ်၌မူလည်း၊ အပတိတွာ,အညတ္ထ-

www.dhammaransi.com

၌၊ ပတတိ-အံ့၊ ဥဘယနိယာမေ- ၂ ပါးစုံကိုမှတ်သားခြင်း၌၊ ယံကိဉ္စိ-သော၊ ဇေတံဝါ-တခုကိုမူလည်း၊ ဝိရာဓေတွာ-ချွတ်ယွင်းစေ၍၊ ပတတိ-အံ့၊ တသ္မိံ-ထို ရဟန်းသည်၊ မတေ - သေလသော်၊ ဝိသင်္ကေတတ္တာ - အမှတ်အသား လွဲသည်၏ အဖြစ်ကြောင့်၊ အနာပတ္တိ၊ ဝိဟာရစ္ဆာဒနဝတ္ထုသ္မိံပိ - ၌လည်း၊ ဧသေဝနယော-တည်း။

အနဘိရတိဝတ္ထုသ္မိံ-ဝတ္ထု၌၊ (ဂူဇ္ဈင်္ဂ-လျှို့ဝှက်အပ်သောအနက်ကို၊ ကိရ ဥဒ္ဓရိတွာဒဿေမိ- ထုတ်၍ပြဦးအံ့၊) သောဘိက္ခု-သည်၊ ကာမဝိတက္ကာဒီနံ-ကာမဝိတက် အစရှိသည်တို့၏၊ သမုဒါစာရံ – မပြတ်ဖြစ်ခြင်းကို၊ ဒိသွာ- ၍၊ နိဝါရေတုံ - တားမြစ်ခြင်းငှါ၊ အသက္ကောန္တော – သည်၊ (ဟုတွာ- ၍၊ ဝါ-ကြောင့်၊) သာသနေ-၌၊ အနဘိရတော-မမွေ့မလျော်သည်၊ (ဟုတွာ)၊ ဂိဟိဘာဝါဘိမုခေါ-လူ့အဖြစ်သို့ရှေးရှုသည်၊ ဇာတော-ပြီ၊ တတော-ထိုမှနောင်၌၊ စိန္တေသိ-ပြီ၊ (ကိံ)၊ ယာဝ-လောက်၊ သီလဘေဒံ-သီလပျက်ခြင်းသို့၊ န ပါပုဏာမိ-မရောက်သေး၊ တာဝ-ထို သီလမပျက်သေးမီ၊ မရိဿာမိ-သေတော့အံ့၊ ဣတိ-သို့၊ (စိန္တေသိ)၊ အထ- ထိုမှနောက်၌၊ တံ ပဗ္ဗတံ- သို့၊ (ပါဠိတော်၌ လာသော ထို ဂိဇ္ဈကုဋ်တောင်သို့၊) အဘိရုဟိတွာ – တက်ပြီး၍၊ ပပါတေ - ချောက်ကမ်းပါး၌၊ ပပတန္တော-ခုန်ချလသော်၊ အညတရံ-အမှတ်မရှိ တယောက်သော၊ ဝိလီဝကာရံ – နှီးရွေသွားကို၊ ဩတ္ထရိတွာ – လွှမ်းဖိ၍၊ မာရေသိ- သေစေပြီ၊ ဝိလီဝကာရန္တိ-ကား၊ ဝေဏုကာရံ-ဝါးကိုပြုတတ်သူကို၊ (ဝါးကို နှီးဖြစ်အောင်ပြုတတ်သူ= နှီးရွေသွား) နစဘိက္ခဝေ အတ္တာနံ ပါတေတဗ္ဗန္တိ-ကား၊ အတ္တာ - မိမိကို၊ န ပါတေတဗ္ဗော- မကျစေထိုက်၊ ဝါ- ခုန်မချထိုက်၊ ပန- ဆက်၊ ဧတံ – ဤ အတ္တာနံ ပါတေတဗ္ဗံဟူသော စကားကို၊ ဝိဘတ္တိဗျတ္တယေန – ဝိဘတ်၏ ပြောင်းပြန်ပြန်ခြင်းဖြင့်၊ ဝုတ္တံ – ပြီ။ [" န အတ္တာ ပါတေတဗ္ဗော"ဟု ပဌမာဝိဘတ်ဖြင့် ဆိုထိုက်လျက် " န အတ္တာနံ ပါတေတဗ္ဗံ"ဟု ၂ ပုဒ်လုံး ဒုတိယာဝိဘတ်ဖြင့် ဆိုထားသည်-ဟူလို။]

စ-ဆက်၊ ဧတ္ထ-ဤဝတ္ထု၌၊ ကေဝလံ- အခြားဥပက္ကမ မဘက် သက်သက်၊ န ပါတေတဗ္ဗံ – မကျစေထိုက်သည်ကား၊ န- မဟုတ်သေး၊ အညေနပိ- မိမိ ကိုယ်ကိုခုန်ချခြင်းမှ အခြားလည်းဖြစ်သော၊ ယေနကေနစိ-သော၊ ဥပက္ကမေန- ဖြင့်၊ အန္တမသော- ဖြင့်၊ အာဟာရုပစ္ဆေဒေနပိ- အာဟာရကို ဖြတ်ခြင်းဖြင့် လည်း၊ န မာရေတဗ္ဗော-မသေစေထိုက်၊ ဝါ-သေအောင်မလုပ်ထိုက်၊ ဟိ-မှန်၊ ယောပိ-အကြင်ရဟန်းသည်လည်း၊ ဂိလာနော-သည်၊ (ဟုတွာ)၊ ဘေသဇ္ဇေ-သည်၊ ဝိဇ္ဇမာနေစ-ထင်ရှားရှိပါလျက်ငှ်း၊ ဥပဋ္ဌာကေသု- ပြုစုလုပ်ကျွေးသူ

www.dhammaransi.com

